

သာသနာတော်နှစ် ၂၅၄၈ ခုနှစ်

# အပ္ပမာဒ

ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ် ၊ တော်သလင်းလ
၂၀၀၄ ခုနှစ် ၊ စက်တင်ဘာလ အတွဲ (၅) ၊ အမှတ် (၉)

ဓမ္မရသ မဂ္ဂဇင်း

မဟာစည် ဆရာတော်ဘုရားကြီး
မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး
တိပိဋက ရေ(ယော) ဆရာတော်
ချမ်းမြေ့ ဆရာတော်
ဓမ္မဒူတ အရှင် ပညာဇောတ
သဗ္ဗာဒီပက ဆရာတော်
ဘဒ္ဒန္တ ဩဘာသာဘိဝံသ
မဟာဝေဘိမ္မိုင်းဆရာတော်
သာမဏေကျော်
အရှင်ဉာဏ (ရွှေကူ)
အရှင် ဆာဓရ
အရှင် ပါရမီ Ph.D(thesis)
တော်ဝင်မှူး
ကျော်နန္ဒအောင်
ကောင်းသူဇာ
ချမ်းမြိုင်
ညောင်ဒါရှည် မိုးဝေ
ဓမ္မာစရိယ ဦးဌေးလှိုင်
မြသန်းစံ
မောင်သွေးချွန်
မင်းနန်း (ဓာတ်ကျွန်း)
မှုံရွာ မီးဘေ
ရွှေဝမ်း (ဓာတုဝါသီ)
ကုသန့် (မြင်)
လှမြိုင်
သင်းသင်းမွှေ့
သန်းထိုက်သူ
အောင်မြင့်လင်း (ဒွိဟမြေ)

၄၅၀ ကျပ်

2004.GRAPHIC DESIGN : KYAW MINN MOUNG

ဘုရားရှင်အပေါ် အယူဝါဒပြိုင်၍ နိမ်ချိုးရန် ကြံစည်လာသော သစ္စကပုရိပ္ဗိုဇ်အား
ဘုရားရှင်သည် မဟာကရုဏာ မေတ္တာတော်အနန္တတို့ဖြင့် ချေချွတ်၍ အောင်မော်မူခဲ့ပုံ



အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၏ ဓမ္မ ဒါန

ပန်းချီကျော်ကိုသိုက်၏ အထူးလက်ရာ



# ကိုးကွယ်အားထားရာအမှန်   ပါဠိတော်မြန်မာပြန်

## စောဒကပုဂ္ဂိုလ်၏ အင်္ဂါ

## (အင်္ဂုတ္တိုရ်ပါဠိတော်၊ အင်္ဂုတ္တရ... 

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ကုသိနာရုံပြည်၊ဗလိနတ်စာပူဇော်ရာ တောအုပ်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့အား–

ရဟန်းတို့၊ သူတစ်ပါးကို စောဒနာလိုသော စောဒကရဟန်းသည် တရားငါးမျိုးကို မိမိသန္တာန်၌ ဆင်ခြင်၍၊ မိမိသန္တာန်၌ တရားငါးမျိုးကို တည်စေကာ သူတစ်ပါးကို စောဒနာအပ်၏။ အဘယ်တရားငါးမျိုးကို ဆင်ခြင်အပ်ကုန်သနည်းဟူမူ စောဒကရဟန်းသည် ''ငါသည် ကိုယ်အကျင့်စင်ကြယ်ပါ၏လော၊ စင်ကြယ်သော၊မပေါက်သော၊ မဆွဲငင်၊ မသုံးသပ်အပ်သော ကိုယ်အကျင့်နှင့် ပြည့်စုံပါ၏လော၊ ငါ့အား ဤတရားသည်ရှိသလော၊ သို့မဟုတ် မရှိသလော''ဟု ဆင်ခြင်မိ၏။ ကိုယ်အကျင့်မစင်ကြယ်ခဲ့မူ၊ စင်ကြယ်သော၊ မပေါက်သော ကိုယ်အကျင့်နှင့် မပြည့်စုံခဲ့မူ ထိုရဟန်းအား ''တိုက်တွန်းပါ၏၊ အသျှင်သည် ရှေးဦးစွာ ကိုယ်အကျင့်ကို ကျင့်ပါဦးလော့''ဟု ပြောဆိုဖွယ်တို့ ဖြစ်ကုန်၏။

ရဟန်းတို့၊ နောက်တစ်မျိုးကား စောဒကရဟန်းသည် ''ငါသည် နှုတ်အကျင့် စင်ကြယ်ပါ၏လော။ စင်ကြယ်သော၊ မပေါက်သော နှုတ်အကျင့်နှင့် ပြည့်စုံပါ၏လော။ ငါ့အား ဤတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော''ဟု ဆင်ခြင်အပ်၏။ နှုတ်အကျင့်မစင်ကြယ်ခဲ့မူ၊ စင်ကြယ်သော၊ မပေါက်သော နှုတ်အကျင့်နှင့် မပြည့်စုံခဲ့မူ ထိုရဟန်းအား ''တိုက်တွန်းပါ၏၊ အသျှင်သည် ရှေးဦးစွာ နှုတ်အကျင့်ကို ကျင့်ပါဦးလော့''ဟု ပြောဆိုဖွယ်တို့ ဖြစ်ကုန်၏။

ရဟန်းတို့၊ နောက်တစ်မျိုးကား စောဒကရဟန်းသည် ''ငါ့အား သီတင်းသုံးဖော်တို့၌ အမျက်ကင်းသော မေတ္တာစိတ်သည် ရှေးရှုတည်ပါ၏လော၊ ငါ့အား ဤတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော''ဟုဆင်ခြင်အပ်၏။ သီတင်းသုံးဖော်တို့၌ အမျက်ကင်းသော မေတ္တာစိတ်ရှေ့ရှုမတည်ခဲ့မူ ထိုရဟန်းအား ''တိုက်တွန်းပါ၏၊ အသျှင်သည် ရှေးဦးစွာ သီတင်းသုံးဖော်တို့၌ အမျက်ကင်းသော မေတ္တာစိတ်ကို ရှေးရှုတည်ပါစေလော့''ဟု ပြောဆိုဖွယ်တို့ ဖြစ်ကုန်၏။

ရဟန်းတို့၊ နောက်တစ်မျိုးကား စောဒကရဟန်းသည် ''ငါသည် အကြားအမြင်များပါ၏လော၊အကြားအမြင်ကို ဆောင်ပါ၏လော၊အကြားအမြင်ကို ဆည်းပူးပါ၏လော၊ အစ၊ အလယ်၊ အဆုံးကောင်းခြင်းရှိ၍ အနက်သဒ္ဒါနှင့်တကွ ဖြစ်ကုန်သော၊ ထက်ဝန်းကျင်ပြည့်စုံလျက် ဖြူစင်သော မြတ်သော



အကျင့်ကို ဟောပြတတ်ကုန်သောတရားတို့ကို များစွာကြားနာဖူးပါကုန်၏လော၊ နှုတ်ဖြင့် ဆောင်ထားဖူးပါကုန်၏လော၊ လေ့ကျက်ထားဖူးပါကုန်၏လော၊ စိတ်ဖြင့်ဆင်ခြင်ဖူးပါကုန်၏လော၊ ပညာဖြင့် ထိုးထွင်း၍ သိဖူးပါကုန်၏လော၊ ငါ့အား ဤတရားသည်ရှိသလော၊ သို့မဟုတ်မရှိသလော''ဟု ဆင်ခြင်အပ်၏။ အကြားအမြင်မများခဲ့၊ မဆောင်ခဲ့၊ မဆည်းပူးခဲ့မူ ဖြူစင်သော မြတ်သော အကျင့်ကို ဟောပြကုန်သော တရားတို့ကို များစွာမကြားနာခဲ့ရဖူးမူ၊ နှုတ်ဖြင့်မဆောင်ခဲ့၊ မလေ့ကျက်ခဲ့ဖူးမူ၊ စိတ်ဖြင့် မဆင်ခြင်ခဲ့၊ ပညာဖြင့် ထိုးထွင်း၍ မသိခဲ့ဖူးမူ ထိုရဟန်းအား ''တိုက်တွန်းပါ၏၊အသျှင်သည် ရှေးဦးစွာ သုတ္တန်ပါဠိကို သင်ပါဦးလော့''ဟု ပြောဆိုဖွယ်တို့ ဖြစ်ကုန်၏။

ရဟန်းတို့၊ နောက်တစ်မျိုးကား စောဒကရဟန်းသည် ''ငါ့အား ပါတိမောက်နှစ်မျိုးတို့သည် အကျယ်အားဖြင့် နှုတ်၌လာပါကုန်၏လော၊ ကောင်းစွာ ဝေဖန်ပြီးဖြစ်ပါကုန်၏လော၊ ကောင်းစွာဖြစ်ခြင်းရှိပါကုန်၏လော၊ ပါဠိအားဖြင့်လည်းကောင်း၊ အဌကထာအားဖြင့်လည်းကောင်း၊ ကောင်းစွာ ဆုံးဖြတ်ပြီး ဖြစ်ပါကုန်၏လော၊ ငါ့အား ဤတရားသည် ရှိသလော သို့မဟုတ် မရှိသလော''ဟု ဆင်ခြင်အပ်၏။ ပါတိမောက်နှစ်မျိုးတို့ကို အကျယ်အားဖြင့် နှုတ်၌မလာကုန်မူ၊ ကောင်းစွာ မဝေဖန်ရသေး။ ဖြစ်ခြင်းမရှိသေးကုန်မူ ပါဠိအားဖြင့်၊ အဌကထာအားဖြင့် ကောင်းစွာမဆုံးဖြတ်ရသေးကုန်မူ ''ငါ့သျှင်၊ ဤသိက္ခာပုဒ်ကို အဘယ်အရပ်၌ မြတ်စွာဘုရားဟောတော်မူသနည်း''ဟု မေးသော် ကောင်းစွာဖြေဆိုနိုင်လိမ့်မည်မဟုတ်၊ ထိုရဟန်းအား ''တိုက်တွန်းပါ၏၊ အသျှင်သည် ရှေးဦးစွာ ဝိနည်းကိုသင်ပါဦးလော့''ဟု ပြောဆိုဖွယ်တို့သည် ဖြစ်ကုန်၏။

ရဟန်းတို့၊ မိမိသန္တာန်၌ တည်စေအပ်သော တရားငါးမျိုးတို့ဟူသည် သင့်လျော်သောအခါ၌ ငါပြောဆိုမည်၊ မသင့်လျော်သောအခါ၌ ပြောဆိုမည်မဟုတ်၊ မှန်သောစကားဖြင့် ငါ ပြောဆိုမည်၊မမှန်သောစကားဖြင့် ပြောဆိုမည်မဟုတ်၊ သိမ်မွေ့သောစကားဖြင့် ငါပြောဆိုမည်၊ ကြမ်းတမ်းသောစကားဖြင့် ပြောဆိုမည်မဟုတ်၊ အကျိုးနှင့်စပ်သော စကားဖြင့် ငါပြောဆိုမည်၊ အကျိုးနှင့်မစပ်သောစကားဖြင့် ပြောဆိုမည်မဟုတ်၊ မေတ္တာစိတ်ထားလျက် ငါပြောဆိုမည်၊ ဒေါသစိတ်ထားလျက် ပြောဆိုမည်မဟုတ်ဟု မိမိသန္တာန်၌တည်စေအပ်ကုန်၏ဟု မိန့်တော်မူ၏။

**(အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန်၊ အင်္ဂုတ္တရသဝဂ်၊ ကုသိနာရသုတ်မှ ကောက်နုတ်ရေးသားပါသည်။)**

အယ်ဒီတာတစ်ဦး



ပန်းချီကိုကျော်သိုက်



# အပ္ပမာဒ

ဓမ္မရသမဂ္ဂဇင်း

အပ္ပမာဒေါ် အမတံ ပဒံ
ကုသိုလ်ကောင်းမှုတို့၌
မမေ့မလျော့ခြင်းသည်
သေခြင်းကင်းရာ
နိဗ္ဗာန်၏အကြောင်းဖြစ်သည်။

အတွဲ (၅)၊ အမှတ် (၉)၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ


## ကိုးကွယ်အားထားရာအမှန်

### ပါဠိတော်မြန်မာပြန်
အင်္ဂုတ္တိုရ်ပါဠိတော်၊ အဋ္ဌကနိပါတ်၊
ကုသိနာရသုတ် ၂

## ပြန်လည်ပူဇော်ခြင်း

### မဟာစည်ဆရာတော်
အရိယာဝါသတရားတော် ၈

## ဟောစဉ်တရားတော်

### မဟာဂန္ဓာရုံဆရာတော်
စားသောက်မှုကမ္မဋ္ဌာန်း ၁၃

### တိပိဋကဓရ(ယော)ဆရာတော်
ဘဝတစ်ကွေ့ ခဏတွေ့ ၁၈

### ချမ်းမြေ့ဆရာတော်
နိုင်ငံခြားသား ဘုန်းတော်ကြီးတစ်ပါး၏
ဗုဒ္ဓဘာသာအမြင် အမေးအဖြေများ ၆၂

### ဓမ္မဒူတအရှင်ပညာဇောတ
လူမသိတဲ့ခါသတော့ သတိရနေပါသည် ၁၀၈

## ဓမ္မဆိုင်ရာအမေးအဖြေ
အဂ္ဂမဟာပဏ္ဍိတဆရာတော်
ဘဒ္ဒန္တဇနကာဘိဝံသ ၃၂

## ဓမ္မရသအစုံစုံ

### မောင်သွေးချွန်
ကိုရင်ကြီးရှင်ဝိမလ၏ ဘဝရေကူးအပေါင်းမှ
လွတ်မြောက်ကြောင်းတရားလမ်းစဉ် ၂၅

### ပင်းနန် (မော်ကျွန်း)
ဩဝါဒအလင်းမှုင့် - ၈ ၂၈

### ကုသန် (မြည်)
ချမ်းမှင့် နိုဗ္ဗာန် ၄၄

### ညောင်ခါးရှည်မိုးဝေ
အရွန်ရှည်ကြာ ဗုဒ္ဓသာသနာ ၄၆

### အရှင်ပါရမီ Ph.D (Thesis)
ပေါ်တီကျွမ်းဖြစ်လိုသော် ၅၁

### ကျော်နန္ဒအောင်
တောင်ကမ်းပါးယံက တကျက်သံ ၅၅

### ကောင်းသုခ
သတိနှင့်ယှဉ်သော သချီ ၆၆

အရှင်သုမန (ရွှေကူ)
အလှမာန်ယစ်မူး လွန်မကျူးဓိ ၆၈

ရွှေလမင်း (ယောဓရဝါသီ)
အမှောင်ကိုခွင်း အလင်းကိုဆောင် ၇၅

ဓမ္မာစရိယ ဦးငွေလှိုင်
ခွန်းလွှန်းဆရာတော် ဦးကဝိ (၁၂၇၉-၁၃၁၄) ၇၈

ချမ်းမြငြိမ်း
ဆရာ့မှာတမ်း လွမ်းတသသ ၈၃

အယ်ဒီတာအဖွဲ့
ဆဋ္ဌမအကြိမ် နွေရာသီဓမ္မာစရိယသင်တန်း ၈၉

မြသန်းစံ
ရှိတဲ့အတိုင်းလည်းသိဖို့ သိတဲ့အတိုင်းလည်းရှိနေဖို့ ၉၂

သာမဏေကျော်
ပဋ္ဌာနဂုဏ် ၁၀၅

ရှင်အာစာရ
မြွေမသေ တုတ်မကျိုး ၁၁၅

သင်းသင်းယုံ
ကလေးမြို့ မဟာဝိသုဒ္ဓါရုံ နှစ်(၂၀)ပြည့်ခရီး ၁၁၉

ပုံရွာဝီဒီယာ
အနုဂါမ်ဆရာသက်ကြီး၏ လက်ဦးဆရာ
ဝိပဿနာဆရာကြီး ဦးညွှန့် ၁၂၂


## တွေ့ဆုံမေးမြန်း၊ ဓမ္မလမ်း


လှိုင်ငြိမ်း
အမေရိကန်ပြည်ထောင်စု ဖီးလီမောင်မြို့၊
မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာဆရာတော်
ဒေါက်တာအရှင်ဓမ္မပိယ (**Ph.D**)နှင့် တွေ့ဆုံခြင်း ၃၅


## ဓမ္မရသဝတ္ထု


အောင်မြည်လင်း (ဒွါရာမြေ)
ဘုရားတခါ တရားသိ ၁၀၀


## အပ္ပမာဒဓမ္မပုံပြင်


တော်ဝင်နွယ်
တို့နှစ်ယောက်နောက် ခင်ကြီးပေါက်ပေါ့ ၂၀


## ထွက်ခဲ့သမျှ စာဓမ္မ


သန်းထိုက်သူ ၁၂၆

အပ္ပမာဒ

E-mail:mts@mptmail.net.mm

**အယ်ဒီတာချုပ်**
မြသန်းစံ
**တာဝန်ခံအယ်ဒီတာ**
လွင်ငြိမ်း၊ သန်းထိုက်သူ
**အဖွဲ့ဝင်အယ်ဒီတာ**
ဦးအောင်သန်း
**ဒီဇိုင်းဖွဲ့စည်းမှု**
ပန်းချာန်
**အုပ်ချုပ်ရေးမှူး**
ဒေါ်သိင်္ဂီမိုး
**မျက်နှာဖုံးပန်းချီ**
ကိုကျော်မင်းမောင်
**အတွင်းပန်းချီ**
ကိုမောင်မောင်သိုက်၊ ဆရာကျော်၊ ဇော်မင်း၊
ကိုကျော်သိုက်၊ ပန်းချာန်၊ ပန်းချီရွှေစိုးဟန်
**ပြင်ပဆက်သွယ်ရေး**
မျိုးဇော်အောင်၊ ဇော်မင်း
**ကွန်ပျူတာစာစီ**
နန်းစန်းမာချို၊ ကေခိုင်မင်းမင်းထွန်း
**ထုတ်ဝေသူ နှင့် ဖြန့်ချိရေး(ပင်ရင်း)**
ဦးမြသန်းစံ (မြဲ-၀၃၈၈၁)
အပ္ပမာဒစာစဉ်
(၁၈၉)၊ ရွှေဝါထွန်း(၂)လမ်း၊(၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။
ဖုန်း-၅၈၄၇၃၈
**တစ်ပြည်လုံးဖြန့်ချိရေး**
ဦးအောင်မြင့်(ဆင်တောင်ကြီးစာပေ) ၄၁၊
၂၉လမ်း(အောက်)၊ ရန်ကုန်မြို့။ ဖုန်း-၃၈၁၈၃၄
**ပုံနှိပ်သူ**
ဦးမောင်မောင်လှ (၀၅၇၄၅)
ရွှေနိုင်ငံပုံနှိပ်တိုက်၊
အမှတ်-၉၀(စီ)၊
ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။
**ဖလင်**
Best Color ၊ ဇမ္ဗူတလူ၊ Stars
အုပ်ရေ-၈၀၀၀၊ တန်ဖိုး-(၄၅၀)ကျပ်

စာမူခွင့်ပြုချက် - ၄၅၆/၂၀၀၄ (၇)
မျက်နှာဖုံးခွင့်ပြုချက် - ၄၁၂/၂၀၀၄ (၇)

# ကျေးဇူးတော်ရှင်တို့၏ ကျေးဇူးစကား

## သစ္စာ ၄-ပါးကို ဆင်ခြင်ပုံ

ဒုက္ခ သမုဒယ နိရောဓ မဂ္ဂဟူသော သစ္စာ ၄-ပါးတို့ကို အကျဉ်းအားဖြင့် ဆင်ခြင်သုံးသပ်နည်း အမျိုးမျိုးတို့ကို ပြဦးအံ့-

၁။ ဖြစ်လိုမှုကြောင့် ဖြစ်မှု ဇာတိဒုက္ခံ။
ဖြစ်ချင်လိုမှု ပယ်စွန့်ပြု ချုပ်မှုထိုဒုက္ခံ။

အဓိပ္ပါယ်ကား 'ဖြစ်လိုမှု' ဟူသည် ဘဝတဏှာပင်တည်း၊ 'ဖြစ်မှု ဇာတိဒုက္ခံ' ဟူသည် ၃၁-ဘုံ၌ ဇာတိဖြစ်မှုပင်တည်း၊ 'ဖြစ်ချင်လိုမှု ပယ်စွန့်ပြု'ဟူသည် ခန္ဓာ ၅-ပါးတို့၌ရှိသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာဘေးတို့ကို မြင်သိသောကြောင့် တစ်ဖန်မဖြစ်လိုတော့ပါဟု ပယ်စွန့်သော မဂ်စိတ်ပင်တည်း၊ 'ချုပ်မှု ထိုဒုက္ခံ'ဟူသည် ဘဝဇာတိချုပ်သော အနုပ္ပါဒနိရောဓနိဗ္ဗာန်ပင်တည်း။

ဤသို့ အဖန်ဖန်ဆင်ခြင်သဖြင့် သစ္စာကို သိသည်ဖြစ်၍ ဘဝတဏှာကိုပယ်သည်ဖြစ်အံ့၊ သောတာပန်စသည် တည်နိုင်လေတော့၏ ဟူလို။

၂။ တစ်နည်း-ဖြစ်လိုမှုကြောင့် ဖြစ်သည်သာ၊ ဖြစ်လိုမှုအား စွန့်ပါလျှင် အဘယ်မှာလျှင် ဇာတိဖြစ်နိုင်တော့မလဲ။

၃။ တစ်နည်း-အဖြစ်ရှိ၍ အပျက်လာ၊ မဖြစ်ပါလျှင် အဘယ်မှာလျှင် ပျက်တော့မလဲ၊ နိရောဓသစ္စာ နိဗ္ဗာန်ဟု ဆိုသည်တွင် ယင်းသို့ ဖြစ်မှုချုပ်သောသဘောကိုပင် မှတ်ဖို့ပါပဲ။



## သစ္စဒီပကဆရာတော် ဘဒ္ဒန္တရေဝတထေရ်

# သောတာပန် ၃-မျိုး ၇-မျိုး

သောတာပန် သုံးမျိုး ခုနစ်မျိုးတို့၏ အဓိပ္ပါယ်ကို ပြဦးအံ့–

ကောဇီဇသောတာပန်၊ ကောလံကောလ သောတာပန်၊ သတ္တက္ခတ္တုပရမသောတာပန်၊ ဤကား သောတာပန် ၃–မျိုး ရေတွက်ရန်တည်း။

ကောဇီဇသောတာပန် ဟူသည် ယခုဘဝမှာ သောတာပန်ဖြစ်၍၊ ယခုဘဝမှာပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်နိုင်သော သောတာပန်ကို ကောဇီဇသောတာပန်ဟု ဆို၏။

ကောလံကောလသောတာပန် ဖြစ်ခဲ့မူ ၂–ဘဝ နှင့်လည်း ရဟန္တာဖြစ်၏၊ ၃–ဘဝနှင့်လည်း ရဟန္တာ ဖြစ်၏၊ ၄–ဘဝနှင့်လည်း ရဟန္တာဖြစ်၏၊ ၅–ဘဝနှင့် လည်း ရဟန္တာဖြစ်၏၊ ၆–ဘဝနှင့်လည်း ရဟန္တာ ဖြစ်၏၊ ၎င်း ၂–မှ ၆–ထိ ပုဂ္ဂိုလ်များသည် ကောလံကောလ သောတာပန်မည်၏။

၇–ဘဝမှ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမသောတာပန်မည်၏။ သောတာပန် အပြားကို ဤသို့ သိအပ်၏ ဟူလို။

ထိုသောတာပန် ခုနစ်မျိုးတို့တွင် ဤဘဝမှာပင် ကောဇီဇသောတာပန်အဖြစ်နှင့် အရဟတ္တဖိုလ်သို့ တက်လို လျှင် ရသေ့ ရဟန်း ပြုခြင်း၊ ခေါင်းပါးစွာ ကျင့်မှုကိစ္စ တို့ကို အားထုတ်အပ်ပေသည်၊ ဤမှ တစ်ပါးသော သော တာပန်များအတွက်မူကား ပြဆိုထားသော ဝိပဿနာများ ပွားများလျှင် သကဒါဂါမ်၊ အနာဂါမ် စသည်တို့ ရောက် နိုင်၏ဟူလို။

# သုဂတိဘဝ မမြဲနိုင်

ပုထုဇဉ်မှန်သမျှ ဘဝတိုင်း ဘဝတိုင်း ဆက်ကာ ဆက်ကာ ကောင်းမှုပြုနိုင်ခွင့်မရှိသောကြောင့် အပါယ်မှ မလွတ်နိုင်ပေ၊ အကြောင်းမှာ သံသရာ၌ ကျင်လည်ရ သည့်အခါ သမ္ပတ္တိခေတ်၊ ဝိပတ္တိခေတ်၊ ဆုတ်ကပ် တက် ကပ် ရှိမြဲပင်တည်း၊ ဝိပတ္တိခေတ်မှာ သတ္တဝါတို့ သန္တာန်၌ လောဘ၊ ဒေါသ၊ မောဟ၊ အဘိဇ္ဈာ၊ ဗျာပါဒ စသော အကုသိုလ်တရားတို့ အားကြီးလွှမ်းမိုးနေပေသည်။

ထိုလွှမ်းမိုးပုံကို သုတ်ပါထေယျပါဠိတော် နှာ– ၅၄ စသည်၌ ပြဆိုသည်မှာ အသက်ရှစ်သောင်းတမ်းမှာ သူ့အသက်ကို သတ်ခြင်း၊ ပါဏာတိပါတကံနှင့် အရှင် မပေးသော သူ့ပစ္စည်းကို ခိုးယူခြင်း အဒိန္နာဒါနကံဖြစ် ပေါ်ကြောင်း၊ လေးသောင်းတမ်းမှာ မဟုတ်မမှန် ချွတ် ယွင်းစွာ ပြောဆိုခြင်း မုသာဝါဒကံ ဖြစ်ပေါ်လာကြောင်း။ နှစ်သောင်းတမ်းမှာ ကုန်းတိုက်ကုန်းချော၍ သူနှစ်ဦးတို့ကို အချစ်ပျက်အောင် ပြုခြင်း ပိသုဏာဝါစာ ဖြစ်ပေါ်လာ ကြောင်း၊ တစ်သောင်းတမ်းမှာ ကာမေသုမိစ္ဆာစာရကံ ဖြစ်ပေါ်လာကြောင်း၊ ငါးထောင်တမ်းမှာ ကြမ်းတမ်းသော စကားဆိုခြင်း ဟူသော ဖရုသဝါစာနှင့် ပြိန်ဖျင်းသော စကားကို ပြောခြင်း သမ္ဖပ္ပလာပတို့ ဖြစ်ပေါ်လာကြောင်း၊ နှစ်ထောင့်ငါးရာတမ်းတွင် အဘိဇ္ဈာ ဗျာပါဒ မနောကံ နှစ်ပါး ဖြစ်ပေါ်လာကြောင်း၊ တစ်ထောင်တမ်းမှာ မိစ္ဆာဒိဋ္ဌိ ဒုစရိုက် ဖြစ်ပေါ်လာကြောင်း။

ထို့ကြောင့် ဆုတ်ကပ်အခါမှာ ဒုစရိုက် (၁၀)ပါး စုံရကား ပုထုဇဉ်တို့မှာ ထိုမကောင်းမှုတို့ကို ထိုက်သည် အားလျော်စွာ ပြုမိကြတော့၏၊ ထို့ကြောင့် အပါယ်မှ မလွတ်နိုင်၊ တစ်နည်းအားဖြင့်လည်း မိမိတို့ ယခုပစ္စုပ္ပန်၌ ဖြစ်နေသော စိတ်ကိုပင် ဆင်ခြင်ကြည့်ပါလျှင် မကောင်း သော ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက် အကြံကများ၏၊ တစ်နည်း–ကုသိုလ်စိတ်က နည်း၍ အကုသိုလ် စိတ်က များတတ်၏၊ ထို့ကြောင့်လည်း သုဂတိဘဝ မမြဲနိုင်ဟူလို။

■



# အရိယာဝါသတရားတော်ကြီး

## မဟာစည်ဆရာတော်ဘုရားကြီး

(ယခင်လမှအဆက်)

### ဘုန်းကြီးတို့ သွားနေကျလမ်းအတိုင်း

ဘုန်းကြီးတို့ကတော့ သာသနာ့ရိပ်သာကို ရောက်လာရင် ဘုန်းကြီးတို့ သွားနေကျလမ်းအတိုင်း ဒွါရခြောက်ပါးက ထင်ရှားပေါ်လာသမျှကို ရှုမှတ်ခိုင်းတော့တာပဲ၊ အဲဒီလို ဒွါရခြောက်ပါးက ပေါ်လာသမျှတွေကို အကုန်လုံးစေ့ငအောင်လိုက်ပြီး မရှုနိုင်သေးခင်တော့ ကိုယ်အမူအရာ အကြမ်းစားတွေကစပြီး ရှုမှတ်ခိုင်းပါတယ်၊ အထူးအားဖြင့်တော့ ဝမ်းဗိုက်က လှုပ်ရှားနေတဲ့ ဝါယောရုပ်ကနေပြီး ရှုမှတ်ခိုင်းပါတယ်၊ ဝမ်းဗိုက်က ဖောင်းတက်လာတာ၊ ပိန်ကျသွားတာကို ဖောင်းတယ်၊ ပိန်တယ်လို့ စိတ်သိကလေးနဲ့ ရှုမှတ်ဖို့ ညွှန်ကြားပါတယ်၊ ဘာကြောင့် ဒီလို ရှုရတယ်ဆိုတာကိုတော့ နောက်ပိုင်းကျမှ ကျမ်းဂန်နဲ့ ရှင်းပြမယ်၊ ဒီလိုမှတ်တာကလည်း ဖောင်းတာနဲ့ပိန်တာ ဒါကလေးနှစ်ခုတည်းလည်း မဟုတ်ပါဘူး၊ ကြားထဲမှာ ဖြစ်ပေါ်လာတဲ့ စိတ်ကူး ကြံစည်မှုတွေကိုလည်း ဖြစ်တိုင်း၊ ဖြစ်တိုင်း ရှုမှတ်ရသေးတယ်၊ ပြီးတော့ ဝေဒနာကိုလည်း ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်ရသေးတယ်၊ ပြီးတော့ တခြား ကိုယ်အမူအရာတွေလည်း ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်ရသေးတယ်၊ ဒီအတိုင်း ရှိရှိသေသေ ရှုမှတ်သွားတဲ့ ပုဂ္ဂိုလ်တွေမှာ တော်တော်ကြာတော့ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားသိတိုင်း၊ တွေ့ထိတိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ လှုပ်ရှားပြုပြင်တိုင်း၊ စိတ်ကူးကြံစည်တိုင်း ဒွါရခြောက်ပါးက ပေါ်လာသမျှ ရုပ်နာမ်တွေကို အကုန်လုံးရှုနိုင်ပြီး အကုန်လုံး သိလာကြပါတယ်၊ ဒီတော့ သတာရက္ခေန–အမှတ်ရမှုသတိအစောင့်အရှောက်ရှိသော၊ စေတသာ–စိတ်နှင့်၊သမန္နာဂတော–ပြည့်စုံတယ်ဆိုတဲ့ ဒီ အရိယာဝါသ တရားတော်နဲ့ အံကျကိုက်ညီသွားပါတယ်။

## တွေ့ပြီးသိမှ ဉာဏ်အစစ်

အချို့က ဒီလိုပဲ အကြံဉာဏ် ပေးကြသေးတယ်၊ တရားအားထုတ်မည့် ပုဂ္ဂိုလ်တွေကို ရုပ်သဘော၊ နာမ်သဘောတွေ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေ အသေးစိတ် အကျယ် သင်တန်းပေးထားရင် ပိုပြီးတော့ ထင်လွယ်၊ မြင်လွယ်မယ်လို့ အကြံဉာဏ်ပေးကြတယ်။ အဲဒါက သူတို့ အထင်မျှပါပဲ။ သင်တန်းပေးတာတို့ ထင်မြင်တာတို့တွေက သညာသိတွေပဲ၊ ကိုယ်တိုင်တွေ့ပြီး သိတဲ့ ပညာသိ မဟုတ်ပါဘူး၊ စိတ်နဲ့ ညွတ်ပြီးယူတော့ မဟုတ်တာတွေကိုလည်း အဟုတ်ထင်လာတတ်တယ်၊ ဒါကြောင့် အဲဒီလို စိတ်ညွတ်ပြီး ယူတာတွေဟာ မကောင်းပါဘူး၊ ဗုဒ္ဓသာသနာကို မယုံကြည်တဲ့ လူတွေက ကမ္မဋ္ဌာန်းဘာဝနာအလုပ်ကို အထင်အမြင် သေးနေကြတာလည်း ရှိပါတယ်။ သူတို့က ဘယ်လိုပြောကြသလဲဆိုတော့ ဗုဒ္ဓဘာသာဝင်တွေဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ထင်မှာပေါ့၊ စောစောကတည်းက ဆရာက သင်ကြားထားတဲ့အတိုင်း ထင်မှာပေါ့လို့ သူတို့ကပြောတတ်ကြပါတယ်။ အဲဒီလို ပြောကြတာဟာ ဘုန်းကြီးတို့ တပည့်ယောဂီတွေနဲ့တော့ မဆိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးတို့က ရုပ်၊ နာမ် အကြောင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အကြောင်းကို သာမညလောက်သာ ဟောပြောထားပါတယ်။ ရုပ်လို့ နှလုံးသွင်းရမယ်၊ နာမ်လို့ နှလုံးသွင်းရမယ်၊ မွမွရှရှလို့ နှလုံးသွင်းရမယ်၊ အနိစ္စလို့ နှလုံးသွင်းရမယ်၊ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်းရမယ်၊ဖြစ်တယ်၊ ပျက်တယ်လို့ နှလုံးသွင်းရမယ် စသည်ဖြင့် တမင်စိတ်ညွတ်ပြီး ရှုဖို့ ညွှန်ကြားမထားပါဘူး၊ ထင်ရှားပေါ်လာသမျှကို သူပေါ်လာတဲ့ အတိုင်းပဲ ရှုဖို့သာ ညွှန်ကြားထားပါတယ်၊ အဲဒီလို ပေါ်လာသမျှကို ရှုရုံမျှ ရိုးရိုးကလေးမှတ်နေရုံနဲ့ ရုပ်ကတခြား၊ နာမ်ကတခြား ကွဲပြားပြီး သိလာပုံကို အားထုတ်တဲ့ ယောဂီတွေက သူ့အလိုလိုပဲ ပြောလာကြတယ်၊ ပေါ်လာသမျှ အာရုံတွေရော၊ မှတ်သိတဲ့ စိတ်တွေရော မှတ်ရင်း၊ မှတ်ရင်း ပျောက်ပျောက်သွားပုံကိုလည်း တွေ့သိနေကြောင်း သူ့အလိုလိုပဲ ပြောလာကြတယ်၊ အဲဒီလို ကိုယ်တိုင်တွေ့ပြီးသိမှ ဉာဏ်အစစ်ဖြစ်တာ၊ ဒီတော့မှ ဘုန်းကြီးတို့က ဒေသနာတော်နဲ့ ညှိပြီးတော့ ဒီလိုသိတာက ရုပ်ကို ပိုင်းခြားသိတာ၊ ဒီလိုသိတာက နာမ်ကို ပိုင်းခြားသိတာ၊ ဒီလိုသိတာက အဖြစ်အပျက်ကိုသိတာ၊ ဒီလိုသိတာက အနိစ္စကိုသိတာ စသည်ဖြင့် အမည်တပ်ပြီး ဟောပြပေးပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့ တပည့်ယောဂီတွေမှာတော့ စိတ်ညွတ်ယူလို့ ထင်တာမဟုတ်ပါဘူး၊ တကယ်ဟုတ်မှန်တဲ့အတိုင်း ကိုယ်တိုင်တွေ့ပြီး သိကြတာသာ ဖြစ်ပါတယ်။

## သတိကောင်းလို့ ဉာဏ်ကောင်းလာပုံ

သိကြတာမှ ရိုးတိုးရိပ်တိပ် ဝိုးတိုးဝါးတား မဟုတ်ပါဘူး၊ လက်နဲ့ ကိုင်ကြည့်ပြီး သိရသလို ထင်ထင်ရှားရှားကြီးကို သိရပါတယ်၊ ရှုစရာ အာရုံကလေးပေါ်လာပြီး ပျောက်သွားတာကိုလည်း သိတယ်၊အဲဒီသိတဲ့ စိတ်ကလေး ပျောက်သွားတာကိုလည်း သိတယ်၊ နောက်အာရုံတစ်ခု ပေါ်ပြီး ပျောက်သွားတာကိုလည်း သိတယ်၊ အဲဒီအသိစိတ်ကလေး ပျောက်သွားတာကိုလည်း သိတယ်၊ ဒီနည်းဖြင့် အာရုံရော၊ အသိရော၊ ရှေ့ဆင့်၊ နောက်ဆင့်၊ အတွဲလိုက်၊ အတွဲလိုက် ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတယ်၊ ကိုယ်၊ ခေါင်း၊လက်၊ခြေ၊ပုံသဏ္ဍာန် အထည်ဒြပ်ဆိုရင် ဘာမျှမတွေ့ရတော့ဘူး၊ တရိပ်ရိပ်နဲ့ ပျောက်ပျက်သွားတာကိုချည်း တွေ့နေရတယ်၊ ဒါကြောင့် ယောဂီက ''ဘာမျှမတွေ့ရတော့ဘူး၊ အကုန်ပျောက်သွားတာကိုချည်း တွေ့နေတယ်''လို့ ပြောတယ်၊ ဒီတော့မှ ဘုန်းကြီးတို့က အဲဒါကို ဒေသနာတော်အရ ဘင်္ဂဉာဏ်ခေါ်တယ်လို့ ပြောရတယ်၊ ဘုန်းကြီးတို့က ''ဒီလိုသိရမယ်၊ ဒီလိုမြင်ရမယ်''လို့ စောစောက လမ်းကြောင်းပြီး ညွှန်ကြားမထားပါဘူး၊ သူ့အလိုလို ရိုးရိုးကလေး ရှုမှတ်နေရုံနဲ့ ဒီလိုအသိတွေက အလိုလို ဖြစ်ပေါ်လာပါတယ်၊ ဒီလို အသိဉာဏ်တွေနဲ့ ပြည့်စုံနေတဲ့ပုဂ္ဂိုလ်တွေဟာ ယခုတရားနာပရိသတ်ထဲမှာလည်း တော်တော်များများပါပါတယ်၊ ဒါဟာ သတိကောင်းလို့ ဉာဏ်ကောင်းလာပုံပါပဲ၊သဒ္ဓါရှိပေက္ခာ ဉာဏ်ကျတော့ ဒါထက်အများကြီး ကောင်းပါသေးတယ်၊ အဲဒါကောင်းပုံကိုတော့ ဂုဏ်ခြောက်ထွေရဲ့ အကျယ်ကျမှ ရှင်းလင်းပြရမယ်၊ဒီလို ပုထုဇဉ်အဖြစ်နဲ့ ဝိပဿနာရှုစဉ်ကတည်းက အမှတ်ရတဲ့ သတိက ကောင်းလာခဲ့တဲ့အတွက် သောတာပန်ဖြစ်တော့ ပိုပြီးကောင်းလာပါတယ်၊ သောတာပန်က ဝိပဿနာ ရှုပြီး လေ့လာပြန်တဲ့အတွက် သက

ဒါဂါမ်ကျတော့ ပိုပြီး ကောင်းလာပြန်ပါတယ်၊ ထိုအတူ အနာဂါမ်ကျတော့ ပိုပြီးကောင်းလာပြန်ပါတယ်၊ ရဟန္တာကျတော့ ဒီသတိဟာ အပြည့်အစုံကောင်းသွားပါတယ်၊ ဘယ်ဟာကိုမျှ အမှတ်တမဲ့ မေ့သွားတာရယ်လို့ မရှိတော့ဘူး၊ အကုန်လုံးသတိထင်ပြီး အမှတ်ရနေပါတယ်၊ ဒါကြောင့်–

''ဣဓ–ဤသာသနာတော်၌၊ ဘိက္ခု–ရဟန်းသည်၊ ဘိက္ခု–သံသရာဘေးကို ရှုမြင်၍ ဝိပဿနာရှုမှတ်၍ ကိလေသာကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်သည်၊ သာတာရက္ခေန–အမှတ်ရမှုသတိ အစောင့်အရှောက်ရှိသော၊ စေတသာ–စိတ်နှင့်၊ သမန္နာဂတော–ပြည့်စုံသည်၊ ဟောတိ–ဖြစ်၏''လို့ ဒီအရိယာဝါသတရားတော်က ပြဆိုထားတာတဲ့။

## သတိ-အစောင့်အရှောက် ထားပေးကြ

အိမ်မှာ အစောင့်အရှောက် ဒရဝမ်ရှိနေသလိုပဲ၊ စိတ်တိုင်း၊ စိတ်တိုင်းမှာ သတိ အစောင့်အရှောက်ကလေး အမြဲတမ်းပါရှိနေပါတယ်တဲ့၊ ဒါက အရေးကြီးပါတယ်၊ မိမိတို့ကိုယ်ကို စစ်ဆေးကြည့်ကြပါ၊ တစ်နာရီအတွင်းမှာ စိတ်ပေါင်း ဘယ်လောက်များ သတိအစောင့်အရှောက်ပါသလဲ၊ တစ်နေ့လုံးမှာ အမှတ်သတိ ဘယ်လောက်ပါသလဲလို့ စစ်ဆေးကြည့်ကြပါ၊ အစောင့်အရှောက် ဗလာနတ္ထိဖြစ်နေရင်လည်း အစောင့်ကလေး ထားပေးကြပေါ့၊ အစောင့်သတိက နည်းသေးရင်လည်း များများထားပေးကြပေါ့၊ ဒီအစောင့်အရှောက် သတိမရှိဘဲနဲ့တော့ အရိယာမဖြစ်နိုင်ဘူး။ သောတာပန်လည်း မဖြစ်နိုင်ဘူး၊ သကဒါဂါမ် အနာဂါမ်လည်း မဖြစ်နိုင်ဘူး၊ ရဟန္တာဖြစ်ဖို့ဆိုတာတော့ ဝေးပါသေးတယ်၊ ဒါကြောင့် ဆောင်ပုဒ်က ''ဖြစ်တိုင်းမှတ်ရှု၊သတိပြု၊ စောင့်မှုအစဉ်ထား'' လို့ ဆိုထားတယ်၊ ကဲ ဒါကို ဆိုကြရမယ်။

''ဖြစ်တိုင်းမှတ်ရှု၊ သတိပြု၊ စောင့်မှုအစဉ်ထား''

ဒီဆောင်ပုဒ်မှာ ဖြစ်တိုင်းဆိုတာက မြင်မှု၊ ကြားမှု စသည်ဖြစ်တိုင်း၊ ဖြစ်တိုင်းလို့ ဆိုလိုပါတယ်၊ ဒါကြောင့် မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားသိတိုင်း၊ တွေ့ထိတိုင်း၊ သွားတိုင်း၊ လာတိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ လှုပ်ရှားပြုပြင်တိုင်း၊ ကြံတိုင်း၊ တွေးတိုင်း၊ စိတ်ပျက်တိုင်း၊ ဝမ်းသာတိုင်း အကုန်လုံးအမှတ်ရနေဖို့ပါပဲ၊ ဒီလို အမှတ်ရနေလျှင် သတိအစောင့်အရှောက်ကလေးနဲ့ ပြည့်စုံနေတယ်လို့ ဆိုရပါတယ်၊ အဲဒီလို ဖြစ်တိုင်း၊ ဖြစ်တိုင်းကို ရှုမှတ်လို့ အမှတ်သတိက ကောင်းသလောက် စိတ်တည်ကြည်မှု သမာဓိကလည်း ကောင်းလာပါတယ်၊ အဲဒီ သတိ၊ သမာဓိတွေ ကောင်းလာသလောက် အသိဉာဏ်တွေကလည်း ကောင်းလာပါတယ်၊ဒါဟာ တရားအားထုတ်တဲ့သူတွေ ကိုယ်တိုင်တွေ့ရတဲ့ သဘောတရားတွေပါပဲ၊နောက်ဆုံးကျတော့ သိစရာဆိုရင် ဘာမျှမကျန်တော့ဘူး၊ စိတ်တိုင်း၊ စိတ်တိုင်း အကုန်လုံးပဲ သိသွားပါလိမ့်မယ်၊ အဲဒါဟာ ''အစောင့်အရှောက်တစ်ပါးနဲ့ ပြည့်စုံတယ်''ဆိုတဲ့ အရိယာဝါသတစ်ခု–အရိယာတို့၏ နေအိမ်တစ်ခုပါပဲ၊ အဲဒီ အရိယာနေအိမ်နဲ့ လုံလုံခြုံခြုံ တင့်တင့်တယ်တယ်နေနိုင်အောင် ကြိုးစားကြရမယ်၊တို့ ဒကာ၊ ဒကာမတွေ တစ်သံသရာလုံးက အိမ်မဲ့ယာမဲ့နဲ့ နေလာလို့ အပါယ်ဆင်းရဲတွေနဲ့ တွေ့လာတာလည်း များလှပြီ၊ သံသရာ ဆင်းရဲတွေနဲ့ တွေ့လာတာလည်း များလှပြီ၊မြတ်စွာဘုရားသာသနာနဲ့ တွေ့ကြုံနေတဲ့ ယခုဘဝမှာတော့ ဘေးရန်ကင်းတဲ့ အရိယာနေအိမ်ကြီးနဲ့ နေနိုင်အောင် ကြိုးစားပြီး ဒီအရိယာဝါသနေအိမ်ကို ဆောက်ကြရမယ်။

## ဖြစ်တိုင်းမှတ်ရှု သတိပြု

ဒီနေရာမှာ မေးစရာရှိပါတယ်၊ တပည့်တော်တို့က အရိယာမှ မဟုတ်သေးဘဲနဲ့ အရိယာနေအိမ်မှာ နေခွင့်ရပါမလားလို့ မေးစရာရှိပါတယ်။ ဒါကတော့ ဥပမာနဲ့ပြောရင် ရှင်းသွားပါလိမ့်မယ်၊ယခုလောကမှာ ကိုယ်ပိုင်မဟုတ်တဲ့အိမ်ကြီး အိမ်ကောင်းတွေ၊ဟိုတယ်ကြီးတွေဆိုတာ ရှိကြပါတယ်၊ အဲဒါတွေဟာ ကိုယ်ပိုင်မဟုတ်ပေမယ့် ထိုက်တန်တဲ့အခပေးရင် ရက်ပိုင်း၊ လပိုင်းနဲ့ဖြစ်ဖြစ်၊ နှစ်ပိုင်းနဲ့ဖြစ်ဖြစ် နေခွင့်ရပါတယ်၊ အရိယာဝါသဆိုတဲ့ အရိယာတို့နေအိမ်ကလည်း ထိုက်တန်တဲ့အခပေးနိုင်ရင် နေခွင့်ရပါတယ်၊ ဘယ်လိုအခတွေ ပေးရမှာလဲဆိုရင် ယုံကြည်မှု–သဒ္ဓါဆိုတဲ့ အခလည်းပေးရမယ်၊ လိုလားမှု–ဆန္ဒဆိုတဲ့ အခလည်းပေးရမယ်၊ အားထုတ်မှု–ဝီရိယဆိုတဲ့ အခလည်းပေးရမယ်၊ ဒီအထဲမှာ ယုံကြည်မှု–သဒ္ဓါတရားဆိုတာ အလွန်ပဲ အရေးကြီးပါတယ်၊ ဘယ်အလုပ်မဆို အကျိုးရှိမယ်လို့ ယုံကြည်မှပဲ လုပ်နိုင်ပါတယ်၊ မယုံကြည်ရင်တော့

မလုပ်နိုင်ပါဘူး၊ ''ဖြစ်တိုင်း၊ မှတ်ရှုသတိပြု''ဆိုတဲ့ ဒီအရိယာဝါသအလုပ်ကလည်း ရှုမှတ်ရင် ဝိပဿနာကုသိုလ်ဖြစ်တယ်၊ အကျိုးရှိတယ်ဆိုတာကို ယုံကြည်မှုပဲ အားထုတ်နိုင်ပါတယ်၊ ယုံကြည်ရုံနဲ့လည်း မပြီးသေးပါဘူး၊ ဝိပဿနာ မဂ်ဖိုလ်၊ နိဗ္ဗာန်ဆိုတဲ့ တရားတွေကို လိုချင်တဲ့စိတ်ဆန္ဒကလည်း ထက်ထက်သန်သန်ရှိဖို့ လိုပါတယ်၊ပြီးတော့ မဆုတ်မနစ် မပျင်းမရိအားထုတ်နိုင်တဲ့လုံ့လဝီရိယကလည်း ထက်ထက်သန်သန်ရှိဖို့ လိုပါတယ်၊ ဒီသဒ္ဓါ၊ ဆန္ဒ၊ ဝီရိယဆိုတဲ့ အခတွေ ပေးနိုင်ရင်တော့ အရိယာဝါသ နေအိမ်ကြီးမှာ နေခွင့်ရပါတယ်၊ ယုံလည်းယုံတယ်၊ လိုလည်း လိုလားတယ်၊ ပျင်းလည်း မပျင်းဘူးဆိုရင် အချိန်အခွင့်ရတိုင်း ရှုမှတ်နေရုံပါပဲ၊ သွားတယ်၊ သွားတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ မြင်တယ်၊ ကြားတယ် စသည်ဖြင့် တစ်ချက်မှတ်ရင် အရိယာဝါသနေအိမ်ကို တစ်ခါရောက်သွားတာပဲ၊ ဆယ်ချက်မှတ်ရင် အရိယာဝါသနေအိမ်ကို ဆယ်ခါရောက်သွားတာပဲ၊ ဆယ်ချက်မှတ်ရင် ဆယ်ခါရောက်တယ်၊ အချက်တစ်ရာမှတ်ရင် အခါတစ်ရာရောက်တယ်၊ တစ်မိနစ်ခန့်မှတ်နေရင်၊ အရိယာဝါသနေအိမ်မှာ တစ်မိနစ်နေရတယ်၊ ဆယ်မိနစ်မှတ်ရင် ဆယ်မိနစ်နေရတယ်၊ပိုက်ဆံတစ်ပြားတစ်ချပ်မျှ မကုန်ရဘူး၊ သိပ်နေရာကျတာ၊ ဘုန်းကြီးတို့က ငွေကြေးမကုန်ဘဲနဲ့ အိမ်ကြီးအိမ်ကောင်းနဲ့ နေရတဲ့ နည်းလမ်းကို ညွှန်ပြနေပါတယ်၊ အဲဒါ အိမ်ကောင်းနဲ့ လုံလုံခြုံခြုံ စိတ်ချလက်ချနေချင်ကြရင် အရိယာဝါသနေအိမ်ကို ဆောက်ကြရုံပဲ၊ ''ဟာ–တစ်သံသရာလုံးက နေလာခဲ့သလို မလုံခြုံတဲ့ သာမန်ကုသိုလ် အိမ်စုတ်ကလေးတွေနဲ့ပဲ နေပါတော့မယ်၊ အိမ်မဲ့၊ ယာမဲ့နဲ့ပဲ နေပါတော့မယ်ဆိုရင်တော့ ဒကာ၊ ဒကာမတို့ သဘောပါပဲ၊မရှုမမှတ်ဘဲ နေမြဲတိုင်းနေကြပေါ့။

## သူသတ်ဗိုလ်ကြီး တမ္ဗဒါဌိက

ရှုမှတ်ပြီး အရိယာဝါသနေအိမ်မှာနေတော့ ဘယ်လိုအကျိုးကို ရပါသလဲဆိုတော့ကာ အောက်ထစ်ဆုံးအားဖြင့် အပါယ်ငရဲက လွတ်တဲ့ အကျိုးကို ရပါတယ်၊ အဲဒါဟာ အကြာကြီး အားထုတ်မှ မဟုတ်ပါဘူး၊ တစ်ခဏလောက် အားထုတ်တာနဲ့ပဲလည်း ရနိုင်ပါတယ်။ မြတ်စွာဘုရားလက်ထက်တော်ခါတုန်းက ရာဇဂြိုဟ်မြို့မှာ တမ္ဗဒါဌိကဆိုတဲ့ သူသတ်ဗိုလ်ကြီးရှိတယ်၊ အဲဒါ တချို့လည်း ကြားဖူးကြပါလိမ့်မယ်။ ရာဇဂြိုဟ်မြို့မှာ တရားရုံးက သေမိန့် သေဒဏ်ကျလာတဲ့ ခိုးသူတွေကို အဲဒီ တမ္ဗဒါဌိက က သတ်ရတယ်၊ မြို့ရဲ့ အရပ်လေးမျက်နှာက ဖမ်းလာတဲ့ ငါးရာလေးလီ ခိုးသားဓားပြပေါင်း နှစ်ထောင်ကို ပွဲဦးထွက်စပြီးသတ်ရတယ်၊ အဲဒီက နောက်လည်း နေ့စဉ်နေ့တိုင်းပဲ သူ့မှာ သတ်နေရတာဟာ တစ်ယောက်နှစ်ယောက် စသည်ဖြင့် ပြတ်တယ်လို့ မရှိလှဘူးတဲ့၊ အဲဒီလိုချည်း သူသတ်ရာထူးနဲ့ အလုပ်လုပ်လာလိုက်တာ (၅၅)နှစ်တောင် ကြာသွားသတဲ့၊ (၅၅)နှစ်ရှိတော့ မသန်မစွမ်းတဲ့အတွက် အဲဒီသူသတ်ဗိုလ်ကြီးရာထူးက နုတ်ထွက်လိုက်တယ်။

အဲဒီလို ရာထူးက နုတ်ထွက်တဲ့အခါမှာ ရာထူးရှိစဉ်တုန်းက အခွင့်မရတာတွေကို သုံးဆောင်ဖို့ အဆောတလျင် စီမံသတဲ့၊ အဲဒါက ဘာတွေတုံးဆိုရင် သူသတ်ရာထူးနဲ့ မင်းမှုထမ်းနေတဲ့ သူဟာ အသစ်စက်စက် အဝတ်ကို မဝတ်ရဘူးတဲ့၊ ထောပတ်အသစ်နဲ့ ကြိုထားတဲ့နွားနို့ယာဂု၊ နွားနို့ဆန်ပြုတ်ကိုလည်း မသောက်ရဘူးတဲ့၊ မြတ်လေးပန်းကိုလည်း မပန်ရဘူးတဲ့၊ နံ့သာလည်း မလိမ်းရဘူးတဲ့၊ ဒီလေးမျိုးကို မသုံးရဘူးလို့ အဲဒီတုန်းက အာဏာပိုင်မင်းတွေက ဥပဒေလုပ်ထားသတဲ့၊ သူသတ်အလုပ်က အင်မတန် ရုန့်ရင်း ကြမ်းတမ်းတဲ့အတွက် အကောင်းအမြတ်တွေနဲ့ မတန်ဘူးလို့ ယူဆပြီး တားမြစ် ထားဟန်တူပါတယ်၊ ယခုကာလလူတွေ အမြင်နဲ့ဆိုရင်တော့ ရယ်စရာဖြစ်နေမှာပါပဲ၊ အဲဒီလို တားမြစ်ထားတာတွေကို တမ္ဗဒါဌိကက သုံးဆောင်ချင်နေတာ ကြာလှပြီ၊ ''ယခုမှပဲ အခွင့်ရတော့တယ်၊အားရအောင် သုံးဆောင်လိုက်မယ်''ဆိုတဲ့ အနေမျိုးနဲ့ စီမံပါသတဲ့၊ လူဆိုတာ မလုပ်ရဘူးဆိုတာကို သိပ်ပြီးလုပ်ချင်တတ်တယ်၊ မစားရဘူးဆိုရင် သိပ်စားချင်တတ်တယ်၊ သိပ်ကောင်းလိမ့်မယ်လို့လည်း ထင်တတ်တယ်၊ ဒါကြောင့် တမ္ဗဒါဌိကဟာ နွားနို့ယာဂုကို သူများသောက်နေတာမြင်ရတိုင်း သူက သိပ်သောက်ချင်နေတယ်၊ အဝတ်သစ်လည်း ဝတ်ချင်တယ်၊မြတ်လေးပန်းလည်း ပန်ချင်တယ်၊နံ့သာလည်း လိမ်းချင်တယ်၊ ဒါတွေကို သူ့စိတ်ထဲက တမ်းတနေတာကြာလှပြီ၊ ဒါကြောင့် သူက အဲဒီရာထူးက နုတ်ထွက်ရတဲ့နေ့မှာပဲ၊ သူ့အိမ်ရှင်မကို နွားနို့ယာဂု အကျိုခိုင်းထားပြီးတော့ အဝတ်သစ်တွေကို ဝတ်ပြီး

နံ့သာကိုလည်းလိမ်း၊ ပန်းကိုလည်း ပန်ပြီး အိမ်ပြန်လာခဲ့တယ်၊ အိမ်ရောက်တော့ အသင့်ပြင်ထားတဲ့ နွားနို့ယာဂုကို သောက်တော့မယ်လို့ ပြင်ဆင်နေပါတယ်-တဲ့။

## အရှင်သာရိပုတ္တရာကြွလာတဲ့အခါ

အဲဒီလို ပြင်ဆင်နေတုန်းမှာ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက အဘိညာဉ်နဲ့ ဆင်ခြင်ကြည့်လိုက်တော့ တမ္ဗဒါဌိကကြီးကို ဒီလိုမြင်တော်မူပါတယ်၊သြော်-တမ္ဗဒါဌိကကြီးက နှစ်ပေါင်းများစွာက သုံးဆောင်ခွင့်မရခဲ့တဲ့ နွားနို့ယာဂုကိုသုံးဆောင်မယ်လို့ ပြင်ဆင်နေပါပကော၊အဲဒါကို သုံးဆောင်ပြီးရင် ယခုနံနက်ခင်း မကြာမီမှာပဲ သေရှာတော့မယ်၊သေပြန်တော့လည်း သူ့မှာ အားကိုးစရာကုသိုလ်ကောင်းမှုက ဘာမျှ မရှိရှာဘူး၊ (၅၅)နှစ်ကာလပတ်လုံး သူပြုထားတဲ့ မကောင်းမှုအကုသိုလ်တွေကတော့ ပြည့်လို့ပဲ၊ ဒီအကုသိုလ်တွေက သူ့ကို ပုဒ်မအမျိုးမျိုးနဲ့ ဝရမ်းဖမ်းဖို့ အသင့်ရှိနေတယ်၊သေသည်နဲ့ တစ်ပြိုင်နက် အပါယ်ငရဲ တစ်ခါတည်း ကျရှာတော့မယ်၊ သနားစရာကောင်းလှပါဘိတော့တယ်၊ ဒါကြောင့် ဒီကံနည်းတဲ့ သတ္တဝါကို ငရဲကလွတ်အောင် ငါသွားပြီး ကယ်တင်ဦးမှပဲလို့ ဒီလိုဆင်ခြင်ပြီးတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက တမ္ဗဒါဌိက၏ အနီးကို ရုတ်တရက်ကြွပြီး ဆွမ်းရပ်တော်မူပါတယ်။ ဒီနေရာမှာ သဒ္ဓါတရားမရှိတဲ့သူဆိုရင်တော့ ကုသိုလ်မရဘဲ အကုသိုလ်တွေတောင်ဖြစ်ဖို့ ရှိနေပါတယ်။ တမ္ဗဒါဌိကမှာ နှစ်ပေါင်းများစွာက သောက်ခွင့်မရလို့ အင်မတန်သောက်ချင်နေတဲ့ နွားနို့ယာဂုကို အားမနာ ပါးမနာ လာပြီး အလှူခံရမလားလို့ ကဲ့ရဲ့ပြီးတော့ အကုသိုလ်တွေဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် တမ္ဗဒါဌိကကတော့ သဒ္ဓါတရားကောင်းရှာပါတယ်၊ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို မြင်ရတော့ သူ့မှာ ဝမ်းမြောက်ဝမ်းသာနဲ့ သဒ္ဓါတရားတွေဖြစ်တယ်၊ ဖြစ်ပုံကတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ယခုကြွလာတာ အင်မတန်နေရာကျတာပဲ၊ ယခင်က အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကိုတွေ့ရင် လှူစရာက အသင့်မရှိဘူး၊ လှူစရာက အသင့်ရှိတဲ့အခါလည်း မတွေ့ရဘူး၊ ဒီတစ်ခါတော့ လှူစရာကလည်း ရှိတယ်၊အရှင်သာရိပုတ္တရာကလည်း ကြွလာတယ်၊ တယ်နေရာကျတာပဲလို့ ဆင်ခြင်ပြီးတော့ အရှင်သာရိပုတ္တရာကို ရိုသေစွာပင့်ပြီး နွားနို့ယာဂုကို ဆက်ကပ်ပါသတဲ့၊ သဒ္ဓါတရားဟာ အင်မတန်အရေးကြီးပါတယ်၊ သဒ္ဓါတရားမရှိရင် လက်မရှိတာနဲ့တူတယ်၊ လက်မရှိရင် အသုံးကျတဲ့ ပစ္စည်း၊ အဖိုးတန်တဲ့ ပစ္စည်းကို တွေ့ပေမယ်လို့ ကောက်မယူနိုင်ဘူး၊ အဲဒါလိုပဲ သဒ္ဓါတရားမရှိတဲ့သူမှာ ဘုရား၊ တရား၊သံဃာ၊ ရတနာသုံးပါးနဲ့ တွေ့နေရပေမယ့်လို့ ကုသိုလ်ကောင်းမှု မဖြစ်ဘူး၊ ပုံမတော်ရင် အကုသိုလ်တွေတောင် ဖြစ်တတ်သေးတယ်၊လက်ရှိတဲ့သူမှာ အဖိုးတန်ပစ္စည်းကိုတွေ့ရင် ကောက်ယူနိုင်သလိုပဲ သဒ္ဓါတရားရှိတဲ့သူဟာ ဘုရား၊ တရား၊ သံဃာတော်တို့နဲ့ တွေ့ရတဲ့အခါ တစ်သံသရာလုံး သုံး၍ မကုန်နိုင်တဲ့ ကုသိုလ်ဥစ္စာတွေကို ဆည်းပူးနိုင်တယ်။

## နွားနို့ယာဂုလှူ

ယခု တမ္ဗဒါဒဌိကကြီးမှာလည်း သဒ္ဓါတရားဆိုတဲ့ လက်က သန်သန်စွမ်းစွမ်း ရှိနေတဲ့အတွက် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကိုပင့်ပြီး အင်မတန် သောက်ချင်နေတဲ့ နွားနို့ယာဂုကို သူကိုယ်တိုင်မသောက်သေးဘဲ လှူဒါန်းဆက်ကပ်ပါတယ်တဲ့၊ အရှင်သာရိပုတ္တရာက ယာဂုကို ဘုဉ်းပေးနေပါတယ်၊ တမ္ဗဒါဌိကကလည်း အနီးအပါးမှာ ရိုသေစွာထိုင်ပြီး ယပ်ခတ်ပေးနေပါတယ်။ ဒီလို ယပ်ခတ်ပေးနေရင်း သူ့မှာ ယာဂုကို သောက်ချင်တဲ့စိတ်တွေ အလွန်အကဲဖြစ်နေပါသတဲ့၊ ဖြစ်လည်း ဖြစ်ပေမှာပဲ၊ အောင့်လာခဲ့ရတာက နှစ်ပေါင်း (၅၀)ကျော်တောင်ရှိနေပြီဟာကိုး၊ အဲဒါကို အရှင်သာရိပုတ္တရာက သိတော်မူတာနဲ့ တမ္ဗဒါဌိကကိုလည်း တစ်နေရာမှာ သွားပြီး ယာဂုသောက်ဖို့ ခွင့်ပြုလိုက်ရတယ်၊ ဒီလိုခွင့်ပြုရတာကလည်း တခြားကြောင့်မဟုတ်ဘူး၊ ယာဂုသောက်ချင်တဲ့ စိတ်တွေပြင်းထန်နေရင် တရားကို ကောင်းကောင်းနာနိုင်မှာ မဟုတ်ဘူး၊သူ့ကို ယာဂုသောက်ဖို့ ခွင့်ပြုလိုက်ရပါတယ်၊ ယာဂုသောက်ပြီးတဲ့အခါ အရှင်သာရိပုတ္တရာ၏ အနီးမှာ ရိုသေစွာထိုင်နေတယ်၊ ဒီတော့ အရှင်သာရိပုတ္တရာက အနုမောဒနာတရားကို ဟောတော်မူတယ်။

ဆက်လက်ဖော်ပြပေးပါမည်



# စားသောက်မှုကမ္မဋ္ဌာန်း

## မဟာဗောဓိမြိုင်ဆရာတော်

(ယခင်လမှအဆက်)

''တို့ မဟာစည်တုန်းကတော့ ဆရာတော်ဘုရားကြီးကိုယ်တိုင် ကမ္မဋ္ဌာန်းပေးတာကိုးကွယ့်။ အိပ်တာလေးတောင် အိပ်ချင်တယ်၊ အိပ်တယ်၊ အိပ်တယ်နဲ့ မှတ်ရမှာတဲ့ဗျ။ မှတ်ရင်းမတ်တတ်နဲ့ မျက်လုံးလေး ကြည်လာရင် ထပ်ပြီးတော့ ပြန်အားထုတ်ပါတဲ့။ အဲဒီလောက် စိတ်ထဲကို ဆရာတော်ဘုရားကြီး မကျေမနပ်ဖြစ်တာ။ (၄)နာရီလေးအိပ်ရတာတောင် တိုလီမိုလီကွာလို့၊ (၁၁)နာရီအိပ်ရတာကိုး။ မနက် (၃)နာရီထရတာ။ အိပ်ရတာလည်း (၁၁)နာရီအိပ်ရတာ။ အဲဒီ (၁၁)နာရီအိပ်တာလေးတောင် လိုက်လုသေးဗျာ။ မှတ်ပါတဲ့။ အိပ်ချိန်ရယ်လို့ မထားပါနဲ့တဲ့။ မှတ်လို့ အဲဒီမှာ မျက်စိလေးကြောင်သွားရင် ပြန်ပြီးထိုင်ပါတဲ့။ အိပ်ချိန်ရယ်လို့ မထားပါနဲ့တဲ့။ (၄)နာရီလေးအိပ်ရတာတောင် တိုလီမိုလီ လုမ်းပြီး တောင်းသေးဗျာ။ ဟုတ်ရဲ့လားဟေ့''

''မှန်ပါ့ဘုရား''

''အဲဒီတော့ အဝိဇ္ဇာဘက်ကို နည်းနိုင်သမျှနည်းအောင်၊ ဝိဇ္ဇာဘက်ကို များနိုင်သမျှ များအောင် ခိုင်းတာထင်တယ်။ သို့မဟုတ် ပညာသိနယ်ပယ်ကို များနိုင်သမျှ များအောင် ခိုင်းတာထင်တယ်ဟေ့။ သို့မဟုတ် ပရမတ်နယ်ပယ်ကို ကျယ်နိုင်သမျှကျယ်အောင်၊ ပညတ်နယ်ပယ်ကို ချုံ့နိုင်သမျှချုံ့အောင် ခိုင်းတာထင်တယ်ဟေ့။ အဲဒါလေး သဘောပေါက်ဖို့''

''မှန်ပါ့ဘုရား''

''သုတ္တော–ဒါအိပ်တာထင်တယ်။ မသိသေးဘူး။ ဇာဂရိတေ–နိုးလာရင်လည်း မှတ်ဟတဲ့။ ဘာသိတေ–ပြောရင်လည်း ပြောတာလေးကို အမှတ်မလွတ်ပါနဲ့တဲ့။ တုဏှိဘာဝေ–ဘယ်သူနဲ့မှ မပြောရဘူး။ကိုယ့်တစ်ယောက်တည်း ဆိတ်ဆိတ်နေလည်း အဲဒါလေးကို သမ္ပဇညကာရီ–ကောင်းကောင်း ကွဲကွဲပြားပြား သိအောင်လုပ်ပါတဲ့။ အိပ်တုန်းက အိပ်ပျော်သွားတဲ့ပုံ၊ နိုးရင်နိုးလာတဲ့ပုံ၊ ပြီးတော့ ပြောနေရင်ပြောနေတဲ့ပုံ၊ ပြောချင်တဲ့စိတ်ကလေးနဲ့ ပြောတဲ့ရုပ်နဲ့၊ တုဏှိဘာဝေဆိတ်ဆိတ်နေတဲ့ကာလ၊ ကိုယ့်ခန္ဓာက စိတ်ကလေး ဘယ်လိုငြိမ်နေသလဲ။ စိတ်

ကလေး ငြိမ်နေတယ်၊ အေးနေတယ်နဲ့ မကျေနပ်နဲ့၊ အဲလောက် သိမှတ်ရမယ်လို့ ဆိုလိုတယ်ဗျာ။ အဲဒီတော့ ဘာကျန်သေးတုံး''

''ဘာမျှ မကျန်ပါဘုရား''

''ဘာမျှမကျန်တဲ့အထဲကို ဘာမျှမကျန်တာ ထပ်ထည့်ထားတာ၊ ဘာမျှမကျန်တဲ့အထဲက ဘာမျှမကျန်တာ ထပ်ထည့်တာ ထင်တယ်ဟော့။ သေချာသထက် သေချာအောင် ဂတေ ဌီတေ–ဆိုတာလိုဖြစ်မှာစိုးလို့ ဒီလောက် သေချာအောင် ပေးထားတာ။ ပတ်စာခွာ ဖျာသိမ်းတယ်ဟော့။ အဲဒီတော့ အမျှားကြီးထဲက တို့စားနေတဲ့နေရာလေး အဓိကထားပြီး ပြောလိုတယ်။ စားတာကိုပြောလိုက်ရင် ကျန်တာတွေလည်း သဘောပေါက်လောက်စရာ ရှိပါတယ်။ ရေချိုးသွားတဲ့ နေရာလည်း သဘောပေါက်လောက်စရာ ရှိပါတယ်။ အိမ်သာသွားတဲ့နေရာလည်း သဘောပေါက်လောက်စရာ ရှိပါတယ်။ အဝတ်လျှော်တာတို့၊ ကိုယ်မလုပ်မဖြစ်တဲ့ ပလိဗောဓလို့ ခေါ်တာပေါ့လေ။ ကြောင့်ကြစရာ အသေးအဖွဲကိစ္စကလေးတွေ ရှိသေးတာကိုးကွယ့်။လက်သည်းညှပ်ခြင်း၊ ခြေသည်းညှပ်ခြင်းက အစလေ။ အဲဒါလေးတွေ လုပ်တာကအစ သဘောပေါက်လောက်ပါတယ်။ အဲဒီတော့ ဒီကနေပြီး ဓမ္မာရုံကနေပြီး ဆွမ်းကျောင်းကို ကြေးစည်ခေါက်ပြီး ဖိတ်လာခဲ့တာဗျာ။ မဟာစည်နဲ့ပြောရင်တောင် ယောဂီတို့က အရိယာနွယ်ဝင်လို့ ပြောတယ်။ ဟိုကျတော့ လက်အုပ်ကလေးချီပြီး လျှောက်တာ၊ အရိယာနွယ်ဝင် အရှင်သူမြတ်တို့ ဘုရား၊ လူချင်းကို ဘာဖြစ်လို့လဲ ဆို မှတ်နေတဲ့သတိဟာက ကိလေသာကို သတ်ဖြတ်နေတာ မဟုတ်ဘူးလား။ လောဘ၊ ဒေါသ၊ ကိလေသာကို သတ်ဖြတ်ပြီးတော့ တော်လှန်နေတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် အရိယာနွယ်ဝင်လို့ ခေါ်တယ်။ ရန်သူတစ်စုကို သတ်နိုင်ရင်တော့ အရိယာဇာတ်ထဲရောက်သွားရင် အရိယာလို့ ခေါ်ရမှာပေါ့လေ။ အခုတော့ အရိယာဇာတ်ထဲမရောက်သေးတော့ အရိယာနွယ်ဝင်တဲ့။ အဲဒီတော့ အရိယာနွယ်ဝင်များသည် သည်ကနေပြီးတော့ ကြေးစည်ခေါက်တာ ဘယ်သူကြားလို့သိလဲ''

''နားကကြားလို့ပါဘုရား''

''နားက ကြားလို့၊ ဘယ်သူသိတုံး။ စိတ်ကသိတာ၊ ကြားတာ နားက၊ သိတာစိတ်က၊ အဲဒီတော့ နားက ကြားတာပဲ နားကသွားပေါ့ဗျ။ ဘယ်သူသွားတုံး''

''ဖဝါးကသွားတာပါဘုရား''

''ဖဝါးက သွားတာ၊ နားကကြားတာပဲ၊ နားသွားပေါ့ဗျ။ ကိုယ်လုပ်ချင်တိုင်း လုပ်လို့ရတယ်ဟော့၊ ကိုယ်ရကိုယ်ယူပေါ့။ ဖဝါးသွားရတာ၊ ဖဝါးသွားတော့ ရောက်မသွားဘူးလား''

''ရောက်သွားပါတယ်ဘုရား''

''ရောက်သွားတော့ ဟိုမှာ စားပွဲခုံကို မကြည့်လိုက်ဘူးလား''

''ကြည့်လိုက်ပါတယ်ဘုရား''

''ပန်းကန်ပြားသည် ဘယ်နား၊ ငါသည် ဘယ်နေရာထိုင်ရမှာကို၊ အဲဒါကြည့်တာ မဟုတ်ဘူးလား။ကြည့်ပြီး ရောက်သွားရော၊ မြင်တာက ဘယ်သူတုံးဟော့''

''မျက်စိပါဘုရား''

''မျက်စိ၊ သိတာက ဘယ်သူတုံး ဟော့''

''စိတ်ပါဘုရား''

''အဲဒီတော့ သူတို့အတွဲသိတာပဲဗျ။ သူတို့ထိုင်စားပေါ့။ သူတို့ မျက်စိက ထိုင်စားသလား၊ တင်ပါးက ထိုင်စားသလား''

''တင်ပါးက ထိုင်စားပါတယ်ဘုရား''

''သွားတာ ဖဝါးပဲဗျ။ ဖဝါးက သွားတာပဲ၊ဖဝါးက ထိုင်စားပေါ့ဗျ။ ဘာဖြစ်လို့ တင်ပါးက ထိုင်စားရသလဲ၊ လုပ်လေ။ ငါလုပ်ချင်သလို လုပ်လို့ရတယ်။ အဲဒီတော့ တင်ပါးက ထိုင်ရောဗျ။ တင်ပါးကထိုင်တော့ ပန်းကန်ပြားကို တင်ပါးနဲ့ နှိုက်ပေါ့ဗျ။ ဘာနဲ့ နှိုက်တုံး''

''လက်နဲ့ နှိုက်ပါတယ်ဘုရား''

''တင်ပါးက ထိုင်တာပဲ၊ သူပိုင်တာပဲ၊ နှိုက်ပေါ့ဗျ။ လက်နဲ့နှိုက်တာ ထင်တယ်။ လက်ကနှိုက်ပြီးတော့ မယူရဘူးလား။ ယူပြီးတော့ မခွံ့ရဘူးလား''

''ခွံ့ရပါတယ်ဘုရား''

''အေး ..ခွံ့ရတယ်။ အဲဒီတော့ လက်ရောသူ စားလိုက်ရလား''

''မစားလိုက်ရပါဘုရား''

''မစားရဘူး။ အဲဒီတော့ သွားတွေက ဝါးပေးရတာထင်တယ်။ လျှာတွေက အလုပ် လုပ်ပေးရတာထင်တယ်။ အဲဒါပြီးရင် မျိုတယ် မဟုတ်ဘူးလား။ အဲဒီဝါးခြင်း၊ စားခြင်း၊ မျိုခြင်းတွေကို ဘယ်သူက လုပ်ရသလဲ။ ပါးစပ်က၊ ပါးစပ်က လုပ်ရတာထင်တယ်။ ခံစားတာက ဘယ်သူက ခံစားသွားလဲ''

''စိတ်က ခံစားသွားတာပါဘုရား''

''အဲ–စိတ်က ခံစားသွားတာ၊ မြင်အောင်ကြည့်၊ မြင်အောင်ကြည့်၊ ဒီကနေပြီးတော့ ဒီဘက်ခရီးကို မြင်အောင် ကြည့်ပါ။ စားမှုကိစ္စတစ်ခုကို၊ ဒါကြည့်တတ်ရင်လည်း တရားပါပဲ။ တရားပေါ်လောကြီးပေါ်နေတာပဲ။ အဲဒီတော့ အဲဒီနေရာကို ယောဂီတို့ စာရင်းရှင်းကြည့်စမ်း။ ဒီအစာလေးတစ်ခုကို ပါးစပ်က၊ ဒီလျှာက အရသာခံဖို့ရာ အတွက် ခြေထောက်ရော ငြိမ်ရလား''

''မငြိမ်ရပါဘုရား''

''ကြည့်စမ်း၊ ဘယ်လောက် ဒုက္ခဝိုင်းခံရသလဲ။ ကြည့်စမ်း၊ အစားလေးတစ်လုတ်လေ။ ဘယ်လောက် ဒုက္ခခံရသလဲ။ တို့ ဒီလိုဒုက္ခတွေကို ဒုက္ခမှန်းမသိလို့ သုခဖြစ်နေတာ မဟုတ်ဘူးလား။ အဲဒါမြင်အောင် ကြည့်နိုင်းတာဗျ။ သဘောပေါက်ကြပြီ။ ဒါ အကြမ်းစားပါဗျ။ ရှာထဲလည်း ဒီထမင်းနဲ့ဒီဟင်း၊ ဒီလိုစားတာပဲဗျာ။ ဒီနေရာလည်း ဒီသတိလေးနဲ့ ရှာထဲလို နမော်မဲ့နမာမဲ့ မဟုတ်ဘဲနဲ့၊ မသိဘဲနဲ့၊ လူပြောသူပြောက ကြက်လို့ပြောရင် ကြက်သိတာ၊ သညာသိနဲ့လေ။ ဝက်လိုပြောရင် ဝက်သိတာ၊ သညာသိနဲ့လေ။ သူများက ကောင်းတယ်ပြော၊ ကောင်းနေရတာ မဟုတ်ဘူးလား။ အဲဒါလေးကို ဒီနေရာမှာ နမော်မဲ့နမာမဲ့ မဟုတ်ဘဲနဲ့ သတိလေးနဲ့လုပ်လိုက်ရင် ဒီအကြောင်းတွေ မသိနိုင်ဘူးလား''

''သိပါတယ်ဘုရား''

''သိမှာပါဗျာ။ အဲဒီတော့ ဒီနေရာလေးမှာ စားတဲ့ နေရာလေးတစ်ခုပဲ ကွက်ပြောရပါတယ်ဗျာ။စားတယ်၊ ထိုင်လိုက်ပြီ၊ ထိုင်ပြီးရင် ဘာလုပ်မှာတုံးဟေ့။ လက်ဆေးခိုင်းတော့မယ်ထင်တယ်။ အဲဒီတော့ ဘယ်သန်သူစိတ်က ဘယ်ခိုင်းမယ်ထင်တယ်ဟေ့။ ဘယ်ဘက်ကို လက်ဆေးခိုင်းမယ်ထင်တယ်။ ညာသန်သူကျတော့ ညာဘက်ကို လက်ဆေးခိုင်းမယ်။ လက်ဆေးပြီးတော့ ဘာလုပ်မှာတုံး။ ဟင်းအရင် နှိုက်ခိုင်းမလား၊ ထမင်းဘက်ကို ပြောင်းမလား''

''ထမင်းဘက်ကို ရောက်နေမှာပါဘုရား''

''ထမင်းဘက်ကို ရောက်နေမှာ၊ ထမင်းဘက်ရောက်ပြီးတော့ ဟင်းဘက်ကို သူ မကြည့်လိုက်ဘူးလား။ ဟင်းက ဘယ်နှခွက်တုံး။ ဒီကနေ့ ဘယ်နှခွက်နဲ့စားခဲ့တုံး''

''သုံးခွက်ပါဘုရား''

''သုံးခွက်၊သုံးခွက်ကို တစ်ခါတည်းနှိုက်သလား၊ သူ သဘောကျတာ အရင်နှိုက်ခိုင်းသလား''

''သဘောကျတာ အရင်နှိုက်ခိုင်းပါတယ်ဘုရား''

''ဟုတ်ရဲ့လားဗျ။ နှိုက်ပြီး ဘာလုပ်တုံး။ မြှောက်မခိုင်းဘူးလား။ မြှောက်ခိုင်းပါတယ်ဘုရား။ မြှောက်ပြီး ဘာလုပ်တုံး။ အကွေးမခိုင်းဘူးလား။ ခိုင်းပြီး ဘာလုပ်တုံး။ အသွင်းမခိုင်းဘူးလား။ သွင်းပြီး ဖွန်းပြန်မထည့်ခိုင်းဘူးလား။ မြင်အောင်ကြည့်လေ၊ အကွေးလေးနဲ့အဆန့်၊ တူပါ့မလား။''

''မတူပါဘုရား''

''အမြှောက်ကလေးနဲ့အချလေ။ တူပါ့မလား။ မြှောက်တဲ့အခါ ဖြစ်ပျက်တစ်မျိုးထင်တယ်လေ။ ချလိုက်တဲ့အခါ ဖြစ်ပျက်တစ်မျိုး ထင်တယ်လေ။ အဲဒီလို ဆန့်နေတဲ့အချိန် ဖြစ်ပျက်တစ်မျိုးထင်တယ်လေ။ ကွေးလိုက်တဲ့အခါ ဖြစ်ပျက်တစ်မျိုးထင်တယ်လေ။ အောက်ကို သွန်ချလိုက်တဲ့အခါ ဖြစ်ပျက်တစ်မျိုးထင်တယ်လေ။ မြင်အောင်ကြည့်၊ သမ္ပဇညကာရီလေ။ အဲဒါလေးကို တို့ဖွန်းလေးချထားတဲ့အခါ ဒီကြည့်နေတဲ့ထမင်းနဲ့ ဟင်းလေးကို ဒီအတိုင်းပဲလား။ အနယ်ခိုင်းသလား''

''အနယ်ခိုင်းပါတယ်ဘုရား''

''အနယ်ခိုင်းတယ်။ သူ ကျေနပ်လောက်အောင်လေ။ တွဲမိအောင်ထင်တယ်။ နယ်ပြီးတော့ ဘာလုပ်တုံး။ အဆုပ်ခိုင်းတယ် ထင်တယ်။ ဆုပ်ပြီး ဘာလုပ်ခိုင်းတုံး။ အမြှောက်ခိုင်းတယ်ထင်တယ်။ ကွေးပြီးတော့ နေဦး၊ နေဦး၊ မင်း ခဏနေဦးဟဲ့၊ ပါးစပ်ဘက် ပြေးလိုက်တယ်ထင်တယ်။ တစ်ခါ ခရီးသွားလို့ ကားခဏရပ်ပေး၊ တံခါးဖွင့်တယ်ထင်ပါတယ်။ လှည်းခဏရပ်ပေး၊ တံခါးဖွင့်ခိုင်းတယ်ထင်တယ်။ ပါးစပ်အဟခိုင်းတယ်ထင်တယ်။ ဟပြီးတော့ တစ်ခါသွင်းခိုင်းတယ် ထင်တယ်။သွင်းပြီးတော့ လက်ကြီးပြန်ပို့ဦးဆို ပြန်ပို့ဦးမှာထင်တယ်။ ဒါမှ သူစိတ်ချစားလို့ရမှာကိုး။ အဲဒီမှာ ဝါးချင်တယ်ဆိုတာလေး ပေါ်မလာဘူးလား။ အဲဒီအခါကျရင် မစားလိုက်ရဘူးလား''

''စားရပါတယ်ဘုရား''

''စားပြီးရင် ဝါးချင်စိတ်ကလေး ထပ်မပေါ်ဘူးလား။ ထပ်မဝါးလိုက်ရဘူးလား''

''ဝါးရပါတယ်ဘုရား''

''အဲ–စားချင်စိတ်ကလေး ပေါ်တယ်။ ဝါးတယ်၊

စားချင်စိတ်ကလေး ပေါ်လိုက်၊ ဝါးလိုက်နဲ့ မှတ်ပေးထား။ အဲဒီ ဝါးချင်စိတ်ကလေးနဲ့ စားတယ်နဲ့၊ သူတို့ အဲဒါလေးကို အပြန်ပြန်အလှန်လှန်လုပ်လို့ ညက်ပြီထင်လို့ရှိရင် မျိုမခိုင်းဘူးလား''

''မျိုခိုင်းပါတယ်ဘုရား''

''အဲဒီအခါကျရင် မျိုတယ်၊ မျိုတယ်၊ မျိုချလိုက်ပါ။ အစာအိမ်ထဲကို တို့အူချောင်းကြီးအလိုက် သွားသလောက် အဲဒီမှာ မှတ်နေရမှာ၊ သူဆုံးပြီဆိုတော့မှ တစ်ခါပြန်ပြီးတော့ တစ်လုတ်ပြန်ယူတာ ထင်တယ်ဟော့။နောက်တစ်လုတ်လည်း ဒီအတိုင်းပဲထင်တယ်ဗျ။ အဲဒီတော့ အလုတ်တိုင်း၊ အလုတ်တိုင်း ဒီအတိုင်းပဲထင်တယ်ဗျ။ အဲဒီတော့ ဒီစိတ်ကလေးခိုင်းတဲ့အတိုင်း ဒီကိုယ်ကြီးလိုက်လုပ်နေရတာကို မြင်အောင်ကြည့်ပါဗျာ။ ထမင်းတစ်လုတ်ပြီးတိုင်း ပြီးတိုင်း တစ်ခါတည်း ထမင်းတစ်လုတ် ထပ်ယူခိုင်းပြန်တယ်။ သူနဲ့ပတ်သက်တဲ့ သူပိုင်တဲ့ကိုယ်ကို ဘယ်သန်ဘယ်၊ ညာသန်ညာ၊ သူ့နေရာကလေးနဲ့သူကို သူ့ကိရိယာကလေးနဲ့သူ အသုံးချတတ်သွားတာထင်တယ်ဟော့။အသုံးချပြီး ခိုင်းစားသွားတာ မဟုတ်ဘူးလား''

''မှန်ပါ့ဘုရား''

''မြင်အောင်ကြည့်ပါ။ အဲလိုကြည့်တဲ့ယောဂီတစ်ယောက်ဟာ သာမန်မှတ်အားတစ်ယောက်ဟာ ဝါးချင်တာနဲ့ဝါးတာ ပထမဆုံးတွေ့ပါလိမ့်မယ်။ အဲဒီဝါးချင်တာလေးနဲ့ ဝါးတာလေးကို အောက်အံလေးကို ရှုကွက်အဖြစ်နဲ့ထားလို့ရှိရင် ပုံမှန်ကတော့ အောက်အံကြီးကတော့ အရှင်ထင်နော်။ အထက်အံက အသေထင်နော်''

''မှန်ပါ့''

''ရှုကွက်ထဲကျတော့ အောက်အံက အသေလိုဖြစ်နေတယ်ကွယ့်။ အထက်အံက အရှင်လိုဖြစ်နေတတ်တယ်။ အထက်အံကြီးက မလိုက်၊ ချလိုက်၊ မလိုက် ချလိုက်နဲ့ အဲလိုထင်တယ်ဟော့။ ရှုကွက်ထဲ ကျတော့လေ၊ အဲဒါ အောက်အံလေးကို တစ်ခါတည်း မူသေထားလိုက်တဲ့အခါကျတော့ အောက်အံကြီးက ငရုတ်ဆုံနဲ့ အလွန်တူသဗျာ။ အထက်အံကြီးက ငရုတ်ကျည်ပွေ့နဲ့ အလွန်တူသဗျာ။ လျှာကလေးက လက်ကလေးနဲ့ အလွန်တူသဗျာ။ တစ်ခါတည်း တို့ မလိုက်၊ ချလိုက်၊ မလိုက်၊ ချလိုက်နဲ့ လျှာကလေးကလည်း မညက်ရသေးတာလေးတွေ တွန်းပို့လိုက်၊ ညက်ပြီးသား လျက်ယူလိုက်၊မညက်သေးတာလေး တွန်းပို့လိုက်နဲ့၊ သူ့အစာက များရင်များသလောက် များများကြီးညက်အောင် ပါးစောင်က တံတွေးလေးတွေနဲ့ ဆွတ်ဆွတ်ပြီးတော့ လျှာကလေးက တွန်းပို့နေရတာထင်တယ်။ တံတွေးလေးနဲ့ ရောစားရတာ ထင်တယ်ဗျာ''

''မှန်ပါ့ဘုရား''

''ကောင်းလား၊ တံတွေးလေးနဲ့လေ။ တံတွေးနိုင်းချင်းလေးနဲ့လေ။ တံတွေးမပါရင် သူမညက်ဘူးလေ။ အဲဒီတော့ ပါးစောင်က တံတွေးက အမြဲတမ်း ထွက်ပေးနေရတယ်။ အဲဒီက ထွက်ပေးနေရတယ်။ အဲဒီထွက်ပေးသလောက် အဲဒီတံတွေးလေးနဲ့ ဒါလေးနဲ့ကို နယ်နယ်ပြီးတော့ လျက်လျက်ပို့ပေးရတာဗျ။ အချက်နှစ်ဆယ်လောက်ကို သေချာကြည့်စမ်း၊ခွေးအန်ဖတ်ထက်တောင် သာသေး။ မျိုချရမှာလည်းခက်၊ ထွေးထုတ်ရမှာလည်း ခက်၊ မတတ်သာလို့သာသွင်းရတာ၊ အဲဒီလောက်ထိ မြင်လာနိုင်ပါတယ်။ ဒီထက်မှတ် အားကောင်းလာရင် စားတဲ့နေရာက အမှတ်တက်လာတဲ့ ယောဂီတစ်ယောက်ကျတော့ ဘယ်လိုဖြစ်လာတုံး။ တစ်ခါတည်း တို့စက်ရုံကြီးတစ်ရုံနဲ့ အလွန်တူတယ်။ ဘယ်စက်ရုံနဲ့ တူသတုံး။ စပါးစက်ရုံနဲ့ အလွန်တူပါသဗျား။ စပါးစက်ရုံလည်း တို့ဆန်စက်ကြီးပေါ်မှာ အလုပ်လုပ်နေတဲ့ အလုပ်သမားတွေရော မရှိဘူးလား''

''ရှိပါတယ်ဘုရား''

''ဟိုဘက်ကနေပြီးတော့ စပါးသယ်နေတဲ့အမျိုးသမီးတွေရော မရှိဘူးလား။ စပါးသယ်တဲ့ အမျိုးသမီးတွေက သယ်လာလိုက်၊ အပေါ်က အလုပ်လုပ်သူတွေက လက်ခံပြီးတော့ ဇလားထဲထည့်လိုက်၊ ဆန်တွေခါလိုက်၊ အောက်ကနေပြီး ဆန်ပေါက်ကနေ ထုတ်ပေးလိုက်၊ဖွဲနုပေါက်က ထုတ်ပေးလိုက် လုပ်နေသလိုဗျာ။ အဲဒီကနေ သည်ကိုင်ချင်တာကိုင်တာ၊ တို့ ခုနကပြောတဲ့ ဟင်းကော်ချင်တာ ကော်တာ၊ ထမင်းကို နယ်ချင်တာနယ်တာ၊ ခွံ့ချင်တာ ခွံ့တာ၊ ဝါးချင်တာဝါးတာ၊ အဲဒါပတ်ချာလည်သွားတာ၊ နယ်အားကောင်းလာပြီနော်။ အမှတ်စိပ်လာပြီနော်။ အမှတ်စိပ်လာပြီထင်တယ်။ ဒါဆို အမှတ်စိပ်ပြီ ပြောရမယ်။ တို့ခုနက ဟင်းကော်တဲ့အချိန်၊ ထမင်းနယ်တဲ့အချိန်က စပြီး ဝါးတဲ့အချိန်ထိလေ၊ ဝါးပြီး တစ်ခါပြန်ပြီး ခွံ့လိုက်တဲ့အချိန်လေ။ အဲဒီအခါကျ ပတ်ချာလည်သွားတယ်။ဒါ ဒုတိယမှတ်အားကောင်းလာရင် ဒီလောက်

ထိ ဖြစ်သွားပါလိမ့်မယ်။ မှတ်လည်းကြည့်ပါ။ အမှတ်ခိုင်းတာနော်။ အရှာခိုင်းတာ မပါဘူး။ သေသေချာချာလည်း နားထောင်သွားဦး။ ဒီလိုရအောင်ရှာခဲ့ပါလို့ ပြောတာမပါဘူး။ ဒါအမှတ်နဲ့ သပ်သပ်သွားတာထင်တယ်''

''မှန်ပါ့ဘုရား''

''တို့ပြောတာတွေမှန်သမျှ အမှတ်နဲ့အလုပ်လုပ်ဖို့ပဲပြောတာထင်တယ်။ ထိုင်ကမ္မဋ္ဌာန်းကတည်းက ဒါပုံသေထားခဲ့ပါ။ မူသေထားခဲ့ပါ၊ အမြဲပြောခဲ့တာထင်တယ်။ တရစပ်မှတ်နည်းလား၊ အပ္ပမာဒသတိဖော်နည်းထင်တယ်ဟော့။ သဘောပေါက်ပြီလား။ ဒါလည်းမှတ်အားကောင်းရင် သူ့ဟာသူ ပေါ်လာတာကိုပြောတာ။ ဖော်ယူရမှာ မဟုတ်ဘူး။ ဖော်ယူတယ်ဆိုရင် အတ္တဖြစ်သွားမှာပေါ့။ တရားက သူ့သဘောသူဆောင်တာ။ အနတ္တ ဟုတ်ရဲ့လား''

''မှန်ပါ့ဘုရား''

''ငါ ဝင်မရှုပ်ပါနဲ့၊ ငါဝင်ရှုပ်ရင် အလုပ်များလိမ့်မယ်သာ မှတ်တော့။ မမျှော်နဲ့၊ မျှော်ရင် ချော်မယ်သာမှတ်တော့။ မတွေးနဲ့၊ တွေးရင် ဝေးမယ်သာမှတ်တော့။ တွေးရင်ဝေးမယ်။ ဘာဖြစ်လို့တုံး။ ဒီက ပရမတ်သည် တွေးလို့ရကောင်းတာမှ မဟုတ်ဘဲ။ ဒီနေရာပေါ် ဒီနေရာ ပျက်တာထင်တယ်ဟော့။ တွေးတာ ပညတ်က တွေးလို့ရတယ်။ ဟုတ်ရဲ့လားဗျာ။ မမျှော်နဲ့၊ မျှော်တာ လောဘထင်တယ်ဟော့''

''မှန်ပါ့ဘုရား''

''ဒီမှာက သတိဗျ။ သတိနဲ့ယူရမှာ၊ လောဘနဲ့ယူရမှာမဟုတ်ဘူး။ ဒါ တွေ့နိုင်တဲ့အတွေ့ကိုသာ ပြောတာပါ။ မှတ်အားကောင်းရင် တွေ့လာတတ်တယ်။ သည့်ထက် မှတ်အားကောင်းသွားတဲ့ ယောဂီကျတော့ ဒီဆွမ်းလုတ်ကလေး ယူလိုက်တဲ့ အချိန်ကစပြီး ပါးစပ်ရောက်တဲ့အချိန်ထိ ပါးစပ်ထဲမှာလည်း ဝါးနေတဲ့အချိန်ကို ဟ အခုအချိန်ထိဟာ တို့ မနိုင်မနင်း အရာဝတ္ထုကြီးတစ်ခုကို အလုပ်သမား ပုပုရွရွပေါက်စလေးတွေ ဝိုင်းပြီးတော့ သယ်ပေးနေသလို ပုရွက်ဆိတ်သယ်တာနဲ့ အလွန်တူတယ်။ အဲဒီအချိန်ကျရင် ထမင်းပန်းကန်ကနေပြီးတော့ ပါးစပ်အပေါက်ဝရောက်အောင်လေ။ ပုရွက်ဆိတ်ကနေပြီးတော့ တီကောင်တစ်ကောင်အပြတ်ပေါ့လေ။တီကောင်တစ်ကောင် တီပြတ်ကလေးကို သို့မဟုတ် ပိုးကောင်တစ်ကောင် အပြတ်ကလေးကို သယ်လာသလိုပဲတဲ့။ ဒါ သူ့အမှတ်စိပ်သထက် စိပ်ပြီထင်တယ်။ ကောင်းကောင်းကွဲကွဲပြားပြား သိလာပြီထင်တယ်။ စိတ်ကလေးနဲ့၊ ကိုယ်ကလေးနဲ့ ရုပ်အဆင့်ဆင့်၊ နာမ်အဆင့်ဆင့်ဆိုတာ ကွဲပြားလာပြီထင်တယ်ဟော့။ အဆင့်ဆင့်ဆိုတာ တို့ ဒီမှာတော့ ရုပ်ဘယ်လောက်ဆင့်တယ်၊ ဉာဏ်ဘယ်လောက်များတယ်၊ တို့မသိချင်ဘူး။ တို့မြင်တာ ပုရွက်ဆိတ်ကြီးလို မြင်တာပဲ။ ပုရွက်ဆိတ်တွေ သယ်လာသလိုပဲလေ။ ရုပ်အဆင့်ဆင့်၊ နာမ်အဆင့်ဆင့် မဟုတ်ဘူးလား။ နာမ်က ရှေ့က ခိုင်းလိုက်၊ ပုရွက်ဆိတ်ကြီးက ရှေ့က ပတ်ပြေးလိုက်၊ နောက်က ပတ်လိုက်နဲ့ထင်တယ်ဟော့။ ပုရွက်ဆိတ်ပေါက်စလေးက လက်ဆင့်ကမ်းသယ်ရတာထင်တယ်ဟော့။ အဲဒီအတိုင်းပဲဗျ။ ဒါ သယ်လာပုံအခြင်းအရာ ဟုတ်ရဲ့လားဗျာ''

''မှန်ပါ့ဘုရား''

''တို့ ဝါးနေတဲ့ကာလကျတော့ အထက်အံကြီးကို ဒီစိတ်ကလေးပေါင်း မြောက်မြားစွာကနေပြီးတော့ မနိုင်တနိုင်နဲ့ အလွန်ကြီးမားတဲ့ သံပေါင်ကြီးပေါ့လေ။ အဲဒါကြီးကို မနိုင်တနိုင်နဲ့ မ နေတဲ့ပုံဗျာ။ ချတော့ အထိုက်အလျောက် လွှတ်ချလိုက်တဲ့ပုံကြီးဗျာ။ မ လိုက်တဲ့ အချိန် မနိုင်တနိုင်နဲ့လေ။ ချတဲ့အချိန် လွှတ်ချလိုက်သလိုကြီးဗျာ။ ဒါ မြင်ရတာပဲ။ ဒါဆို ယောဂီတို့မှတ်အားက သမ္ဗဇညကာရီဖြစ်ပြီထင်တယ်။ ကောင်းကောင်း ကွဲကွဲပြားပြား ရုပ်အဆင့်ဆင့်၊ နာမ်အဆင့်ဆင့် စားပုံကို သဘောပေါက်ပြီလား''

''ပေါက်ပါပြီဘုရား''

''အဲဒီလောက်ထိ တို့ယောဂီတို့ ရှုရမယ်။ ဒါရှုရင် ရနိုင်တာ ပြောတာဗျာ။ အဲဒီမှတ်အားမျိုးကို တို့ဘက်က မှတ်ပေးဖို့ပဲလိုတယ်ဗျာ။အခု တို့ပြောတဲ့ မှတ်စအပိုင်း၊ မှတ်လို့ အားကောင်းလာလို့ အလယ်အလတ်ပိုင်း၊ မှတ်လို့ အထွတ်အထိပ်ဖြစ်လာတဲ့ အမှတ်ပိုင်း၊ ဒီသုံးခုမှာ မှတ်အားနဲ့ စကားပြောသွားတာထင်တယ်။ အမှတ်စေ့စပ်ရေးက အဓိကတာဝန်ယူလိမ့်မယ်ထင်တယ်။ ပြီးတော့ စေ့စေ့စပ်စပ်မဟုတ်ဘူး။ အမှတ်ကို ထပ်နေအောင် မှတ်စမ်းပါ''

''မှန်ပါ့ဘုရား''

■ ဆက်လက်ဖော်ပြပါမည်



# ဘဝတစ်ကွေ့ ခဏတွေ့

## အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ (ယော)ဆရာတော်

ခဏတွေ့ကြုံ ဒီလူ့ဘုံဟာ အပျက်မျိုးစုံနေတဲ့ လောကပါ၊ခဏ တစ်ဖြုတ် တွေ့ကြုံဆုံဆည်းကြရပြီး အချိန်စေ့ရင် ခွဲကြရတာပဲ။ ပျက်စရာ တွေက ဆွေမျိုး၊ ဉစ္စာ၊ ကျန်းမာရေး၊ ကိုယ်ကျင့်တရား၊အယူအဆ၊အတွေး အခေါ်ရယ်လို့ (၅)မျိုးရှိပါတယ်။အဲဒီ (၅)မျိုးထဲက တစ်မျိုးမျိုးပျက်စီးသွား လို့ အပျက်အတိုင်းထားပြီး ငေးမှိုင် နေရင်တော့ လုပ်ပိုင်ခွင့်တွေရှုံးပြီး လူ့ စွမ်းအားတွေ တုံးသွားတတ်တယ်။ မိမိတို့ ရရှိထားတဲ့ ဘဝခန္ဓာဆိုတာ ပျက်စီးစရာတွေ၊ ပျက်စီးတတ်တာ မျိုးတွေမို့ ပျက်စီးတာပါ။ ဘဝနဲ့ခန္ဓာ ဟာ သူ့အလုပ်ကို သူတာဝန်ကျေ အောင် လုပ်နေတာပါ။ သူ့အလုပ်ထဲ ကိုယ့်အလုပ်မထည့်ဘဲ ငေးကြည့်နေ ရင်တော့ မူးလဲသွားမယ်။ မီးတောက် သွားမယ်၊သူ့အလုပ်ထဲ ကိုယ့်အလုပ် ပါ ထည့်ပေးမှ ငြိမ်းအေးပြီး အမြတ် ထွက်ပါတယ်။

ဆွေမျိုး၊ ဉစ္စာစတဲ့ ပျက်စီးစရာ (၅)မျိုးထဲက ရှေ့(၃)မျိုးပျက်ရုံနဲ့ အပါယ်မကျနိုင်ပါ၊ နောက်(၂)မျိုး ကိုယ်ကျင့်သိက္ခာနဲ့ အတွေးအခေါ်အယူအဆပျက်စီးမှ အပါယ်ရောက်အောင် ပို့တတ်လို့ ကြောက်စရာကောင်းပါတယ်။ သို့သော် ဘာတွေ ဘယ်လိုပဲပျက်ပျက် အပျက်ကို တရားနဲ့ ပြုပြင်ပေးနိုင်ရင် လူ့စွမ်းရည်ဆိုတာ ပေါ်လာစမြဲပါ။ ပျက်နေတဲ့ သက်ရှိသက်မဲ့အရာတွေကို လက်လှမ်းမီသလောက် မိမိတတ်စွမ်းနိုင်တဲ့ အတိုင်းအတာထိ ပြင်ပေးရပါတယ်။ ပြင်ဖို့ လက်လှမ်းမမီတော့ရင်လည်း ''ကိုယ့်စိတ်''ကိုပဲ တရားနဲ့ ပြုပြင်ပေးလိုက်ရမှာပေါ့။

ဆုတ်ကပ်ကာလ လူ့ဘဝဆိုတာ တကယ်ပဲ ခဏကလေးတွေ့ကြုံရတဲ့ တစ်ကွေ့ကလေးပါပဲ။ အသက်တစ်ရာပြည့်အောင် နေရဖို့တောင် မလွယ်တော့ပါဘူး။ ရောဂါမျိုးစုံ၊ သက်ရှိသက်မဲ့ အနှောင့်အယှက်မျိုးစုံတွေက တိုတောင်းလှတဲ့ အသက်ကလေးကို ဖျက်ဆီးပစ်ဖို့ ဝိုင်းဝန်းခြိမ်းခြောက်နေကြတယ်။ သက်တမ်းစေ့အောင် နေရမယ်လို့ ဘယ်သူကမှ အာမ မခံ၊ တာဝန်မယူနိုင်ဘူး။ အနေးနဲ့အမြန်သာ ကွာမယ်။ သေရမှာကတော့ ကေန်ပါပဲ။ ပြီးတော့ လူ့သက်တမ်း နှစ်(၁၀၀)ဆိုတာ နတ်၊ ဗြဟ္မာတွေရဲ့အသက်တမ်းနဲ့ ယှဉ်ပြီး ရေတွက်ကြည့်မယ်ဆိုရင် နာရီပိုင်း၊ မိနစ်ပိုင်းကလေးလောက်ပဲ ရှိတာမို့ အချိန်အလွန်ပဲ နည်းပါးတိုတောင်းလှပါတယ်။

ဒါကြောင့် ဆုတ်ကပ်ကာလ လူ့ဘဝမှာ သားအမိ၊ သားအဖ၊ညီအစ်ကို၊ မောင်နှမ၊ ဆရာ၊ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေ စသည်ဖြင့် ဆုံဆည်းကြရတာဟာ ဘဝတစ်ကွေ့ကလေးမှာ ခဏကလေးပဲ တွေ့ခွင့်ရကြတာပါ။ သူရောကိုယ်ပါ မြို့ရွာအတွင်း ဟိုဟိုသည်သည်အရပ်သို့ ကိစ္စရှိလို့ သွားလာကြတဲ့အခါ လမ်းတစ်ကွေ့၊ လမ်းတစ်ကွေ့မှာ မြင်ဖူးသူရော၊ မမြင်ဖူးသူပါ လူအများကို တွေ့ဆုံဖူးကြပါတယ်။ အဲဒီလိုတွေ့ဆုံစဉ် စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်းမှာ စိတ်ထားမတတ်ရင် လမ်းတစ်ကွေ့ကလေးမှာပဲ အကုသိုလ်အပုထုပ်တွေ တစ်ပွေ့ကြီး ယူမိရမိတတ်ပါတယ်။ စိတ်ထားတတ်သူတွေကတော့ လမ်းတစ်ကွေ့လေးမှာ ခဏဆုံခိုက်၊ ကုသိုလ်စွမ်းအားတွေ တစ်ပွေ့ကြီးရအောင် ယူနိုင်ကြတယ်။ အဲဒီ ဥပမာလိုပဲပေါ့။ ဘဝသံသရာတစ်ကွေ့မှာ ခဏတွေ့ခိုက်၊ တွေ့ဆုံရသူအချင်းချင်း စင်ကြယ်မြင့်မြတ်တဲ့ စိတ်ထားကလေးနဲ့ ''ကိုယ့်ကြောင့်လည်း သူချမ်းသာအောင်၊သူ့ကြောင့်လည်း ကိုယ်အကုသိုလ်ပွမပွားဘဲ ကုသိုလ်စွမ်းအား တက်အောင်'' နေတတ်၊ ထိုင်တတ်၊ ဆက်ဆံတတ်ရမှာပါ။ အဲဒီလို စိတ်ထားနဲ့ အသုံးချပြီး နေတတ်မှ လူ့ဘဝရကျိုး နပ်လည်းနပ်သလို တွေ့ကြုံဆုံရသမျှ သူတိုင်းနဲ့ အဆင်ပြေပြီး အများအပေါ်လည်း အကျိုးရှိအောင် အကူညီပေးတတ်ပါတယ်။ပေးနိုင်ပါတယ်။

ဘဝတစ်ကွေ့၊ ခဏတွေ့ရတာဆိုတော့ မွေးလာပြီးနောက် မသေနိုင်သူရယ်လို့ လုံးဝမရှိပါဘူး။ ဖြစ်လာတာနဲ့ ပျက်ဖို့ပဲ ဖြစ်ပါတယ်။ ပျက်စီးရမယ့် ခန္ဓာဘဝကို ရထားတာဖြစ်တော့ အချိန်တန်ရင် အားလုံးပျက်ကြရမှာချည်းပဲပေါ့။ မပျက်စီးနိုင်တဲ့ ခန္ဓာကိုယ်ရယ်လို့မှ မရှိဘဲ။ အသီးသီး သူ့အကြောင်း၊ ကိုယ့်အကြောင်း အကြောင်းကိုယ်စီနဲ့ လာခဲ့ကြတာဆိုတော့ ကန့်သတ်ချက်ကလေးတွေ စေ့သွားရင် အားလုံးဟာ ပျက်ကြရမှာပါ။ သို့သော် ပျက်စီးကြတဲ့အခါ–

(၁) တာဝန်ကျေပြီးမှ ပျက်စီးသွားတဲ့ ခန္ဓာကတစ်မျိုး၊

(၂) တာဝန်မကျေဘဲ ပျက်စီးသွားတဲ့ ခန္ဓာကတစ်မျိုး၊

(၃) တာဝန်မကျေရုံသာမက ပတ်ဝန်းကျင်ကို အကြီးအကျယ်ဒုက္ခပေးပြီးမှ ပျက်စီးသွားတဲ ခန္ဓာကတစ်မျိုးလို့ သုံးမျိုးသုံးစား ရှိပါတယ်။

အဲဒီသုံးမျိုးထဲမှာ မိမိတို့တစ်တွေဟာ တာဝန်ကျေပြီးမှ ပျက်စီးသွားတဲ့ အဖိုးတန်အမြတ်ထွက်တဲ့ ဘဝခန္ဓာမျိုးဖြစ်အောင် ကြိုးစားကြရပါမယ်။

## "အကျဉ်းချုပ် ဆောင်ပုဒ်"

* ဆုတ်ကပ်ကာလ၊ လူ့ဘဝ၊တိုလှ လူ့တစ်သက်။
* သတိထားကာ၊ စဉ်းစားပါ၊ မှန်စွာ ကြိုးစားလျက်။
* လမ်းတစ်ကွေ့မှာ၊ ခဏတွေ့ငြား၊ ပမာထား၊ စွမ်းအားမြင့်အောင်တက်။
* အသိဉာဏ်ယှဉ်၊ ပြင်လည်းပြင်ပါ၊ စေခိုင်းပါ၊လူမှာအမြတ်ထွက်။
* ဘဝတစ်ကွေ့၊ခဏတွေ့၊မမေ့ရအောင် ကြိုးစားတက်။

■



# အပ္ပမာဒဓမ္မပုံပြင်

## အမှတ်စဉ်(၄၄)

တော်ဝင်နွယ်

လုပ်ငန်းတစ်ခု ပြီးစီးအောင်မြင်ဖို့ဆိုရင် ‘စမိ’ဖို့နဲ့ ‘စွဲမြဲ’ဖို့ လိုပါတယ်။ စမိခြင်းဟာ လုပ်ငန်းရဲ့ ရှေ့ထက်ဝက် ပြီးစီးဖို့ အခြေခံဖြစ်ပြီး၊ စွဲမြဲခြင်းကတော့ နောက်ထက်ဝက် ပြီးစီးဖို့အတွက် အဓိကမောင်းနှင်အား ဖြစ်ပါတယ်။ စမိခြင်းဟာ ယုံကြည်ချက်ရဲ့ အသီးအပွင့်ဖြစ်ပြီး စွဲမြဲခြင်းကတော့ လုံ့လဝီရိယရဲ့

ရလဒ်တစ်ခုဖြစ်ပါတယ်။ စရုံသာစပြီး စွဲမြဲမှု မရှိပါက ဘယ်လုပ်ငန်းမဆို ပြီးစီး အောင်မြင်ဖို့ မလွယ်ကူပါဘူး။

စမိခြင်း၊ စွဲမြဲဖို့အတွက် ခိုင်မာတဲ့ သန္နိဋ္ဌာန်လိုအပ်ပါတယ်။ ဆုံးဖြတ်ချက် မခိုင်မာ၊မပြတ်သားရင် ဘယ်လုပ်ငန်းမဆို ဆန့်ကျင်ဘက် အရာတွေနဲ့ ရင်ဆိုင်တွေ့ကြုံရတဲ့ အခါ ရပ်တန့်ဆုတ်ယုတ် ပျက်စီးသွား တတ်ပါတယ်။ မြင့်မြတ်တဲ့ လုပ်ငန်း တိုင်းမှာ ရည်မှန်းချက်ကို ဖြည့်ဆည်း ပေးဖို့အတွက် စွဲစွဲမြဲမြဲ ကျားကုတ် ကျားခဲ ဖွဲ့ရှိရှိရပ်တည်ခြင်း၊ ဆုံးဖြတ် ချက် ခိုင်မာပြတ်သားခြင်းကို''အဓိ ဋ္ဌာန် ပါရမီ''လို့ ခေါ်ဆိုပါတယ်။

အဓိဋ္ဌာန်ပါရမီဟာ 'စမိဖို့' နဲ့ 'စွဲမြဲဖို့'ကို ပေါင်းကူးပေးရာဖြစ် သလို ယုံကြည်ချက်နဲ့ သန္နိဋ္ဌာန်ကို အခိုင်အမာ ချိတ်ဆက်ပေးရာ သံ မဏိကွင်းဆက် တစ်ခုလည်းဖြစ်ပါ တယ်။ စိတ်ဓာတ်ခွန်အား အားကိုး နဲ့ အနာဂတ်ကံကြမ္မာကို အကဲစမ်း စိမ်ခေါ်တာမျိုးဖြစ်သလို အခက်အခဲ အကျပ်အတည်းတွေကို ကျော်လွှားဖို့ အတွက် အသိဉာဏ်နဲ့ ကိုယ်ကျင့် တရားတို့ ရင်ချင်းအပ်၊ကျောချင်း ကပ်မိတာမျိုးလည်း ဖြစ်ပါတယ်။

အဓိဋ္ဌာန်မြဲမြံမှုဆိုတာ ခြံ စည်းရိုးပေါ်မှာ ခွထိုင်တာမျိုးမဟုတ် သလို ခေါင်းမာမှုသက်သက်လည်း မဟုတ်ပါဘူး။ ကိစ္စရပ်တစ်ခုကို သတ္တိရှိစွာ၊ အသိဉာဏ်ရှိစွာ၊ ငြိမ်း ချမ်းစွာ ရင်ဆိုင်ဖြေရှင်းမှုဖြစ်ပါတယ်။ ခိုင်မြဲတဲ့ အဓိဋ္ဌာန်ဟာ စိတ်ဓာတ် ကို နိုးကြား၊ ခွန်အားကို တိုးပွားစေ ပြီး မျှော်လင့်ချက်ကို အစဉ်အမြဲ ရှင်သန်စေပါတယ်။ အဓိဋ္ဌာန်ပါရမီ နဲ့ ပြီးစီးအောင်မြင်မှုတို့ဟာ ရှေ့သွား နောက်လိုက်ပါ။ ခိုင်မြဲတဲ့ အဓိဋ္ဌာန် ပါရမီနောက်ကို အောင်မြင်မှုတွေ တသီကြီး လိုက်တတ်ပါတယ်။

အဓိဋ္ဌာန်ပါရမီဟာ အောင် မြင်မှုနဲ့ ကျရှုံးမှု၊ ပေါက်ရောက်မှုနဲ့ နောက်ကောက်ကျမှု၊ ကြီးမြတ်မှုနဲ့ သာမန်ဖြစ်မှုတွေကို အမြဲတစေ အဆုံး အဖြတ်ပေးတတ်ပါတယ်။ အဓိဋ္ဌာန် ပါရမီနဲ့ ပြည့်စုံသူတွေရဲ့ ရင်ထဲက ကာဗွန်(မီးသွေးခဲ)တွေဟာ တစ်ချိန် မှာ စိန်ပွင့်တွေအဖြစ် တောက်ပစွာ ပေါ်ထွက်လာကြပေမယ့် အဓိဋ္ဌာန် ပါရမီ ချို့တဲ့ကြသူတွေရဲ့ ရင်ထဲက ရွှေရောင်အိပ်မက်တွေကတော့ အချိန် ကြာလာတာနဲ့အမျှ ဖက်ရွက်ဝါတွေ လို မှိန်ဖျော့သွားတတ်ကြပါတယ်။

တကယ်တော့ လူ့ဘဝဆို တာ အဓိဋ္ဌာန်ကြီး၊ အဓိဋ္ဌာန်ငယ်တွေ နဲ့ တည်ဆောက်ထားတာပါ။ အဲဒါ တွေ ခိုင်မြဲဖို့ အင်မတန်အရေးကြီး ပါတယ်။ ကိုယ့်ရဲ့ သန္နိဋ္ဌာန်ဟာ ကိုယ့်ဘဝလမ်းကြောင်းကို ကောင်း ကောင်းကြီး ပြောင်းလဲစေပါတယ်။ သန္နိဋ္ဌာန်ခိုင်မာမှု ကင်းမဲ့တဲ့အခါ ဘဝ ရဲ့ ခွန်အားတွေဟာ လေထဲမှာ လွင့် ပါးသွားတဲ့ ရေငွေ့တွေလို အလဟဿ ပျောက်ကွယ်သွားရပြီး မျှော်လင့် ချက် အိပ်မက်တွေဟာလည်း ဘယ် တော့မှ အကောင်အထည်ပေါ်လာ မှာ မဟုတ်တော့ပါဘူး။

ဆန့်ကျင်ဘက်အရာတွေနဲ့ သွေးဆောင်ဖြားယောင်းမှုနဲ့ ခြိမ်း ခြောက်မှုတွေကြောင့် ယိမ်းယိုင်တုန် လှုပ်မှုမရှိဘဲ မိမိရဲ့ ရည်ရွယ်ချက်ကို အသေအချာ ဖက်တွယ်ထားနိုင်ခြင်း၊ မိမိရဲ့ ရည်မှန်းချက်ပန်းတိုင်ကို အခိုင် အမာ ဆုပ်ကိုင်ထားနိုင်ခြင်းတွေဟာ အဓိဋ္ဌာန်ပါရမီရဲ့ မူရင်းအနှစ်သာရ

**ပုထုဇဉ်ဆိုတာ သဲသောင်ပြင် ပေါ်မှာ သဲအိမ်တည်ဆောက်တမ်း ကစားပျော်မြူးတတ်ကြတဲ့ ကလေးတွေလိုပါပဲ၊ သံသရာတစ်ဖက်ကမ်းကို ကူးဖို့ရည်ရွယ်ချက်မရှိဘဲ ဒီဘက်ကမ်းလို့ဆိုတဲ့ ''လောကီဘဝ'' သဲသောင်ပြင်ပေါ်မှာပဲ ''အဓိဋ္ဌာန်ပါရမီသဲအိမ်''တွေ တည်ဆောက်ပြီး ပျော်မြူးနေကြတယ်။**

တွေ ဖြစ်ပါတယ်။ ဒီအဓိဋ္ဌာန်ပါရမီ ဆိုတဲ့ မီးကို ရင်ထဲမှာ အစဉ်အမြဲ တောက်လောင်စေဖို့အတွက် ရဲတင်း တဲ့ ယုံကြည်ချက်နဲ့ ပြင်းပြတဲ့ ဆန္ဒ လောင်စာတွေ အလျှံအပယ်ရှိနေဖို့ တော့ တကယ်လိုအပ်လှပါတယ်။

ရဲတင်းတဲ့ ယုံကြည်ချက်နဲ့ ပြင်းပြတဲ့ ဆန္ဒဟာ အဓိဋ္ဌာန်ပါရမီ အဆောက်အဦရဲ့ အောက်ခြေအမာခံ ဖြစ်ပါတယ်။ အဲဒီအရာတွေ ကောင်း မွန်စွာ မရှိဘဲ တည်ဆောက်ထားတဲ့ အဓိဋ္ဌာန်ပါရမီဆိုတာ တာရှည်မခံဘဲ အလွယ်တကူ ပြိုကွဲပျက်စီးတတ်ပါ တယ်။ အဲဒီအကြောင်းနဲ့ ဆက်စပ် ပြီး ငယ်စဉ်က စာချဆရာတော် ပြောပြခဲ့ဖူးတဲ့ ပုံပြင်ကလေးတစ်ပုဒ် ကို သတိရမိပါတယ်။

# တို့နှစ်ယောက်နောက် ခင်ကြီးပေါက်ဟော့



တစ်ခါတုန်းက ပုဂံနေပြည်တော် အနီးအပါးက ရွာကလေးတစ်ရွာမှာ မောင်ပေါက်လို့ အမည်ရတဲ့ အမျိုးသားတစ်ယောက် ရှိခဲ့ဖူးတယ်။ မောင်ပေါက်ဟာ ဖတဆိုးလေးဖြစ်တာမို့ ငယ်စဉ်ကတည်းကပဲ ဘုန်းတော်ကြီးကျောင်းမှာ နေခဲ့ရတယ်။ ဉာဏ်အနည်းငယ် ထုံထိုင်းပေမယ့် ရိုးသားသိမ်မွေ့တဲ့ မောင်ပေါက်ကို ဘုန်းတော်ကြီးက ဦးစားပေးစောင့်ရှောက်တော်မူပါတယ်။

မောင်ပေါက်ဟာ ဘုန်းတော်ကြီး သင်ပေးတဲ့ ဇာတ်ကြီးဆယ်ဘွဲ့၊ ငါးရာငါးဆယ်နိပါတ်တော်တွေကို ဖတ်ရှုရပြီး ဘုရားအလောင်းတော်ကို အင်မတန်ကြည်ညိုအားကျသလို ကိုယ်တိုင်လည်း ဘုရားဆုပန်ထားသတဲ့။ဒါကြောင့်မို့ မောင်ပေါက်ဟာ အသက်(၂၀)ပြည့်တဲ့အခါ ရဟန်းဘ၀ကို ခံယူပြီး အသက်အရွယ်ကြီးရင့်နေပြီဖြစ်တဲ့ မိခင်ကြီးကို ဆွမ်းခံပြီး ကျွေးမွေးပြုစုပါတယ်။ ပါရမီဆယ်ပါးကိုလည်း တတ်နိုင်သလောက် ဖြည့်ဆည်းသွားမယ်လို့ ဆုံးဖြတ်ထားသတဲ့။

ရဟန်းဘ၀ရောက်သွားတဲ့ မောင်ပေါက်ကို အဲဒီခေတ်တုန်းကတော့ ‘ခင်ကြီးပေါက်’လို့ ခေါ်ကြတယ်။ ခင်ကြီးဆိုတာ ရဟန်းတွေကို ခေါ်တဲ့ ရှေးခေတ်သုံး ပေါရာဏဝေါဟာရ တစ်ခုပေါ့။ ခင်ကြီးပေါက်ရဲ့ လိမ္မာတတ်သိမှုဟာ သူတို့ရွာမှာတော့ အထင်ကရကို ဖြစ်လို့တဲ့၊ များသောအားဖြင့် ခင်ကြီးပေါက်တို့ ရွာသားတွေဟာ အပျော်အပါးလိုက်စားခြင်း (ကာမစ္ဆန္ဒ)၊ အရက်သေစာသောက်စားခြင်း (သုရာဓုတ္တ)၊လောင်းကစားကျူးခြင်း (အက္ခဓုတ္တ)လို့ခေါ်တဲ့ ဓုတ်သုံးပါးကို အလွန်အကြူးလိုက်စားကြတယ်။

ဒါကြောင့် မိဘတွေက သားမိုက်တွေကို အားမရတဲ့အခါ “ခင်ကြီးပေါက်တို့နဲ့တော့ ကွာပါ့ကွာ”လို့တစ်မျိုး၊ မယားတွေက လင်ဆိုးတွေကို စိတ်တိုင်းမကျတဲ့အခါ “ခင်ကြီးပေါက်နဲ့တော့ မိုးနဲ့မြေပဲ” လို့ တစ်ဖုံ နှိုင်းယှဉ်ကဲ့ရဲ့တတ်ကြတယ်။ အဲဒီလို အခါမျိုးမှာ ကိုယ့်ရဲ့ ချို့ယွင်းချက်ကို အပြစ်လို့ မမြင်တတ်ကြတဲ့ အန္ဓပုထုဇဉ်တွေဟာ ခင်ကြီးပေါက်ကိုပဲ မလိုတမာရန်ရှာတတ်ကြတယ်။ ကိုယ်မကောင်းတာ အပြစ်မရှိ၊ ခင်ကြီးပေါက်ကောင်းနေတာဟာ အပြစ်လို့ ထင်နေကြတယ်။

နောက်ဆုံးတော့ အရက်သမားတစ်စုဟာ ခင်ကြီးပေါက်ကြောင့် သူတို့ကို သူများတွေက ကဲ့ရဲ့ ရှုတ်ချတာကို ခံရတယ်၊ဒါကြောင့် ခင်ကြီးပေါက်ကိုလည်း သူတို့နဲ့ တစ်

ဂိုဏ်းသားထဲ၊ ခုတ်သုံးပါးထဲ ပါလာအောင် ခင်ကြီးပေါက်ဖျက်ဆီးရေး အစီအစဉ်ကို ဆွဲကြသတဲ့။ အစပိုင်းမှာတော့ အရက်သမားတွေဟာ ရွာထဲက ကလေးတွေကို မုန့်ဖိုးပေးပြီး သီချင်းတစ်ပုဒ်ကို တအောင်လုပ်ပြီး သီဆိုစေသတဲ့။ နောက်တော့ ခင်ကြီးပေါက် မကြားကြားအောင် ခင်ကြီးပေါက်ရဲ့ ကျောင်းအနီးအပါးမှာ အရက်သမားနှစ်ယောက်ကို မကြာမကြာ အော်ဆိုခိုင်းတယ်။

သူတို့ဆိုတာကတော့–

''နုမှာ ငါးရာ၊ ရင့်မှာ တစ်ကျိပ်၊

နောင်လာရှစ်သောင်း၊

ဘုရားပေါင်းတဲ့။

ဘုရားပေါင်းနောက်၊ တို့နှစ်ယောက်၊ တို့ နှစ်ယောက်နောက်၊ ခင်ကြီးပေါက်ဟေ့''

ဆိုတဲ့ သံချပ်လင်္ကာကလေးပါပဲ။

တစ်နေ့တော့ ခင်ကြီးပေါက်ဟာ နားနားနေနေ နေရင်း အရက်သမားနှစ်ယောက်ရဲ့ တအောင်သီချင်းကို အသေအချာကြားလိုက်မိသတဲ့။ ကြားမိတယ်ဆိုရင်ပဲ တအောင်စကားရဲ့ အနက်အဓိပ္ပါယ်ကို သူနားလည်သလို ဖော်ကြည့်တယ်။ ''အင်း ..

နုမှာ ငါးရာ၊ ရင့်မှာတစ်ကျိပ်ဆိုတာ ပါရမီနုသေးတဲ့ ဘုရားလောင်းငါးရာ၊ ပါရမီရင့်မှာပြီးသား ဘုရားလောင်းက တစ်ကျိပ်။ နောင်လာရှစ်သောင်း ဘုရားပေါင်းတဲ့ ဆိုတာက အဲဒီ ဘုရားလောင်း ငါးရာနဲ့ တစ်ကျိပ်နောက်မှာ ဘုရားပေါင်းရှစ်သောင်း ပွင့်တော်မူဦးမယ်။ ဘုရားပေါင်းနောက် တို့နှစ်ယောက်ဆိုတာကတော့ အဲဒီ ဘုရားပေါင်း ရှစ်သောင်းငါးရာ တစ်ကျိပ် ပွင့်တော်မူပြီးတဲ့နောက်မှာ ဒီအရက်သမားနှစ်ယောက်က ဘုရားအဖြစ် ပွင့်တော်မူမယ်လို့ ဆိုလိုတာပဲ။ တို့နှစ်ယောက်နောက် ခင်ကြီးပေါက်ဟေ့–ဆိုတာကတော့ သူတို့နှစ်ယောက် ဘုရားအဖြစ်ပွင့်ပြီးမှ ငါ့အလှည့်ကျမှာပါလား။''ဟာ–ဒီလိုဆိုရင် ငါဘုရားဖြစ်ဖို့ဟာ အဝေးကြီးရှိပါသေးလား။ငါ့ရဲ့ နောင်တော်ဘုရားလောင်းတွေတောင်မှ မူးတုန်းရူးတုန်းရှိသေးတယ်။ ငါလည်း ပွင့်ချိန်မတန်သေးတဲ့ အတူတူ သူတို့လို ပျော်ပျော်ပါးပါး နေဦးမှပါပဲ''လို့လည်း စိတ်ကူးမိသတဲ့။

ဒီလိုနဲ့ တအောင်စိတ်ကူးနဲ့ အူမြူးနေတဲ့ ခင်ကြီးပေါက်ဟာ မကြာခင်မှာပဲ ရဟန်းဘဝက လူထွက်ပြီး သူရာတင်းကုပ်မှာ အရက်သမားတစ်အုပ်နဲ့ ခုတ်သုံးခုတ်ထဲ အသင်းဝင်သွားပါသတဲ့။

ဒီဓမ္မပုံပြင်ကလေးဟာ စမိ ပေမယ့် စွဲမြဲမှုမရှိတာကြောင့် မအောင်မမြင် ဖြစ်သွားရတဲ့ သာမန်ပုထုဇဉ်တွေရဲ့ ဖြစ်ရိုးဖြစ်စဉ် အဖြစ်အပျက်ကလေးကို သရုပ်ဖော်ထားတာပါ။ သန္နိဋ္ဌာန်တစ်ခု ဖော်ပြလိုက်တာပါ။ ပုထုဇဉ်ဘဝရဲ့ အိပ်မက်ကောင်းတွေဟာ ဒီလိုအဓိဋ္ဌာန်ပါရမီ မခိုင်မြဲမှုကြောင့်ပဲ တစ်ဝက်တစ်ပျက်နဲ့ ပျောက်ကွယ်ကုန်ကြရပါတယ်။

သူတော်ကောင်း လမ်းမကြီးပေါ်မှာရှိတဲ့ ဒါနမှု၊ သီလမှုတွေဟာ အဓိဋ္ဌာန်ပေါက်မှပဲ ပါရမီမြောက်ကြပါတယ်။ သတ္တဝါတစ်ဦးအနေနဲ့ သံသရာခရီး ပုထုဇဉ်လမ်းမကြီးပေါ်မှာ အဓိဋ္ဌာန်မပေါက်လို့ ပါရမီမမြောက်ဘဲ စွန့်ပစ်ခဲ့ရတဲ့ ကောင်းမှုကုသိုလ်တွေဆိုတာ အသင်္ချေအနန္တပါ။ နမျောစရာကြီးပါ။ စိစစ်ကြည့်ရင် အဓိဋ္ဌာန်ပါရမီဆိုတာ ပါရမီအားလုံးရဲ့ အမြုတေရတနာတစ်ခုဖြစ်ပါတယ်။

အဓိဋ္ဌာန်ပါရမီ ခိုင်မြဲဖို့ဆိုရင် သူတော်ကောင်းတရားအပေါ်မှာ အခြေခံတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရဲတင်းတဲ့ ယုံကြည်ချက်၊ ပြင်းပြတဲ့ ဆန္ဒ၊ ထက်သန်တဲ့လုံ့လ၊ စွဲမြဲတဲ့ သတိ၊ တည်ကြည်တဲ့ သမာဓိနဲ့ တောက်ပတဲ့ ပညာတွေ ရှိဖို့လိုပါတယ်။ အဲဒီ အရင်းအမြစ်တွေ မရှိဘဲနဲ့တော့ အဓိဋ္ဌာန်ပါရမီဆိုတာ သီးပွင့်လာစရာ အကြောင်းမရှိပါဘူး။ အရင်းအမြစ်မှန်မှ အသီးအပွင့်မှန်ပါတယ်။

တကယ်တော့ ပုံပြင်ထဲက ''ခင်ကြီးပေါက်''ဆိုတာဟာ စာရေးသူ အပါအဝင် သာမန်ပုထုဇဉ်တွေကို ကိုယ်စားပြုနေတဲ့ ဇာတ်ရုပ်တစ်ခုပါ။ ပုထုဇဉ်ဆိုတာ သဲသောင်ပြင်ပေါ်မှာ သဲအိမ်တည်ဆောက်တမ်းကစားပျော်မြူးတတ်ကြတဲ့ ကလေးတွေလိုပါပဲ၊ သံသရာတစ်ဖက်ကမ်းကို ကူးဖို့ရည်ရွယ်ချက်မရှိဘဲ ဒီဘက်ကမ်းလို့ဆိုတဲ့ ''လောကီဘဝ'' သဲသောင်ပြင်ပေါ်မှာပဲ ''အဓိဋ္ဌာန်ပါရမီသဲအိမ်''တွေ တည်ဆောက်ပြီး ပျော်မြူးနေကြတယ်။တည်ဆောက်လိုက်၊ ပျက်စီးသွားလိုက်၊ ပြန်တည်ဆောက်လိုက်နဲ့ ပျော်နေလိုက်ကြတာ ဘယ်သောအခါမှ ပွင့်တော်မမူမယ့် ဘုရားလောင်းဘဝနဲ့ပေါ့။

■ တော်ဝင်နွယ်



# ကိုရင်ကြီးရှင်ဝိမလ၏ ဘဝဒုက္ခအပေါင်းမှ လွတ်မြောက်ကြောင်း တရားလမ်းစဉ်

မောင်သွေးချွန်

## တစ်ကိုယ်စာလွတ်မြောက်ရေး

(ယခင်လမှအဆက်)

တရားရှိသူတိုင်း တရားက ပြန်စောင့်ရှောက်၏တဲ့။

တရားတော်ရဲ့ ကျေးဇူးတွေ ဆပ်လို့ကုန်မယ် မထင်ပါဘူး။လူရာမဝင်တဲ့ လူမိုက်ဘဝကနေ လူနဲ့လူချင်း ယုံကြည်အားကိုးခြင်းခံရတာ တရားတော်ရဲ့ ဂုဏ်ကျေးဇူးပဲ မဟုတ်ပါလား။

''ဦးလှအောင်ကြီးတို့များ သမာဓိကောင်းလိုက်တာ၊ သူတရားထိုင်ခဲ့တဲ့ နေရာကလေးတောင် မွှေးပြီး ကျန်ခဲ့တာဗျ''

''မွှေးပုံက သင်းသင်းကလေးရယ်၊ သူ စင်္ကြံလျှောက်တဲ့ လမ်းကလေးတောင် မွှေးနေတော့တာ''

''မွှေးရုံတွင် ဘယ်ကမလဲဗျ၊ အေးလည်း အေးနေတော့တာ''

လူတွေက အားကိုးလေ၊ လူတွေ ဝိုင်းအုံလာလေ၊ ကျုပ် လူထဲက ထွက်ပြေးချင်လေပါပဲ။ ခပေါင်းဆန်းရိပ်သာမှာ ရခဲ့တဲ့ အေးအေးချမ်းချမ်း အရသာလေး လုံးပါးပါးသွားမှာ စိုးရိမ်တယ်။လောကီသမာဓိလောက်က တစိုက်မတ်မတ်ကျင့်ရင် ငါးနှစ်လောက်နဲ့ ပြီးပါတယ်။ ဒါပေမယ့် ကျုပ်ကျင့်ခဲ့တာ လောကီအလို့ငှာ မရည်ရွယ်ပါဘူး။ လောကုတ္တရာဆိုတဲ့ ကမ်းတစ်ဖက်ကို ကူးသွားချင်တာ၊ ကမ်းကုန်အောင် လုပ်ချင်တာ။

လောကီသမာဓိနဲ့ လူဝတ်ကြောင်ကြီးနဲ့ လူတွေကြား နေနေသမျှတော့ ဗေဒင်ဆရာသာသာဘဝမျိုးထက် ပိုမှာမဟုတ်ဘူး။ ဒီသံသရာဝဋ်ဆင်းရဲကလည်း လွတ်ဖို့လမ်း မမြင်ဘူး။ လွတ်အောင် ရုန်းမယ် ကြံရင်း ဆွဲထားကြရင်းနဲ့ ရေနစ်သူကို သွားကယ်ရာ ကိုယ်ပါနစ်ရမယ့်ကိန်း။ ဒီတော့ ကျုပ်ကို ခွင့်ပြုကြပါ၊ ကျုပ်ကို ခွင့်လွှတ်ကြပါ။

''ကိုယ်လွတ်ရုန်းတယ်လို့ မထင်ပါနဲ့၊ တစ်ကိုယ်ကောင်းဆန်တယ်လို့လည်း မထင်ပါနဲ့''

ကျုပ် ဝတ်ကြောင်ပယ်ပြီး သာသနာ့ဘောင်ဝင်တော့မယ်။အမေကတော့ ကြည်ကြည်ဖြူဖြူ ဂုဏ်ယူတတ်ပါရဲ့။ ဒါပေမယ့် သင်္ကန်းဝတ်ပြီး အဝေးကြီးကို ထွက်သွားမှာ လိုလားပုံ မရဘူး။သမီးကလည်း အဖေ့အတွက် ဂုဏ်တက်လို့ မဆုံးခင် ဒီအဖေကြီး ထာဝစဉ်ထွက်ခွာသွားမှာ စိုးရိမ်နေတယ်။ဩော် ႏႏ သံယောဇဉ်ဟူသည် ချည်ရလွယ်သလောက် ဖြေရခက်လှပါလား။ ဒါပေမယ့် ဒီနှောင်ကြိုးတွေ ပြေပါလေမှ ကျုပ်ရည်မှန်းထားတဲ့ လွတ်မြောက်ရေးလမ်း ဖြောင့်တန်းတော့မယ်။ဒီတော့ သမီးကို ဖျောင်းဖျရတယ်။

''သမီး ႏႏႏ သမီးမှာ ရည်းစားရှိလား''

''အို ႏႏ အဖေကလည်း''

သမီးက ရှက်နေတယ်။

''အဖေမေးတာ ဖြေပါ''

''မရှိဘူးအဖေ၊ ဘာဖြစ်လို့လဲ''

''မရှိရင် အဖေနဲ့လိုက်ခဲ့၊ သမီးက သီလရှင်ဝတ်၊ အဖေက ကိုရင်ကြီးဝတ်မယ်''

''အို ႏႏ'

ရှက်ရွံ့ခြင်း၊ အံ့သြခြင်းတွေ ရောယှက်သွားတဲ့ သမီးမျက်နှာကို ကျုပ် အားနာနာနဲ့ ကြည့်နေတယ်။

''အချိန်မရှိတော့ဘူးသမီး၊ လမ်းက ဒီတစ်လမ်းပဲ ရှိတော့တယ်။ သမီး အဖေ့ကို လုပ်ကျွေးချင်တယ်ဆိုရင် သမီးသီလရှင်ဝတ်နဲ့ လုပ်ကျွေးလို့ ရနိုင်မယ်ထင်တယ်။ တကယ်လို့ သမီးမှာ ရည်စားရှိနေတယ်ဆိုရင်လည်း အဖေနောက်ကြောင်းအေးအောင် တစ်ခါတည်း ပေးစားခဲ့ချင်တယ်။ ရှိသမျှလေးနဲ့ပဲ သမီးတို့ ရင်းနှီးလုပ်ကိုင်စားသောက်ကြပေါ့''

ဒီတစ်ခါတော့ သမီးက ခေါင်းကြီးငုံ့လို့၊ ငြိမ်နေတယ်။ ပြီးတော့ ခေါင်းညိတ်ဝန်ခံတယ်။ ဒါနဲ့ လူကြီးစုံရာကတစ်ဆင့် ကောင်လေးကို လာတောင်းစေပြီး အိုးအိမ်ထူထောင်ပေးလိုက်တယ်။ ကျုပ်အမေကိုလည်း သူတို့ လုပ်ကျွေးဖို့ တာဝန်ယူကြပါတယ်။ ကောင်းရှာပါတယ်။ သာဓု သမီးရယ်၊ သာဓု ႏႏ သာဓု။

ပြီးတော့ နွားလေးတစ်ကောင်ရောင်းပြီး၊ မှတ်မိသမျှ ကြွေးဟောင်းတွေ ကျုပ်လိုက်ဆပ်တယ်။ ဟောဒါက ဖဲကြွေး၊ ဒါက အရက်ကြွေး၊ ကျုပ်ကို ခွင့်လွှတ်ကြပါ။ ကျေနပ်ကြပါ။ ဝစီကံ၊ မနောကံ အမှားတွေရှိရင်လည်း သည်းခံကြပါ။ ကြွေးယူတုန်းကလည်း ဟိုရှာ၊ သည်ရှာနဲ့ခဲ့လေတော့ ကြွေးဆပ်ချိန်မှာလည်း မြစ်ကူးချောင်းခြား သွားပြီးဆပ်တယ်။

''ဖိုးလှအောင်ကြီးရယ်၊ ဒီမဖြစ်စလောက် အကြွေးကလေးများကွာ၊ မင်းပြောမှ သတိရတယ်၊ နေပါစေကွာ''



သံယောဇဉ်ဟူသည်
ချည်ရလွယ်သလောက်
ဖြေရခက်လှပါလား။
ဒါပေမယ့်
ဒီနှောင်ကြိုးတွေ
ပြေပါလေမှ
ကျုပ်ရည်မှန်းထားတဲ့
လွတ်မြောက်ရေးလမ်း
ဖြောင့်တန်းတော့မယ်။

“ဖဲကြွေးများဗျာ အဆုံး ထားပြီး ကစားခဲ့တာပါ။ ပြန်ယူသွားပါ”

“တစ်ဝမ်းတစ်ခါးတော့ ကြောင့်ကြမနေပါနဲ့ကွာ၊ ငါတို့ရှိပါတယ်။ မင်း ဘယ်လောက်လိုသလဲ ပြော”

“နေပါစေ၊ သူက တရားအားထုတ်ချင်လို့ပါတဲ့ဆို”

အားလုံးက ကျေနပ်ပါပြီ။ ခွင့်လွှတ်ပါပြီဆိုမှ ကျုပ် သာသနာ့ဘောင် ဝင်ခဲ့တာပါ။ ကျုပ်က ရေးတတ်၊ ဖတ်တတ်ရုံပဲမို့ ကိုရင်ကြီးပဲ ဝတ်ခဲ့တာပါ။ ပါဠိစာတွေ၊ လုံးဆင့်ပါဌ်ဆင့်တွေ ကျုပ်မဖတ်တတ်ပါဘူး။ ဒီတော့ ‘စာမတတ်ဘူး’လို့ပဲ ဝန်ခံပါရစေ။ အသက်လည်း ငါးဆယ်နားကပ်နေပြီဆိုတော့ စာသင်ချိန်မရတော့ပါဘူး။ ရဟန်းဝိနည်းတွေလည်း နားမလည်လို့ ကိုရင်ကြီးပဲ ဝတ်ခဲ့တာပါ။ ရေနံချောင်းမြို့၊ ပုပ္ပါးရုံကျောင်း ဆရာတော် ဦးကောသလ္လက သင်္ကန်း၊ ထီး၊ ဖိနပ်၊ သပိတ်စတဲ့ ပရိက္ခရာတွေ ကိုယ်တိုင်လှူပါတယ်။ ကျုပ်ရဲ့ ဥပဇ္ဈာယ်ဆရာတော်ကတော့ မကွေးတိုင်း ဝိနည်းမိုရ်ဆရာတော် ဦးသောဘဏဖြစ်ပါတယ်။ပဏ္ဍိကျွန်းရွာလယ်ပြင်အေးကျောင်းမှာ ကျောင်းထိုင်ပါတယ်။

မြတ်စွာဘုရား အမှူးထား၍၊ ဆရာတော်၊ သံဃာတော်များ အမှူးထား၍ ဘုရားတပည့်တော် ‘ကိုရင်ကြီး ရှင်ဝိမလ’အထူးအားထုတ်ပါတော့မည် ဘုရား။ ဘုရား၊ရဟန္တာနှင့် သံဃာတော်များ ကျေးဇူးအထူးဆပ်ခွင့်ပြုပါတော့ဘုရား။ တပည့်တော်ကို လူသူဝေးရာ သစ်တစ်ပင်၊ ဝါးတစ်ပင်အောက်မှာသာ အားထုတ်ခွင့်ပြုပါတော့ ဘုရား။

“ကမ္ဘာပေါ်ရှိ သက်ရှိသက်မဲ့ ရေ၊ မြေ၊ တောတောင်တို့သည် မိမိကြောင့် မပျက်စီးစေရ၊ ဒီသစ္စာ အဓိဋ္ဌာန်မှန်ပါက တရားထူးရပါစေသတည်း”

ဒီသစ္စာအဓိဋ္ဌာန်နဲ့လည်း ကျုပ်ဟာ ရောဝတီမြစ်ကမ်းအနီးက တောတောင်တွေဆီ ရောက်ခဲ့ပါတော့တယ်။ ကျုပ်ဟာ သစ်ရွက်တစ်ရွက် မခူး၊ မြေကြီးကိုလည်း တစ်လက်မ တောင် မတူးခဲ့ပါဘူး။ နီးရာရွာမှာ ဆွမ်းခံဝင်ပြီး တစ်နပ်တည်းသော ဆွမ်းနဲ့ မျှတအောင် နေခဲ့ပါတယ်။ ကျုပ်ဟာ ‘နတ်ကန်တောင်’ကို အမှီပြုပြီး လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ် လေးပါးလုံးအမှတ်စိပ်နေအောင်၊ အမှတ်ချင်း ဆက်နေအောင် သဲကြီးမဲကြီး အားထုတ်ပါတော့တယ်။ ညလည်း ညမို့လို့ မအိပ်မနေ အားထုတ်ပါတယ်။ ထိုင်လို့ ငိုက်ချင်ချင်ဖြစ်လာရင် စင်္ကြံလျှောက်ပြီး တရားမှတ်နေတော့တာပဲ။ ကျုပ်အဖို့ တရားအားထုတ်ခြင်းက လွဲပြီး နေ့ရယ်၊ ညရယ် မရှိတော့ပြီ။ ဒီလို အားထုတ်ရင်းက သီလလုံ မလုံကိုလည်း တစ်နေ့လေး ငါးကြိမ် ပြန်စစ်တယ်။သီလစင်ကြယ်ရင် စင်ကြယ်သလောက် တရား အမှတ်က ကောင်းနေတော့တာလား။ အမှတ်တစ်ချက် လွတ်ထွက်သွားပြီး စိတ်အပြင်ထွက်သွားတာနဲ့ ဆင်းရဲတော့တာပါပဲလား။ ဒီတော့ စိတ်ကို အာရုံတွေမှ သိမ်းဆည်းပြီး မီးပြင်းထိုးလို့ ရေနွေးအိုးကြီး ဆူပွက်သလို ဆူပွက်နေတဲ့ ဒီခန္ဓာကြီး ဖောက်ပြန်နေပုံကို ရှုမှတ်နေလိုက်တော့တယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံး



**ကျုပ်အဖို့ တရားအားထုတ်ခြင်းက လွဲပြီး နေ့ရယ်၊ ညရယ် မရှိတော့ပြီ။ ဒီလိုအားထုတ်ရင်းက သီလလုံမလုံကိုလည်း တစ်နေ့လေး ငါးကြိမ် ပြန်စစ်တယ်။ သီလစင်ကြယ်ရင် စင်ကြယ်သလောက် တရားအမှတ်က ကောင်းနေတော့တာလား**

ပါးလုံမှ သမာဓိရတာပါလား။ သမာဓိအစ ကံသုံးပါးက ...။

(၁၅)ရက်ဆက်တိုက် မအိပ်မနေ ကျင့်လိုက်တဲ့အခါ မြင်၊ကြား၊နံ၊ စား၊ ထိတွေ့ဆိုတဲ့ အာရုံငါးပါးအပေါ်မှာ နည်းနည်းမျှ မတွယ်တာတော့ပါဘူး။ ဘာမျှကို မလိုချင်တော့ပါဘူး။ အာရုံတွေ မလိုချင်တော့ပါဘူးဆိုမှ လာလိုက်တဲ့အာရုံတွေ။လူတွေနဲ့ အတူပါလာတဲ့ အပူတွေ၊ အာရုံတွေ။ လာလိုက်တဲ့ လူတွေဆိုတာ ဝိုင်းအုံပြုံခဲ နေတော့တာ။ ထန်းလျက်ခဲ ပုရွက်ဆိတ်တွေ ဝိုင်းအုံကိုက်ခဲနေသလိုပါပဲ။

''ကိုရင်ကြီး ထူးတယ်ဆိုလို့ လာဖူးတာပါဘုရား''

''တပည့်တော်တို့လည်း မေတ္တာပို့ပါဦး ဘုရား''

''ပေါက်ဂဏန်းလေးများလည်း ပေးပါဦးဘုရား''

လူစုံ၊အသံစုံကြောင့် 'ဉာဏ်ဟုန်'ရမယ့်ကိန်း၊ လူတွေရဲ့လောဘအထိန်းအကွပ်မဲ့လွန်းလှပါလား။ လိုချင်လောဘတွေနဲ့ တစ်ဘဝပြီးတစ်ဘဝ သွားနေကြတာပါလား။ လိုချင်တာလေး ရပြန်တော့လည်း 'ငါ့ဟာ၊ ငါပိုင်၊ ငါ့ပစ္စည်း'ရယ်လို့ အစွဲသန်လိုက်ကြတာ။ လောကမှာ ဒီငါစွဲကြီး ဘယ်လိုချေချွတ်ကြပါ့မတုံး။ ဒီ ငါစွဲကြီးနဲ့ပဲ ကျုပ်ဆီမှာ တဝုန်းဝုန်း တရုန်းရုန်း။ ကျုပ်လူဝိုင်းခံရပြီ၊ ကျုပ်အားထုတ်လို့ မရတော့ဘူး။

ဒီတော့ ဒီနေရာက ခွာမှဖြစ်မယ်။ ဒီလိုနဲ့ ချောက်မြို့နယ်ထဲက နလင်္ကာကျေးရွာနဲ့ မြေစွန်းရွာကြားက ချောက်ကြီးတစ်ခုထဲ ရောက်သွားတယ်။ ချောက်ကြီးထဲဆိုတော့လူမမြင်တော့ဘူး။ အနှောင့်အယှက်မရှိတော့ဘူး။ အားထုတ်လို့ကောင်း၊ အရှိန်ကောင်းလာပါမှ အကြောင်းကြောင်းကြောင့် ဒီနေရာကို စွန့်ခဲ့ရပြန်တယ်။ ဒီတစ်ခါတော့ ချောက်မြို့နယ်ထဲက သမိုင်းဝင် တန်ခိုးကြီးဘုရားကြီး 'ဒီပင်္ကရာဘုရားကြီး'အရိပ်ခိုခဲ့ရတယ်။ ဘုရားအရိပ်က တယ်အေးတာကိုး။ဘုရားဝန်းကျင် မြေပြင်ကလည်း ပြန့်ပြူးသနဲ့၊စင်္ကြံလျှောက်လို့ အလွန်ကောင်း။ ကျုပ်အဖို့တော့ထိုင်ပြီး မှတ်ရတာထက် စင်္ကြံလျှောက်ပြီး မှတ်ရတာကို ပိုအားရပါတယ်။ သမာဓိအား ပိုကောင်းလာတယ်။ စိတ်ဟာ စည်းလုံးပြီး ခိုင်ခံ့လာတယ်။ ဝီရိယအားကို မြှင့်တင်သောအားဖြင့် အဓိဋ္ဌာန်တင်လိုက်ပြန်တယ်။

''တရားမရသရွေ့ ခေါင်းမရိတ်၊ ရေမချိုးတော့ဘူး''

ဒီလိုနဲ့ ကျုပ်ဟာ ညှဉ်းသိုးသိုးကြီးဖြစ်လာတယ်။ နေဒဏ်၊လေဒဏ်၊ ဥတုဒဏ်ကြောင့် ကျုပ်ရဲ့ ညိုတဲ့အသားဟာ မည်းလာတယ်။ဆွမ်းစတဲ့ အာဟာရကို ဂရုမစိုက်ခဲ့လေတော့ အရိုးပေါ်အရေတင်ရုံပဲ ကျန်တော့တယ်။အမြင်မတော်တဲ့ သံဃာတော်တွေက 'ကိုရင်ကြီးရယ်၊ ကျင့်တာလည်း ကျင့်ပေါ့၊ ခေါင်းလေးတော့ ရိတ်ပါဦး'ဆိုပြီး ခေါင်းရိတ်ပေးမှ ခေါင်းကပြောင်လာတာ။

ကျုပ်အပေါ် သံဃာတော်များရဲ့ ကျေးဇူးက ကြီးလှပါတယ်။ ပဲ့ပြင်ကြ၊ လမ်းညွှန်ကြ၊ ပြီးတော့ ချီးမြှောက်ကြနဲ့။ ဒီမှာ လူတွေလည်း မနေသာတော့ဘူး ထင်ပါရဲ့။ ကျုပ်ရှိရာ ဝိုင်းအုံလာကြပြန်တယ်။ကျုပ်က မလာပါနဲ့ တောင်းပန်လွှတ်တော့ သူတို့ရွာတွေ ဆွမ်းခံကြွဖို့ ပင့်ကြပြန်တယ်။ အဲဒီအထဲမှာ ကျုပ်ရဲ့ဆွေမျိုးသားချင်းတွေလည်း ပါပါတယ်။ ဘယ်လိုမှ တောင်းပန်မရအောင် လူတွေ တစ်နေ့တခြား ပိုများလာတယ်။ ပိုများလာတဲ့ လူတွေထဲမှာ အလွန်အားနာစရာကောင်းပြီး အလွန်အံ့အားသင့်သရာ ကောင်းတဲ့သူတစ်ယောက်ပါလာတယ်။သူကတော့ ကျုပ်အမေ။

''အောင်မယ်လေး ... ကိုရင်ကြီးရဲ့၊ သား ကိုရင်ကြီးရဲ့။ နတ်ကန်က သွားမယ်ဆိုတာလေးများ အမေတို့ကိုတောင် အသိမပေးခဲ့ဘူး။ တပည့်တော်မှာ တစ်နေ့တစ်နေ့ ကိုရင်ကြီးသတင်းပဲ နားစွင့်နေရတာ။ ဘယ်တော ဘယ်တောင်မှာ အားပြတ်ပြီး လဲသေလေမလားနဲ့ ဘုရားတတပြီး ဆုတောင်းလိုက်ရတာ။ အောင်မယ်လေး .. ကိုရင်ကြီးရယ်၊ ဆိုးတုန်းကလည်း အမေ မျက်ရည်ကျလိုက်ရတာ၊ ကောင်းမယ့်ကောင်းတော့လည်း အမေ မျက်ရည်ကျအောင် ကောင်းတာပါလား ကိုရင်ကြီးရဲ့''

အမေက ငိုရင်းပြော၊ ပြောရင်း ငိုတယ်။ နောက်ဆုံးတော့ ''အမေတို့နဲ့ နီးနီးနေပါ ကိုရင်ကြီးရဲ့။ အမေ့မှာ အသက်လည်းကြီးလှပါပြီ။ သေမင်းခေါ်ရင်တောင် သားကိုရင်ကြီးတရားလေး နာပြီးမှ အသေဖြောင့်မှာပါ''ဆိုပြီး ကျုပ်ကို ပြန်ပင့်တယ်။ အမေ့ဘက်က ကြည့်တော့ သံယောဇဉ်၊ ကျုပ်ဘက်ကကြည့်တော့ ကျေးဇူးတရား။

(ဆက်လက်ဖော်ပြပါမည်)

■



# ဩဝါဒအလင်းပွင့် (၈)

**မင်းနန္ဒ(မော်ကျွန်း)**

## သဒ္ဓါပညာ ယှဉ်ပါလေ

ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် မည်သည့် ဘာသာရေး ကိစ္စကိုမဆို ဆောင်ရွက်ရာ၌ ''သဒ္ဓါ'' နှင့် ''ပညာ''ချိန်ခွင်လျှာမျှညီဖို့ လိုပါသည်။ ပညာနှင့်မယှဉ်လျှင် သဒ္ဓါသည် သဒ္ဓါအစစ်အမှန်ဖြစ်ဖို့ ခဲယဉ်းသွားပါသည်။ ပညာနှင့်ယှဉ်မှသာ သဒ္ဓါစစ်၊ သဒ္ဓါမှန် ဖြစ်နိုင်ပါသည်။ ဥပမာအားဖြင့် ဘယ်နေ့သားက ဘယ်အသားဖြင့် ထုလုပ်ထားသော ဆင်းတုတော်ကို ကိုးကွယ်လျှင် စီးပွားတက်သည်ဟူသော အစွဲဖြင့် နေ့နံသားဖြင့် ထုလုပ်စီရင်ထားသော ရုပ်ပွားတော်ကို ကိုးကွယ်ခြင်းသည် စစ်မှန်သော ထေရဝါဒဗုဒ္ဓဓမ္မနှင့် မယှဉ်သောကြောင့် သဒ္ဓါစစ်၊ သဒ္ဓါမှန် မဟုတ်ပါ။ သဒ္ဓါအတုအယောင်သာဖြစ်ပါ၏။ ဗုဒ္ဓဝါဒနှင့် ဗြာဟ္မဏဝါဒကို ခွဲခွဲခြားခြားသိတတ်သော ''ပညာ''ကင်းမဲ့လေသောအခါ၊ ဆောင်ရွက်လေသမျှ ဘာသာရေးကိစ္စတိုင်း၌ ထေရဝါဒနည်းကျဖြစ်ဖို့ အလှမ်းဝေးသွားတတ်ပါ၏။

ထို့ပြင် ဘာသာရေးကိစ္စတစ်ခုကို ဆောင်ရွက်မည်ပြုသောအခါ ထိုကိစ္စနှင့်ပတ်သက်၍ သိအပ်သည်တို့ကို ကြိုတင်သိရှိထားရပေမည်။ သို့မှသာ မိမိဆောင်ရွက်မည့် ကိစ္စကို အကျိုးရှိရှိ ထိထိမိမိဆောင်ရွက်နိုင်ပေမည်။ ပမာအားဖြင့် သားရှင်ပြုမည် ဆိုပါစို့၊ ရှင်သာမဏေပြုမည့် သားငယ်အား၊ ဘုန်းတော်ကြီးထံ အပ်နှံပြီး သရဏဂုံ၊ သင်္ကန်းတောင်း၊ ရှင်ကျင့်ဝတ် စသည်တို့ကို သင်ကြားပေးခြင်းမရှိ။ ရှင်ပြုသည့် နေ့ကျမှသာ ဘုန်းတော်ကြီးရွတ်ခိုင်းသမျှ နှုတ်ကလိုက်ဆို၊ သရဏဂုံလည်း မပီသ၊ ရှင်ကျင့်ဝတ်ဆိုလည်း ဘာမှန်းမသိလျှင် ရှင်သာမဏေစစ်စစ်ဖြစ်ရန် ခဲယဉ်းသွားပေပြီ။ ဤသို့ဖြစ်လျှင် ရှင်ပြုခြင်း၏ အနှစ်သာရလည်း မှေးမှိန်သွားပေပြီ။ ရှင်ပြုခြင်းနှင့် စပ်လျဉ်း၍ လုပ်သင့်လုပ်အပ်သည်တို့ကို မလုပ်လျှင် မည်မျှပင် ကြီးကျယ်ခမ်းနားစွာ သိန်းပေါင်းများစွာ

အကုန်ခံပြုလင့်ကစား ရှင်ပြုရကျိုးနပ်လိမ့်မည် မဟုတ်ချေ။ ပညာရှေ့ဆောင်ခြင်း မရှိသော ဘာသာရေးလုပ်ငန်းမှန်သမျှ မည်မျှပင်အကုန်အကျခံဆောင်ရွက်စေ၊ သာသနာအတွက်သော်လည်းကောင်း၊ မိမိအတွက်သော်လည်းကောင်း အကျိုးရှိတန်သလောက် မရှိပေ။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်မှန်သမျှ ဘာသာရေးဆိုင်ရာ ပညာကို ဖြည့်ဆည်းရပေမည်။ဓမ္မဒေသနာများကို နာကြားခြင်း၊ ဓမ္မစာပေများကို ဖတ်ရှုလေ့လာခြင်းတို့ဖြင့် ဓမ္မအသိအမြင်များ ပြည့်စုံလာအောင် ဆောင်ရွက်အပ်ပါသည်။ ဓမ္မအသိအမြင် ပီပြင်ကြည်လင်လာသည်နှင့် အမျှ အတွင်းသန္တာန်၌ သဒ္ဓါစစ်၊ သဒ္ဓါမှန်များ အားကောင်းလာပေမည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် သဒ္ဓါပညာ စုံလင်အောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ ရဟန္တာဟု အကျော်အစောရှိတော်မူသော ဘုန်းတော်ကြီးဦးသီလက ဤသို့ ဆုံးမတော်မူခဲ့ပါ၏။

''ဒကာတို့၊ အလွန်ဆန်းကြယ်တဲ့ တန်ဆောင်းပြာသာဒ်ကြီး ဆောက်လုပ်ရာမှာ စူးဆောက်တန်ဆာပလာ ရှိပြီး၊ ဆောက်လုပ်မှု ပညာမတတ်လျှင် ဖြစ်ပါ့မလား။

ဒီလိုပဲ သာသနာရေးကိစ္စတွေ ဆောင်ရွက်ရာမှာလည်း သဒ္ဓါ၊ ပညာစုံလင်မှ ဖြစ်တယ်။ တစ်ခုခုလိုနေလို့ မရဘူး။ သဒ္ဓါ ပညာ စုံလင်အောင် ကြိုးစားကြ။''

## နောက်ဘုရား မျှော်သူများ

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားမရှိခဲ့သည်မှာ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်ခဲ့ပေပြီ။ ဘုရားရှင်သက်ရှင်ထင်ရှား မရှိငြား၊ ကိုယ်တော်စား ထားချန်ရစ်ခဲ့သော ဓမ္မနှင့် ဝိနိယတော်ကား ပကတိသန့်စင်စွာ တည်ရှိနေသည်သာဖြစ်ပါ၏။ မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိသော သူတော်စင်၊ သူတော်မြတ်တို့အနေဖြင့် ပိဋကတ်တော်လာ ဝိပဿနာနည်းများအတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ပါသည်။ ယင်းသို့အားထုတ်ရင်း အမြတ်ဆုံးပန်းတိုင် နိဗ္ဗာန်ကို မျက်မှောက်ပြုခဲ့ကြသော ရဟန်းရှင်လူတို့ သာသနာ့သမိုင်းတစ်လျှောက် မရေတွက်နိုင်အောင် ရှိခဲ့ကြသည်သာ ဖြစ်ပါ၏။

ကျင့်ကြံလျှင် ကျင့်ကြံနိုင်သည်နှင့်အမျှ မျက်မှောက်ဘဝ၌ပင် ဖြစ်စေ၊ လာလတ္တံ့သော ဘဝအနည်းငယ်၌ပင်ဖြစ်စေ၊ မဂ်ဖိုလ်ချမ်းသာကို ရနိုင်ပါလျက်၊ အချို့သော ပုဂ္ဂိုလ်များသည် နောင်ပွင့်လတ္တံ့သော အရိမေတ္တယျဘုရားရှင်ကို စောင့်မျှော်ပြီး ကျွတ်တမ်းဝင်ရန် ရည်မျှော်ဆုတောင်းလေ့ရှိကြ၏။ အရိမေတ္တယျဘုရားရှင်ကို ဖူးမြော်ခွင့်ကြုံလျှင် ကြိမ်းသေမုချပင် ကျွတ်တမ်းဝင်မည်ဟုလည်း ယုံကြည်ယူဆတတ်ကြပါသည်။ အလွဲကြီးလွဲ၍ အမှားကြီးမှားနေကြခြင်းသာ ဖြစ်ပါ၏။

နောက်ဘုရားပွင့်ရန်ကာလမှာ ဘဝပေါင်း အသင်္ချေအနန္တကြာမြင့်နေပေဦးမည်။ ဤကာလများကြားတွင် မိမိသည် မည်သည့်ဘုံဘဝသို့ ရောက်ရှိနေမည်ကို အတိအကျတွက်ဆ၍မရ။ အကယ်တန္တ နောက်ဘုရားပွင့်သော အချိန်တွင် မိမိသည် 'လူ'ဖြစ်သည် ဆိုပါစို့။ လူဖြစ်တိုင်းလည်း အရိမေတ္တယျမြတ်စွာဘုရားကို ဖူးတွေ့ခွင့် ကြုံပါမည်လား။ ဖူးတွေ့ခွင့်ကြုံတိုင်းလည်း ကျွတ်တမ်းဝင်ပါမည်လား။ နောက်ဘုရားမျှော် ဝါဒီများအနေဖြင့် ဤအချက်ကို အလေးအနက်ဆင်ခြင် တွေးဆဖို့လိုပါသည်။

ဂေါတမမြတ်စွာဘုရားရှင်လက်ထက်က လူဖြစ်သူတိုင်း ဘုရားရှင်ကို ဖူးခွင့်မကြုံ၊ ဖူးခွင့်မရ။ ဖူးခွင့်ကြုံသူတိုင်းလည်း ကျွတ်တမ်းဝင်ချင်မှ ဝင်မည်။ ဂေါတမမြတ်စွာဘုရားက 'နောင်ပွင့်မည့် အရိမေတ္တယျဘုရားရှင်အား စောင့်မျှော်ဖူးတွေ့ကြပါ'ဟုလည်း မှာတော်မမူခဲ့ပေ။ အရိမေတ္တယျဘုရားရှင်ကို တွေ့နိုးနိုးနှင့် စောင့်မျှော်အချိန်ကုန်နေကြသူများကို ကျေးဖူးရှင် စလင်းကန်လယ်ဆရာတော်ကြီးက ကရုဏာဖြင့် ဤသို့ ဆုံးမတော်မူခဲ့ပါ၏။

''အို ... လူများတို့၊ မေတ္တေယျဘုရားကိုလည်း တွေ့နိုးနိုးနှင့် အချိန်မကုန်ကြပါစေနဲ့။ ဤလို ယောင်ယောင်နဲ့ ယောင်ပေါင်းများလှပါပြီ။ ဂင်္ဂါသဲစု ဘုရားတွေနှင့်လည်း လွဲပေါင်းများလှပါ၏။ အလုပ်နှင့်နည်းသာလိုတော့၏။

ဘုရားဟောတော်မူရာဝယ်၊ ခုနစ်ရက်နှင့်မရလျှင် ခုနစ်နှစ်စသည်ဖြင့် ပရမတ်၏ အသိဆုံးပြီး၊ကိစ္စတုံးအောင် ကြိုးစားကြပါကုန်လော့။ အားထုတ်ကြပါကုန်လော့။''

## ဘာကြောင့် ထေရဝါဒကို သဘောကျ

ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးချိန်မှစ၍ နှစ်ပေါင်းတစ်ရာတိုင်တိုင် ဗုဒ္ဓသာသနာတော်၌ ''ထေရဝါဒဂိုဏ်း''သာ ရှိသေး၏။ဂိုဏ်းကွဲဟူ၍ လုံးဝမရှိခဲ့ပါ။ ထေရ

ဝါဒ ဗုဒ္ဓသာသနာ တစ်ခုတည်းသာ တည်ရှိခဲ့ပါ၏။ သို့သော် ဝိနည်းသိက္ခာပုဒ်တော်များကို ဖောက်ဖျက်ပြီး ပြင်ဆင်လိုသော ဝေသာလီတိုင်းသား ဝဇ္ဇီရဟန်းဆိုးများက ကောသမ္ဗီပြည်တွင် ပထမစင်ပြိုင်သင်္ဂါယနာတင်ရာမှ အစပြု၍ သာသနာတော်၌ ဂိုဏ်းကွဲမှု စတင်ပေါ်ပေါက်ခဲ့ပါသည်။ ပထမဦးဆုံး ထေရဝါဒနှင့်အပြိုင် ပေါ်ပေါက်လာသော ဂိုဏ်းခွဲမှာ မဟာသင်္ဂီတိဂိုဏ်းဟူ၍ လည်းကောင်း၊ မဟာသံဃိကဂိုဏ်းဟူ၍လည်းကောင်း အမည်တွင်ပါ၏။

ယနေ့ ကမ္ဘာတွင် ထင်ရှားသော ဗုဒ္ဓဘာသာဂိုဏ်းကြီး နှစ်ဂိုဏ်းမှာ 'ထေရဝါဒ'နှင့်'မဟာယာန'ဖြစ်ပါ၏။ မဟာယာနဂိုဏ်းသည် ပထမစင်ပြိုင် သင်္ဂါယနာတင်ခြင်းအားဖြင့် ဗုဒ္ဓသာသနာတော်အတွင်း ဂိုဏ်းကွဲမှုကို စတင်ဖန်တီးခဲ့သော မဟာသံဃိကဂိုဏ်းနှင့် ယင်းမဟာသံဃိကဂိုဏ်း၏ ဂိုဏ်းခွဲတစ်ခုဖြစ်သော အန္ဓကဂိုဏ်းတို့မှ မြစ်ဖျားခံခဲ့ခြင်းဖြစ်ပါ၏။ ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူပြီး နှစ်ပေါင်း (၆၀၀)ကျော်မှ ပေါ်ပေါက်ခဲ့သောဂိုဏ်းလည်း ဖြစ်ပါ၏။ မဟာယာနသည် ထေရဝါဒနှင့် ဗုဒ္ဓအပေါ်တွင်သော်လည်းကောင်း၊ ရဟန္တာအပေါ်တွင်သော်လည်းကောင်း၊ ဓမ္မအပေါ်တွင်သော်လည်းကောင်း သဘောထားချက်၊ ရပ်တည်ချက်၊ ယုံကြည်ချက်၊ အယူအမြင်များ မတူကွဲပြားခြားနားလှပါသည်။

ပထမစင်ပြိုင် သင်္ဂါယနာတင်ခဲ့သော မဟာသံဃိကဂိုဏ်းကတည်းက ပိဋကတ်တော်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းများ ပြုခဲ့ပါ၏။ ယင်းဂိုဏ်းကို မြစ်ဖျားခံ၍ ပေါ်ပေါက်ခဲ့သော မဟာယာနဂိုဏ်းလက်ထက်ရောက်သောအခါ ဘုရားဟောမူရင်း ပိဋကတ်တော်များနှင့် ပို၍ပို၍ ကွဲပြားခြားနားခဲ့ပါသည်။ ဘုရားဟောမူရင်း ဓမ္မအစစ်အမှန်များ ကွယ်ပျောက်လုနီးပါးရှိခဲ့ပါသည်။ မလေးရှားဦးပဥ္ဇင်း အရှင်မင်္ဂလာက ထေရဝါဒနှင့် မဟာယာနအပေါ် ဤသို့ နှိုင်းယှဉ်ဝေဖန်ခဲ့ပါသည်။

''ထေရဝါဒကို သိပ်သဘောကျသွားတာက ဘုရားဆုံးမတဲ့အတိုင်း တိတိကျကျလုပ်ရတယ်။ ပဋိပတ်ကိုလည်း သေသေချာချာကျင့်ကြံအားထုတ်ရတယ်။အဲဒါကြောင့်မို့ပါ။

မဟာယာနက ဒီလိုမဟုတ်ဘူး။ ဦးပဥ္ဇင်းအမြင်နည်းမျိုးစုံရောနေတယ်။ သဘောတရားရေးမှာလည်း ထေရဝါဒလို မခိုင်မာဘူး။ လူမျိုးရေး၊ ယဉ်ကျေးမှုကိုလိုက်ပြီး လိုက်လျောညီထွေလုပ်တတ်တယ်။အထူးသဖြင့် မဟာယာနက စုပေါင်းညီညာတန်းတူရှင်သန်မှု (Philosophy of Potality)ဝါဒနဲ့ အဆင်ပြေညီညွတ်မျှတတဲ့လောကကို တည်ဆောက်ဖို့ရည်ရွယ်တယ်။ မတူတဲ့ အရာနှစ်ခုကို ဒြပ်သားတစ်ခုတည်း အနေနဲ့ရှုမြင်တယ်။ အဆုံးစွန်ပြော ရရင် ဘဝသံသရာနဲ့ နိဗ္ဗာန်ကို ထပ်တူမြင်ကြတယ်။ ဒါဟာ မဟာယာနရဲ့ နည်းပါပဲ။''

## ပရိယတ္တိကို မပယ်နှင့်

ယနေ့အချိန်အခါတွင် နိုင်ငံနှင့်အဝန်းဝိပဿနာရိပ်သာများတိုးပွားများပြားလာခြင်း၊ ဝိပဿနာတရားပွားများအားထုတ်သော ယောဂီများတိုးပွားများပြားလာခြင်းမှာ ကြည်နူးဝမ်းသာဖွယ်ကောင်းလှပါ၏။ မည်သည့်ခေတ်အခါကမှ ယခုခေတ်လောက် 'ဝိပဿနာရိပ်သာများ' မထွန်းကားခဲ့ပေ။ ဝိပဿနာတရားစခန်းဝင်သူများများပြားလာသည်နှင့်အမျှ သူတို့ထံမှ 'အသံ'မျိုးစုံကိုလည်း ကြားလာရသည်။ 'တရားအားမထုတ်တဲ့သူတွေကတော့ အပါယ်ကျမှာပဲ' 'ငါတို့ကတော့ အမြင့်ဆုံး၊ အမြတ်ဆုံးဆိုတဲ့ အလုပ်ကိုမှလုပ်တာ၊ လက်တွေ့ကျင့်နေတာ' စသည့်အသံများ။ ထိုအသံမျိုးစုံထဲတွင် တရားအားထုတ်သူတွေ စာဖတ်ဖို့မလို၊ စာဖတ် စာတတ်နေလျှင် စာခံနေသောကြောင့် တရားရရန်ခက်သည် ဆိုသောအသံတစ်သံလည်း ပါဝင်ပါ၏။ပရိယတ္တိကို ပစ်ပယ်သောဤစကားသံသည် ကြီးမားသော အကုသိုလ်မှုဖြစ်ပါ၏။ ဘုရားရှင်ဟောကြားတော်မူသော ဓမ္မဒေသနာတော်များ (ပရိယတ္တိ)အပေါ် တည်မှီပြီးမှသာ အကျင့်တရား(ပဋိပတ္တိ)ပေါ်လာခြင်း ဖြစ်ပါ၏။ ပရိယတ္တိ (စာပေ)ကို ပစ်ပယ်ခြင်းသည် ဗုဒ္ဓသာသနာကို ပစ်ပယ်ခြင်းဖြစ်ပါ၏။ တစ်နည်းအားဖြင့် ဘုရားရှင်၏ ရွှေနှုတ်တော်ထွက်(ဗုဒ္ဓဝစနများ)ကို တရားအားထုတ်ရာတွင် မလိုအပ်ဟုပြောဆိုနေခြင်းမှာ ဘုရားရှင်ကိုပင် ပစ်ပယ်ရာရောက်နေပေသည်။

အမှန်မူ ဝိပဿနာတရားအားထုတ်သူ ယောဂီများအတွက် ပရိယတ္တိစာပေများ၏ လမ်းညွှန်မှုသည် ပို၍ပင် လိုအပ်လှပါသည်။ ဥပမာအားဖြင့် ယောဂီများအနေဖြင့် တရားအားထုတ်စဉ် ထိနမိဒ္ဓဝင်လာတတ်သည်။ ထိုသို့ ထိနမိဒ္ဓဝင်လာသော် ပယ်ဖျောက်ရန်နည်းလမ်းများကို ဘုရားရှင်က အင်္ဂုတ္တရ၊ သတ္တကနိပါတ်၊ ပစလာယ

မနသုတ်တွင် ဟောတော်မူခဲ့ပါသည်။ ထို့ပြင် တရားအားထုတ်စ ယောဂီများအနေဖြင့် ပထမဦးဆုံး ရင်ဆိုင်ရသော ဝိတက်သုံးမျိုးကို ပယ်ဖျက်နိုင်သော ဝိတက်ပယ်ဖျက်နည်း ငါးမျိုးကို ဘုရားရှင်က မူလပဏ္ဏာသ၊ ဝိတက္ကသဏ္ဌာနသုတ်တွင် ညွှန်ပြတော်မူခဲ့ပါ၏။

ထိနမိဒ္ဓပယ်ဖျောက်နည်း (၇)နည်းတွင် တရားကျမ်းဂန်ကို ဆင်ခြင်ခြင်း၊ တရားစာရွက်ဖတ်ခြင်း နည်းလမ်းတို့ ပါဝင်ပါသည်။ ဝိတက်ပယ်ဖျောက်နည်းများထဲတွင်လည်း ဝိတက်ကို မေ့ပျောက်ထားပြီး ရသမျှတရားစာများကို စိတ်ပါလက်ပါ ရွတ်အံခြင်းနည်းလမ်း ပါဝင်ပါသည်။ ဤ ထိနမိဒ္ဓနှင့် ဝိတက်ပယ်ဖျောက်နည်းများကို လေ့လာရုံမျှဖြင့် စာခံနေလျှင် တရားမရနိုင်ဟူသော စကား အဘယ်မျှ မှားယွင်းကြောင်း သိနိုင်ပါ၏။ ပရိယတ္တိကို ပစ်ပယ်သော ယောဂီများအား ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်က ဤသို့ သတိပေးဆုံးမတော်မူခဲ့ပါ၏။

''စာမလိုဘူးလို့ ပြောခဲ့ရင် ပရိယတ္တိဆိုတာမလိုဘူးလို့ ပြောတာနဲ့ အတူတူပါပဲ။ ပရိယတ္တိသာသနာကို ပယ်ရာရောက်ပါတယ်။ သာသနာကို စော်ကားရာရောက်ပါတယ်။

ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာအကျင့်ကို ကျင့်မယ်လည်း ပြောသေးရဲ့။ ပရိယတ္တိသာသနာ စာကို ပယ်တာဟာ သာသနာကို ပယ်တာ။ အဲဒီလူတွေအတွက် ဘယ်လောက်ရင်လေးစရာ ကောင်းလိုက်သလဲ။

အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့လို အဂ္ဂသာဝက အရှင်မြတ်ကြီးတွေပင် တရားနာရသေးတယ်။ ဗဟုသုတပညာရှာမှီးသင်ယူရသေးတယ်။ အဲဒီအသိအပေါ် အမှီပြုပြီး တရားထူးရသွားကြတာ။ မင်းတို့လို တို့လိုလူတွေဆိုတာတော့ ပြောမနေနဲ့တော့။

အေး ... စာတတ်တဲ့လူတွေက၊ စာတတ်ပုဂ္ဂိုလ်တွေရဲ့ စကားအရသာကို ခံစားနိုင်တယ်။ စာမတတ်တဲ့သူတွေကတော့ ဘုရားရှင်ရဲ့ တရားစကားအရသာကို ဘယ်မှာလာပြီး ခံစားနိုင်ပါ့မလဲ။

စာမတတ်တဲ့သူတွေကလည်း စာမတတ်တဲ့သူတွေရဲ့ စကားကို အရသာရှိတယ်လို့ ထင်နေတတ်ကြတာကိုပါ သဘောပေါက်စေချင်ပါတယ်။

■ မင်းနန်(မော်ကျွန်း)



**ဒဂုန် ဦးထွန်းမြင့်**

ရေးသားပြုစုသော

## ဗုဒ္ဓ၏ ဩဝါဒ အမြုတေ

မှ

### သစ္စာ

သစ္စာလေးပါး အမှန်တရားကို ဟုတ်တိုင်းမှန်စွာ မသိမမြင်သောကြောင့် ထိုထိုဘဝဇာတ်တို့၌ ရှည်လျားစွာသော ကာလပတ်လုံး ကျင်လည်ခဲ့ကြရလေသည်။

မဟာဝဂ္ဂ၊ သစ္စသံယုတ်။

### ဘယ်သူမပြု မိမိမှု

မိမိ၌ ဖြစ်လာသမျှ ဒုက္ခတို့သည် မိမိကိုယ်တိုင် ပြုလုပ်ခဲ့သည့် ကောင်းသောအမှု၊ မကောင်းသောအမှုဟူသော အကြောင်းကြောင့်သာ ဖြစ်၏၊ မည်သည့် ကောင်းမှု၊ မကောင်းမှုကိုမျှ မပြုလုပ်လျှင် ဒုက္ခဖြစ်တော့မည် မဟုတ်ချေ။

သုတ္တနိပါတ်၊ ဒွါယတာနုပဿနာသုတ်။

### ဝိညာဉ်

မိမိ၌ ဖြစ်လာသမျှ ဒုက္ခတို့သည် ပဋိသန္ဓေဝိညာဉ်ဟူသော အကြောင်းကြောင့်သာ ဖြစ်၏၊ ပဋိသန္ဓေဝိညာဉ်မဖြစ်တော့လျှင် ဒုက္ခဖြစ်တော့မည် မဟုတ်ချေ။

သုတ္တနိပါတ်၊ ဒွါယတာနုပဿနာသုတ်။

■



သုတေသနသရုပ်ပြ
အဘိဓာန်ကျမ်းပြုဆရာတော်
**အရှင်ဩဘာသာဘိဝံသ**

# အမေးအဖြေကဏ္ဍ

## စွန်းလွန်းဝိပဿနာ အမေးအဖြေကျမ်းနှင့် ယောဂီအခြေခံကျင့်စဉ်ကျမ်း

(ယခင်လမှအဆက်)

ဒကာ။ ရှင်းတဲ့အထဲက တစ်ခုထပ်ရှုပ်လာပြန်ပြီ။ဆရာတော်ရဲ့ အဖြေစကားထဲမှာ(မိမိအားထုတ် ပွားများလိုတဲ့ ကြိုက်ရာရာ တရားအစုထဲမှာသာ)ဆိုတာက ဘာလဲဘုရား။ တရားအစုဆိုတာကို မေးတာပါ၊တရားအစုတွေက အများကြီးပဲ မဟုတ်လား။

ဆရာ။ အေး ...မေးသင့်တယ်။ သတိပဋ္ဌာန်တရား ပွားများရေးကို လေးပါးသောနည်းအစုနဲ့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တယ်။

(၁) ကိုယ်အစုကို အဖန်များစွာ ရှုမြင်ကာနေခြင်း၊

(၂) ဝေဒနာအစုကို အဖန်များစွာ ရှုမြင်ကာနေခြင်း၊

(၃) စိတ်အစုကို အဖန်များစွာ ရှုမြင်ကာနေခြင်း၊

(၄) ထိုထိုဓမ္မသဘောအစုကို အဖန်များစွာ ရှုမြင်ကာနေခြင်း၊

ယင်းလေးမျိုးသော တရားအစုတို့တွင် မည်သည့်အစုကိုပင်ဖြစ်စေ မိမိစိတ်ဝင်စားမှုရှိတဲ့ တရားအစုတစ်ခုခုထဲမှာ သတိကို မြဲစွာထား၍ ပွားများမှတ်သား အောက်မေ့ရမယ်လို့ ဆိုတာပဲ။ ကိုင်း ..ကွဲပြားရဲ့လားဟေ့။

ဒကာ။ မှန်ပါ့၊ ကွဲပြားပါပြီ ဆရာတော်ဘုရား၊ သည်လိုဆိုတော့လည်း သူတို့ပြောနေကြတဲ့ ရှုံးရှိုပဿနာကပါဠိအဋ္ဌကထာ ပိဋကတ် စာပေတွေထဲမှာ အပါသားပဲ ဘုရား၊ ဒါကိုများ သူတို့ကပြောလိုက်၊ ဆိုလိုက်ကြတာ ''စာပေမှာ မပါဘူး၊ စာပေနဲ့မညီဘူး၊ အတ္တကိလမထအကျင့် ဖြစ်တယ်လေး ဘာလေးနဲ့ ကဲ့ရဲ့ပြစ်တင်လိုက်ကြတာတွေ''ရှုပ်ပွနေတာပဲဘုရား၊သည်လူတွေဟာ သနားစရာပဲ။

ဆရာ။ အေး ..အဲသည် အဋ္ဌကထာ ပါဠိကို အလွတ်သာ ကျက်ထားပေရော့၊ဒါကြောင့် စွန်းလွန်းဆရာတော်ကြီးက သူ့ရှုံးရဲ့ ယောဂီတွေကို ရှုမှတ်ခိုင်းပြီး နာရီဝက်၊ (၄၅)မိနစ်၊ တစ်နာရီအကြာ သမာဓိမိလောက်ပြီထင်တဲ့ ချိန်ခါမှာ ''အရှုံရုပ်၊ ခန္ဓာကိုယ်စိုက်၊ ဝေဒနာလိုက်လို့'' အမိန့်ပေးလိုက်တာပေါ့။

ဒကာ။ အရှုံရုပ်၊ ခန္ဓာကိုယ်စိုက်၊ ဝေဒနာလိုက်ဆိုတာက ဘာလုပ်ခိုင်းတာလဲ ဘုရား၊ အသက်မရှူဘဲ ရပ်နေရမှာလား။

ဆရာ။ သည်နေရာမှာ အရှုံရုပ်ဆိုတာ ထွက်သက်ဝင်သက် အာနာပါန သတိပဋ္ဌာန်ပွား

များရေး နည်းမျိုး လေးပါးထဲမှာ ပ–ဒု–တ–သုံးနည်းအရ ရှုရှိုက်မှတ်သားပွားများမှုတို့ကို ရပ်ပြီးတော့ စတုတ္ထနည်းဖြစ်တဲ့ နုနုဖြည်းဖြည်း အေးအေးမြမြနဲ့ ရှုရှိုက်နည်းမျိုးကို ပြောင်းလဲပေးတော့မှာဖြစ်လို့ (အရှုရပ်လို့)ဆိုလိုက်ခြင်းဖြစ်တယ်။

ထူးခြားချက်က တချို့စွန်းလွန်းယောဂီတွေဟာ ဝေဒနာလိုက်စရာ မထင်ရှား၊ မပေါ်လွင်လို့ မူလမှတ်ရင်းစွဲ ထိသိမှုကိုပဲ ဖြည်းဖြည်းအေးအေး နုနုသာသာကလေး ရှုပြီး မှတ်နေကြတာကို တို့များသိရတယ်။

သို့မဟုတ် ဩဠာရိကနည်းနဲ့ ထိသိမှုကို ကြမ်းတမ်း ပြင်းထန်စွာ ရှုရှိုက်မှတ်သားလို့ သမာဓိတရားရလာပြီဖြစ်သောကြောင့်–

အရှုမျိုးကို ရပ်ပြီး ထိသိမှုအမှတ်မှတစ်ပါး ဝေဒနာနုပဿနာသတိပဋ္ဌာန်တရားကို ရှုမှတ်ပွားများသွားဖို့အတွက် တရားအမှတ်ပြောင်းပေးတော့မှာဖြစ်လို့ ''အရှုရပ်၊ ခန္ဓာကိုယ်စိုက်၊ ဝေဒနာလိုက်လို့ ခိုင်းတာဖြစ်တယ်။အရှုရပ်ဆိုတာနှင့် အသက်မရှုဘဲ နေနိုင်သလား။

ဒကာ။ တပည့်တော်တော့ မရှုဘဲ မနေနိုင်ပါဘူး။ ဒါပေမယ့် အသက်မရှုဘဲ နေနိုင်သူ (၇)ယောက်တောင် ရှိတယ်လို့ ကြားဖူးတာပဲ ဘုရား၊ ဟုတ်မဟုတ်တော့ မသိဘူး။ အဲဒါ ဟုတ်ရင်လည်း ဘယ်သူတွေလဲဆိုတာ သရုပ်ခွဲပြပါဦး ဘုရား။

ဆရာ။ ဟုတ်သပေါ့ကွာ၊အဿာသ ပဿာသခေါ်တဲ့ ကာယသင်္ခါရ မရှိသူ(အသက်မရှုသူ)ခုနစ်ယောက်လို့ စာပေမှာလာတာကတော့–

(၁) အမိဝမ်းခေါင်းအောင်းနေသူ၊
(၂) ရေနစ်၊ ရေငုပ်နေသူ၊
(၃) ဗြဟ္မာဟူသမျှ၊
(၄) နိရောဓ သမာပတ်ဝင်စားနေသူ၊
(၅) ပဥ္စမဈာန်ပုဂ္ဂိုလ်စု၊
(၆) တွေဝေမေ့မျောနေသူ၊
(၇) သေသူ။

အဲသည်သူ ခုနစ်ဦးဟာ အသက်မရှုဘူး၊ အဿာသ ပဿာသခေါ်တဲ့ ကာယသင်္ခါရမရှိဘူးလို့ စာပေကျမ်းဂန်မှာ လာတယ်။ နောက်တစ်နည်း ရှစ်ဦးရှိတယ်လို့ တစ်မျိုးလာသေးတယ်။ မှတ်ချင်သေးရင် ဟောသည်လင်္ကာကလေးကို ကျက်မှတ်ထားပေရော့ကွာ။

မိဝမ်း၌ဖြစ်၊ ရေနစ်ဆိပ်မွန်၊ တွေဝေလွန်ထ၊ ကောင်းကင်ကျတည့်၊ စတုတ္ထဈာန်နေသူ၊ သေသူတလီ၊ ဗြဟ္မပြည်၊ ရှစ်မည်သက်မရှုတဲ့။

ဒကာ။ သည်လင်္ကာအရ ရှစ်ပါးက ဘယ်ပိဋကတ် ပါဠိအဋ္ဌကထာ၊ ဘယ်ကျမ်းစာမှာ ပါတာပါလဲ၊ ဘုရားဟောမှ ဟုတ်ရဲ့လား။ ကျမ်းကိုးကျမ်းကားလည်း ပြဦးဆရာတော်။

ဆရာ။ ဝေ ႏ ႏ မင်းက ငါပြောတာမယုံလို့ ကျမ်းကိုးကျမ်းကားတွေ ဘာတွေ မေးနေတာလား၊ ငါ့ကို ယုံရင် ငါပြောတာမှတ်ထား။ မင်းဉာဏ်ထဲမှာ အမှန်တရားနဲ့ ဗဟုသုတတွေ များလာမှာပဲ။ ငါ့ကို မယုံရင် တခြားဆရာဆီသွားမေးပေါ့။ ငါ့ကိုတော့ ဘုရားဟောလားဘာလားနဲ့ လျှာရှည်မနေနဲ့ကွာ။

ဒကာ။ မှန်ပါ့၊ ယုံကြည်ပါတယ်ဘုရား။ကျမ်းကိုးကျမ်းကား သိထားတော့ ပိုကောင်းမလားလို့ မေးမိတာပါ။

အရှုရပ်ဆိုတဲ့ အဓိပ္ပါယ်တော့ သိပါပြီ။ ''ခန္ဓာကိုယ်စိုက် ဝေဒနာလိုက်ဆိုတဲ့ စကားအရက ခန္ဓာကိုယ်ကို ဘယ်လိုစိုက်တာလဲဘုရား။ ဝေဒနာကိုရော ဘယ်လိုလိုက်ရမှာလဲ မိန့်ကြားတော်မူပါဦး။

ဆရာ။ ခန္ဓာကိုစိုက် ဝေဒနာလိုက်ဆိုတာက ဟို– ပဌမရှုရှိုက်ပြီး ထိမှု၊ သိမှုကို သတိပြုကာ ကြည့်ရှုမှတ်သားထားခဲ့တဲ့ ဝီရိယနဲ့ သမာဓိရဲ့ တန်ခိုးကြောင့် ကိုယ်ခန္ဓာထဲမှာ ရုပ်နာမ်တို့ အလေ့သဘောအရ ပြောင်းဆန်အောင် ဖောက်ပြန်ပျက်စီးနေကျဖြစ်တဲ့ ရုပ်တရားတွေရယ်၊ ရေပွက်ပမာ ပေါ်လွင်စွာထိခိုက်နေတဲ့ ဝေဒနာတရားတွေရယ်၊ အဲသည်ရုပ်ဝေဒနာတရားတွေဟာ ခုအခါ ကိုယ်ခန္ဓာထဲမှာ ပိုမိုထင်ရှားထိခိုက်နေကြပြီ ဖြစ်တာကြောင့် အဲသည်လိုဖောက်ပြန်ဖြစ်ပျက် နာကျင်ခံခက်မှု ဝေဒနာတရားအစုကိုလည်း သိအောင်မိအောင် မလွတ်တမ်း လိုက်မှတ်ကာရှုမှတ်ရမယ်လို့ မူလသတိပဋ္ဌာန် ထိသိမှတ်မှု ကျဲကျဲကို ခုအခါမှာ ဖြစ်ပေါ်လာတဲ့ ဝေဒနာကိုပါ အသိစိပ်စိပ် ရှုမှတ်ရင်း အမှတ်တိုးပြီးပေးလိုက်တာပဲ။ ကဲ–သဘောကျပြီလား ဟေ့။

ဒကာ။ ဘယ်ဟာကို ဘယ်လို အမှတ်တိုးပြီး အသိစိပ်စိပ်ပေးတာလဲ ဘုရား။တပည့်တော်နားလည်အောင် ထပ်ပြီး မိန့်ကြားပါဦး။

ဆရာ။ အေး–နားလည်အောင်ပြောပေးနေတာကို နားလည်အောင် နားထောင်စမ်းကွာ။ ယောဂီဟာ ပထမ ဟူးဟဲရှုးရှဲနဲ့ ရှူရှိုက်ပြီး ထိသိမှု ဖောဋ္ဌဗ္ဗအာရုံ တစ်ခုတည်းကိုသာ ရှုမှတ်နေရလို့ သူ့ကို အသိကျဲတယ်၊အမှတ်ကျဲတယ်လို့ ခေါ်သကွ။ အမှန်က သူ့နှာဝကို လာထိတဲ့ ထိသိမှုကို၊ ထိသိ၊ ထိသိ'လို့ ထိသိအာရုံတစ်ခုတည်းကိုသာ လိုက်မှတ်နေတာကို ကွ။

ဒါကြောင့် သူအားထုတ်ရှူရှိုက်ထားတဲ့ ဝီရိယတရားနဲ့စာရင် သိမှတ်မှု သမာဓိက နည်းနေလေတော့ အဲဒါကိုပဲ သိမှတ်မှုနည်းတယ်၊ အသိကျဲတယ်လို့ ဆိုတာကွ၊ ဝီရိယနဲ့ သမာဓိမညီမျှဘူး၊ 'ဝီရိယလွန်တော့ ဥဒ္ဓစ္စဖြစ်တယ်'လို့ ဆိုတာပေါ့ကွာ၊ ဥဒ္ဓစ္စဆိုတာ ပျံ့လွင့်တာ၊ တုန်လှုပ်တာ၊ မတည်ကြည်တာမျိုးပဲ။

ဒကာ။ မှန်ပါ့၊ ဦးထိပ်ရွက်ပန်ဆင်လျက်မို့ ရှေ့ကိုသာ ဆက်ပြီး မိန့်ကြားတော်မူပါဘုရား။

ဆရာ။ ခုတော့ကာ သူ့မှာ ရှူတာတွေရပ်ပြီး မင်းတို့လိုချင်တဲ့ နုနုရှူပုံ စတုတ္ထနည်းအရ ဖြည်းဖြည်းအေးအေး နုနုသာသာကလေး ရှူရှိုက်နေရလို့ ဖြည်းဖြည်းထိ၊ အေးအေးထိ၊ နုနုထိ၊ သာသာထိတာကိုလည်း ဖြည်း၊ အေး၊ နု၊ သာကလေးထိတယ်လို့ သိသိသွားကာ သိမှတ်နေရတာက အမှတ်တစ်မျိုးကွ။

နောက်ပြီး ခန္ဓာကိုယ်ထဲမှာ ပူအေးကျင်နာ ညောင်းညာကိုက်ခဲကာ တသဲသဲတဖွဲဖွဲနဲ့ ဖြောင်းဆန်အောင် ဖောက်ပြန်ပျက်စီးပြီးဆင်းရဲနေတဲ့ အမျိုးမျိုးသော ဖြစ်ပျက်မှု ဝေဒနာသဘောတွေကိုလည်း ညောင်းသိ၊ ညာသိ၊ နာသိ၊ ကျင်သိ၊ ပူသိ၊ အေးသိ၊ ဖြစ်ပေါ်လာတာသိ၊ ပျက်ချုပ်သွားတာသိ၊ အမြဲမရှိ၊ ဆင်းရဲဘိ၏။ ငါစိုး ငါပိုင်မဟုတ်၊ ငါသိ ငါခံစားရတာမဟုတ်၊ ရုပ်ကဖောက်ပြန် ပူအေး ကိုက်ခဲ၊ ညောင်းညာ ထုံကျဉ်တယ်။ စိတ်ကသိတယ်၊ သညာက မှတ်တယ်၊ ဝေဒနာက ခံစားတယ်၊ ဖြစ်ပြီးလျှင် ပျက်ဟု အနိစ္စ၊ ဒုက္ခ၊ အနတ္တ ထင်အောင်၊ မြင်အောင်၊ ထိအောင်၊ မိအောင်၊ သိအောင် အဖန်ဖန် လိုက်မှတ်နေတဲ့ အမှတ်တွေကလည်း အမျိုးမျိုးကိုကွ။

အဲသည်လို မှတ်စရာအာရုံနဲ့ သတိအမှတ်တွေကို ပိုတိုးပြီး မှတ်နိုင်တာဟာလည်း အသိက စိပ်စိပ်သိလာလို့သာ ဖြစ်လေတော့ အဲသည်ဟာကိုပဲ အသိစိပ်တယ်၊အမှတ်ဉာဏ်တိုးပေးတယ်လို့ ခေါ်တာကွ။ ကိုင်း–နားလည်ပြီလားဟေ့။ ဒါမှ မလည်သေးရင်လည်း မင်းနားကို ဆွဲလှည့်ပေတော့ကွာ။

ဒကာ။ ကောင်းလိုက်တဲ့ အဖြေဘုရား၊ တပည့်တော်နားထဲမှာ ရှင်းရှင်းပြီး စွဲစွဲသွားတာပဲ။ ဒါနဲ့ အဲသည်လို အမှတ်တိုးပြီး အသိစိပ်စိပ်နှင့် ဝေဒနာတွေကိုပါ လိုက်ပြီး သိမှတ်နိုင်းပြန်တာက အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့အပြင် ဘာတွေကို ညွှန်းပြလို့ ဘယ်လိုအကျိုးတရားမျိုးတွေ ဖြစ်ပေါ်လာဖို့အတွက် အသိစိပ်စိပ် အမှတ်တိုးနိုင်းပြန်တာလဲဘုရား။ အကျယ်ပဲ မိန့်ကြားတော်မူပါ။

ဆရာ။ အင်း–မင်းမေးခွန်းက လွယ်သယောင်ယောင်နဲ့ ခက်ခဲနက်နဲ ကျယ်ဝန်းတဲ့ မေးခွန်းမျိုးပဲကိုကွ။ မကျဉ်းမကျယ်ကလေး ဖြေမှရမှာပဲ။

တို့များပြောခဲ့တဲ့အတိုင်း စတုတ္ထနည်းအရ ထွက်လေ၊ဝင်လေတို့၏ နူးညံ့ငြိမ်းအေး ဖြည်းနှေးစွာ ထိသိမှု ဖြစ်ပေါ်လာခြင်း၊ ချုပ်ပျက်သွားခြင်းနဲ့ ခန္ဓာကိုယ်ထဲက ရုပ်တရားတို့ အလျဉ်မစဲ တရိပ်ရိပ် တသဲသဲ ဖြစ်ပျက်ဖောက်ပြန်နေပုံတွေ၊ နာကျင်ခံခက်တဲ့ အမျိုးမျိုးသော ဝေဒနာဒဏ်ချက်တို့ ရေပွက်ပမာ ဖြစ်ပေါ်ပျက်စီးနေပုံတွေကို ဖြစ်တိုင်းဖြစ်တိုင်း ချုပ်တိုင်း၊ ချုပ်တိုင်း လိုက်မှတ်ဆင်ခြင် သိမြင်နေခြင်းဖြင့် ဤကိုယ်ခန္ဓာကြီးထဲမှာ ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်နေမှုဟူသော 'သမုဒယ ဝယ' သဘောမှတစ်ပါး အခြားဘာမျှ မရှိပါတကား။

လောကကြီးတစ်ခုလုံးဟာလည်း ဤခန္ဓာကိုယ်ထဲမှာလိုပဲ မမြဲစွဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ ကိုယ်စိုးကိုယ်ပိုင် မဖြစ်နိုင်ခြင်း အနတ္တဟူသော ဝိပဿနာစခန်းကို တိုက်ရိုက်ညွှန်ပြနေသည်မည်တာက တစ်ချက်ကွ။

နောက်ပြီး ဝိပဿနာတရားကို ပွားများအားထုတ်နေစေရန်နှင့် ဝိပဿနာဉာဏ်မှန်၊ ဉာဏ်စစ်ဖြစ်ပေါ် ထင်မြင်လာဖို့ရန်ကို ညွှန်ပြသည်မည်တာကလည်း တစ်ချက်ကွ။ အဲဒါတွေကို ညွှန်ပြတယ်လို့ မှတ်ရမယ်ဟေ့။

■ ဆက်လက်ဖော်ပြပါမည်

တွေ့ဆုံမေးမြန်း ဓမ္မလမ်း

# အမေရိကန်ပြည်ထောင်စု၊ ဖရီးမောင့်မြို့၊ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာဆရာတော် **ဒေါက်တာအရှင်ဓမ္မပိယ**(**Ph.D**)နှင့် တွေ့ဆုံခြင်း

လွင်ငြိမ်း



နည်းပညာတိုးတက်မှုကြောင့် ကူးလူးဆက်သွယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့လာခြင်းကို ရည်ညွှန်းပြီး ကမ္ဘာကြီးကို ရွာဟုပင် တင်စားပြောဆိုလာကြပါတယ်။ ဆက်သွယ်မှုတွေ လွယ်ကူလျင်မြန်မှုကြောင့် ကမ္ဘာကြီး၏ အရှေ့ဖျားမှ အနောက်ဖျား၊ မြောက်ဖျားမှတောင်ဖျားအထိ ဖြစ်ပေါ်တိုးတက်မှုတွေ၊ ဆုတ်ယုတ်ပျက်စီးမှုတွေ ဣဋ္ဌာရုံတွေ၊ အနိဋ္ဌာရုံတွေကို ကိုယ့်နေရာ၊ ကိုယ့်ဒေသ ကိုယ့်ပြည်တွင်းကနေပဲ တစ်ခဏချင်း သိရှိတွေ့မြင်နိုင်ကြပါတယ်။ ပြည်ပသို့သွားရောက်ဖို့ အခွင့်အခါသင့်သူများကလည်း အဲဒီအခြင်းအရာတွေကို ကိုယ်တိုင်ကိုယ်ကျတွေ့မြင် ခံစားကြရပါတယ်။

အခြားနေရာဒေသများမှ တိုးတက်မှုတွေကို သိရှိတွေ့မြင်သူတွေက ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာတိုးတက်အောင် ဆောင်ရွက်လိုတဲ့စိတ်တွေ ဖြစ်ပေါ်လာတတ်ကြပါတယ်။ စွမ်းနိုင်တဲ့သူတွေက စွမ်းနိုင်တဲ့ဘက်က မိမိတို့ စွမ်းနိုင်သလောက် တိုးတက်အောင် ဆောင်ရွက်ကြ၊ အားထုတ်ကြပါတယ်။ အဲဒီလို ရဟန်း၊ ရှင်၊ လူ ပုဂ္ဂိုလ်များထဲက ကိုယ့်လူမျိုး၊ ကိုယ့်



သာသနာအတွက် တိုးတက်စေချင်တဲ့ စေတနာနဲ့ စွမ်းနိုင်သမျှ ကြိုးပမ်းနေတဲ့ ဆရာတော်တစ်ပါးကို ၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလက ဖူးမြော်လျှောက်ထားခွင့်ရခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စု၊ကာလီဖိုးနီးယား ပြည်နယ်၊ ဖရီးမောင့်မြို့မှာရှိတဲ့ မေတ္တာနန္ဒဝိဟာရဓမ္မ ရိပ်သာနဲ့ ရန်ကုန်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ၁၆/၃ရပ်ကွက် မှာရှိတဲ့ ငါးကျမ်းပြန် (ထားဝယ်)သာသနာ့ရိပ်သာတို့ရဲ့ ပဓာန နာယကဆရာတော် အရှင်ဓမ္မပိယ(Ph.D)ဖြစ်ပါ တယ်။

ဝေဇယန္တာလမ်းမကြီးပေါ်က သီရိဂုဏ်အိမ်ရာ အနီးမှာရှိတဲ့ ငါးကျမ်းပြန် (ထားဝယ်)ကျောင်းတိုက်ကို သူဌေး ဦးဘရီ၊ သူဌေးကတော် ဒေါ်သန်းမေတို့က ၁၂၇၅ ခုနှစ်က ဆောက်လုပ်လှူဒါန်းခဲ့တာပါ။ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ အုပ်စိုးစဉ်ကာလက ပါဠိပထမပြန်စာပြန်ပွဲတွေ ကျင်းပနိုင်ခြင်းမရှိဘဲ ဖြစ်နေတဲ့အတွက် သာသနာတော်ကွယ်ပျောက်မှာစိုးလို့ ထင်ရှားကျော်ကြားတဲ့ဆရာတော်ကြီးများက ပုဇွန်တောင် နော်မန်ကျောင်းတိုက်ကြီးမှာ စည်းဝေးတိုင်ပင်တော်မူကြပြီး သာသနာတော်၏ အသက်သဖွယ်ဖြစ်တဲ့ ဝိနည်းပိဋကတ်တော်ကို အာဂုံပြန်စာပြန်ပွဲကြီး ပြုလုပ်ကြတဲ့အခါ ထားဝယ်မှ ဦးနေမိန္ဒရနဲ့ ဦးဝဏ္ဏတို့ ဝိနည်းငါးကျမ်းကို အာဂုံပြန်ဆိုအောင်မြင်တော်မူခဲ့ကြပါတယ်။

ထိုဆရာတော်နှစ်ပါးကို ဦးဘရီ၊ ဒေါ်သန်းမေတို့က ပင့်ဆောင်လာပြီး ကျောင်းဆောက်လှူခဲ့ကြတာပါ။ ဝိနည်းငါးကျမ်းအာဂုံပြန်မှုကို အကြောင်းပြုသည်ကတစ်ကြောင်း၊ ဆရာတော်များကလည်း ထားဝယ်မှဖြစ်သည်က တစ်ကြောင်းတို့ကြောင့်''ငါးကျမ်းပြန် (ထားဝယ်)ကျောင်း'' လို့ အမည်တပ်ခဲ့ကြပါတယ်။ ဆရာတော်ဦးနေမိန္ဒရပြီးနောက် ဆရာတော်ဦးဝဏ္ဏ၊ နောက်ဆရာတော်ဦးတေဇတို့ ကျောင်းထိုင်သီတင်းသုံးခဲ့ကြပြီး စတုတ္ထမြောက်ဆရာတော်က ဦးသုမင်္ဂလာဘိဝံသပါ။ စတုတ္ထမြောက်ဆရာတော်ကြီး ဦးသုမင်္ဂလာဘိဝံသဟာ သက်တော်၊ဝါတော်ကြီးရင့်တော်မူလာသည့်အတွက် ကျောင်းတိုက်ကြီး၏ တိုးတက်ရာ၊ တိုးတက်ကြောင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်တော်မူပြီး အမေရိကန်ပြည်ထောင်စု၊ ဖရီးမောင့်မြို့၊ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာဆရာတော် အရှင်ဓမ္မပိယ (Ph.D)ကို မိမိနှင့် နှစ်ပါးဆိုင် (ဒွိသန္တက)အဖြစ်ဖြင့် ၁၃၆၂–ခုနှစ် (၁၉၉၉–ခုနှစ်) မှာ အပ်နှံလှူဒါန်းတော်မူခဲ့ပါတယ်။ အရှင်ဓမ္မပိယရဲ့ ကြိုးပမ်းမှုကြောင့် ယခုဆိုရင်





*ပီနန်မြို့ရှိ မြန်မာ-မလေးရှား ဝိပဿနာရိပ်သာ ညတရားပွဲ*

ကျောင်းတိုက်ကြီးဟာ တိုးတက်စည်ပင်ဖွံ့ဖြိုးလျက်ရှိနေပါပြီ။ ဆရာတော်ကို ငါးကျမ်းပြန်(ထားဝယ်)ကျောင်းတိုက်မှာ တွေ့ဆုံလျှောက်ထားခဲ့တာပါ။

မေး။ အရှင်ဘုရားရဲ့ ထေရုပ္ပတ္တိအကျဉ်းလေးကပဲစပြီး အမိန့်ရှိပါဘုရား။

ဖြေ။ ဘုန်းကြီးကို စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ရွှေနားတောင်းကျွရွာမှာ ဒါယကာကြီး ဦးထွန်းစ၊ ဒါယိကာမကြီး ဒေါ်သိန်းရီတို့က ၁၃၁၇–ခုနှစ်၊ (၁၉၅၅)မှာ ဖွားမြင်ခဲ့တာပါ။ ကျောင်းနေချိန်ရောက်တော့ ကိုယ့်ရွာမှာ ကျောင်းမရှိတာနဲ့ ကန့်ဘလူမြို့နယ်၊ ရေကြည်ရွာမူလတန်းကျောင်းမှာ ကျောင်းသွားတက်ခဲ့ပြီး (၄)တန်းအောင်ခဲ့ပါတယ်။ ဘုန်းကြီး (၉)နှစ်သားမှာ သာမဏေဝတ်ခဲ့တယ်။ လေးတန်းအောင်တော့ မိခင်၊ ဖခင်တို့က လောကီပညာဆက်သင်စေချင်ကြတယ်။ ဘုန်းကြီးက သာသနာ့ဘောင်မှာပျော်တယ်။ နောက်ဆုံးတော့ မိခင်ကြီးက သင်္ကန်းဝတ်နဲ့ ပျော်ရင်လည်း နေပါစေလို့ဆိုပြီး ခွင့်ပြုတာနဲ့ ဘုန်းတော်ကြီးကျောင်းမှာပဲ စာဆက်သင်တယ်။ လောကီစာပေထက် လောကုတ္တရာစာပေကိုပဲ ဦးစားပေးသင်ခဲ့တယ်။ အသက်(၂၀)အရွယ်မှာ ပဉ္စင်းဘောင်တက်ခဲ့တယ်။ ရေဦးမြို့၊ မင်္ဂလာရာမတိုက်၊ပဲခူးမြို့သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်၊ ရန်ကုန်၊ ဗဟန်းညောင်တုန်းကျောင်းတိုက်တွေမှာ ပရိယတ္တိစာပေတွေ သင်ခဲ့တယ်။ ရဟန်း(၄)ဝါအရ ၁၉၈၀–ခုနှစ်မှာ ညောင်တုန်းကျောင်းတိုက်ကပဲ ဓမ္မာစရိယစာချတန်း အောင်မြင်ခဲ့တယ်။ ဓမ္မာစရိယအောင်တဲ့နှစ်မှာပဲ အဘွားက တရားအားထုတ်စေချင်တာနဲ့ ဘုန်းကြီးတို့ ညီအစ်ကိုနှစ်ယောက် မဟာစည်ရိပ်သာကြီးမှာ တရားအားထုတ်တယ်။ ပထမဆုံးအကြိမ်ပေါ့။ ဘုန်းကြီးတို့မှာ မွေးချင်း (၇)ယောက်ရှိပါတယ်။ ယောကျ်ားလေး (၄)ယောက်၊ မိန်းကလေး(၃)ယောက်၊ ဘုန်းကြီးက တတိယမြောက်ပေါ့။

တရားအားထုတ်ပြီးတော့ စာဆက်သင်ချင်လို့ ဘီလူးကျွန်း၊ ကမာကေး၊ ဒီပါရုံကျောင်းတိုက်မှာ စာဆက်သင်တယ်။ ပါဠိပါရဂူလုပ်ချင်လို့။ ဒါပေမယ့် အဲဒီကျောင်းက ဆရာတော်တစ်ပါးတည်း စာချနေတာဆိုတော့ ကိုယ်လည်း ပါဠိဂုဏ်ထူးတန်းတက်ရင်း စာကူချပေးရတာပေါ့။ စာချတစ်ပိုင်း၊ စာသင်တစ်ပိုင်းပေါ့လေ။ တစ်နှစ်ကြာတယ်။ ပါဠိပါရဂူတော့ မပြီးခဲ့ဘူး။



၁၉၈၂–ခုနှစ်မှာ မဟာစည်ရိပ်သာကြီးမှာ ဒုတိယအကြိမ် တရားဝင်ပြီးတဲ့နောက် အမြဲနေကမ္မဋ္ဌာနာစရိယဖြစ်လာတယ်။ ကိုရင်လေးတွေ၊ သီလရှင်လေးတွေ ယဉ်ကျေးမှုသင်တန်းဆို ဘုန်းကြီးတို့ပဲ တာဝန်ယူဆောင်ရွက်ကြရတာများတယ်။ သင်တန်းမှာလည်း အတွင်းရေးမှူး (၄)နှစ်ဆက်တိုက်လုပ်ခဲ့တယ်။ ယဉ်ကျေးမှုသင်တန်းလည်း စာသင်စာပြလုပ်၊ တရားလည်းပြပေါ့။ ရွှေတောင်ကုန်းဆရာတော်ကြီးက ဩဝါဒါစရိယလေ။ မဟာစည်ရိပ်သာကြီးမှာ (၄)နှစ် ကမ္မဋ္ဌာနာစရိယလုပ်ပြီးတော့ ၁၉၈၆–ခုနှစ်မှာ ဘုန်းကြီး မလေးရှားရောက်သွားတယ်။

မေး။ ဘယ်လိုအကြောင်းကြောင့် ရောက်သွားတာလဲဘုရား။

ဖြေ။ မလေးရှား၊ ပီနန်မှာ Malaysian Buddhist Meditation Centre ဆိုတာ မဟာစည်ကမ္မဋ္ဌာန်းရိပ်သာပဲ။ အဲဒီကို ကမ္မဋ္ဌာန်းပြဆရာအနေနဲ့ မဟာစည်ရိပ်သာ ဩဝါဒါစရိယ ရွှေတောင်ကုန်းရိပ်သာဆရာတော်ကြီးက လွှတ်လို့ရောက်သွားတာ။ ဘုန်းကြီး မလေးရှားသွားတော့ (၁၀)ဝါပဲ ရသေးတယ်။ အသက်(၃၀)မှာပေါ့။ များသောအားဖြင့် အသက်(၅၀) (၆၀)အရွယ်တွေ လွှတ်လေ့ရှိပါတယ်။ မလေးရှားက လူတွေကတောင် ဆရာတော်က ဘာဖြစ်လို့ ဦးပဇ္ဇင်းငယ်လေး လွှတ်လိုက်ရသလဲလို့ ပြောကြသေးတယ်။

ဘုန်းကြီးက အင်္ဂလိပ်စာ ဖြစ်ဖြစ်မြောက်မြောက် သင်မသွားတော့ မလေးရှားမှာ တရားစစ်တဲ့အခါ အခက်အခဲကြုံရတယ်။ အင်တာဗျူးလုပ်ပြီဆို ဘုန်းကြီးက မြန်မာလိုပြော၊ဆရာဝန်မကြီးတစ်ယောက်က အင်္ဂလိပ်လို ပြန်ပေး၊ နောက်ကျောင်းဆရာမတစ်ယောက်က တရုတ်လို ပြန်ပေးရတယ်ဆိုတော့ တရားစစ်မယ်ဆို ကြားထဲက နှစ်ဆင့်ခံနေတယ်။ အချိန်လည်းကုန်တယ်။ ကိုယ်တစ်ယောက်တည်း လုပ်နိုင်တဲ့အလုပ်ကို သူများတွေပါ ဝိုင်းလုပ်နေရတယ်။ အင်္ဂလိပ်စကားမတတ်တော့ မှီခိုရတာပေါ့။ ဥပမာ ဘုန်းကြီးပြောချင်တဲ့စကားတစ်ခွန်းကို (၂၄) နာရီမှတ်ထားပြီး နောက်ရက်ဒကာမကြီးလာတော့မှ သူနဲ့တစ်ခါပြောရတာကိုး။ ဒါကြောင့် အင်္ဂလိပ်စာသင်ချင်တဲ့ဆန္ဒပြင်းပြလာတယ်။ ဒီကမ္မဋ္ဌာန်းဆရာအဖြစ်နဲ့ နိုင်ငံတကာလှည့်လည်တရားပြရမယ်ဆိုရင်တော့ အင်္ဂလိပ်စာမတတ်ဘဲနဲ့ မရဘူးဆိုတာ သဘောပေါက်လာတယ်။

အဲဒီမှာ ဆရာတစ်ယောက်နဲ့ စသင်တယ်။ ယောဂီတွေက များနေတော့ သင်ချိန်သိပ်မရပါဘူး။ ဒါနဲ့ အင်္ဂလိပ်စကား ပြောတဲ့ နိုင်ငံတွေသွားသင်ရရင် ကောင်းမှာပဲလို့ စိတ်ကူး မိတယ်။ ပထမဆုံး အိန္ဒိယ၊ နာလန္ဒသွားဖို့ ကြိုးစားတယ်။ အဆင်မပြေဘူး။ အင်္ဂလန်သွားဖို့ပြောတော့ ဆရာတော် ကြီးက ခွင့်မပြုဘူး။ နောက်အမေရိကကျတော့ အဆင် ပြေသွားတယ်။မလေးရှားမှာ ၁၉၈၆–ကနေ ၁၉၉၁ ခုနှစ် အထိ ငါးနှစ် ကမ္မဋ္ဌာန်းတရားပြဆရာလုပ်ပြီး ဘုန်းကြီး အမေရိကသွားတယ်။

ဘုန်းကြီး အမေရိကသွားတာ ကမ္မဋ္ဌာန်းတရား ပြဖို့ မဟုတ်ဘူး။ အင်္ဂလိပ်စာသင်ဖို့ သွားတာ။ ဒါပေမယ့် မလေးရှားရိပ်သာမှာနေတုန်းက တရားလာအားထုတ်ဖူးတဲ့ အမေရိကက ဗီယက်နမ်လူမျိုး ယောဂီတွေရှိတယ်။ ဘုန်းကြီး၊ အမေရိက၊ လော့စ်အိန်ဂျယ်လိရောက်တော့ သူတို့လည်း ကမ္မဋ္ဌာန်းရိပ်သာတည်ထောင်မှာမို့ ကျောင်း ထိုင်ဖို့ လာပင့်ကြတယ်။

ဘုန်းကြီးက ဘုန်းကြီးသဘောနဲ့တော့ မလုပ်ဘူး။ ဩဝါဒါစရိယ ရွှေတောင်ကုန်းရိပ်သာဆရာတော်ကြီးဆီ မှာ ခွင့်တောင်းကြ၊ ခွင့်ပေးရင်လုပ်မယ်။ ဒါပေမယ့် ကတိ တစ်ခုတော့ ပေးရမယ်လို့ ဘုန်းကြီးတောင်းတယ်။သူတို့ ကျောင်းမှာ လိုက်နေပေးတဲ့အခါ သူတို့ရဲ့ ရိပ်သာကြီးပွား ရာ ကြီးပွားကြောင်းဖြစ်အောင် ဆောင်ရွက်ပေးမယ်။ ဘုန်းကြီး အင်္ဂလိပ်စာသင်တာကိုလည်း ပိတ်ပင်တားဆီးမှု မရှိရဘူးလို့။ အဲဒီသဘောတူညီချက်နဲ့ ကာလီဖိုးနီးယား ပြည်နယ် ဆန်ဟိုဆေးမှာရှိတဲ့ သူတို့ရဲ့ တထာဂတဝိပဿ နာရိပ်သာမှာ(Tathagata Meditation Centre)မှာ ကျောင်းထိုင်ပေးပြီး အားတဲ့အချိန် အင်္ဂလိပ်စာ သင်တယ်။ ESL (English for Second Language) တက်တယ်။ သူတို့ရိပ်သာက အသစ်ဆိုတော့ စနေ၊ တနင်္ဂနွေမှာ တရားစခန်းပွဲတွေရှိတယ်။ တစ်ခါ တလေ မြန်မာပြည်က ဆရာတော်ကြီးတွေကြွလာရင် အထူးတရားစခန်းပွဲတွေ လုပ်သေးတယ်။ အဲဒီအချိန်မျိုး ကျရင်တော့ ဘုန်းကြီး မအားတော့ဘူးပေါ့။

သူတို့ဆီက ပညာရေးက ဒီက အထက်တန်းပြီး သည်ဖြစ်စေ၊ မပြီးသည်ဖြစ်စေ၊ ကိုယ် ဝင်ခွင့်ဖြေ၊ ဝင်ခွင့် အောင်ရင် ကောလိပ်တက်ခွင့်ရှိတယ်။ အဲဒီအချိန်ကစပြီး ဘုန်းကြီးတစ်ဖက်ကလည်း သာသနာပြုလုပ်ငန်းတွေ လုပ်၊ တစ်ဖက်ကလည်း ကျောင်းတက်တယ်။ နွေရာသီ ဆို အခြားနိုင်ငံတွေသွားပြီး တရားပြရသေးတယ်။အဲဒီလိုနဲ့ ကာလီဖိုးနီးယား၊ ဆန်ဟိုဆေးတက္ကသိုလ် (San Jose State University, California)က (Comparative Religions)ဘာသာရပ်နဲ့ ၁၉၉၇ ခုနှစ်မှာ ဝိဇ္ဇာဘွဲ့ (B.A)ရခဲ့ပြီး ၁၉၉၈–ခုနှစ်မှာ (Philosophy) ဘာသာရပ်နဲ့ မဟာဝိဇ္ဇာဘွဲ့ (M.A)ရခဲ့ပါ တယ်။

M.A ဘွဲ့ရပြီးတော့ ပါရဂူဘွဲ့ဆက်တက်ဖို့ကျ တော့ ဆန်ဟိုဆေးမြို့က ဘုန်းကြီးတက်မယ့် ကျောင်းနဲ့ ဝေးတယ်။ ဝေးတော့ ကျောင်းတက်မယ်ဆိုရင် ဒီတထာ ဂတရိပ်သာကနေပြီး သာသနာပြုလုပ်ငန်းတွေလုပ်ဖို့ မလွယ်တော့ဘူး။ ဒါကြောင့် ကျောင်းနဲ့နီးတဲ့ ဖရီးမောင့် မြို့ (Fremont)မြန်မာတို့ရဲ့ ရပ်ကွက်မှာ မေတ္တာနန္ဒ ဝိဟာရဓမ္မရိပ်သာ (Mettananda Vihara Dhamma Yeitha)ဆိုပြီး ကျောင်းအသစ်ကို ၁၉၉၉–ခုနှစ်၊ အောက်တိုဘာလ (၁၇)ရက်နေ့မှာ တည်ထောင်လိုက် တယ်။အဲဒီမှာ ကျောင်းအသစ်ဖြစ်တော့ ကျောင်းအတွက် လည်း အားစိုက်ရတယ်။ ပါရဂူဘွဲ့အတွက်လည်း တစ် ဖက်ကစာသင်ရတယ်။ ဘုန်းကြီး (၂)နှစ် စကောလားရှစ် (ပညာသင်ဆု)ရတယ်။ ဘုန်းကြီးက ပါဠိဥက္ကျမ်းကျင်တယ်။

■

**ဘုန်းကြီးက အင်္ဂလိပ်စာ ဖြစ်ဖြစ်မြောက်မြောက် သင်မသွားတော့ မလေးရှားမှာ တရားစစ်တဲ့အခါအခက် အခဲကြုံရတယ်။ အင်တာဗျူးလုပ်ပြီဆို ဘုန်းကြီးက မြန်မာလိုပြော၊ ဆရာဝန်မကြီးတစ်ယောက်က အင်္ဂလိပ်လို ပြန်ပေး၊ နောက်ကျောင်းဆရာမတစ်ယောက်က တရုတ်လို ပြန်ပေးရတယ်ဆိုတော့ တရားစစ်မယ်ဆိုကြားထဲက နှစ်ဆင့်ခံနေတယ်။**



ငါးကျမ်းပြန် (ထားဝယ်) ကျောင်း၊ ၄-ကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ

ဒေါက်တာဘွဲ့ (ပါရဂူဘွဲ့)တက်တဲ့ ကျောင်းသားတိုင်းဟာ ကိုယ်ပြုစုမယ့် စာတမ်းနဲ့ စပ်ဆိုင်တဲ့ဘာသာရပ်တစ်ခုကို တစ်နှစ်တက်ရတယ်။ ဘုန်းကြီးမူလတက်တဲ့ကျောင်းက ပါဠိကို အကဲဖြတ်အဆင့်သတ်မှတ်မှု မလုပ်နိုင်ဘူး။ သက္ကတကိုပဲ လုပ်နိုင်တယ်။ သက္ကတကိုတော့ မသင်ချင်လို့ ဘုန်းကြီး ကျောင်းပြောင်းလိုက်တယ်။ California Institute ကိုပေါ့။ အဲဒီက ပါဠိကို အတည်ပြုခဲ့တယ်။ အဲဒီလိုနဲ့ပဲ ဘုန်းကြီးဒေါက်တာဘွဲ့ (Ph.D)ကို ကာလီဖိုးနီးယား တက္ကသိုလ်က ဒဿနိကဘာသာရပ် (Philosophy)နဲ့ ရခဲ့ပါတယ်။

မေး။ ဒေါက်တာဘွဲ့ ဘယ်ခုနှစ်လောက်က ရခဲ့ပါသလဲ ဘုရား။

ဖြေ။ မနှစ်က ၂၀၀၃–ခုနှစ်က ပြီးသွားတာပါ။ဘုန်းကြီး ၁၉၉၁ – ခုနှစ်၊ အမေရိကရောက်ပြီး ESL (English for Second Language) တက်တယ်။ ၁၉၉၂–ခုနှစ်မှာ A.A ဒီဂရီ (Associated of Art)အတွက် (၂)နှစ်တက်တယ်။ အဲဒီနောက် B.A, M.A, Ph.D အထိ (၁၀)နှစ်လောက် အတွင်း ပြီးအောင် ဘုန်းကြီး ကြိုးစားခဲ့ရတယ်။

မေး။ Ph.D အတွက် ဘယ်ဘာသာရပ်နဲ့ စာတမ်း တင်ခဲ့တာပါလဲ ဘုရား။

ဖြေ။ Nibbana in Theravada Perspective "ထေရဝါဒအမြင်ဆိုင်ရာ နိဗ္ဗာန်"ဆိုတဲ့ စာတမ်းပါ။ နိဗ္ဗာန်နဲ့ပတ်သက်တဲ့ စာတမ်းတင်ပြီးမှ ဘာသာရပ်အရွေးမှားသွားပြီလားလို့တောင် ထင်မိသေးတယ်။ ကံအားလျော်စွာပဲ (၄)နှစ်နဲ့ ဒေါက်တာဘွဲ့ ပြီးသွားတယ်။ အမေရိကမှာတင်တဲ့ စာတမ်းတွေကို စာကြည့်တိုက်တွေမှာ ရည်ညွှန်းစာ (Reference)အဖြစ်နဲ့ ထားတာကိုး။ ဥပမာ–နိဗ္ဗာန်နဲ့ပတ်သက်လို့ ကိုးကားချင်ရင် အဲဒီစာကြည့်တိုက်တွေက ငှားပြီး သူများရေးထားတာတွေကို ပြန်ကိုးကားကြရတာကိုး။ ဘုန်းကြီးက အခွင့်အလမ်းသာသွားတာက ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေထဲက (၅၀)ရာခိုင်နှုန်းကျော်ကျော်လောက် ထုတ်နုတ်ကိုးကားနိုင်တော့ သူတို့က လေးစားကြတယ်။ ဒါကြောင့် ဆရာကြီးတွေကိုယ်တိုင်က မြန်မြန်ပြီးအောင် ဆောင်ရွက်ပေးကြတယ်။ ကြီးကြပ်တဲ့ ပါမောက္ခကြီးသုံးယောက်ရှိတယ်။ သူတို့က သဘောမတူရင် ကြာနေတာပေါ့။ နောက်ပြီး အဲဒီလို ကြီးကြပ်စစ်ဆေးရတဲ့အတွက်လည်း သူတို့က ဘာမျှမရကြဘူး။ အဲဒီတော့ စိတ်ဝင်စားစရာကောင်းရင် မြန်မြန်ဖတ်ပြီး၊ မကောင်းရင် ဖြည်းဖြည်းမှ ဖတ်တာပေါ့။

မေး။ နိဗ္ဗာန်အကြောင်းဆိုတော့ သူတို့လည်းစိတ်ဝင် စားမှာပေါ့ဘုရား။

ဖြေ။ စိတ်ဝင်စားတယ်။ ဒါကြောင့်လည်း မြန်မြန်ပြီး

■

**ဘုန်းကြီးတို့ နိုင်ငံမှာ ရဟန်းတော်တွေဟာ ပရိယတ်၊ ပဋိပတ်ဓမ္မဘက်မှာတော့ ကျွမ်းကျင်ကြပါတယ်။ ဒါပေမယ့် ဘာသာစကားတတ်ကျွမ်းမှုမှာ တော်တော်အားနည်းတော့ ကမ္ဘာကိုထိုးဖောက်ဖို့ကျတော့ တိဘက်တို့လို အခြားမဟာယာနဘုန်းကြီးတွေလို အခွင့်အလမ်း ကြုံလာရင် ကိုယ်ကပြောခွင့်မရဘူး။**

တာပေါ့။ ဘုန်းကြီးဒေါက်တာဘွဲ့အထိ သင်လာရတော့ တချို့ကမေးတယ်။ မလေးရှားက ယောဂီတွေကလည်း မေးတယ်။''အရှင်ဘုရား၊ ကမ္မဋ္ဌာန်းဆရာတစ်ဦးအနေနဲ့ ဒီလိုလောကီဘွဲ့တွေ မလိုပါဘူး။ ဘာကြောင့်သင်သလဲ''လို့ မေးကြတယ်။

ဘုန်းကြီး ဒေါက်တာဘွဲ့ရတဲ့အထိ သင်ရတာက (၁)အခွင့်အခါလည်းပေးတယ်။ (၂) သူတို့ အနောက်က လူတွေ ဘာတွေ တွေးခေါ်သလဲ၊ ငါတို့ရဲ့ဘုရား တရားတော်တွေကို သူတို့ ဘယ်လိုအဓိပ္ပါယ်ကောက်ယူကြသလဲ၊ သူတို့အထဲကို ဝင်ကြည့်ချင်တယ်။ သူတို့အတွေးအခေါ်တွေကို နားလည်ချင်တယ်။ အတွင်းဝင်ကြည့်မှ သိမှာကိုး။ (၃) ဘာသာတစ်ခုကို စနစ်တကျ၊ လေးလေးနက်နက် တိတိကျကျ ပြောနိုင်ဖို့ဆိုရင် ဒီပညာရပ်ကို ကျွမ်းကျင်အောင် သင်ထားသင့်တာပေါ့။ ဒါကြောင့်သင်တာလို့ ပြန်ဖြေရတယ်။

နောက် ဘုန်းကြီး ပါရဂူဘွဲ့တက်တုန်းက အရှေ့တိုင်းဆိုင်ရာ ဘာသာရပ်ကို အထူးပြုလေ့လာတယ်။ ဘာကြောင့်လဲဆို ဘုန်းကြီးတို့ ဗုဒ္ဓဘာသာက အဲဒီမှာ ပါတာကိုး။ ဘုန်းကြီး သင်ရင်းသင်ရင်းနဲ့ ကိုယ်တတ်တဲ့ပညာကို သူများတွေလည်း ပြန်သင်ပေးချင်တဲ့ စိတ်ရှိတယ်။အရင်က ဘုန်းကြီးတရားပြတဲ့အခါ စကားပြန်နဲ့ ပြရတာကနေ တိုက်ရိုက်ပြနိုင်လာတာ ဒီပညာတွေတတ်လာလို့ပဲ။

မေး။ ပိုပြီးထိရောက်သွားတာပေါ့ဘုရား။

ဖြေ။ ဟုတ်တယ်။ ပိုထိရောက်တယ်။ ဘုန်းကြီးက Ph.D မပြီးခင်ကတည်းက မြန်မာနိုင်ငံမှာ သာသနာရေးနဲ့ ပတ်သက်လို့ ဘာတွေလိုသလဲလို့ စဉ်းစားကြည့်မိတယ်။ဘုန်းကြီးတို့ နိုင်ငံမှာ ရဟန်းတော်တွေဟာ ပရိယတ်၊ ပဋိပတ် ဓမ္မဘက်မှာတော့ ကျွမ်းကျင်ကြပါတယ်။ ဒါပေမယ့် ဘာသာစကားတတ်ကျွမ်းမှုမှာ တော်တော်အားနည်းတော့ ကမ္ဘာကို ထိုးဖောက်ဖို့ကျတော့ တိဘက်တို့လို၊ အခြားမဟာယာနဘုန်းကြီးတွေလို အခွင့်အလမ်း ကြုံလာရင် ကိုယ်က ပြောခွင့်မရဘူး။မပြောနိုင်ဘူးဖြစ်နေတယ်။ ဒါကြောင့် ဘုန်းကြီးက ကျောင်းမပြီးခင်ကတည်းက ငါကျောင်းပြီးလို့ မြန်မာနိုင်ငံပြန်ရင် ရဟန်းတော်တွေ၊ သီလရှင်တွေ၊ ဗုဒ္ဓဘာသာနဲ့နွယ်တဲ့၊ စိတ်ဝင်စားတဲ့ ကျောင်းသူကျောင်းသားတွေကို အင်္ဂလိပ်စာ အခမဲ့သင်ပေးပြီးတော့ အင်္ဂလိပ်စကားပြောနိုင်တဲ့အထိ ကူညီပေးမယ်လို့ စိတ်ကူးမိတယ်။ ကူညီပေးချင်တဲ့ဆန္ဒတွေဖြစ်ခဲ့တယ်။ အခုတော့ ကိုယ့်ဘက်က သင်ယူရတဲ့အပိုင်းကတော့ ပြီးပြီပေါ့လေ။

ဘုန်းကြီးက ပညာသင်ကတည်းက ဘွဲ့ထူး၊ဂုဏ်ထူးအတွက် ဂုဏ်ရှိဖို့အတွက် သင်တာမဟုတ်ပါဘူး။ အလုပ်လုပ်နိုင်ဖို့ ဒီဒေါက်တာဘွဲ့ကို ယူတာပါ။အလုပ်လုပ်နိုင်ဖို့ ရှိသင့်ရှိထိုက်တဲ့ ဘွဲ့ကို ယူတာပါ။ ဘုန်းကြီးရဲ့ သဘောက ဂုဏ်ဆိုတာ တာဝန်ထမ်းဆောင်တဲ့နေရာမှာ အရည်အချင်းရှိရှိ (တစ်နည်း)တာဝန်ကိုထမ်းဆောင်နိုင်တဲ့ အရည်အချင်းရှိတာမျိုးကို ဂုဏ်လို့ပြောချင်ပါတယ်။

မြတ်စွာဘုရားပင်လျှင် ဘုရားဖြစ်အောင် ကျင့်ရာမှာ၊ လောကတ္ထစရိယ၊ ဉာတတ္ထစရိယ၊ ဗုဒ္ဓတ္ထစရိယလို့ ပါတာကိုး။ သဗ္ဗညုတဉာဏ်ကို ရချင်တာက လောကဂုဏ်ရှိဖို့မဟုတ်ပါဘူး။ ဒီဉာဏ်ရမှ ဗုဒ္ဓရဲ့အလုပ်တွေကို လုပ်နိုင်မှာကိုး။ ဘုန်းကြီးတို့လည်း သာသနာအတွက် အလုပ်လုပ်ဖို့ ဒီအရည်အချင်းမျိုးရှိတော့ ပိုအဆင်ပြေမယ်၊ ပိုထိရောက်မယ်လို့ မျှော်လင့်ရတာပေါ့လေ။

■ ဆက်လက်ဖော်ပြပါမည်



# ခန္ဓာနှင့်နိဗ္ဗာန်

## လှသန့်(ပြည်)

သစ္စာအနက် (၁၆)ချက်တွင် ဒုက္ခသစ္စာအနက် (၄)ချက်အရခန္ဓာမည်သောတရားသည်–

(၁) ပီဠနဋ္ဌော–ညှာတာမဖက် နှိပ်စက်တတ်သော သဘော။

(၂) သင်္ခတဋ္ဌော–အမြဲမပြတ် ပြုပြင်ထူထောင်ရသော သဘော။

(၃) သန္တာပဋ္ဌော–အဖန်ဖန် ကြောင့်ကြပူပန်စေတတ်သောသဘော။

(၄) ဝိပရိဏာမဋ္ဌော–မတည်မမြဲဖောက်လှဲ ဖောက်ပြန်တတ်သော သဘော–

စသော အကြောင်းများကြောင့်အမုန်ဆင်းရဲရာ ဒုက္ခတရားသာ ဖြစ်ပါသည်။

နိရောဓသစ္စာ အနက်(၄)ချက်အရ နိဗ္ဗာန်မည်သောတရားမှာမူ–

(၁) နိဿရဏဋ္ဌော=ဒုက္ခမှ ကျွတ်လွတ်ထွက်မြောက်ခြင်းသဘော။

(၂) ပဝိဝေကဋ္ဌော=နှောင့်ယှက်ခြင်းတို့မှ ကင်းလွတ်ခြင်း သဘော။

(၃) အသင်္ခတဋ္ဌော=အဖန်ဖန် ပြုပြင်ရခြင်းတို့မှ ကင်းလွတ်ခြင်း သဘော–

(၄) အမတဩ္ဘာ=အဖန်ဖန် သေကြေပျက်စီးခြင်းမှ ကင်းလွတ်ခြင်းသဘော–

စသော ဂုဏ်ကျေးဇူးများကြောင့် အမှန်ချမ်းသာရာသုခတရားသာ ဖြစ်ပါသည်။

ထိုကဲ့သို့ ခန္ဓာနှင့်နိဗ္ဗာန်သည် သဘောသဘာဝ ဒုက္ခ၊ သုခတရားအားဖြင့် အခြားနားကြီး ခြားနား၍ ဆန့်ကျင်ဘက်အရာ၌ တည်ကုန်ကြသော်လည်း တရားတစ်ပါးနှင့် တရားတစ်ပါးမှာမူ ဝေးကွာခြင်းမရှိဘဲ ဆက်စပ်မှုလည်း ရှိ၍နေပါသည်။

အဘိဓမ္မာဒေသနာကထာဝတ္ထု၌ ''အညေခန္ဓာ အညံနိဗ္ဗာနန္တိ နဟေဝံဝတ္တဗ္ဗေ''

(ခန္ဓာက တခြားလော၊ နိဗ္ဗာန်က တခြားလော (ဣတိ)ဤသို့ အမေးပုစ္ဆာသည်၊ (သတိ)ရှိလတ်သော်၊ နဟေဝံဝတ္တဗ္ဗေ=ဤသို့မဆိုလင့်ရာ)ဟူ၍လည်းကောင်း၊

ဝိသုဒ္ဓိမဂ်ဋီကာ၌ ''နိဗ္ဗာန် နမ္ပိခန္ဓ ပဋိဗဒ္ဓါ မေဝ''

(ခန္ဓာနှင့် နိဗ္ဗာန်သည် ဆက်စပ်မှုရှိသည်သာလျှင်တည်း) ဟူ၍လည်းကောင်း။

အင်္ဂုတ္တိုရ်ပါဠိတော် ရောဟိတဿသုတ်၌ ဘုရားရှင်က ရောဟိတဿနတ်သားအား ''ဒါယကာနတ်သား၊ ဤတစ်လံမျှလောက်ဖြစ်သော ခန္ဓာ၌ပင်လျှင် ဒုက္ခကိုလည်းကောင်း၊ ဒုက္ခဖြစ်ကြောင်းကိုလည်းကောင်း၊ ဒုက္ခချုပ်ငြိမ်းရာကိုလည်းကောင်း၊ဒုက္ခချုပ်ငြိမ်းကြောင်းအကျင့်ကိုလည်းကောင်း ငါဘုရားပညတ်တော်မူ၏ (ဟောတော်မူ၏)ဟူ၍ အသီးသီး ပြဆိုထားပါသည်။

အထက်ပါဒေသနာတော်များ အလာအရမူ ခန္ဓာနှင့်နိဗ္ဗာန်သည် တခြားစီမဟုတ်ဘဲ ဆက်စပ်မှု ရှိနေခြင်း။ ဤတစ်လံမျှလောက်သောခန္ဓာ၌ပင်လျှင် နိဗ္ဗာန်အပါအဝင်သစ္စာ (၄)ပါးတရားကို ပညတ်ခြင်းစသော အကြောင်းများကြောင့် ယေဘုယျအားဖြင့် နိဗ္ဗာန်ဟူသောတရားသည် ခန္ဓာအတွင်း၌သာလျှင် အကျုံးဝင်သော (ဝါ)ရှိသော တရားဟူ၍ ထင်မှတ်ဖွယ်ရာရှိပါသည်။

သို့သော် မုချဖြစ်သော သဘော၊သဘာဝအရမှာမူ နိဗ္ဗာန်မည်သော တရားသည် ခန္ဓာ၏ မှတ်ကြောင်း အခြင်းအရာများဖြစ်သည့် ''ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ဒူရ၊ သန္တိက''ဟူသော တစ်ဆယ့်တစ်ပါး တရားအပြားတို့ မရှိခြင်းကြောင့် ခန္ဓာမဟုတ်၊ ခန္ဓာမှ လွတ်ရာ ခန္ဓဝိမုတ် (ဗဟိဒ္ဓ)တရားသာ ဖြစ်ပါသည်။

''သို့ဆိုပါသော် ခန္ဓာနှင့်နိဗ္ဗာန်သည် တခြားစီမဟုတ်ဘဲ၊အဘယ်သို့သော သဘောအားဖြင့် ဆက်စပ်မှု ရှိနေပါသနည်း''ဟူသော မေးခွန်းကို စာရှုသူတို့ မေးဖွယ်ရာရှိပါသည်။

ထို အမေးအတွက် အကောင်းဆုံးသော အဖြေမှာ ဒင်္ဂါးပြား တစ်ပြား၏ ခေါင်းနှင့်ပန်း ဥပမာသာ ဖြစ်ပါသည်။ ဒင်္ဂါးပြားတစ်ပြားရှိ ခေါင်းနှင့်ပန်းသည် ဒင်္ဂါးပြား၏မျက်နှာ တစ်ဖက်တစ်ချက်စီတွင်သာ စွဲတည်နေကြခြင်းကြောင့် တစ်ဖက်နှင့်တစ်ဖက် သဘောသဘာဝအရမှာမူ ဆန့်ကျင်ဘက်သာ ဖြစ်ကြပါသည်။ ဒင်္ဂါးပြားတွင် ဒင်္ဂါးပြား၏ခေါင်းဘက်ကို ကြည့်ရှုသုံးသပ်နေသူသည် ထို

**နိဗ္ဗာန်သို့ မျက်မှောက်ပြုလိုသော ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ရန် အလို့ငှာ နိဗ္ဗာန်နှင့် သဘောသဘာဝအရာအားဖြင့် ဆန့်ကျင်ရာ ခန္ဓာ၏အပြစ်တို့ကို ဝိပဿနာဉာဏ်ဖြင့် အခါခါအထပ်ထပ် ဆင်ခြင်သုံးသပ်ရပါသည်။**

ကြည့်ရှုသုံးသပ်မှု၌ မငြီးငွေ့သမျှ ပန်းဘက်သို့ လှန်ပစ်မှုမဖြစ်နိုင်ပါ။ ထိုသို့မဖြစ်သမျှ ဒဂ်ါးပြား၏ပန်းသည် ခေါင်းနေရာတွင် အစားထိုးဝင်မလာပါ။ ဒဂ်ါးပြား၏ခေါင်းဘက်သို့ ကြည့်ရှုသုံးသပ်မှု ငြီးငွေ့လာပါမှ ပန်းဘက်သို့ လှန်ပစ်မှုနှင့်တကွ ဒဂ်ါးပြား၏ ပန်းသည် ခေါင်းနေရာတွင် အစားထိုးဝင်ရောက်လာနိုင်ပါသည်။

ခန္ဓာနှင့်နိဗ္ဗာန်ဆိုသည်မှာလည်း ထိုဒဂ်ါးပြား၏ခေါင်းနှင့်ပန်း ဥပမာသဘောသာ ဖြစ်ပါသည်။ နိဗ္ဗာန်သို့ မျက်မှောက်ပြုလိုသော ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗာန်သို့မျက်မှောက်ပြုနိုင်ရန်အလို့ငှာ နိဗ္ဗာန်နှင့် သဘောသဘာဝအရာအားဖြင့် ဆန့်ကျင်ရာ ခန္ဓာ၏အပြစ်တို့ကို ဝိပဿနာဉာဏ်ဖြင့် အခါခါအထပ်ထပ် ဆင်ခြင်သုံးသပ်ရပါသည်။ ထိုသို့ ဆင်ခြင်သုံးသပ်၍ အပြစ်ကို မြင်ကာ ငြီးငွေ့ခြင်း ပြင်းစွာဖြစ်ပေါ်လာမှလည်း ခန္ဓာမှလွတ်မြောက်ရာနိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်း (သစ္ဆိကိရိယာကိစ္စ)ဖြစ်နိုင်ပါသည်။ ခန္ဓာ၏ အပြစ်ကိုမထင် ခန္ဓာ၌ပြင်းစွာငြီးငွေ့ စက်ဆုပ်ခြင်း မဖြစ်ပါသော် ခန္ဓာမှလွတ်ရာ နိဗ္ဗာန်သည် ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် အာရုံပြု မျက်မှောက်ပြုအပ်ရာ(သစ္ဆိကာတဗ္ဗတရား)အဖြစ် ထင်ရှားဖြစ်ပေါ်မလာနိုင်ပါ။ ထိုကဲ့သို့ နိဗ္ဗာန်အား မျက်မှောက်ပြုရာတွင် ခန္ဓာ၌ ဝိပဿနာဉာဏ်တင်ခြင်းဖြင့်သာလျှင် မျက်မှောက်ပြုခြင်း ကိစ္စပြီးစေဖြစ်စေနိုင်ခြင်းကြောင့် ကြားခံပေါင်းကူးသဖွယ် ကျေးဇူးပြုသော ခန္ဓာကိုပင်လျှင် ဝိသေသပြုကာ ''ခန္ဓာနှင့် နိဗ္ဗာန်သည် တခြားစီမဟုတ်ဘဲ ဆက်စပ်မှု ရှိသည်ဟုလည်းကောင်း၊ ဤတစ်လံမျှလောက်သော ခန္ဓာ၌ပင်လျှင် ဒုက္ခကိုလည်းကောင်း၊ ဒုက္ခဖြစ်ကြောင်းကိုလည်းကောင်း၊ ဒုက္ခချုပ်ငြိမ်းရာကိုလည်းကောင်း၊ ဒုက္ခချုပ်ငြိမ်းကြောင်းအကျင့်ကိုလည်းကောင်း'' ဟောတော်မူခြင်းဖြစ်ပါသည်။

ဓမ္မပဒပါဠိတော်၌—

''ဖေဂ္ဂုနာ၊ ကိုးဆယ့်ခြောက်ဖြာ၊ အနာရောဂါအပေါင်းတို့ဖြင့် ဖိစီးနှိပ်စက်အပ်သော သဘောရှိသော။ ကာယတော၊ အလျားတစ်လံ၊ အနံတစ်ထွာ၊ ဤခန္ဓာကိုယ်ရုပ်အကောင်ပုပ်ထဲက။ဝရံ၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်၍ ကောင်းမြတ်လှစွာသော။မေဒံ၊ သူတော်ကောင်းတရားတည်းဟူသော အဆီအနှစ်ကို။ ပီဠေယျ၊အားကုန်နှစ်၍ ညှစ်ထုတ်လိုက်ရာ၏။ ဖေဂ္ဂုနာ၊ ရန်သူငါးတန်ဆက်ဆံရောယှက်သည်ဖြစ်၍ အနှစ်သာရမဖက် သက်သက်အကာအတိသာဖြစ်သော။ ဓနတော၊ ပစ္စည်းဥစ္စာထဲက။ ဝရံ၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်၍ ကောင်းမြတ်လှစွာသော (ဝါ)သူတော်ကောင်းတရားတည်းဟူသော အဆီအနှစ်ကို ပီဠေယျ၊ အားကုန်နှစ်၍ ညှစ်ထုတ်လိုက်ရာ၏။တေနမေဒေန၊ထိုပစ္စည်းဥစ္စာ အင်္ဂါခြေလက် ကိုယ့်အသက်ထဲက ညှစ်ထုတ်လိုက်ရသော သူတော်ကောင်းတရားတည်းဟူသော အဆီအနှစ်ဖြင့်။ဝရံ၊ မြတ်လှစွာသော။ အဇရံ၊ မအိုရာဖြစ်သော။ နိဗ္ဗာနံ၊ ဘေးဘယာကင်းရာ နိဗ္ဗာန်ချမ်းသာ မြတ်ကို။ဂဏှေယျ၊ လဲလှယ်ဖလှယ် ဝယ်ယူလိုက်ရာ၏''

ဟူ၍ ခန္ဓာ၊ နိဗ္ဗာန်သဘောသဘာဝ မတူပုံနှင့် ခန္ဓာကို အရင်းပြုကာ ရသော သူတော်ကောင်းတရားဖြင့် နိဗ္ဗာန်တရားမြတ်ကို လဲလှယ်ဖလှယ် ဝယ်ယူသကဲ့သို့ ရယူ မျက်မှောက်ပြုရန် ညွှန်ပြဟောကြားတော်မူပါသည်။

လူ့ခန္ဓာဟူသည် နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာများကဲ့သို့ ကမ္မဇရုပ်မများ၊ ဥတုဇရုပ်သာ များပါသည်။ထို့ကြောင့် (၃၂)ကောဋ္ဌာသ အစုံအလင်ရှိကာ မတင့်တယ်၊ စက်ဆုပ်ရွံရှာဖွယ်ရာ ဖြစ်မှု (အသုဘ)လက္ခဏာများနှင့် (၉၆)ဖြာသော ရောဂါဝေဒနာများ စုဝေး စုစည်းရာ အပုပ်ကောင် ရုပ်ဆောင်သည့် ခန္ဓာသာ ဖြစ်ပါသည်။ သို့အတွက် နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာများထက် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊အနတ္တလက္ခဏာ၊အသုဘလက္ခဏာများ ထင်ရှားသည့် အကောင်းဆုံး ဝိပဿနာအရှုခံတရားလည်းဖြစ်ပါသည်။

ကြုံခဲလှသော သာသနာ၊ ရခဲလှသော လူ့ဘဝတွင် ''သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မုန်ပင် မဂ်ရကြောင်း''ဆောင်ပုဒ်နှင့်အညီ ဝိပဿနာဘာဝနာအလုပ်၌ မဆုတ်မနစ်ကြိုးစားအားထုတ်ခြင်းဖြင့် ခန္ဓာ၏ အပြစ်တို့ကို မိမိဉာဏ်တွင် ပြက်ပြက်ထင်ထင် သိမြင်လာသည်နှင့် အမျှ သံယုတ်ပါဠိတော်လာ ''နိဗ္ဗာနသဿဝသန္တိကေ'' (နိဗ္ဗာန်နှင့်နီးသောကြောင့်သာတည်း)ဟူသော ဟောကြားမှုဝယ်၊ မိမိလည်း ပါဝင်သက်ဆိုင် အကျုံးဝင်နိုင်တော့မည်သာ ဖြစ်ပါသည်။

■ လှသန့်(ပြည်)



# အစွန်ရှည်ကြာ ဗုဒ္ဓသာသနာ

## ညောင်ခါးရှည်မှိုင်းဝေ

■ ရဟန်းတော်များသည် ဗုဒ္ဓမြတ်စွာ၏သားစစ်သားမှန်များ ဖြစ်ကြသည့် အားလျော်စွာ ဉာဏ်နည်းသူကို ဉာဏ်ပညာရှိလာစေရန် အကျင့်ပျက်သူကို ကိုယ်ကျင့်သိက္ခာသီလ သမာဓိပြည့်ဝလာစေရန် ဆုံးမလမ်းညွှန်ခြင်းဖြင့် လူအများစုသည်တရားစောင့်လာမည်။

သာသနာဟူသော စကားလုံးကို ဆုံးမဟောပြချက်ဟူ၍လည်းကောင်း အကျင့်သီလသိက္ခာဟူ၍လည်းကောင်း ဖွင့်ဆိုကြပါသည်။ သာသနာကို ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ သုံးပါးပြဆိုသည်။ ပါဠိကျမ်းဂန်တို့တွင် ဤသုံးပါးကို သာသနာဟူသော အမည်မခေါ်ပါ။ သဒ္ဓမ္မဟူသော အမည်ဖြင့် ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ ပဋိဝေဓသဒ္ဓမ္မဟုသုံးပါးရှိကြောင်း ပြဆိုပါသည်။ သဒ္ဓမ္မဆိုသည်မှာ သူတော်ကောင်းတရားဟု အဓိပ္ပါယ်ရပါသည်။ တစ်နည်းဆိုရသော် ပါဠိကျမ်းဂန်တို့တွင် ပရိယတ္တိတစ်ပါးကိုသာ သဒ္ဓမ္မဟူ၍လည်းကောင်း၊ သာသနာဟူ၍လည်းကောင်း အမည်နှစ်မျိုးခေါ်ဝေါ်၍ ပဋိပတ္တိနှင့် ပဋိဝေဓတို့ကိုမူ သဒ္ဓမ္မဟူ၍သာ ခေါ်ပါသည်။ သာသနာဟူ၍ မခေါ်ပါ။ သာသနာဟူသော အမည်နှင့်စပ်၍ ပါဠိကျမ်းဂန်တို့၌ ယထာပရာစ သာသနာ၊ ယထာနုလောမ သာသနာ၊ ယထာဓမ္မ သာသနာဟူ၍ သာသနာသုံးပါးရှိကြောင်း ပြဆိုပါသည်။ ထို

သုံးပါးတို့တွင် ဝိနည်းပိဋကကိုရဟန်းများ ကျူးလွန်သည့်အပြစ်အားလျော်စွာ ဆုံးမဟောကြားရာဖြစ်သောကြောင့် ယထာပရာဓ သာသနာဟု ခေါ်ပါသည်။ယထာ=လျော်စွာ+ပရာဓ=အပြစ်ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ သုတ္တန်ပိဋကကို သတ္တဝါတို့ အလိုစရိုက်သို့ လိုက်လျောသင့်သည့် အားလျော်စွာ လိုက်လျောဆုံးမဟောကြားရာဖြစ်သောကြောင့် ယထာနုလောမ သာသနာဟု ခေါ်ပါသည်။ ယထာ=လျော်စွာ+အနုလောမ=လိုက်လျောခြင်းဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ အဘိဓမ္မပိဋကကို တရားသဘောရှိသည်နှင့် သင့်လျော်စွာ ဆုံးမဟောကြားရာဖြစ်သောကြောင့် ယထာဓမ္မသာသနာဟုခေါ်ပါသည်။ ထို့အတူ သင်ကြားအပ်သော ပိဋကတ်တော်တို့ကို သင်ကြားခြင်းသည် ပရိယတ္တိသာသနာမည်၏။ ကောင်းမြတ်သော အကျင့်တရားသည် ပဋိပတ္တိသာသနာမည်၏။ ထိုးထွင်းသိမြင်နိုင်ခြင်းသည် ပဋိဝေဒသာသနာမည်၏။ သာသနာသုံးပါးဟူသည် ပိဋကသုံးပုံမည်၍ ပိဋကသုံးပုံသည် ဗုဒ္ဓမြတ်စွာဘုရား ဟောကြားဆုံးမအပ်သော စကားတော်စုများဖြစ်သည်ဟု နားလည်ရပါသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ ဟောကြား ဆုံးမချက်များသည် သာသနာတော်ဖြစ်ပါသည်။

သာသနာနှစ် (၅၀၀၀) ဟူ၍ စကားစဉ်ရှိပါသည်။ စူဠဝါပါဠိတော်မှ ''ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ''ဟူသော ဟောကြားချက်ကို အထောက်အထားပြု၍ ဖြစ်ပါသည်။ အမြတ်ဆုံးပါရမီ အလွန်ကဲဆုံးဖြစ်သော ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်နိုင်သောခေတ်၊အနှစ်တစ်ထောင်ကိုသာ ရည်တော်မူ၍ သဗ္ဗညုမြတ်စွာဘုရား ဟောတော်မူသည်ဟု ဘုရားအလိုတော်ကျ ထိမိအောင် ဉာဏ်သက်ဝင်နိုင်သော အဋ္ဌကထာဆရာကြီးများက ဖွင့်ဆိုတော်မူသည်။ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် အနှစ်တစ်ထောင်အတွင်း၌ ပဋိသမ္ဘိဒါပတ္တဟူသော ပဋိသမ္ဘိဒါလေးပါးနှင့် ပြည့်စုံသော ရဟန္တာများ။ ဆဠာဘိညရဟန္တာဟူသော အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသော ရဟန္တာများ။ တေဝိဇ္ဇရဟန္တာဟူသော ဝိဇ္ဇာသုံးပါးရသော ရဟန္တာများ။ သုက္ခဝိပဿကရဟန္တာများ၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်၊ ကလျာဏပုထုဇဉ်စသော သာဝကများ အစုံအလင်တည်ရှိ၍ သူတော်ကောင်းတရား ပျံ့လှိုင်စည်ကားမည်ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူခဲ့သည်။

ပထမအနှစ်တစ်ထောင်ကျော်လွန်၍ ဒုတိယအနှစ်တစ်ထောင်အတွင်းသို့ ရောက်သောအခါ ပဋိသမ္ဘိဒါပတ္တ ရဟန္တာမဖြစ်နိုင်တော့ဘဲ ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် ကွယ်ပါသည်။ ထို့အတူ အနှစ်သုံးထောင်ပြည့်သောအခါ တေဝိဇ္ဇရဟန္တာခေတ်။ အနှစ်လေးထောင်ပြည့်သောအခါ သုက္ခဝိပဿကရဟန္တာခေတ်၊ အနှစ်ငါးထောင်ပြည့်သောအခါ သေက္ခခေတ် စသည်ဖြင့် အသီးသီးကွယ်ကြရပါသည်။ ထို့ကြောင့် သာသနာအနှစ်ငါးထောင်ပြည့်သောအခါ မြတ်စွာဘုရား၏ သာသနာတော်ကြီးမရှိတော့ဘဲ သာသနာပကာလသို့ရောက်ရှိသွားမည် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အနှစ်တစ်ထောင်အတွင်း ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓသာသနာသုံးရပ်သည် မဆုတ်မယုတ် ပျံ့လှိုင်ထွန်းလင်းလျက်ရှိသည်။ နှစ်ပေါင်းတစ်ထောင်ကျော်လွန်မှ သာသနာတော်သည် အစဉ်အတိုင်း ဆုတ်ယုတ်လာပါသည်။ သာသနာအနှစ်ငါးထောင်ကို ဘိက္ခုနီခန္ဓက ဝိနည်းစူဠဝါအဋ္ဌကထာ၌–

၁။ ပဋိသမ္ဘိဒါလေးပါးနှင့် ပြည့်စုံသော ရဟန္တာခေတ်အနှစ်တစ်ထောင်။

၂။ သုက္ခဝိပဿကဟူသော ဈာန်မရသေးသည့် ရဟန္တာခေတ် အနှစ်တစ်ထောင်။

၃။ အနာဂါမ်ခေတ်အနှစ်တစ်ထောင်။

၄။ သကဒါဂါမ်ခေတ်အနှစ်တစ်ထောင်။

၅။ သောတာပန်ခေတ် အနှစ်တစ်ထောင်။

ဟူ၍ အနှစ်ငါးထောင်ပတ်လုံးပဋိဝေဓသာသနာတော်ကြီး တည်လတ္တံ့ဟူ၍လည်းကောင်း ဒီဃနိကာယ်သမသာဒနီယသုတ် အဋ္ဌကထာတွင်–

၁။ ပဋိသမ္ဘိဒါလေးပါးနှင့် ပြည့်စုံသော ရဟန္တာခေတ်အနှစ်တစ်ထောင်။

၂။ အဘိညာဉ်ခြောက်ပါးရသော ရဟန္တာခေတ်အနှစ်တစ်ထောင်။

၃။ ဝိဇ္ဇာသုံးပါးကိုရသော ရဟန္တာခေတ်အနှစ်တစ်ထောင်။

၄။ သုက္ခဝိပဿကရဟန္တာခေတ် အနှစ်တစ်ထောင်။

၅။ အပါယ်လေးပါးမှလွတ်မြောက်သော သောတာပန်အစရှိသည့် အရိယာခေတ်အနှစ်တစ်ထောင်ဟူ၍ နှစ်ပေါင်းငါးထောင်

ပတ်လုံးသာသနာတော်တည်လတ္တံ့ဟူ၍လည်းကောင်း ဖွင့်ဆိုခဲ့ကြပါသည်။

မိလိန္ဒမင်းကြီးက ရှင်နာဂသိန်ကို ''သာသနာပျောက်ကွယ်ခြင်းဟူသည် အဘယ်ပါနည်း''ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ရှင်နာဂသိန်က –

''မင်းကြီး၊ သာသနာကွယ်ပျောက်ခြင်းတို့မှာ သုံးမျိုးရှိကုန်၏။

၁။ အဓိဂမ–မဂ်ဖိုလ်ရမှုကွယ်ပျောက်ခြင်း။

၂။ အကျင့်ပဋိပတ်ကွယ်ပျောက်ခြင်း။

၃။ လိင်–ခေါ် ရဟန်းအသွင်ကွယ်ပျောက်ခြင်းတို့ဖြစ်ပေ၏။

မင်းကြီး၊အဓိဂမခေါ် မဂ်ဖိုလ်ရမှု ကွယ်ပျောက်လျှင်ကောင်းစွာကျင့်သော်လည်း မဂ်ဖိုလ်ကို မရနိုင်ချေ။ အကျင့်ပဋိပတ်ကွယ်ပျောက်လျှင် သိက္ခာပုဒ်ပညတ်တော်သည်ကွယ်ပျောက်၏။ လိင်ခေါ်–ရဟန်းအသွင်အပြင်သည်သာ တည်ရှိ၏။ လိင်ခေါ် ရဟန်းအသွင်အပြင်ကွယ်ပျောက်သော်ကား သာသနာတော်အစဉ်အဆက်ပြတ်လေတော့၏။ ဤကား သာသနာတော်ကွယ်ပျောက်ခြင်းတို့ပေတည်း''ဟူ၍ သာသနာတော် ကွယ်ပျောက်နိုင်မှုဖြစ်စေသော အကြောင်းသုံးပါးကို ရှင်းလင်းဟောကြားခဲ့ပါသည်။

သာသနာကွယ်ခြင်းအကြောင်းငါးပါးကိုလည်း ပြဆိုပါသည်။ ယင်းတို့မှာ–

၁။ ပရိယတ္တိသာသနာဟူသော စာပေကျမ်းဂန်များကွယ်ခြင်း။

၂။ ပဋိပတ္တိသာသနာဟူသော စာပေကျမ်းဂန်လာ အကျင့်မြတ်များကွယ်ခြင်း။

၃။ ပဋိဝေဓသာသနာဟူသော မဂ်ဉာဏ်၊ဖိုလ်ဉာဏ်များကွယ်ခြင်း။

၄။ လိင်္ဂသာသနာဟူသော ရဟန်းကောင်းများ၏ တင့်တယ်သော သပိတ်၊သင်္ကန်း၊ အဝတ်အရုံအသွင်အပြင် အမူအရာများကွယ်ခြင်း။

၅။ ဓာတုသာသနာဟူသော ဘုရားရှင်၏ ကိုယ်တော်အစိတ်ဓာတ်တော်၊မွေတော်များကွယ်ခြင်း–တို့ဖြစ်ပါသည်။

ပရိယတ္တိသာသနာဟူသော စာပေကျမ်းဂန်သည်သာ ဘုရားသာသနာတည်ခြင်း အဓိကအကြောင်းရင်းဖြစ်ပါသည်။ ပရိယတ္တိပညာရှိသော ပုဂ္ဂိုလ်သည် ပဋိပတ္တိနှင့်ပဋိဝေဓနှစ်ပါးကို အလွယ်ဖြင့် ဖြည့်ကျင့်နိုင်၏။ ပရိယတ္တိသာသနာတည်မှ သာသနာ သုံးရပ်စလုံးတည်ပါသည်။ ပရိယတ္တိ မတည်လျှင် သာသနာသုံးရပ်သည် မတည်နိုင်တော့ပါ။ နောင်ကလိယုဂ်မင်းများ လက်ထက်၌ လူတို့သည် တရားမစောင့်ကြကုန်။ ထို့ကြောင့် မိုးလေဝသ မမှန်ဖြစ်မည်။ ထိုအခါ ပစ္စည်းလေးပါး ရှားပါးမည်။ ပြီးလျှင် ပရိယတ္တိယုတ်လျော့လာမည်။ ပရိယတ္တိယုတ် လျော့လာလျှင် ပဋိပတ္တိနှင့် ပဋိဝေဓ သာသနာသည် တစ်စတစ်စ လုံးပါး ကွယ်ပျောက်ပေမည်။ လိင်္ဂသာသနာ ကွယ်ပပုံနှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာ ဘုရား၏ ဟောကြားဆုံးမချက်ကိုဒက္ခိဏာဝိဘင်္ဂသုတ်တော်၌ ဤသို့တွေ့ရ၏။

''ချစ်သား အာနန္ဒာ၊နောင်လာလတ္တံ့သောကာလ၌ ရဟန်း၏အနွယ်ဖြစ်ကုန်သော သင်္ကန်း၊သပိတ်လည်ရောက်ကာမျှ ဖြစ်ကုန်သော သီလမရှိကုန်သော၊ ယုတ်မာသော အကျင့်ရှိကုန်သော ရှင်ယောင်တို့သည် စင်စစ်ဖြစ်ကုန်ပေလိမ့်မည်''

''သီလမရှိကုန်သော ထိုရှင်ယောင်တို့၌ သံဃာတော်ကို ရည်မှတ်၍ အလှူဒါနကို ပေးလှူကုန်လတ္တံ့။ ချစ်သား အာနန္ဒာ ထိုအခါလည်း သံဃာကို ရည်မှတ်၍ဖြစ်သော အလှူကို မရေမတွက်နိုင်သော အကျိုးရှိ၏၊ အတိုင်းမသိသော အကျိုးရှိ၏ဟု ငါဘုရားဟောတော်မူခဲ့၏''

သာသနာတော်နောက်ပိုင်းတွင် ရဟန်းမြတ်တို့၏ အပြုအမူအနေအထိုင် ကြည်ညိုဖွယ်အသွင်(လိင်္ဂ)များ ပျောက်ကွယ်မည်။ တက္ကတွန်းများ၊ ပရိဗိုဇ်များ၊ အရည်းကြီးများနှင့်မခြား ဖြစ်လာမည်။ သင်္ကန်းအရောင်အဆင်းသည်လည်း ဆိုးရည်မပြည့် ဖြစ်လာမည်။ ထိုထက်ကာလကြာလျှင် သင်္ကန်းဟုခေါ်ဆိုရမည့် ပိတ်စကလေးသာ လည်မှာပတ်၍သော်လည်းကောင်း၊ လက်၌ချည်၍သော်လည်းကောင်း သွားလာကြမည်။ထိုအချိန်တွင် လိင်္ဂသာသနာ ရှိသေးသည်။ သာသနာမကွယ်ပျောက်သေးဟု ဆိုရမည်။ ထိုပုဂ္ဂိုလ်ကိုပင် သံဃာတော်ဟုရည်မှတ်၍ အလှူပေးလျှင် သံဃဒါနအကျိုးကို အတိုင်းမသိရနိုင်သေးသည်။ ဤကာလမှ ရှည်ကြာလာလျှင် သင်္ကန်းစပင် လည်မှာ လက်မှာ မရှိတော့သည့် အခြေသို့ဆိုက်မည်။ ထိုအခါ လိင်္ဂသာသနာကွယ်ပြီတည်း။ ဓာတုသာသနာကွယ်ပုံ ပြဆိုရာ၌ သာသနာတော် ဆုတ်ယုတ်လာသော အခါ–

၁။ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)ရှိ မဟာစေတီကြီးအတွင်း

သို့ ရှိရှိသမျှသော မြတ်စွာဘုရားရှင်တော်မြတ်၏ ဓာတ်တော်များ လာရောက်စုကုန်မည်။

၂။ နောင်အခါ မဟာစေတီကြီးမှ ဓာတ်တော်ပေါင်းစုသည် နာဂဒီပကျွန်းရှိ လင်းလွန်းပင်စေတီတော်၌ ပေါင်းစုမည်။

၃။ ထိုမှတစ်ဆင့် ပွင့်တော်မူရာ မဟာဗောဓိမဏ္ဍိုင်သို့တစ်ပေါင်းတည်း၊ စုကုန်မည်။ ထိုမှတစ်ဆင့်–

၄။ မဟာဗောဓိမဏ္ဍိုင်၌ နိမ္မိတံဗုဒ္ဓရုပ်ပွားတော်ဖြစ်၍ ရောင်ခြည်တော်ခြောက်ပါးဖြင့် ပျံသန်းကွန့်မြူးကာ အထူးကြည်ညိုစံတော်မူမည်။ နောက်ဆုံး၌ နိမ္မိတရုပ်ပွားတော်မှ မီးလျှံမီးညွှန့်များ ထွက်ပေါ်လာပြီး ဓာတ်တော်တို့သည် အကြွင်းမရှိ လောင်ကျွမ်းကုန်လိမ့်မည်။ ထိုအချိန်သည် ဓာတုသာသနာကွယ်ချိန်တည်း။ ဓာတုသာသနာကွယ်လျှင် လောက၌သာသနာနှင့်ပတ်သက်၍ ညွှန်ပြစရာမရှိတော့၊ သာသနာတော်ကွယ်ပသောအချိန်ဖြစ်ရပေပြီ။

ဤတွင် ဗုဒ္ဓသာသနာတော်စတင်အခြေပြုထွန်းကားရာ အိန္ဒိယပြည်၌ ဗုဒ္ဓသာသနာတော်ပျောက်ကွယ်ရပုံသည် ဗုဒ္ဓသာသနာတော်ကိုလက်ခံယုံကြည်ကြသော နိုင်ငံတိုင်းသင်္ခန်းစာယူစရာဖြစ်ပါသည်။အိန္ဒိယနိုင်ငံသည် ဗုဒ္ဓသာသနာနှင့်အတူ ဟိန္ဒူဗြာဟ္မဏအယူဝါဒ၊ ဂျိန်းအယူဝါဒတို့လည်း အင်အားကောင်းလျက်ရှိသည်။ ဗုဒ္ဓမြတ်စွာသက်တော်ထင်ရှား ရှိနေချိန်တွင် ဗုဒ္ဓအယူဝါဒအပေါ်စင်ပြိုင်အယူဝါဒတို့သည် လွှမ်းမိုးနိုင်ခြင်း မရှိခဲ့ပါ။ ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်စံဝင်တော်မူပြီး ကာလနောက်ပိုင်းတွင် တောထွက်ရဟန်းကြီး သုဘဒ္ဒ၏ ''ဂေါတမဘုရားမရှိက ငါတို့ကြိုက်သလိုနေ၍ ထင်ရာလုပ်နိုင်ကြပြီ''ဆိုသည့် အယူအဆဆိုးကြီးပေါ်ပေါက်ခဲ့ပါသည်။အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ၊ အရှင်အနုရုဒ္ဓါအစရှိသော ရဟန္တာအရှင်မြတ်ကြီးများက သာသနာတော်၏နောင်ရေးအတွက် အမြော်အမြင်ကြီးစွာ သင်္ဂါယနာတင်ခြင်းအမှုကိုပြုခဲ့ပါသည်။ သင်္ဂါယနာဆိုသည်မှာ စုပေါင်းရွတ်ဆိုခြင်းဟု အဓိပ္ပါယ်ရပါသည်။ ဘုရားတရားများကို စုပေါင်းညှိနှိုင်း စီစဥ်တည်းဖြတ်၍ အများသဘောတူ အတည်ပြုခြင်းဖြစ်၍ ရဟန္တာမထေရ်ကြီးများပါဝင်သောသံဃာ့ အစည်းအဝေးကြီးက အတည်ပြု လက်ခံခြင်းကိုဆိုပါသည်။ရဟန္တာအရှင်သူမြတ်ကြီးများ ပရိနိဗ္ဗာန်စံလွန်တော်မူကြကုန်သောအခါ ကျန်ရဟန်းတော်များသည် အယူအဆဖောက်ပြန်မှု များပြားလာခဲ့ပါသည်။ အကျင့်သီလပျက်ယွင်းသော ရဟန်းများ များပြားလာ၍ အကျင့်ကောင်းမွန်သော ရဟန်းများ အဝေးရောက်ကုန်ရပါသည်။ ဤတွင်ဗြာဟ္မဏ၊ ဂျိန်း အစရှိသော အယူဝါဒတို့က အင်အားလျော့လာသော ဗုဒ္ဓအယူဝါဒနေရာတွင် အစားထိုးဝင်ရောက်လာပါသည်။ ထို့အပြင် တိုင်းပြည်အုပ်ချုပ်သော မင်းသည် ဗုဒ္ဓသာသနာတော်ကို ကိုးကွယ်ဆည်းကပ်သူမဟုတ်ပါက ဗုဒ္ဓသာသနာ၏အရောင်အဝါသည် ပိုမိုမှေးမှိန်ရပါသည်။မင်းအာဏာဖြင့် ဖိနှိပ်ကွပ်ညှပ်မှုကြောင့်ဖြစ်ပါသည်။ အာသောကမင်းကြီးနတ်ရွာစံလွန်တော်ပြီးနောက်ပိုင်းတွင် ဗြာဟ္မဏတို့ အာဏာရခဲ့ပါ

**ပရိယတ္တိသာသနာဟူသော**
**စာပေကျမ်းဂန်သည်သာ**
**ဘုရားသာသနာတည်ခြင်း**
**အဓိကအကြောင်းရင်းဖြစ်ပါသည်။**
**ပရိယတ္တိပညာရှိသော ပုဂ္ဂိုလ်သည်**
**ပဋိပတ္တိနှင့်ပဋိဝေဓနစ်ပါးကို**
**အလွယ်ဖြင့် ဖြည့်ကျင့်နိုင်၏။**
**ပရိယတ္တိသာသနာတည်မှ**
**သာသနာသုံးရပ်စလုံးတည်ပါသည်။**

သည်။ဗုဒ္ဓဘာသာဘုန်းကြီး၏ ခေါင်းတစ်လုံးကို ဖြတ်ယူဆက်သပါကဆုတော်ငွေ ပေးသနားတော်မူမည်''ဟု အမိန့်တော် ပြဌာန်းသည်အထိ နှိပ်ကွပ်မှု ပြင်းထန်ခဲ့ပါသည်။ သုင်္ဂမင်းလက်ထက်တွင် မဂဓတိုင်း၊ ကောသလတိုင်း အစရှိသော မဇ္ဈိမဒေသမှ ရဟန်းတော်များသည် တိုင်းစွန်ပြည်နားများသို့ ထွက်ပြေးတိမ်းရှောင်ရသည်အထိ ဖြစ်ခဲ့ရပါသည်။သာသနာနှစ်(၁၂၀၀)ကျော်တွင်လည်း အိန္ဒိယနိုင်ငံ ကေရပါပြည်မှ ရှံကရအမည်ရှိ ဗြာဟ္မဏပညာရှိတစ်ယောက်ထွက်ပေါ်ခဲ့ပါသည်။ သူသည် ဗုဒ္ဓသာသနာ ရဟန်းတော် ဒိန္နာဂဓမ္မကိတ္တိတို့ရေးသားသော တက္ကဗေဒကျမ်းကို တတ်ကျွမ်း၏။ တက္ကဗေဒနည်းဖြင့် စကားစစ်ထိုးရာတွင် လိမ္မာ၏။ ရှံကရသည် ကေရပါတမီလ်စသော အိန္ဒိယတောင်ပိုင်း ဘုရင်များကို ဗြာဟ္မဏ သာသနာဒါယကာခံစေ၏။ ထို့နောက် ရှံကရသည် သာသနာပိုင်ရဟန်းမင်းပြု၏။ ရှံကရသည် ရဟန်းမင်းဖြစ်လာသောအခါ ဗုဒ္ဓဘာသာရဟန်းများကို သူနှင့်အယူဝါဒယှဉ်ပြိုင်စေသည်။ ဗုဒ္ဓဘာသာရဟန်းများ ရှုံးနိမ့်ပါက ဗုဒ္ဓဘာသာကိုစွန့်၍ ဟိန္ဒူဘာသာသို့ ကူးပြောင်းရသည်။မကူးပြောင်းပါက ပွက်ပွက်ဆူနေအောင်တည်ထားသော ထောပတ်အိုးတွင် နှစ်စေသည်။ ထိုခေတ်အိန္ဒိယတောင်ပိုင်းရှိ ဗုဒ္ဓဘာသာရဟန်းများသည် ပရိယတ္တိဘက်တွင် အားနည်းကြသဖြင့် ရှံကရကို မယှဉ်နိုင်ဘဲအရှုံးပေးရသည်။ သာသနာနှစ်(၁၃၀၀)ခန့်မှစ၍ အိန္ဒိယပြည်တောင်ပိုင်းတွင် ဗုဒ္ဓသာသနာတော်လုံးဝကွယ်ခဲ့သည်။ သာသနာနှစ် (၁၇၀၀)သို့ရောက်သောအခါ အိန္ဒိယပြည်မြောက်ပိုင်းမှ တူရကီနွယ်ဝင် မဟာမေဒင်တို့ အင်အားကောင်းလာသည်။ ဗုဒ္ဓဘာသာဝင်တို့သည် တူရကီမြင်းစီး စစ်သားတို့၏အောက်တွင် ဒုက္ခတွေ့ ထောက်ခဲ့ရသည်။ ဂျိန်းဘာသာနှင့် ဟိန္ဒူဘာသာတို့မှာ တူရကီမြင်းများအောက်မှ ပြန်လည်အသက်ဆက်နိုင်ခဲ့သည်။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်သုံးပါးစလုံးတွင် အင်အားချည့်နဲ့ခဲ့သော ဗုဒ္ဓသာသနာတော် ရဟန်းများအတွက်မူ အိန္ဒိယပြည်တွင် အညွန့်မလူနိုင်တော့။ ဘာသာခြားတို့၏ လွှမ်းမိုးမှုအောက်တွင် ပျောက်ကွယ်ခဲ့သည်။ အိန္ဒိယပြည်တွင် ဗုဒ္ဓသာသနာတော်ကွယ်ရခြင်း အကြောင်းတရားများကို ဆန်းစစ်လျှင် အကြောင်း(၃)ချက်ကို တွေ့ရသည်။

၁။ ရဟန်းတော်များဘက်မှ အားနည်းချက်၊

၂။ ဟိန္ဒူဗြာဟ္မဏတို့၏ အတွင်းအပြင် တိုက်ခိုက်မှု၊

၃။ တူရကီအနွယ်တို့၏ တိုက်ခိုက်မှု ဟူ၍ဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံတွင်လည်း သရေခေတ္တရာပြည် ဗုဒ္ဓသာသနာတော်မှ ပုဂံခေတ်အရည်းကြီး သာသနာခေတ်သို့ သက်ဆင်းသွားမှု၊ ဟံသာဝတီခေတ်ဦး တိဿမင်းကြီး၏ ဗုဒ္ဓဘာသာကို နှိပ်ကွပ်မှု၊ အင်းဝခေတ် သိုဟန်ဘွား၏ ဘာသာရေး ညှဉ်းပန်းမှု၊ သံလျင်ကို ကျူးကျော်သူ ဒီဘရစ်တို့၏ ဗုဒ္ဓသာသနာတွင် ဗရင်ဂျီဘာသာ အတင်းအစားထိုးမှု၊ ကိုလိုနီခေတ် မြန်မာပြည်တွင် ဗုဒ္ဓဘာသာအရောင်အဝါ မှေးမှိန်၍ တိုင်းခြားဘာသာတို့ တောက်ပလာမှုတို့သည် ဗုဒ္ဓဘာသာဝင်တို့ ဆင်ခြင်နှလုံးသွင်း သင်ခန်းစာယူရမည့် အချက်များ ဖြစ်ပါသည်။ ထို့အတူ ဗုဒ္ဓမြတ်စွာပညတ်တော်မူရာ သိက္ခာပုဒ်ပေါင်း ကုဋေကိုးထောင်ကျော်ကို လက်ကိုင်ထားသည့် ရဟန်းတော်များသည် သာသနာတော် သုံးရပ်ထွန်းပြောင် လန်းဆန်းစေရန် သာသနာ့ပိသုကာ များဖြစ်ကြပေသည်။ ရဟန်းတော်များသည် ဗုဒ္ဓမြတ်စွာ၏ သားစစ် သားမှန်များ ဖြစ်ကြသည့်အားလျော်စွာ ဉာဏ်နည်းသူကို ဉာဏ်ပညာရှိလာစေရန်၊ အကျင့်ပျက်သူကို ကိုယ်ကျင့် သိက္ခာသီလ သမာဓိပြည့်ဝလာစေရန် ဆုံးမလမ်းညွှန်ခြင်းဖြင့် လူအများစုသည် တရားစောင့်လာမည်။ လူသားတို့ တရားစောင့်လာသောအခါ လူ့လောကသည် ချမ်းသာသုခနှင့် ပြည့်စုံလာမည်။ ဤသို့ဆိုလျှင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံဝင်တော်မူခါနီးတွင် သုဘဒ္ဒပရိဗိုဇ်၏ မေးမြန်းချက်ပြဿနာကို ရှင်းလင်းဖြေဆိုသော–

''သုဘဒ္ဒ၊ ဤရဟန်းတို့သည် ကောင်းစွာကျင့်ကြံနေထိုင်ကုန်ငြားအံ့၊လောကသည် ရဟန္တာတို့မှ ဆိတ်သုဉ်းလိမ့်မည်မဟုတ်''ဆိုသော ဗုဒ္ဓမြတ်စွာ မိန့်ကြားချက်နှင့်အညီ သာသနာတော်သည် နှစ်(၅၀၀၀)မက ကမ္ဘာတည်သရွေ့ မဆိတ်မသုဉ်း တည်စိမ့်မည်ဟု ယုံကြည်မိပါသည်။

■ ညောင်ခါးရှည်မှိုင်းဝေ



# ဧဟိဘိက္ခုဖြစ်လိုသော်

အရှင်ပါရမီ Ph.D.(Thesis)

‘ဧဟိ ဘိက္ခု’ဆိုတာ ပါဠိ စကားပါ။ ‘ရဟန်း၊ လာလော့’လို့ ဆိုလိုတာပါ။ ဘုရားရှင်က ‘ဧဟိ ဘိက္ခု’လို့ ခေါ်လိုက်တာနဲ့ အခေါ်ခံရတဲ့ ပုဂ္ဂိုလ်ဟာ ဆံ၊မုတ်ဆိတ်တို့ကို ပယ်ပြီး ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီးကဲ့သို့ ရဟန်းအသွင်ကို ချက်ချင်း ပြောင်းသွားတာပါ။ ဘုရားရှင်ရဲ့ သာသနာအစပိုင်းမှာ ဖြစ်တဲ့ ရဟန်းတွေဟာ‘ဧဟိဘိက္ခု’ရဟန်းတွေ ချည်းပါပဲ။ ဝိနည်းဒေသနာတော်နှင့် သုတ္တန်ဒေသနာတော်တို့မှာလာတဲ့ ‘ဧဟိ ဘိက္ခု’ ရဟန်းပေါင်း (၂၈၆၃)ပါးအထိရှိကြောင်း ပင် ကျမ်းဂန်တို့မှာ တွေ့ရပါတယ်။ အခြားသော ‘ဧဟိ ဘိက္ခု’ရဟန်းတို့လည်း အများအပြားရှိဦးမှာပါပဲ။ ဒီလိုနည်းမျိုးနဲ့ ရဟန်းဘဝရရှိသူတွေကို ‘ဧဟိဘိက္ခူပသမ္ပဒါ’လို့ ရဟန်းဘဝ ရောက်ရှိနည်း တစ်မျိုးအဖြစ်နဲ့ပင် သတ်မှတ်ထားတာပါ။ ဒါပေမယ့် ဒီလိုရရှိဖို့ဆိုတာ အကြောင်းမဲ့တော့ မဖြစ်နိုင်ပါဘူး။ ဘုရားရှင်က ရှေးကောင်းမှုအကြောင်း ဥပနိဿယနဲ့ ပြည့်စုံညီညွတ်သူကိုသာလျှင် ဒီနည်းနဲ့ ရဟန်းဘဝကို မြှင့်တင်ပေးလေ့ရှိပါတယ်။

ဘုရားရှင်လက်ထက်က ‘ဧဟိဘိက္ခု’အခေါ်မခံထိုက်တဲ့သူ ဗာဟိယဒါရုစီရိယကို သိပ်ထင်ရှားတဲ့ သာဓကတစ်ခုအနေနဲ့ ထုတ်ပြလို့ရပါတယ်။ ဗာဟိယတိုင်း၌ ဖွားသောကြောင့် ဗာဟိယလို့ခေါ်တာပါ။ နောက်ပိုင်းတော့ ပေါ့ပါးတဲ့သစ်သားပျဉ်ချပ်တွေကို ကြိုးနဲ့သီပြီးဝတ်ရုံအဖြစ် ဝတ်ဆင်သူဖြစ်လို့ ဒါရုစီရိယဆိုတဲ့ အမည်တစ်မျိုးထပ်တိုးပြီး ခေါ်လိုက်တာပါပဲ။ ခေါင်းပါးတဲ့အကျင့်ကို ကျင့်သည့်အနေနဲ့ အဲဒီလိုဝတ်ဆင်တာပေါ့။ သူ့ကိုယ်သူလည်း ရဟန္တာလို့ ထင်မှတ်နေပါတယ်။ထို အချိန်မှာပဲ ရှေးအတိတ်ဘဝက သူနှင့် တရားကျင့်ဘက် မိတ်ဆွေဗြဟ္မာတစ်ယောက်က ‘ဗာဟိယ၊ သင်ဟာ ရဟန္တာမဟုတ်ဘူး။ ရဟန္တာဖြစ်အောင် ကျင့်နေသူလည်း မဟုတ်ဘူး။ သင့်မှာ အဲဒီလိုတရားလည်း မရှိဘူး။ အခု သစ္စာလေးပါးသိတော်မူတဲ့

ဘုရားရှင် ပွင့်နေပြီ။ သာဝတ္ထိပြည်မှာ သီတင်းသုံးနေတယ်။ တရားတွေလည်း ဟောနေတယ်''လို့ လာရောက်သတိပေးတဲ့အခါမှာ သတိသံဝေဂရပြီး သုပ္ပါရကဆိပ်ကမ်းမှနေ ယူဇနာ တစ်ရာ့နှစ်ဆယ် ဝေးကွာသော သာဝတ္ထိပြည်သို့ တစ်ညဥ့်တည်းဖြင့် ရောက်အောင်သွားခဲ့တာပါ။ဒီလောက်ဝေးတဲ့ခရီးကို ဗြဟ္မာ၏အကူအညီ၊ ဘုရားရှင်၏အာနုဘော်ဖြင့် ရောက်တယ်လို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။ ဘုရားရှင်ဆွမ်းခံကြွနေခိုက်နှင့် ကြုံနေလို့ ဘုရားရှင်နဲ့ ချက်ချင်းတော့ မတွေ့ရဘူးပေါ့။ ဘုရားရှင်ကို ဖူးလိုဇောဖြင့် မောပန်းနွမ်းလျလျက် ဘုရားရှင်ပြန်ကြွအလာကို စောင့်ဆိုင်းနေရတယ်လေ။ဘုရားရှင်မြို့တွင်းဆွမ်းခံကြွနေတာကို လှမ်းမြင်လိုက်တဲ့အခါမှာ ပီတိငါးမျိုးတို့ လွှမ်းခြုံလျက် ထိခြင်းငါးပါးနဲ့အညီ ရှိခိုးပြီး 'ဘုရားရှင်၊ တပည့်တော်အား တရားဟောကြားပေးပါ။ တပည့်တော်၏ဘဝ ကောင်းကျိုးချမ်းသာအတွက် တရားဟောတော်မူပါဘုရား'လို့ လျှောက်ထားတောင်းပန်ရှာပါတယ်။ ပြီးတော့ 'အသက်အန္တရာယ်ဆိုတာ တွက်ဆလို့မရပါဘူး။ ဒါကြောင့် မဆိုင်းမင့် ဟောကြားပေးတော်မူပါ'တဲ့။ ဒါပေမယ့် ဘုရားရှင်က ဗာဟိယရဲ့ ဣန္ဒြေမရင့်ကျက်သေးတာကိုသိလို့ 'တရားဟောချိန်မဟုတ်သေးဘူး၊ ဆွမ်းခံချိန်'ဆိုပြီး နှစ်ကြိမ်တိတိ ပယ်မြစ်တော်မူခဲ့ပါတယ်။

နောက်ပိုင်းမှာတော့ ဗာဟိယဟာ တဖြည်းဖြည်းနဲ့ မောပန်းနွမ်းနယ်တာတွေ ငြိမ်းအေးပြီး ပီတိအဟုန်တို့လည်း လျော့ကျလာခဲ့တယ်။ ပြီးတော့ 'တတြမဇ္ဈတ္တုပေက္ခာ=အလယ်အလတ်ရှုနိုင်မှု'တို့လည်း ဖြစ်ပွားလာခဲ့တယ်။ သဒ္ဓါစတဲ့ ဣန္ဒြေတွေကလည်း ရင့်ကျက်လာခဲ့တယ်။သူ့အသက်အန္တရာယ်ကလည်း နီးကပ်နေပြီ။ ဒါကို ဘုရားရှင်ရဲ့ ဉာဏ်မျက်စိမှာ မြင်တော်မူလို့ တတိယအကြိမ်တောင်းပန်တဲ့အခါမှာတော့ ဆွမ်းခံကြွရာလမ်းမှာတွင်ရပ်လျက် ''မြင်အပ်တဲ့ရူပါရုံကို မြင်ကာမျှ၊ ကြားအပ်တဲ့ သဒ္ဒါရုံကို ကြားကာမျှ၊ တွေ့အပ်တဲ့ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံကို တွေ့ကာမျှ ရှုမှတ်ဖို့''အလုပ်ပေးတရားအကျဉ်းချုပ်ကို ဟောကြားတော်မူခဲ့ပါတယ်။ ထိုတရားအဆုံးမှာပင် ဗာဟိယဟာ အာသဝေါလေးပါးကင်းကွာ ရဟန္တာဖြစ်သွားခဲ့ပါတယ်။

ရဟန္တာဖြစ်ပြီးတဲ့အချိန်မှာ ဘုရားရှင်ထံ ရဟန်းပြုခွင့်တောင်းတာပေါ့။ ဘုရားရှင်က ဗာဟိယရဲ့ ရှေးအတိတ်ကို ပြန်ကြည့်တဲ့အခါမှာ သပိတ်၊ သင်္ကန်းစတဲ့ ပရိက္ခရာမလှူခဲ့ဖူးတာကို တွေ့လိုက်တော့ 'ချစ်သား ဗာဟိယ၊သင့်မှာ သပိတ်၊ သင်္ကန်းပြည့်စုံပြီလား''လို့ မေးတော်မူပါတယ်။ 'မပြည့်စုံသေးပါ' ဆိုတော့ သပိတ်၊ သင်္ကန်းရှာရန်မိန့်တော်မူပြီး သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဆက်ကြွသွားတော်မူခဲ့ပါတယ်။ ဒီလိုနဲ့ အမှိုက်ပုံတစ်ခုမှာ သင်္ကန်းချုပ်ရန် အဝတ်တစ်ခုကို ကောက်ယူနေစဉ်မှာ အတိတ်ရန်ငြိုးရှိခဲ့ဖူးတဲ့ ဘီလူးမက နွားမယောင်ဆောင် ဝှေ့လိုက်လို့ အဲဒီနေရာမှာပဲ ပရိနိဗ္ဗာန်စံတော်မူရရှာပါတယ်။

အလားတူဖြစ်ရပ်တစ်ခုမှာ ပက္ကုသာတိမင်းကြီးအကြောင်းပါပဲ။ ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည်မှ မင်းတစ်ပါးပါ။ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီးနှင့် ရင်းနှီးသော မိတ်ဆွေ မင်းတစ်ပါးဖြစ်ပါတယ်။ သို့သော်လည်း လူချင်းတော့ မတွေ့ဖူးကြပါ။ ကုန်သည်များမှတစ်ဆင့် လက်ဆောင်အပြန်အလှန်ပေးပို့ကြရင်း မိတ်ဆွေဖြစ်နေကြသူတွေပါ။ တစ်နေ့မှာ ပက္ကုသာတိမင်းကြီးက အဖိုးအနဂ္ဃထိုက်တန်တဲ့ ကမ္ဗလာထည်များကို ဗိမ္ဗိသာရမင်းကြီးထံ လက်ဆောင်ပေးလိုက်တော့ ဗိမ္ဗိသာရမင်းကြီးကလည်း ရွှေပေလွှာတွင် ဘုရား၊ တရား၊ သံဃာ၏ဂုဏ်ကျေးဇူးတော်တို့မှအစ အာနာပါနဿတိကမ္မဋ္ဌာန်းအထိ ရေးသားလျက် တန်ဖိုးမဖြတ်နိုင်သော လက်ဆောင်အဖြစ်ပြန်ပေးပို့ခဲ့ပါတယ်။

ပက္ကုသာတိမင်းကြီးဟာ ရတနာသုံးပါးဂုဏ်ကျေးဇူးတွေကို ဖတ်ရှုကြည်ညိုရင်း ပီတိသောမနဿတို့ ဖြစ်ပေါ်လျက် နောက်ဆုံးအာနာပါနဿတိခန်းကို ဖတ်လိုက်ရတဲ့အခါမှာ ရူပါဝစရဈာန်အထိပင်ရရှိသွားခဲ့ပါတယ်။ ဒါနဲ့ ဆံမုတ်ဆိတ်တို့ကိုပယ်၊ ဖန်ရည်စွမ်းသောအဝတ်တို့ကိုဝတ်၊ မြေသပိတ်ကိုရှာလျက် ဘုရားရှင်ကို ရည်မှန်းကာ ကိုယ်တိုင်ရဟန်းပြုခဲ့ပြီး၊ ယူဇနာခြောက်ဆယ်ဝေးတဲ့ သာဝတ္ထိပြည်သို့ တိုင်းသူပြည်သားတို့ တားဆီးနေကြသည့်ကြားထဲမှ တစ်ပါးတည်းထွက်ကြွတော်မူခဲ့ပါတယ်။ သွားရင်းဖြင့် သာဝတ္ထိပြည်ကို ကျော်သွားပြီး လေးဆယ့်ငါးယူဇနာဝေးကွာသော ရာဇဂြိုဟ်ပြည်သို့ နေဝင်ချိန်လောက်မှာ ရောက်ရှိသွားခဲ့ပါတယ်။ ဒါနဲ့အချိန်မမီတော့သဖြင့် အိုးထိန်းသည်ရဲ့ တဲကုပ်ကလေးတစ်ခုမှာ ခွင့်တောင်းဝင်

ရောက်နေခဲ့ပါတယ်။

ဘုရားရှင်ဟာ ဉာဏ်စက္ခုနဲ့ လောကကို ကြည့်ရှုလိုက်တော့ ပက္ကုသာတိရဲ့ အောက်ဖိုလ်သုံးပါးမှာ တည်မည့်အကြောင်းကို သိမြင်ရလို့ မွန်းလွဲပိုင်းမှာ မထင်ရှားသောရဟန်းတစ်ပါးအသွင်နဲ့ ပက္ကုသာတိရှိရာသို့ ခြေကျင်ကြွချီတော်မူခဲ့ပါတယ်။ တဲကုပ်သို့ရောက်တော့ ပက္ကုသာတိထံ ခွင့်တောင်းပြီး သာမန်ရဟန်းတစ်ပါးအသွင်ဖြင့်ပင် တစ်ညတည်းခိုခဲ့ပါတယ်။ ပက္ကုသာတိကတော့ ဘုရားရှင်မှန်း မသိပါဘူး။ ဘုရားရှင်က စတုတ္ထဈာန်ဖလသမာပတ်ကို ဝင်စားတော့ အရှင်ပက္ကုသာတိကလည်း အာနာပါနစတုတ္ထဈာန်ကို ဝင်စားပါတယ်။ ဒီလိုနဲ့ ည(၁၂)နာရီလောက်ရောက်တော့ ဘုရားရှင်က 'ရဟန်း၊ သင် ဘယ်သူ့ကိုရည်မှန်းပြီး ရဟန်းပြုခဲ့ပါသလဲ။ သင့်ဆရာ ဘယ်သူလဲ။ ဘယ်သူရဲ့ တရားကို လက်ခံပါသလဲ' လို့ မေးတော့ 'ဘုရားရှင်ကို ရည်မှန်းပြီး ရဟန်းပြုခဲ့ပါတယ်။ ဘုရားရှင်ဟာ တပည့်တော်ရဲ့ ဆရာပါ။ဘုရားရှင်ရဲ့ တရားကိုပဲ လက်ခံပါတယ်' တဲ့။

'ဒါဖြင့် ယခု ဘုရားရှင် ဘယ်မှာ သီတင်းသုံးနေပါသလဲ။သင် မြင်ဖူးပါသလား။ မြင်ရင်ရော မှတ်မိပါ့မလား'

'သာဝတ္ထိမှာ သီတင်းသုံးနေပါတယ်။ တစ်ခါမျှ မမြင်ဖူးပါ။ မြင်ရင်လည်း သိမှာမဟုတ်ပါ'

ဒါနဲ့ ဘုရားရှင်ကလည်း သူဘုရားရှင်ဖြစ်ကြောင်းမပြောဘဲ 'ငါ တရားဟောမယ်'ဆိုပြီး ဓာတုဝိဘင်္ဂသုတ်ကို ဟောကြားတော်မူပါတယ်။ ဒေသနာတော်ရဲ့အဆုံးမှာ အရှင်ပက္ကုသာတိဟာ အောက်ဖိုလ်သုံးပါးသို့ ဆိုက်ရောက်၍ အနာဂါမ်အရိယာ ဖြစ်ခဲ့ပါတယ်။ အနာဂါမ်ဖြစ်ပြီးတော့မှ ဘုရားရှင်မှန်း အတိအကျသိသွားပါတယ်။ ပြီးတော့ ရဟန်းပြုလိုကြောင်း ဘုရားရှင်ထံခွင့်တောင်းလို့ ဘုရားရှင်က သပိတ်၊သင်္ကန်းမပြည့်စုံသူကို ရဟန်းပြုမပေးကြောင်း မိန့်တော်မူတာနဲ့ သပိတ်သင်္ကန်းအရှာ ထွက်စဉ်မှာပဲ ရန်သူဖြစ်ဖူးတဲ့ ဘီလူးမတစ်ယောက်ရဲ့ နွားမယောင်ဆောင်ဝှေ့ခြင်းကို ခံရလို့ အဲဒီမှာသေဆုံးပြီး အဝိဟာဗြဟ္မာ့ပြည်မှာ ရောက်သွားတယ်။အဝိဟာဗြဟ္မာ့ပြည်ရောက်တော့ မကြာမီမှာပဲ အရဟတ္တဖိုလ်ပေါက် ဗြဟ္မာကြီးဖြစ်သွားပါတယ်။

ဒီဝတ္ထုနှစ်ခုကိုကြည့်ရင် ဘုရားရှင်က 'ဧဟိ ဘိက္ခု'အခေါ်ခံရမယ့် အရည်အချင်းနဲ့ မပြည့်စုံလို့ 'ဧဟိ ဘိက္ခု'ရဟန်းပြုမပေးတာကို တွေ့ရပါတယ်။ဗာဟိယဟာ ရဟန္တာဖြစ်သွားပေမယ့် အတိတ်ဘဝက သပိတ်၊ သင်္ကန်း မလှူခဲ့ဖူးပေ။ ကဿပဘုရားရှင် သာသနာနောက်ပိုင်းကာလက သူဟာ အနှစ်နှစ်သောင်းတိုင်တိုင် ရဟန်းတရားကို ကြိုးစားအားထုတ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် အလှူဒါနပြုလုပ်ရန်မလိုဆိုပြီး အယူသီးခဲ့မိလို့ သပိတ်၊ သင်္ကန်းမလှူဖြစ်ခဲ့ပါဘူး။ ဒါကြောင့် 'ဧဟိ ဘက္ခု'ရဟန်းဘဝနဲ့ အလှမ်းဝေးခဲ့ရတာပါ။ ပက္ကုသာတိမှာတော့ အခြားအင်္ဂါများ ပြည့်စုံသော်လည်း 'ကျွတ်တမ်းဝင်ရမည့် ပစ္ဆိမဘဝိကပုဂ္ဂိုလ်ဖြစ်ခြင်း'ဆိုတဲ့ အင်္ဂါချို့ယွင်းနေတဲ့အတွက် 'ဧဟိ ဘိက္ခု'ရဟန်းဘဝနဲ့ လွဲခဲ့ရတာပါပဲ။

'ဧဟိ ဘိက္ခု'ဖြစ်ခြင်းရဲ့ အကြောင်းအင်္ဂါတို့ကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် –

၁။ အတိတ်ဘဝက သောတာပန်စသော အရိယာပုဂ္ဂိုလ်သို့မဟုတ် သီလနှင့်ပြည့်စုံသော ပုထုဇဉ် ပုဂ္ဂိုလ်အား သင်္ကန်းစသော ပရိက္ခရာ ရှစ်ပါးကိုဖြစ်စေ၊ သပိတ်သင်္ကန်းကိုဖြစ်စေ ပေးလှူခဲ့ဖူးခြင်း။

၂။ ပေးလှူစဉ်မှာလည်း 'ဤ ပရိက္ခရာအလှူဒါနသည် နောင်အခါ၌ ဧဟိဘိက္ခုဖြစ်ရခြင်း၏ အားကြီးသော အကြောင်းအထောက်အပံ့ဖြစ်ပါစေသတည်း။ (ဣမံ ပရိက္ခာရဒါနံ အနာဂတေ ဧဟိဘိက္ခုဘာဝါယ ပစ္စယော ဟောတု။)''ဟု ဆုတောင်းခဲ့ဖူးခြင်း။

၃။ လက်ရှိဘဝ၌ပင် ကျွတ်တမ်းဝင်မည့် ပစ္ဆိမဘဝိကပုဂ္ဂိုလ်ဖြစ်ခြင်းဆိုတဲ့ အင်္ဂါသုံးရပ်နဲ့ ပြည့်စုံရန်လိုအပ်ပါတယ်။

ဒါကြောင့် ဘုရားရှင်ရဲ့ သာသနာမှာ 'ဧဟိ ဘိက္ခု'အဖြစ်နဲ့ ရဟန်းဘဝကို ရရှိခဲ့ကြတဲ့ ပဉ္စဝဂ္ဂီငါးဦးမှအစ များလှစွာသော'ဧဟိဘိက္ခု' ရဟန်းတို့မှာ ရှေးဆုတောင်းအကြောင်း ဥပနိဿယအပြင် ယခုလက်ရှိဘဝမှာပင် ကျွတ်တမ်းဝင်မည့်ပုဂ္ဂိုလ်များဖြစ်၍သာ မြင့်မြတ်သော 'ဧဟိ ဘိက္ခု'ရဟန်းဘဝကို ရရှိခဲ့ကြခြင်းဖြစ်ပါတယ်။ ဒါကြောင့်ပင် 'ဧဟိ ဘိက္ခု'ရဟန်းဘဝကို ရရှိလိုသူများအနေနဲ့ သင်္ကန်းလည်းလှူ၊ဆုလည်းတောင်း အကြောင်းဥပနိဿယခိုင်လုံသော အထုံပါရမီရရှိအောင် တရားကိုလည်း တတ်စွမ်းသလောက် ကျင့်ကြံကြိုးစား အားထုတ်သင့်ပါကြောင်း။

အရှင်ပါရမီ **Ph.D.(Thesis)**



# တောင်ကမ်ပါးယံက စာကျက်သံ

ကျော်နန္ဒအောင်



(၁)

သာသနာတော် ထွန်းကား စည်ပင်နေသည့် သီဟိုဠ်ခေတ်တွင်ဖြစ်သည်။

စိမ်းစိုညို့မှိုင်းနေသည့် တောအုပ်ကြီးတစ်အုပ်။ အပင်ကြီးတွေက အစီအရီပေါက်နေကြသည်။ အပင်နိမ့်နိမ့်များရှိသလို မြင့်မားမတ်စောက်သည့် အပင်ကြီးတွေလည်း ရှိသည်။ အချို့အပင်များက ထိုးထိုးထောင်၊အချို့အပင်များက အကိုင်းအလက်ဝေဝေဆာဆာဖြင့် ဝိုင်းဝိုင်းပုပုဖြစ်သည်။ တောင်ခြေရင်းတွင် ပေါက်နေသည့်သစ်ပင်ကြီးများမှာ မြင့်မားသလောက် တောင်ကမ်းပါးယံအချို့တွင် ပေါက်နေကြသည့် အပင်များမှာ ခပ်နိမ့်နိမ့်အုံ့ဆိုင်းဆိုင်းဖြစ်သည်။ အချို့မှာ အစိမ်းရင့်ရောင် အမှောင်ဘက်သို့ သန်းနေသည်။ နေရောင်ခြည်များများ ထိတွေ့ခံရသည့် အပင်များကမူ စိမ်းဖန့်ဖန့်အရောင်ဖြစ်နေသည်။ အစိမ်းရောင်တစ်ဝက် မြတစ်ဝက် ရောယှက်နေကြသည်။

တောင်တန်းများကြားတွင် မြူခြေများဆိုင်းနေကြသည်။ ရာသီဥတုက တောရိပ်တောင်ရိပ်ကြောင့် အမြဲအေးမြမြဖြစ်နေသည်။ ကျေးငှက်သာရကာတို့၏ အသံများသည် ဤတော၊ ဤတောင်၏အလှသဘာဝကို ပံ့ပိုးပေးနေသည်။ တစ်ပင်နှင့်တစ်ပင် ကူးယှက်၍ ကျေးငှက်များ လွတ်လပ်စွာ ပျော်ရွှင်နေကြသည်။ ရှားပါးလှသည့် သစ်ခွပန်း၊ သဇင်ပန်းတို့၏ ရနံ့မှာ သင်းပျံ့ပျံ့။

မှိုင်းညို့ညို့တောင်တန်းကြီး၏ဘေးတွင် သက်ငယ်မိုးထားသည့် ကျောင်းသင်္ခမ်းတစ်ဆောင်ရှိနေသည်။ ထိုကျောင်းဆောင်နှင့် မလှမ်းမကမ်းတောင်ကမ်းပါးယံတွင် တစ်ပါးနေ သက်ငယ်မိုးကျောင်းလေးသုံးကျောင်းရှိသည်။ ဤမြင်ကွင်းသည်ပင် ကြည်နူးဖွယ်ရာပန်းချီကားတစ်ချပ်လို ဖြစ်နေတော့သည်။ ဤအဆောက်အအုံများကိုကြည့်ခြင်းအားဖြင့် သူတော်ကောင်းတို့ ပျော်မွေ့ရာတောရကျောင်းသင်္ခမ်းလေးများ ဖြစ်ကြောင်းသိနိုင်သည်။ တောရကျောင်းအင်္ဂါရပ်နှင့်အညီ တည်ထောင်ထားခြင်းလည်း ဖြစ်နိုင်သည်။ထိုကျောင်းဆောင်၏အမည်သည် ဂါမေဏ္ဍဝါလကျောင်းဟူ၍ ဖြစ်သည်။ ထိုကျောင်းတွင် စူဠပိဏ္ဍပါတိကတိဿမထေရ်မြတ်ကြီး သီတင်းသုံးတော်မူသည်။ မထေရ်ကြီးသည် ရဟန်းကိစ္စပြီးမြောက်နေသည့် ရဟန္တာအရှင်မြတ်ကြီးတစ်ပါးဖြစ်သည်။ ကျောင်းတွင် တပည့်ကိုရင်သာမဏေလေးများ ရှိကြသည်။ ရဟန္တာမထေရ်မြတ်ကြီးဖြစ်သော်လည်း တပည့်ကိုရင်လေးများကို ထိုက်သင့်သည့် စာဝါများပို့ချပေးသည်။

အရုဏ်ဆွမ်းကို ယာဂုစသည်ဖြင့်သာ ဆွမ်းကိစ္စကို ပြီးမြောက်စေသည်။ ထို့နောက် အရုဏ်တွင် စုပေါင်း၍ ဘုရားဝတ်တက်ကြသည်။အရုဏ်ဆွမ်းအပြီး စာတစ်ဝါပို့ချသေးသည်။ နေ့ဆွမ်းကိစ္စအတွက် တောင်ခြေနှင့် မလှမ်းမကမ်းရှိ ရွာကြီးသို့ ကိုရင်များ ဆွမ်းခံကြွကြသည်။ ထိုရွာကြီး၏အမည်သည် ရောဟဏဇနပုဒ်ရွာကြီးဖြစ်သည်။ ဂါမေဏ္ဍဝါလကျောင်းမှ ရဟန်းတော်များသည် ထိုရောဟဏဇနပိုဒ်ရွာကြီးကို ဂေါစရဂါမ်ပြု၍ ဆွမ်းခံကြွတော်မူကြရသည်။ တောရကျောင်းဖြစ်သဖြင့် ဒကာ၊ ဒကာမများ အရောက်အပေါက်နည်းသည်။ ထိုကျောင်းကြီး၏ နောက်ဘက်တွင် အလွန်နက်ရှိုင်းသောတောအုပ်နှင့် တောင်တန်းကြီးရှိသည်။ သမင်၊ ဒရယ်၊ ချေငယ်စိုင်၊ ဆတ်တို့ လွန်စွာပေါများသည်။ တောလိုက်မုဆိုးများအတွက် အကွက်ကောင်းဖြစ်သည်။ ကျောင်းအနီးပတ်ဝန်းကျင်ရှိ တိရစ္ဆာန်လေးများသည် သူတော်ကောင်းတို့နှင့် နီးစပ်သဖြင့် အလွန်ယဉ်ပါးသည်။ တောနက်ထဲတွင် ကျက်စားကြသည့် သားကောင်များအဖို့မူ မည်သို့ရှိမည်ကို မခန့်မှန်းနိုင်။ သို့သော် တိဿမထေရ်မြတ်ကြီး၏ မေတ္တာဓာတ်အဟုန်ကြောင့် ချမ်းသာရာရကြမည်တော့ အမှန်ဖြစ်သည်။ ဂါမေဏ္ဍဝါလကျောင်းသည် ရောဟဏဇနပုဒ်ရွာနှင့် တောတောင်တို့ကို စည်းခြားပေးထားသည့် ကျောင်းကြီးဖြစ်နေသည်။

နေ့ဆွမ်းစားပြီး ခေတ္တအနားပေးလိုက်သည်။ ထို့နောက် နေ့လယ်တွင် မထေရ်ကြီးက စာဝါတစ်ဝါထပ်၍ ပို့ချတော်မူပြန်သည်။ ညနေဘက်ဘုရားဝတ်တက်ပြီးသည်နှင့် စာတစ်ဝါကို ထပ်မံပို့ချပြန်သေးသည်။ရဟန္တာမထေရ်မြတ်ကြီးသည် ဘုရားရှင်၏ ဂန္ထဓုရ–ဝိပဿနာဓုရတည်းဟူသော ဓုရနှစ်ဖြာကို ဂါမေဏ္ဍဝါလကျောင်းကြီးတွင် အသက်ထက်ဆုံး ထမ်းဆောင်နေသည့် အရှင်မြတ်ကြီးဖြစ်ပါပေသည်။

(၂)

ရောဟဏဇနပုဒ်တွင် မုဆိုးအတတ်ဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုကာ နေထိုင်သည့် သူတစ်ဦးရှိသည်။ သူ၏အမည်သည် မိလက္ခဖြစ်သည်။ သူ့တွင် ဇနီးတစ်ဦးရှိသည်။ ဇနီးသည်သည် သူ့ခင်ပွန်း ဤသို့ မုဆိုးဘဝဖြင့် အသက်မွေးဝမ်းကျောင်းနေသည်ကို မနှစ်မြို့။ သို့သော်

**အာဟာရကိုလျှော့စားခြင်း (လေးငါးလုတ်စာလျှော့၍စားခြင်း)၊ ဣရိယာပုတ်ပြောင်းလဲခြင်း၊ အလင်းရောင်ကို နှလုံးသွင်းပေးခြင်း၊ လွင်ပြင်မှာနေခြင်း၊ ထိနမိဒ္ဓနိုင်နင်းပြီးသော ကလျာဏမိတ္တနှင့်နေခြင်း၊ ဝီရိယအားပေးသည့် ခုတင်နှင့်စပ်သောစကားများကိုသာ ပြောဆိုခြင်း၊ စကြံလျှောက်ခြင်း စသည်တို့ကို စွမ်းသမျှဆောင် တော်မူပေသည်။**

မိလက္ခကို မှီခိုစားသောက်နေရသဖြင့် မပြောသာ။တစ်ခါ တစ်ရံ ဖနီးခင်ပွန်းစကားပြောခွင့်ရသောအခါတွင် ယောက်ျားဖြစ်သူကို အခြားအလုပ်ပြောင်း၍ လုပ်ဖို့ဖျောင်းဖျရှာသည်။ ကုသိုလ်ကံ၊ အကုသိုလ်ကံ၏အကြောင်းကို သူနားလည်သလောက် ပြောပြရှာသည်။ နောက်ဆုံးတွင် စကား ကတောက်ကဆများ၍ ပြီးသွားခဲ့ရသည်။ ယောက်ျားဆိုတော့လည်း မပြောသာ။ မိလက္ခရှာဖွေသမျှ သားကောင်များကို နေအိမ်မှစီမံပေးနေရရှာသည်။ မိလက္ခမုဆိုးသည် မုဆိုးအလုပ်ကို ပျော်ပိုက်နှစ်ခြိုက်နေရှာသည်။

မိလက္ခ၏မုဆိုးလုပ်သက်သည် နှစ်ပေါင်းငါးဆယ် ကျော်ခဲ့ပြီဖြစ်သည်။ နေ့စဉ်သားကောင်များကို ဂါမေဏ္ဍဝါလကျောင်းကြီးနောက်ဘက်ရှိ တောနက်ထဲတွင် ရှာဖွေဖမ်းဆီးသည်။ သူ့တွင် သားကောင်ထောင်၍ဖမ်းသည့် ဘိက တစ်ရာရှိသည်။ ညွတ်ကွင်းပေါင်း တစ်ရာရှိသည်။ သားကောင်များ ကျော့ကွင်းတွင် မိပါက လှို၍ထမ်းရန် အတွက် တံကျင်တစ်ရာတို့ကို အသင့်ထားရှိသည်။အစားကလည်း ကြူးသေးသည်။ သူထောင်ထားသည့် ညွတ်ကွင်းတစ်ရာနှင့် ဘိတစ်ရာတို့တွင် မိနေသည့်သားကောင်များကို နေ့စဉ်လိုက်လံဖမ်းဆီးသည်။ နေအိမ်မှအသင့် ယူဆောင်လာသည့် မီးနှင့်ပင်တစ်ခါတစ်ရံ တောထဲတွင် မီးဖုတ်၍၊ ကင်၍ ဆားဖြူးကာ စားတတ်သည်။ သူ့တွင် အချိန်မရွေးသားကောင်များကို ခုတ်ထစ်စားသောက်နိုင်ရန်အတွက် မီး၊ ဓား၊ ဆားတို့ကို ကိုယ်တွင်ဆောင်ယူတတ်မြဲဖြစ်သည်။

တစ်နေ့တွင် မိလက္ခမုဆိုးသည် ဆာလောင်လွန်းလှသဖြင့် ကျော့ကွင်းတွင် အသင့်မိနေသည့် သမင်တစ်ကောင်ကို မီးဖို၍ချက်ပြုတ်စားသောက်သည်။ သူ့တွင်ပါလာသည့် သောက်သုံးရေမှာ ကုန်သွားသည်။ ရေဆာလောင်လွန်းလှသဖြင့် ရေအရှာထွက်သည်။ ရေရှာရင်း ရဟန္တာမထေရ်မြတ်ကြီးနှင့် တပည့်စာသင်သားများ သီတင်းသုံးသည့် ဂါမေဏ္ဍဝါလကျောင်းကြီးအတွင်းသို့ သူရောက်ရှိသွားခဲ့သည်။ ကျောင်းဝင်းသည် သန့်ရှင်းသပ်ရပ်လှသည်။ သစ်ပင်များအုံ့ဆိုင်းနေသော်လည်း မြေပြင်တွင် သစ်ရွက်တစ်ရွက်မျှ မရှိ။ အရှင်မြတ်များလှည်းကျင်းထားခြင်းဖြစ်သည်။ တဲကျောင်းကြီးအတက်အဆင်းနားတွင် သောက်ရေအိုးများ စီထားသည်ကို မိလက္ခတွေ့သွားသည်။ စုစုပေါင်း သောက်ရေအိုးက ဆယ်လုံးဖြစ်သည်။ မိလက္ခဝမ်းသာအားရဖြင့် သောက်ရေအိုးကိုလှန်၍ ရေခပ်သောက်သည်။

သောက်ရေအိုးတစ်အိုးပြီးတစ်အိုး ခပ်၍သောက်သော်လည်း ရေတစ်ခွက်မျှမရှိ။ ရေဆာဆာနှင့် မိလက္ခမုဆိုးဒေါသဖြစ်သွားသည်။ ရေများ သောက်ရေအိုးတွင် ရှိပါလျက် မိမိအကုသိုလ်ကြောင့် ရေမသောက်ရသည့် အဖြစ်ကို မိလက္ခမုဆိုး မသိရှာ။ ဒေါသထွက်ထွက်နှင့် ကျောင်းတွင်းရှိ ရဟန်းတော်များကို အပြစ်ပြောမိရှာသည်။ ဒီလိုရဟန်းတွေနေတဲ့နေရာမျိုးမှာ ခရီးသွားဆာလောင်မွတ်သိပ်သူတွေ အဆာပြေသောက်ဖို့ ရေလေးတစ်စက်တောင်မျှမရှိ၊ခပ်ထည့်ထားရကောင်းမှန်း မသိကြပါလား။ တော်တော်ပျင်းကြပါလား။ ဒကာ၊ ဒကာမတွေ လှူတာကိုစားပြီး အိပ်နေကြတဲ့ ရဟန်းတွေလို့ ကြိမ်းဝါးမြည်တွန်လိုက်သည်။

မိလက္ခမုဆိုး၏ အသံကိုကြားသဖြင့် ကျောင်းတွင်းမှ စူဠပိဏ္ဍပါတိကတိဿရဟန္တာမထေရ်မြတ်ကြီး ထွက်လာသည်။ ရေအိုးအားလုံးကို ကြည့်လိုက်ရာ ရေ

များ အပြည့်ရှိနေကြောင်း တွေ့ရသည်။ ထိုမုဆိုးသည် အကုသိုလ်များလွန်းသဖြင့် လူစင်စစ်က ပြိတ္တာဖြစ်နေသူ ပေပဲဟု သိတော်မူလိုက်သည်။ ''ဒကာ၊ ရေဆာလျှင် ရေ့ သောက်ပေရော့''ဟု ရေမှုတ်ဖြင့် ကိုယ်တိုင်ခပ်၍ မိလက္ခမုဆိုးလက်ခုပ်ထဲသို့ ရေထည့်ပေးလိုက်သည်။ သို့သော် ရေတို့သည် မုဆိုး၏လက်ခုပ်တွင်းသို့ရောက်သော အခါ အားလုံးခန်းခြောက်သွားသည်။ ဤသို့ဖြင့် ရေအိုး ဆယ်လုံးအတွင်းမှရေများ ကုန်သွားသည်။ မိလက္ခမုဆိုး သည် မထေရ်ကြီးရေခပ်ပေး၍ ကိုယ်တိုင်ရေမှုတ်ဖြင့် သူ့လက်တွင်းသို့ လောင်းထည့်ပေးသည်ကို သူကိုယ်တိုင် မြင်သည်။ သို့သော် သူ့လက်တွင်းရောက်မှ ရေများ ပျောက်ကုန်သည်ကိုလည်း သူကိုယ်တိုင်မြင်တွေ့သွားခဲ့ သည်။

ထိုအခါ မထေရ်ကြီးက ''ဒကာ၊ သင်လုပ်ထား တဲ့ အကုသိုလ်တွေဟာ ကြက်သီးထလောက်အောင် ကြောက်စရာကောင်းလှချေလား။ ယခုပဲ သင်ဟာပြိတ္တာ ဖြစ်နေရှာပြီ။နောက်တမလွန်ဘဝကစပြီး တစ်သံသရာလုံး ခံရမယ့် ဒုက္ခတွေဘယ်လောက်များ ကြောက်စရာကောင်း လိုက်မလဲ၊ သင့်ဟာသင်သာ စဉ်းစားကြည့်ပေတော့''ဟု မိန့်တော်မူသည်။

မထေရ်မြတ်၏စကားကို ကြား၍ မိလက္ခမုဆိုး လွန်စွာတုန်လှုပ်ထိတ်လန့်သွားခဲ့ရရှာသည်။ မထေရ်မြတ် အား ဦးချ၍ တောထဲသို့ ဝင်သည်။ ထောင်ထားသည့် ညွှတ်ကင်းနှင့် ဘိတ်တို့ကို အားလုံးဖြုတ်သည်။ မိနေသည့် သားကောင်များကို ပြန်၍လွှတ်သည်။ သူ့တွင်ပါလာသည့် ဓားလက်နက်ကအစ ကျော့ကွင်းများကိုပါ မီးပုံရှို့လိုက် သည်။ ဒီဘဝမှာ ဒီလုပ်ငန်းနဲ့ ငါ့ဘဝဟာ နောက်ဆုံးဖြစ် ပါစေတော့ဟု စိတ်ကို ဆုံးဖြတ်လိုက်သည်။ ထို့နောက် ကျောင်းဝင်းအတွင်းသို့ ပြန်၍ဝင်သည်။ကျောင်းပေါ်တက်၍ မထေရ်မြတ်ကြီးကို ဦးချသည်။

''တပည့်တော်ကို ရဟန်းဝတ်ခွင့်ပြုပါဘုရား'' ဟူ၍ ခွင့်တောင်းရှာသည်။

''ဒကာ၊ ရှင်ရဟန်းဘဝဆိုတာ လွန်စွာခက်ခဲ ပါတယ်။ အသက်ကြီးမှ သင်ဘယ်လိုလုပ်ပြီး ရှင်ရဟန်း ပြုနိုင်ပါ့မလဲ''

''အရှင်မြတ်ဘုရား၊ ယခုမျက်မှောက်ဘဝမှာပင် တပည့်တော် မျက်မြင်ကိုယ်တွေ့ အကုသိုလ်အကျိုးကြီးကို မြင်တွေ့နေရပါပြီ ဘုရား။ ရှင်ရဟန်းမပြုလို့တော့ မဖြစ် ပါဘုရား။ ဒါကြောင့် တပည့်တော်ကို သနားသောအား ဖြင့် ရှင်ရဟန်းပြုပေးတော်မူပါဘုရား'' မိလက္ခမုဆိုးကြီး ဝမ်းပန်းတနည်းဖြင့် ရှင်ရဟန်းပြုပေးဖို့ အရှင်မြတ်ကြီးထံ ခွင့်ပန်ရှာသည်။

မထေရ်မြတ်ကြီးလည်း မုဆိုးမိလက္ခကိုသနား သဖြင့် ''ကေသာ လောမာ နခါ ဒန္တာ တစော''ဟူသည့် တစပဉ္စက ကမ္မဋ္ဌာန်းပေး၍ ရှင်ရဟန်းပြုပေးလိုက်ရှာ သည်။ ဘွဲ့ကိုလည်း မိလက္ခမထေရ်ဟူ၍ ပေးလိုက်သည်။ မုဆိုးကြီးတစ်ဖြစ်လဲ မိလက္ခမထေရ်သည် ဝတ်ကြီးဝတ် ငယ်တို့ကိုပြုသည်။ ဗုဒ္ဓဝေယျာဝစ္စတို့ကို ဆောင်ရွက်ရှာ သည်။ စိတ်ပါလက်ပါဖြင့် ဗုဒ္ဓစာပေများကိုလည်း ဉာဏ် မီသမျှ သင်ယူနာကြားခဲ့လေသည်။

နောက်ဆုံးတွင် မထေရ်မြတ်ကြီးထံခွင့်ပန်၍ အသက်ကြီးမှ ပရိယတ္တိစာသင်ခြင်းကို ရပ်နားခွင့်ပြုပါရန် နှင့် ဝေယျာဝစ္စဝတ်ကြီးဝတ်ငယ်ကိစ္စတို့ကိုလည်း နားခွင့် ပေးပါရန် လျှောက်ထားသည်။ ကမ္မဋ္ဌာန်းတရားကိုသာ အားသွန်ခွန်စိုက် ရှုမှတ်ပါရစေဟူ၍ တောင်းပန်သည်။ မထေရ်မြတ်ကြီးကလည်း ခွင့်ပြုတော်မူခဲ့သည်။ သို့သော်–

မိလက္ခမထေရ် ကမ္မဋ္ဌာန်း အားထုတ်သောအခါ မုဆိုးဘဝကပြုခဲ့သည့် သားသမင်၊ ဝက်၊ ကြက်၊ ငှက် စသည်တို့ကို သတ်ဖြတ်ခဲ့သည့် အာရုံနိမိတ်များ ထင်လာ ခဲ့လေသည်။ သူ့ခမျာရှုမှတ်၍ မရတော့ပြီ။ ထိုအခါ မိလက္ခမထေရ် စိတ်ဓာတ်ကျရှာသည်။ ရဟန်းဘဝနဲ့ နေလို့အကျိုးရှိမှာမဟုတ်။ မထူးတော့ပြီ၊ လူ့ဘဝသို့ ပြန်သွားတာကောင်းမည်ဟု ဆုံးဖြတ်ချက်ချရှာသည်။ ဥပဇ္ဈာယ်ဆရာဖြစ်သည့် မထေရ်မြတ်ကြီးထံ လူထွက်ခွင့် ပေးပါရန် တောင်းပန်လျှောက်ထားသည်။

မိလက္ခမထေရ်၏ ဘဝရှေ့ရေးကို မြင်တော်မူ သည့် မထေရ်မြတ်ကြီးက လူထွက်ခွင့်မပေးခဲ့ချေ။ မိလက္ခမထေရ်ကို ဒေဝဒူတသုတ်တော်ကို ဟောကြား ဆုံးမတော်မူသည်။

''ငါ့ရှင် မိလက္ခ၊ အလွန်တန်ဖိုးရှိတဲ့ လူ့ဘဝကို ရပါလျက် ကုသိုလ်ကောင်းမှု၌ မေ့လျော့ပြီး ကာယကံ၊ ဝစီကံ၊ မနောကံတို့နှင့် မကောင်းမှုတွေ ပြုကြလို့ ငရဲဘုံ သို့ လားရောက်ကြရတယ်။ ငရဲရောက်ပြန်တော့လည်း ငရဲထိန်းတွေက ဆွဲခေါ်ပြီး ယမမင်းထံမှာ အစစ်ခံကြရ တယ်။ နောက်ဆုံးမှာတော့ အမျိုးမျိုးညှဉ်းဆဲခံရပြီး အလျှံ

တစ်ပြောင်ပြောင် တောက်လောင်တဲ့ ငရဲအိုးထဲပစ်ချခံကြရတယ်၊ အဲဒါ ဒေဝဒူတသုတ်တော်ရဲ့ အနှစ်ချုပ်ပဲ''

''ဆရာတော် အရှင်မြတ်ဘုရား၊ ဒီလောက်ဆင်းရဲဒုက္ခတွေခံရပြီးတဲ့နောက်မှာလည်း အဝီစိငရဲအိုးထဲကို ပစ်ချခံရတယ်ဆိုတော့ အပါယ်ငရဲဘေးကြီးဟာ အင်မတန်မှ ကြောက်လန့်ဖွယ်ကောင်းလှပါတယ်ဘုရား''

''ဟုတ်ပေတယ် ဒါ့ရှင်၊ သင်လူထွက်ရင်လည်း အဲဒီ မဟာအဝီစိငရဲမှာ ခံရပေလိမ့်ဦးမယ်''

''အဲဒီ ငရဲဘုံကို ကြည့်လို့ မရဘူးလားဘုရား''

''မရနိုင်ဘူး ဒါ့ရှင်၊ ဒါပေမယ့် ငရဲကိုမြင်သလို လုပ်လို့ရတဲ့ အကြောင်းတစ်ခုတော့ရှိတယ်။ ဒါ့ရှင်ကို ဥပမာသက်သေတစ်ခုနဲ့ ပြလိုက်ပါဦးမယ်''

အရှင်တိဿရဟန္တာမထေရ်မြတ်ကြီးသည် သာမဏေများ ခေါ်ယူ၍ ကျောက်ဖျာကြီးတစ်ချပ်ပေါ်တွင် ထင်းအစိုများကို အပုံခိုင်းလိုက်လေသည်။ သာမန်မီးဖြင့် တိုက်သော်လည်း သစ်ရွက်သစ်ကိုင်းတို့မှာ စိုနေသဖြင့် မီးမလောင်နိုင်ဘဲ ရှိကြကုန်သည်။ ထိုအခါ မထေရ်မြတ်ကြီးသည် တန်ခိုးတော်ဖြင့် မဟာအဝီစိငရဲမှ ငရဲမီးပွားပိုးစုန်းကြူးခန့်ကို ဆောင်ယူတော်မူလိုက်သည်။ မိလက္ခ အရှင်ကြည့်လော့ဟူ၍ ထိုငရဲမီးပွားနှင့် ရှို့လိုက်ရာ ထင်းပုံအစိုကြီးတစ်ခုလုံး ရှဲခနဲပြာအတိကျသွားသည်ကို မိလက္ခမထေရ် မျက်ဝါးထင်ထင် တွေ့မြင်သွားရလေသည်။

''တပည့်တော်တစ်ခုမေးလျှောက်ပါရစေဘုရား၊ မြတ်စွာဘုရားရှင်ရဲ့ သာသနာဟာ ဝဋ်ဆင်းရဲကထွက်မြောက်စေနိုင်တယ်ဆိုတာ အမှန်ပဲလား ဘုရား''

''မှန်တယ်ဒါ့ရှင်''

''ဒါဖြင့်ရင် ဒီဝဋ်ဆင်းရဲက လွတ်အောင်တပည့်တော် ကြိုးစားပါမယ်ဘုရား။ ဘုရားရှင်သာသနာမှာ ရဟန်းတော်တို့ လုပ်စရာတာဝန် ဘယ်နှရပ်ရှိပါသလဲဘုရား''

''ဒါ့ရှင်၊ စာပေသင်ကြားခြင်း(ဂန္ထဓုရ)နဲ့ တရားအားထုတ်ခြင်း (ဝိပဿနာဓုရ)နှစ်မျိုးပဲရှိတယ်။ ဘုရားရှင်က သူ့ရဲ့ချစ်သားများကို စွမ်းနိုင်ရင် နှစ်မျိုးလုံးကိုထမ်းဆောင်ကြဖို့၊ မစွမ်းနိုင်ရင် တစ်မျိုးမျိုးကိုတော့ အစွမ်းကုန်တတ်နိုင်သလောက် ထမ်းဆောင်ရမည်လို့တော့ တာဝန်ချမှတ်တော်မူခဲ့တယ်ကွယ့်''

''ဒါဆိုရင်ဘုရား၊ စာပေသင်ကြားခြင်းဟာ စွမ်းဆောင်နိုင်သော သူများအတွက်ဖြစ်ပါသည်။ တပည့်တော်ကတော့ ဒုက္ခကို အကြောင်းခံပြီး၊ ကြီးမှ ရဟန်းဘဝကို ရောက်ရှိခဲ့သူဖြစ်ပါတယ်။ ဝိပဿနာတရားကိုသာ အားထုတ်လိုပါတယ်။ကမ္မဋ္ဌာန်းတရားကို ချီးမြှင့်ပေးသနားတော်မူပါဘုရား''

မိလက္ခမထေရ်သည် ဝတ်ကြီးဝတ်ငယ်နှင့်ပြည့်စုံသူဖြစ်ကြောင်း မထေရ်ကြီးမြင်တော်မူသည်။ ဝတ်ကြီးဝတ်ငယ်ဆောင်ရွက်ရင်း ဝေယျာဝစ္စလုပ်ဆောင်ရင်း ကမ္မဋ္ဌာန်းလုပ်ငန်းခွင်ဝင်နိုင်ပုံကို ညွှန်ကြားပြသတော်မူလိုက်သည်။ မိလက္ခမထေရ်သည် စေတီယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်၊ သေနာသနဝတ်၊ ဥပဇ္ဈာယ်ဆရာ၏ဝတ် စသည့် ဝတ်ပဋိပတ်များကိုလည်း တစ်ဖက်တွင် ဖြည့်ကျင့်တော်မူသည်။ သူနေထိုင်ရာ ဂါမေဏ္ဍဝါလ ကျောင်းတိုက်ကလေးများတွင်လည်း လှည့်လည်၍ ဝေယျာဝစ္စကို ဆောင်ရွက်သည်။ ဝေယျာဝစ္စလုပ်ရင်း တစ်ဖက်၌လည်း အချိန်ရသမျှ ကမ္မဋ္ဌာန်းတရားကို ရှုမှတ်တော်မူ

■

**မြတ်စွာဘုရားသာသနာတော်၌**
**သူတော်ကောင်းတရားတို့ကို**
**ထထကြွကြွကြိုးစားကြကုန်လော့။**
**မဆုတ်မနစ်အားသစ်ကြကုန်လော့။**
**ဆတက်ထမ်းပိုးတိုး၍**
**ရှုမှတ်အားထုတ်ကြကုန်လော့။**
**ဆင်ပြောင်ကြီးသည် ကျူထရံအိမ်ကို**
**နင်းချေဖျက်ဆီးသကဲ့သို့**
**ကိလေသာရန်**
**မာရ်စစ်သည်အပေါင်းကို**
**ထောင်းထောင်းခြေမွ**
**တိုက်ဖျက်ကြကုန်လော့။**

လေသည်။

တစ်ခါတစ်ရံ ထိနမိဒ္ဓဝင်၍ ပျင်းရိလေးလံထိုင်းမှိုင်းသောအခါတွင် လုပ်ငန်းခွင်ပျက်ကွက်မည်ကို စိုးရိမ်သဖြင့် ကောက်ရိုးကရွတ်ခွေများပြုလုပ်၍ ရေစိမ်ကာ ခေါင်းပေါ်ကို စွပ်တင်ထားတတ်သည်။ ခြေထောက်ကိုလည်း ရေစိမ်၍ထိုင်သည်။ တစ်ခါတစ်ရံတွင် သူသင်ကြားနားလည်ထားသည့် ထိနမိဒ္ဓပယ်ဖျောက်နည်းများဖြစ်သည့် –

အာဟာရကို လျှော့စားခြင်း (လေးငါးလုတ်စာ လျှော့၍စားခြင်း)၊ ဣရိယာပုတ်ပြောင်းလဲခြင်း၊ အလင်းရောင်ကို နှလုံးသွင်းပေးခြင်း၊ လွင်ပြင်မှာနေခြင်း၊ ထိနမိဒ္ဓနိုင်နင်းပြီးသော ကလျာဏမိတ္တနှင့်နေခြင်း၊ ဝီရိယအားပေးသည့် ဓုတင်နှင့်စပ်သောစကားများကိုသာပြောဆိုခြင်း၊ စင်္ကြံလျှောက်ခြင်း စသည်တို့ကို စွမ်းသမျှဆောင်တော်မူပေသည်။

(၃)

တစ်နေ့ ညနေစောင်းတွင် ကျောင်းတိုက်အတွင်းရှိ သောက်ရေအိုးများ သောက်သုံးရေများဖြည့်ရန်အတွက် ရေအိုးတစ်လုံး၊ ရေမှုတ်၊ ရေစစ်တို့ကို သယ်ဆောင်၍ စိတ္တလတောင်ခြေရှိ စမ်းချောင်းကလေးနံဘေးသို့ မိလက္ခမထေရ်ရောက်လာခဲ့သည်။ ရွှေရောင်တောက်နေသည့် ညနေစောင်းနေရောင်ခြည်အောက်တွင် ရေအိုးလေးကိုထမ်း ချောင်းနံဘေးသို့ အသာချ၍ သူ့ဘဝကို သူဝမ်းနည်းနေမိသည်။ ကမ္မဋ္ဌာန်းတရားကို ကြိုးကြိုးစားစား အားထုတ်ပါသော်လည်း အနှစ်ငါးဆယ်လုံးလုံး သတ်ဖြတ်လာခဲ့သည့် အကုသိုလ်များက သူ့ကိုနှိပ်စက်နေကြသည်။ ကမ္မဋ္ဌာန်းထိုင်လိုက်သည်နှင့် သမင်၊ဒရယ်၊ စိုင်၊ ဆတ်၊ ဝက်၊ ငှက်စသည့် သတ္တဝါများက သူ့ထံသို့ အစုလိုက်၊ အပြုံလိုက်ပြေးဝင်လာနေကြသည်။ ဘယ်လိုမှ ဖျောက်ဖျက်၍ ရှုမှတ်အားထုတ်လို့မရနိုင်ပြီ။ ဒီဘဝမှာဖြင့် တရားထူးတရားမြတ်ရမှ ရပါဦးမလားဟု မိလက္ခမထေရ် သံသယဝင်မိသည်။ သူ့ဘဝကိုလည်း သူတွေး၍ ဝမ်းနည်းမိသည်။ မိလက္ခမထေရ်သည် အတိတ်ကိုလည်း ပြန်တွေး၊ လက်ရှိဝေယျာဝစ္စပြုလုပ်ရသည်ကိုလည်း တွေးမိ၊ နောင် တရားမရမည့်အရေးကိုလည်း စိတ်မအေးဖြစ်နေရရှာသည်။ ရေအိုးလေးဘေးချ၍ ငုတ်တုတ်ထိုင်ရင်း မျက်ရည်များ တတွေတွေစီးဆင်းနေရှာသည်။ သူ၏မျက်ရည်စများသည် စမ်းချောင်းလေးအတွင်း စီးဆင်းနေသည့် စမ်းရေများနှင့် အပြိုင်ဖြစ်နေကြသည်။

ထိုစဉ် သူ့နားအတွင်းသို့ ကိုရင်လေးတစ်ပါး၏ စာကျက်သံက ဝင်ရောက်လာသည်။ စိတ္တလတောင်ကမ်းပါးယံရှိ တစ်ပါးနေကျောင်းကလေးဆီမှ လေသင့်၍ အသံက စမ်းချောင်းနံဘေးသို့ရောက်ရှိလာခြင်းဖြစ်သည်။ ကိုရင်ငယ်လေးများ ညနေစောင်းတွင် မထေရ်မြတ်ကြီးနောက်ဆုံးစာဝါပို့ချပြီးသည်နှင့် တောင်ကမ်းပါးယံရှိကျောင်းကလေးများသို့သွား၍ စာပြန်တတ်ကြသည်ကို မိလက္ခမထေရ်သိထားသည်။ ကိုရင်လေး၏ စာကျက်သံကို စူးစိုက်၍နားထောင်နေမိတော့သည်။

အာရဒ္ဓထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။

ဓုနာထ မစ္စုနောသေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။

မြတ်စွာဘုရားသာသနာတော်၌ သူတော်ကောင်းတရားတို့ကို ထထကြွကြွကြိုးစားကြကုန်လော့။ မဆုတ်မနစ်အားသစ်ကြကုန်လော့။ ဆတက်ထမ်းပိုး တိုး၍ ရှုမှတ်အားထုတ်ကြကုန်လော့။ ဆင်ပြောင်ကြီးသည် ကျူထရံအိမ်ကို နင်းချေဖျက်ဆီးသကဲ့သို့ ကိလေသာရန် မာရ်စစ်သည်အပေါင်းကို ထောင်းထောင်းခြေမွ တိုက်ဖျက်ကြကုန်လော့။

မိလက္ခမထေရ်သည် ဂါထာနှင့်အနက်အဓိပ္ပါယ်ကို ကြားလိုက်သောအခါ မျက်ရည်စများကို ညာလက်ဖမိုးဖြင့် သုတ်လိုက်သည်။ ငါဟာ အတိတ်ကိုပြန်ပြန်တွေးနေတာနဲ့ အချိန်ကုန်နေခဲ့ရတယ်။ မဖြစ်လာသေးတဲ့ အနာဂတ်ကိုလည်း တရားရမှရပါ့မလားလို့ ကြိုတင်ပူပန်နေမိတယ်၊ ဟုတ်တယ်၊ ဒီဂါထာအရဆိုရင် လက်ရှိပစ္စုပ္ပန်တည့်တည့်မှာ မဆုတ်မနစ်ကြိုးစားရမှာပါလားဆိုသည်ကို သဘောပေါက်သွားတော့သည်။ မိလက္ခမထေရ်သည် စာကျက်နေသည့် ကိုရင်လေးကို ကျေးဇူးတင်သွားမိသည်။ ငါ့အတွက်များ သီးခြားရွတ်ဖတ်စာပြန်နေရော့သလားဟု ဝမ်းမြောက်နေသည်။

ပထမ ကိုရင်လေး၏ အသံပျောက်၍ နောက်ကိုရင်လေးတစ်ပါး၏အသံက လေအနော့တွင် မိလက္ခမထေရ်၏ နားထံသို့ ရိုက်ခတ်လာခဲ့ပြန်ပေသည်။

“ထင်ပေါ်ကျော်ကြားချင်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ထကြွလုံ့လ ဝီရိယရှိရမယ်။ သတိတရားလည်း ရှိရမယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ သန့်ရှင်းမှုလည်း ရှိရမယ်။ အလုပ်လုပ်တဲ့နေရာမှာလည်း စူးစမ်းဆင်ခြင်ပြီး

အလုပ်ကို သေသေသပ်သပ် လုပ်တတ်ရမယ်။ ကိုယ်နှုတ်၊ နှလုံးကိုလည်း စောင့်စည်းရမယ်၊ အသက်မွေးဝမ်းကျောင်းလည်း မှန်ကန်မှုရှိရမယ်။ ဘုရား၊ တရား၊ သံဃာကိုလည်း မမေ့မလျော့တဲ့ အပ္ပမာဒသတိလည်း ရှိရမယ်။ ဒါဆိုရင် ထင်ပေါ်ကျော်ကြားပြီး ကြီးပွားနိုင်မယ်''တဲ့။

ဒုတိယ ကိုရင်လေး၏ စာကျက်သံကို ကြားရသောအခါ မိလက္ခမထေရ်သည် သူ့ဘဝအတွက် ပို၍ အားတက်မိသွားတော့သည်။ ''ဟုတ်တယ်၊ ဒါဟာ ကြီးပွားကြောင်း၊ ကျော်ကြားကြောင်းပဲ။ ငါအားထုတ်ရမှာပေါ့။ ငါကြိုးစားရမှာပေါ့''ဟု သူ့ကိုယ်သူ အားပေးလိုက်မိသည်။ ယခု မဆိုင်းမတွလုပ်ရမယ်ဟူ၍ ဆုံးဖြတ်ချက်ချလိုက်သည်။ ဘယ်ဘက်လက်တွင် ရေစစ်ကိုကိုင်သည်။ ညာဘက်လက်မှ ရေမှုတ်ဖြင့် စမ်းချောင်းထဲမှရေကို အမှတ်သတိဖြင့် ခပ်ယူသည်။ ထို့နောက် အမှတ်သတိမလွတ်စေဘဲ ရေအိုးထဲသို့ ရေကိုဖြည်းညင်းစွာ ထည့်သည်။ ထိုအချိန်တွင် စိတ္တလတောင်ကမ်းပါးယံ ကျောင်းကလေးဆီမှ နောက်ထပ် ကိုရင်လေးတစ်ပါး၏ စာကျက်သံက ပေါ်ထွက်လာပြန်ပါသည်။

- ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။

ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။

- ဓမ္မဝိနယခေါ် မြတ်စွာဘုရား၏ သာသနာတော်၌ အပ္ပမာဒသတိရှိသော ယောဂီသာလျှင် ဘဝသံသရာကို ဖယ်လွှဲ၍ ဆင်းရဲကုန်အောင် ပြုနိုင်ပေလတ္တံ့။

မိလက္ခမထေရ်သည် ဓမ္မသံကို ကြားရလျှင်ပင် ထိနမိဒ္ဓခေါ် ထိုင်းမှိုင်းပျင်းရိမှုအားလုံး ပြေပျောက်သွားတော့သည်။

''မဆုတ်မနစ်အားသစ်ကြိုးပမ်းတဲ့ ငါကဲ့သို့သော ရဟန်းကို ရည်ရွယ်ပြီး ဟောတော်မူခဲ့တာဖြစ်မှာပဲ''ဟု အားတက်သွားသည်။ တောင်ကမ်းပါးယံကျောင်းကလေးများတွင် စာပြန်စာကျက်နေကြသည့် ကိုရင်လေးများကို ကျေးဇူးတင်မိသည်။ သူ၏ အောက်ဆုံးသို့ ကျဆင်းနေသည့် စိတ်ဓာတ်များကို အထက်ဆုံးသို့ရောက်အောင် မြှင့်တင်ပေးလိုက်သည် မဟုတ်ပါလော။ ငါ့မှာ ရှုမှတ်မှုသတိပဋ္ဌာန် ကမ္မဋ္ဌာန်းရှိနေတာပဲ၊ ဘာအားငယ်စရာလိုသလဲဟု သူ့ကိုယ်သူ အားပေးသည်။ချက်ချင်းပင်လုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်လိုက်သည်။

ရေမှုတ်ဖြင့် ရေအိုးတွင်းသို့ ရေစစ်ခံကာ အမှတ်သတိဖြင့် ရေများခပ်ထည့်သည်။ ရေအိုးကို အမှတ်သတိဖြင့် အသာအယာမသည်။ ပခုံးပေါ်သို့ ရေအိုးကို ဖြည်းညင်းစွာ ပင့်တင်လိုက်သည်။ အားတက်မှု၊ ရှုမှတ်မှုများနှင့်အတူ ပီတိသုခဈာန်အဟုန်များ သူ့သန္တာန်တွင် တစ်ရိပ်ရိပ်ဖြစ်ပေါ်လာခဲ့သည်။ နှစ်သိမ့်ချမ်းမြေ့၍မဆုံး ရှိနေရာ ထိုဈာန်ကို အခြေခံ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောများကို သုံးသပ်ရှုမှတ်လိုက်ရာ ပုခုံးပေါ်သို့ ရေအိုးရောက်ရှိသွားသောအခါ မိလက္ခမထေရ်သည် အနာဂါမ်အဆင့်အထိ ပေါက်မြောက်သွားခဲ့လေသည်။

စိတ္တလတောင်ခြေတွင် နေကွယ်တော့မည်။ ဆည်းဆာ၏ပုံရိပ်အောက်တွင် ရေအိုးကို ပုခုံးတွင်ထမ်းရင်း အမှတ်သတိဖြင့် ဂါမေဏ္ဍဝါလကျောင်းဆီသို့ တရွေ့ရွေ့ လျှောက်လှမ်းနေသည့် ရဟန်းတော်တစ်ပါး၏ ပုံရိပ်သည် ဓမ္မပန်းချီကားတစ်ချပ်သဖွယ် လှပနေတော့သည်။

(၄)

မိလက္ခမထေရ်သည် ဤသို့ဖြင့် ဂါမေဏ္ဍဝါလကျောင်းနှင့် စိတ္တလတောင်ခြေတောတန်းတစ်ဝိုက်တွင် လှည့်လည်၍ ရှုမှတ်လိုက်ရာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအရှင်မြတ်တစ်ပါး ဖြစ်တော်မူသွားခဲ့သည်။

ဘုရားရှင်၏ ဒေသနာတော်၌ သာသနာ၏ မူလအရင်းအမြစ်သည် ပရိယတ္တိဖြစ်သည်ဟူ၍ ဆိုထားသည် မဟုတ်ပါလော။ တစ်ပုဒ် တစ်ဂါထာမျှသော ကိုရင်ငယ်လေးများ၏ စာကျက်သံသည် တစ်စုံတစ်ယောက်သော သူကိုပင် ရဟန္တာမထေရ်မြတ်အဖြစ်သို့ ရောက်ရှိအောင် ပို့ဆောင်ခဲ့လေပြီတကား။

ကျန်းမာချမ်းသာကြပါစေ

■ ကျော်နန္ဒအောင်

<u>စာကိုး</u>

၁။ ဓမ္မာစရိယဦးဌေးလှိုင်၏ သီဟိုဠ်ခေတ်၏စံပြ အရိယာများ။

၂။ သီတဂူကြယ်တစ်ပွင့်၏ ကိုရင်တို့ရဲ့စာကျက်သံ တရားတော်။



## နိုင်ငံခြားသားဘုန်းတော်ကြီးတစ်ပါး၏

# ဗုဒ္ဓဘာသာအမြင် အမေးအဖြေများ

## ချမ်းမြေ့ဆရာတော်

(ယခင်လမှအဆက်)

### ၃။ ငါးပါးသီလ

မေး။ တခြားဘာသာတရားများမှာ အမှားအမှန်အယူအဆကို သူတို့ ထာဝရဘုရား၊ နတ်ဘုရားများရဲ့ ပညတ်တော်တွေထဲမှ ရကြပါတယ်။ သင်တို့ ဗုဒ္ဓဘာသာတွေက ထာဝရဘုရားကို မယုံကြည်ကြတော့ ဘယ်လိုလုပ်ပြီး အမှားအမှန်ကို သိကြပါသလဲ။

ဖြေ။ လောဘ၊ ဒေါသ၊ မောဟတရားများမှာ အခြေခံပြီး ကျွန်ုပ်တို့ကို နိဗ္ဗာန်မှဝေးစေတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံများဟာ မကောင်းမှုတွေ ဖြစ်ပါတယ် (အမှားတွေပါ)။ ပေးကမ်းလှူဒါန်းခြင်း၊ မေတ္တာထားခြင်းနှင့် အသိပညာတို့အပေါ်မှာ အခြေခံပြီး ကျွန်ုပ်တို့ရဲ့ နိဗ္ဗာန်သွားရာလမ်းကြောင်းကို ရှင်းလင်းပေးတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံများသာလျှင် ကောင်းမှုတွေ ဖြစ်ပါတယ်။ (အမှန်တွေပါ)။

ထာဝရဘုရားကို ဗဟိုထားတဲ့ ဘာသာတရားများမှာ အမှားအမှန်သိဖို့ လိုအပ်တာအားလုံးကတော့ ထာဝရဘုရားပြောတဲ့အတိုင်းလုပ်ဖို့ ကြိုးစားခြင်းပါပဲ။ လူသားကို ဗဟိုထားတဲ့ ဗုဒ္ဓဘာသာလို ဘာသာတရားများမှာ အမှားအမှန် သိဖို့ကတော့ မိမိကိုယ်ကို နက်နက်နဲနဲသိရှိမှု၊ နားလည်သဘောပေါက်မှု တိုးတက်ဖြစ်ပေါ်

အောင် လုပ်ရပါတယ်။ နားလည်မှုပေါ်မှာ အခြေခံတဲ့ လိုက်နာကျင့်ကြံမှုဟာ ပညတ်ချက် တစ်ခုပေါ်မှာ အခြေခံတဲ့ နာခံမှုထက် ပိုပြီး အင်အားကောင်းပါတယ်။

ဒါကြောင့် အများအမှန်ကို သိဖို့ရာ ဗုဒ္ဓဘာသာ တစ်ယောက်ဟာ အရာသုံးခုကို ကြည့်ပါတယ်။ အဲဒါတွေကတော့ (၁)ရည်ရွယ်ချက်၊ (၂)အလုပ်ကြောင့် မိမိအပေါ်မှာ အကျိုးသက်ရောက်မှုနှင့် (၃)သူတစ်ပါးအပေါ်မှာ အကျိုးသက်ရောက်မှုများပါပဲ။ ဒါန၊ မေတ္တာ၊ ပညာတို့ အပေါ်မှာ အခြေခံလို့ ရည်ရွယ်ချက်က ကောင်းရင်၊ပြီးတော့ မိမိကိုယ်ကိုလည်း (ပိုပေးကမ်း လှူဒါန်းအောင်၊ ပိုမေတ္တာထားအောင်၊ ပိုအသိပညာပွားအောင်)ကူညီရင်၊ ပြီးတော့ သူတစ်ပါးကိုလည်း (ပိုပေးကမ်း လှူဒါန်းအောင်၊ ပိုမေတ္တာထားအောင်၊ ပိုအသိပညာပွားအောင်)ကူညီရင် အဲဒီ အလုပ်တွေဟာ ကောင်းမှုကုသိုလ်တွေ၊ ကောင်းတဲ့ ကိုယ်ကျင့်တရားတွေပါပဲ။

တကယ်တော့ ဒီအချက်ဟာ အမျိုးမျိုး အစားစား ထွေပြားလှပါတယ်။တစ်ခါတစ်ရံမှာ ကိုယ်ကအကောင်းဆုံး ရည်ရွယ်ချက်နဲ့ လုပ်လိုက်ပေမယ့်လည်း ကိုယ့်အတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ ကောင်းကျိုးဖြစ်ချင်မှ ဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ ကိုယ့်ရည်ရွယ်ချက်က မကောင်းပေမယ့်လည်း ကိုယ့်အလုပ်က သူတစ်ပါးကို ကောင်းကျိုးရစေတတ်ပါတယ်။ တစ်ခါတစ်ရံမှာ ရည်ရွယ်ချက် ကောင်းကောင်းနဲ့ လုပ်တဲ့ အလုပ်က ကိုယ့်ကို အကျိုးရစေပေမယ့် သူတစ်ပါးကို ထိခိုက်ကောင်း ထိခိုက်တတ်ပါတယ်။ ဒီလိုကိစ္စမျိုးတွေမှာ အကောင်းနှင့် အတော်အသင့်ကောင်းတာ ရောနေပါတယ်။

ရည်ရွယ်ချက်က မကောင်းတဲ့အတွက် အလုပ်ကလည်း ကိုယ့်ကိုရော သူတစ်ပါးကိုပါ အကျိုးမရစေဘူးဆိုရင် ဒီလိုအလုပ်မျိုးဟာ မကောင်းပါဘူး။ ရည်ရွယ်ချက်ကောင်းလို့ အလုပ်ကလည်း ကိုယ့်ကိုရော သူတစ်ပါးကိုပါ ကောင်းကျိုးရစေတယ်ဆိုရင် ဒီလို အလုပ်မျိုးဟာ အပြည့်အဝ ကောင်းတဲ့အလုပ်ပါ။

မေး။ ဒါဖြင့် ဗုဒ္ဓဘာသာမှာ ကိုယ်ကျင့်တရားနှင့်ပတ်သက်တဲ့ ကျင့်ဝတ်တွေ ရှိပါသလား။

ဖြေ။ ရှိပါတယ်။ငါးပါးသီလဟာ ဗုဒ္ဓဘာသာကိုယ်ကျင့်တရားရဲ့ အခြေခံ ကျင့်ဝတ်ပါပဲ။ ပထမသိက္ခာပုဒ်က သတ္တဝါကို ထိခိုက်နာကျင်စေခြင်း၊ သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်းဖြစ်ပါတယ်။ ဒုတိယက ခိုးမှုမှ ရှောင်ကြဉ်ခြင်း၊ တတိယက ကာမဂုဏ်ကိစ္စတွေမှာ ဖောက်ပြန်မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ စတုတ္ထက လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ပဥ္စမက မူးယစ်စေတတ်တဲ့ အရက်သေစာနှင့် မူးယစ်ဆေးဝါးမှန်သမျှ ရှောင်ကြဉ်ခြင်းများပါပဲ။

မေး။ ဒါပေမယ့် တစ်ခါတစ်ရံမှာ သတ်ဖြတ်တာဟာ ကောင်းတာ သေချာပါတယ်။ ဥပမာ–ရောဂါပျံ့နှံ့စေတဲ့ ပိုးကို သတ်တာ သင့်ကို သတ်မည့်လူကို သတ်တာမျိုးပေါ့။

ဖြေ။ သင့်အတွက်တော့ ကောင်းမှာပေါ့။ အဲဟို အသတ်ခံရတဲ့ ပိုးမွှား၊အသတ်ခံရတဲ့လူမှာ ဘယ်လိုနေမလဲ။ သင်အသက်ရှင်နေချင်သလို သူတို့လည်း အသက်ရှင်နေချင်တာပေါ့။ သင် ရောဂါဖြန့်ပိုးကို သတ်ဖို့ ဆုံးဖြတ်တဲ့အခါမှာ ကိုယ့်ကို စိုးရိမ်ကြောင့်ကြမှု (ကောင်းတာ)နှင့် ပြောင်းပြန်သဘော(မကောင်းတာ)ရောနှောနေတယ်။ အဲဒီ သတ်ဖြတ်မှုက သင့်ကို ကောင်းကျိုး(ကောင်းမှု)ရစေပြီး၊ ဟိုပိုးမွှားကို ဆိုးကျိုး(မကောင်းမှု) ရစေတာ ထင်ရှားပါတယ်။ ဒီတော့ ရံဖန်ရံခါမှာ သတ်ဖြတ်ဖို့ လိုကောင်းလိုမှာ ဖြစ်ပေမယ့် ဘယ်တော့မှ ကောင်းမှုတော့ မဖြစ်နိုင်ပါဘူး။

မေး။ သင်တို့ ဗုဒ္ဓဘာသာတွေက ပုရွက်ဆိတ်တွေ၊ ကြမ်းပိုးတွေနှင့် ပတ်သက်လို့ စိုးရိမ်ကြောင့်ကြလွန်းပါတယ်။

ဖြေ။ ဗုဒ္ဓဘာသာဝင်တွေဟာ ခွဲခြားမှုမရှိဘဲ အားလုံးကို လွှမ်းခြုံမိတဲ့ သနားကြင်နာ ကရုဏာတရား တိုးပွားဖို့ ကြိုးစားနေကြပါတယ်။ သူတို့ဟာ ကမ္ဘာလောကကြီးကို သတ္တဝါတိုင်း သူ့နေရာနှင့်သူ၊သူ့လုပ်ငန်းဆောင်တာနှင့်သူ အသီးသီးစုပေါင်း ဖွဲ့စည်းထားတဲ့ အပေါင်းအဖွဲ့ကြီး တစ်ခုအဖြစ် မြင်ကြပါတယ်။

ကျွန်ုပ်တို့ဟာ သဘာဝတရားရဲ့ သိမ်မွေ့တဲ့ ချိန်ညီမှုကို ဖျက်ဆီးမပစ်မီ ကျွန်ုပ်တို့ သတိထားသင့်တယ်လို့ ယုံကြည်ကြပါတယ်။ သဘာဝတရားကို အပြည့်အဝ လက်ဝါးကြီးအုပ် သုံးစားခြင်း၊ လျော့သွားတာကို ပြန်ဖြည့်မပေးဘဲ သဘာဝတရားရဲ့ နောက်ဆုံးအစက်အပေါက်ကလေး တစ်ခုကိုတောင်မှ မရမက ဖြစ်ညှစ်ယူခြင်း၊

သဘာဝတရားကို အနိုင်ယူခြင်း၊ လွှမ်းမိုးခြင်းများအပေါ်မှာ အလေးပေးထားတဲ့ အဲဒီယဉ်ကျေးမှုတွေကိုပဲ ကြည့်ပါဦး။

အခု သဘာဝက တော်လှန်တိုက်ခိုက်နေပါပြီ။ လေဟာ အဆိပ်သင့်နေပါပြီ။ မြစ်ရေတွေ ညစ်ညမ်းပြီး ခန်းခြောက်ကုန်ကြပြီ။ လှပတဲ့ တိရစ္ဆာန်မျိုးစိတ်ပေါင်း မြောက်မြားစွာဟာ မျိုးသုဉ်းကုန်ကြပါပြီ။ တောင်တွေပေါ်မှာ သစ်ပင် ကင်းမဲ့ပြီး တောင်ကတုံးတွေ ဖြစ်ကုန်ကြပြီ။ ရေတိုက်စားကုန်ကြပြီ။ ရာသီဥတုတောင်မှ ပြောင်းလဲနေပါပြီ။

လူတွေဟာ ကြိတ်ခြေဖို့၊ ဖျက်ဆီးဖို့၊ သတ်ဖြတ်ဖို့ စိတ်စောနေမှုကလေး နည်းနည်း လျှော့ပေးလိုက်ရင်ပဲ အခုပြောခဲ့တဲ့ ကြောက်စရာကောင်းတဲ့ အခြေအနေတွေ ဖြစ်ပေါ်မှာ မဟုတ်ပါဘူး။ ကျွန်ုပ်တို့ အားလုံးဟာ သဘာဝရဲ့ အသက်ကို လေးစားမှု နည်းနည်းလေးပဲဖြစ်ဖြစ် ပိုတိုးလာအောင် ကြိုးစားသင့်ကြပါတယ်။ ''ဒါဟာ သတ္တဝါရဲ့ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း''ဆိုတဲ့ ပထမသိက္ခာပုဒ်က ပြောပြနေတဲ့ အချက်ပါပဲ။

မေး။ ဒါပေမယ့် မုသာဝါဒနဲ့ ပတ်သက်တာကျတော့ ဘယ်လိုလဲ။ မုသားမပြောဘဲနေလို့ ဖြစ်ပါ့မလား။

ဖြေ။ လူ့အသိုင်းအဝန်းထဲမှာ ဖြစ်စေ၊စီးပွားရေးလောကထဲမှာဖြစ်စေ မုသားမပါဘဲ နေထိုင်လုပ်ကိုင်လို့ အမှန်တကယ် မဖြစ်ဘူးဆိုရင် ဒီလို ထိတ်လန့်စရာကောင်းတဲ့ အကျင့်ပျက်မှုမျိုးကို ပြောင်းလဲပစ်သင့်ပါတယ်။ ဗုဒ္ဓဘာသာဝင်ဆိုတာ ပိုပြီး တော်တည့်မှန်ကန်ဖို့၊ ပိုပြီးရိုးသားဖြောင့်မတ်ဖို့ ကြိုးစားရင်း ပြဿနာနဲ့ ပတ်သက်လို့ လက်တွေ့လုပ်ကိုင်ဆောင်ရွက်ဖို့ သန္နိဋ္ဌာန်ချထားတဲ့ လူမျိုးပါ။

မေး။ ကောင်းပြီ ဒါဖြင့်ရင် အရက်နှင့်ပတ်သက်လို့ ဘယ်လိုလဲ။ နည်းနည်းပါးပါးလေး သောက်တာကတော့ မထိခိုက်တာ သေချာပါတယ်။

ဖြေ။ လူတွေဟာ အရက်ကို အရသာခံဖို့ မသောက်ကြပါဘူး။သူတို့ တစ်ယောက်တည်း သောက်တဲ့အခါ စိတ်ပြေလက်ပျောက် သောက်ကြတာပါ။ လူမှုရေးအနေနဲ့ သောက်တဲ့အခါ အများနှင့်လိုက်လျောညီထွေဖြစ်စေဖို့ သောက်ကြတာပါ။ သို့သော်လည်း အရက်ကို နည်းနည်းလေးပင် သောက်ဦးတော့ စိတ်ဓာတ်ပျက်စီးပြီး သတိလက်လွတ်ဖြစ်စေပါတယ်။ အများကြီး သောက်ရင်တော့ ပျက်စီးတော့တာပါပဲ။

မေး။ ဒါပေမယ့် နည်းနည်းပါးပါး သောက်တာဟာ သီလမကျိုးဘူး မဟုတ်လား။ နည်းနည်းလေးပဲ ဟာ။

ဖြေ။ ဟုတ်ပါတယ်။ နည်းနည်းလေးပါပဲ။ ဒါပေမယ့် နည်းနည်းတောင်မှ မစောင့်ထိန်းနိုင်ရင် သင့်ဆုံးဖြတ်ချက်ဟာ မခိုင်မာဘူးပေါ့။မဟုတ်ဘူးလား။

မေး။ ငါးပါးသီလဟာ အပြုသဘောမဟုတ်ပါဘူး။ ငါးပါးသီလက သင့်ကို မလုပ်ဖို့ပဲ ပြောတယ်။လုပ်ဖို့ကျတော့ မပြောဘူး။

ဖြေ။ ငါးပါးသီလဟာ ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရားရဲ့ အခြေခံ ကျင့်ဝတ်မျှပါပဲ။ ကျင့်ဝတ်အားလုံး မဟုတ်ပါဘူး။ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ရဲ့ မကောင်းတဲ့ အပြုအမူတွေကို မှတ်သားထားပြီးတော့ အဲဒါတွေကို မလုပ်မိအောင် ကြိုးစားခြင်းအားဖြင့် ကိုယ်ကျင့်တရားကို စရပါတယ်။

ဥပမာ–စကားပြောတယ် ဆိုကြပါစို့။ မုသားပြောဆိုမှုကို ရှောင်ကြဉ်ခြင်းအားဖြင့် စသင့်ကြောင်း မြတ်စွာဘုရားမိန့်တော်မူပါတယ်။ အဲဒီလို ရှောင်ကြဉ်ပြီးတော့ မှန်တဲ့စကား၊ နူးညံ့သိမ်မွေ့တဲ့စကား၊ ယဉ်ကျေးဖွယ်ရာစကား၊ အချိန်ကာလနှင့် ကိုက်ညီတဲ့စကားကို ပြောရပါမယ်။ ဗုဒ္ဓမြတ်စွာက အောက်ပါအတိုင်း မိန့်တော်မူပါတယ်။

မမှန်သောစကားကို ရှောင်ကြဉ်သူသည် မှန်သောစကား၊ အားကိုးထိုက်သောစကား၊ ယုံကြည်ထိုက်သောစကား၊ မှီခိုအားထားထိုက်သောစကားကို ပြောသူဖြစ်သည်။ သူသည် လောကကို မလိမ်ညာမလှည့်စားပေ။

ကုန်းချောစကား ရှောင်ကြဉ်သူသည် လူအများကြားတွင် စိတ်ဝမ်းကွဲပြားစေဖို့ရာ ဤနေရာ၌ ကြားသောစကားကို ထိုနေရာ၌ မပြောကြားပေ။ ထိုနေရာ၌ ကြားသောစကားကို ဤနေရာ၌ မပြောကြားပေ။ သူသည် စိတ်ဝမ်းကွဲပြားနေသူများကို အစေ့အစပ်စကား ပြော

ကြားလေ့ရှိ၏။ ခင်မင်နေသူများကို ပိုမိုချစ်ခင်အောင် အားပေးစကား ပြောကြားတတ်၏။ ညီညွတ်မှုသည် သူ၏ ပျော်ရွှင်မှု၊ ညီညွတ်မှုသည် သူ၏ ဝမ်းမြောက်မှု၊ ညီညွတ်မှုသည် သူ၏ ချစ်ခင်မှုဖြစ်သည်။ ဤသည်မှာ သူစကားပြောရာတွင် ပါဝင်သော စိတ်ထားစေတနာဖြစ်သည်။

ကြမ်းတမ်း ရိုင်းစိုင်းသော စကားကို ရှောင်ကြဉ်သူသည် အပြစ်ကင်းသော စကား၊ နားဝင်သာသော စကား၊ နှစ်သက်ဖွယ်သော စကား၊ စိတ်နှလုံးသို့ သက်ဝင်သော စကား၊ ယဉ်ကျေးသောစကား၊ အများနှစ်သက်သဘောကျသော စကားကို ပြောဆိုတတ်၏။

အကျိုးမရ အနှစ်သာရမရှိသော စကားကို ရှောင်ကြဉ်သူသည် အချိန်ကာလနှင့် ကိုက်ညီသော စကား၊ မှန်သောစကား၊ အကျိုးရှိသောစကား၊ တရားနှင့်စပ်သောစကား၊ ကျင့်ဝတ်နှင့်စပ်သော စကားကို ပြောဆိုတတ်၏။ သူသည် စိတ်နှလုံး၌ သိုမှီးထားထိုက်သော စကား၊ အချိန်ကာလနှင့် လျော်သောစကား၊ သင့်လျော်လျောက်ပတ်သောစကား၊ အဓိပ္ပါယ်ပြည့်ဝသောစကား၊ အကျိုးစီးပွားနှင့်စပ်သော စကားကို ပြောဆိုတတ်၏။

မေး။ ထာဝရဘုရား သို့မဟုတ် တန်ခိုးရှင်ဘုရားများရဲ့ တန်ခိုးကို အားကိုးအားထားမှုသာလျှင် လူကောင်းတစ်ယောက် ဖြစ်နိုင်တယ်လို့ တချို့ပြောကြပါတယ်။ အဲဒါ ဘယ်လို သဘောရပါသလဲ။

ဖြေ။ ဒါကတော့ လုံးဝမှားပါတယ်။ မြင့်မြတ်တဲ့ အပြစ်ကင်းတဲ့ အပြုအမူတွေကို ပြုမူနေကြတဲ့ ဗုဒ္ဓဘာသာဝင်တွေ၊ ဘယ်ဘာသာမျှ မကိုးကွယ်သူတွေ သန်းချီရှိကြပါတယ်။ သူတို့ဟာ တစ်ခါတလေမှသာ မဟုတ်ဘဲ အမြဲတစေ မြင့်မြတ်တဲ့၊ အပြစ်ကင်းတဲ့ အပြုအမူတွေကို ပြုမူနေကြသူတွေ ဖြစ်ပါတယ်။ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ထူးတစ်ယောက်ကို ယုံကြည်နေကြတဲ့ လူများအကြားမှာ တွေ့ရတတ်တဲ့ ပုဂ္ဂိုလ်မျိုးလိုပါပဲ။ သင်ဟာ ရိုးသားစွာ ကြိုးစားရင် သင်ရဲ့ အပြုအမူတွေကို စင်ကြယ်အောင် လုပ်နိုင်ပါတယ်။ လုံးဝ အပြည့်အစုံ မစင်ကြယ်နိုင်တောင်မှ ပိုပြီး စင်ကြယ်အောင် ကြိုးစားလုပ်ဆောင်နိုင်တာကတော့ သေချာပါတယ်။

■ ဆက်လက်ဖော်ပြပါမည်



ကျမ်းပြုအကျော် အမရပူရမြို့

**မဟာဂန္ဓာရုံဆရာတော်**

## အရှင်ဇနကာဘိဝံသ
## ၏
## ဘဝလမ်းညွှန် အဆိုအမိန့်များ

### လူကြီးဆိုတာ စံနမူနာ ဖြစ်ရမယ်

"လူငယ်တွေက လူကြီးတွေရဲ့ စကားတွေကို မလိုက်နာကြတော့ဘူး"လို့ တချို့ပြောသံကြားနေရတယ်၊ ဒါဆိုရင် "ဘာကြောင့် မလိုက်နာကြတာလဲ"ဆိုတာကို စိစစ်ဖို့ ကောင်းတယ်။

ကြီးတဲ့သူတွေကလည်း ဆုံးမတဲ့အခါမှာ တရားနည်းလမ်း မျှတစေရမယ်၊ လမ်းမှန်တာကို စနစ်တကျ ဦးဆောင်နိုင်ရမယ်၊ ခေါင်းဆောင်ကောင်း ပီပီသသ စံနမူနာပြနိုင်စေရမယ်၊ ဒါဆိုရင် လူငယ်တွေက လူကြီးစကား လိုက်နာနိုင်စရာ ရှိပါတယ်။

ကိုယ်ကမှ လူကြီးမပီသရင်တော့ လူငယ်တွေ ကိုယ့်စကားမလိုက်နာတာအတွက်လည်း ပြောမနေပါနဲ့တော့။

■



# သတိနှင့်ယှဉ်သောသဒ္ဓါ

ကောင်းသုခ

'သဒ္ဓါ'၏ အနက်သည် ယုံကြည်ခြင်းဖြစ်၏။ ယုံကြည်ခြင်း၌ 'ယုံခြင်း'နှင့် 'ကြည်လင်ခြင်း' နှစ်မျိုးရှိ၏။ ကြည်ကြည်လင်လင် နှစ်နှစ်ကာကာ လေးလေးနက်နက်ယုံကြည်မှုဟု ဆိုနိုင်၏။ဆင်းရဲချမ်းသာ၊ပညာတတ် ပညာမဲ့ မည်သူမဆိုယုံကြည်မှု တစ်စုံတစ်ခုရှိစမြဲဖြစ်၏။ လေးနက်ထင်ရှားသော အယူအဆအပေါ် ယုံကြည်မှုများသည် ဝါဒ၊ စနစ်တစ်ရပ်ဖြစ်လာ၏။ ကိုးကွယ်မှုနှင့် စပ်ဆိုင်သောအခါ 'ဘာသာတရား'ဖြစ်လာ၏။ ယုံကြည်ရာတွင် မည်သူမဆို အမှန်တရားပေါ်တွင် ယုံကြည်ခြင်း(သမ္မာဒိဋ္ဌိ)ရှိသကဲ့သို့ မှားယွင်းသော အကြောင်းအရာများအပေါ်တွင် ယုံကြည်မှု (မိစ္ဆာဒိဋ္ဌိ)လည်း ရှိနိုင်၏။ ထိုအခါတွင် အယူမှန်ခြင်း၊ အယူမှားခြင်းကို တိုင်းတာရန် 'စံ'တစ်ခုလိုအပ်လာ၏။ ဗုဒ္ဓဘာသာဝင်များအတွက် တိုင်းတာသောစံကို 'ကာလာမ'သုတ်တွင် အထင်အရှားမြင်နိုင်၏။ ထိုသုတ္တန်သည် လောက၏စံကို တိုင်းတာရန် ထင်ရှားသော ပေတံတစ်ခု အဖြစ် ပညာရှင်တို့ အထပ်ထပ် တင်ပြပြီး ဖြစ်ကြ၏။ ကာလာမသုတ်၌ ဘုရားရှင်က ...

၁။ ပြောသံကြားကာမျှဖြင့် အဟုတ်၊ အမှန်ဟု အတည်မယူကြနှင့်။ (သူသူငါငါ ပြောသံကြားစကားမျိုး)

၂။ အစဉ်အဆက် ကြား၊ စကားမျှဖြင့်လည်း အဟုတ်၊အမှန်ဟု အတည်မယူကြနှင့်။ (ဘိုးဘွား အစဉ်အဆက်စကားမျိုး)

၃။ ဤသို့ဖြစ်ပျက်ခဲ့ဖူးသည် ဟူသောစကားဖြင့်လည်း အဟုတ်အမှန် အတည်မယူကြနှင့်။ (ရှေးကဖြစ်ပျက်ဖူးသည်ဟူသော စကားမျိုး)

၄။ စာပေ၊ ကျမ်းဂန်နှင့်ညီညွတ်သည်ဟူ၍လည်း အဟုတ်၊အမှန် မယူကြနှင့်။

၅။ ကြံဆတွေးတောခြင်းမျှနှင့်လည်း အဟုတ်၊အမှန် အတည်မယူကြနှင့်။ (မိမိကြံစည်တွေးတောထားသော အရာမျိုး)

၆။ နည်းယူမှီငြမ်းခြင်းမျှဖြင့်လည်း အဟုတ်အမှန်ဟု အတည်မယူကြနှင့်။ (သူတစ်ပါး၏ နည်းနာမှတ်ယူသောအရာမျိုး)

၇။ အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း အဟုတ်အမှန်ဟု အတည်မယူကြနှင့်။(အထောက်အထားကောင်း၍ သဘောကျသော အရာမျိုး)

၈။ မိမိကြံစည်နှစ်သက်သော အယူနှင့် ကိုက်ညီသည်ဟူ၍လည်း အဟုတ်အမှန်အတည်မယူကြနှင့်။ (မိမိသဘောကျနှစ်သက်သော အရာမျိုး)

၉။ မှတ်ယူထိုက်သော သဘောမျှဖြင့်လည်း ဟုတ်မှန်ပြီဟု အတည်မယူကြနှင့်။ (ယုံကြည်ထိုက်သူ၏ စကားဟူသောအရာမျိုး)

၁၀။ မိမိလေးစားသော ရဟန်းဆရာ၏ စကားဖြစ်ရုံမျှဖြင့်လည်း အဟုတ်အမှန်ဟု အတည်မယူကြနှင့် ......

ဟူ၍ ဟောတော်မူ၏။

''ဤတရားသည် ဆင်းရဲခြင်းဖြစ်၏''ဟု ကိုယ်တိုင်သိသော အခါ ပယ်စွန့်ရာ၏။

''ဤတရားသည် ဆင်းရဲခြင်းကင်းရာဖြစ်၏''ဟု ကိုယ်တိုင်သိသောအခါ ထိုတရားဖြင့်ပြည့်စုံရာ၏ ဟူ၍ ဟောတော်မူ၏။

ထို့ကြောင့် မိမိ၏ ယုံကြည်ကိုးကွယ်ရာစံကို ဖော်ပြပါအချက်များနှင့် ချင့်ချိန်ရာ၏။ သဒ္ဓါတရားဟူသည် သာသနာပအချည်းနှီးသော ပုဂ္ဂိုလ်၊ အကျိုးမဲ့ကိစ္စရပ်များ၌လည်း ရှိနေနိုင်သည်ဖြစ်ရာ ထိုသဒ္ဓါတရားကို ပယ်စွန့်ရာ၏။ မိမိ၏ကောင်းကျိုးစီးပွားကို ဖြစ်စေသော ပုဂ္ဂိုလ်၊ အကြောင်းကိစ္စတို့၌သာ သဒ္ဓါတရားကို ထက်မြက်စေရာ၏။ 'ယုံကြည်မှု' ဟူသည် သောတာပန်၏ယုံကြည်မှုနှင့် ပုထုဇဉ်၏ ယုံကြည်မှုတို့သည် ပင် များစွာကွဲပြားခြားနားလှ၏။ ပုထုဇဉ်တို့သည် စိတ်ပုံ့လွင့်မှု(ဥဒ္ဓစ္စ) နောင်တတစ်ဖန်ပူပန်မှု(ကုက္ကုစ္စ)၊ထိုင်းမှိုင်းတွေဝေမှု (ထိန၊ မိဒ္ဓ)၊သံသယ ယုံမှားမှု (ဝိစိကိစ္ဆာ)များရှိကြသည် ဖြစ်ရာ ခိုင်မြဲတည်ကြည်သောသဒ္ဓါ အဖြစ် စိတ်မချရပေ။ အရိယာတို့၏ သဒ္ဓါကား ဤသို့မဟုတ်။ ရှင်းလင်းပြတ်သားသော ယုံကြည်မှုဖြစ်၏။ ဤသို့ဆိုလျှင် မည်သည့်အကြောင်းအရာ၌ ယုံကြည်သက်ဝင်ရမည်ဆိုသည်ကို သိရန်လိုပါ၏။ ထေရဝါဒ

ဗုဒ္ဓဘာသာဝင်တို့၏ စစ်မှန်သော ယုံကြည်ရာမှာ ဤသို့ဖြစ်၏။

''ကံနှင့်ကံ၏အကျိုးကို ယုံကြည်၏။ ရတနာသုံးပါးကို ယုံကြည်၏။ သံသရာကို ယုံကြည်၏။''ထိုသို့ ယုံကြည်မှ သဒ္ဓါအစစ်ဖြစ်၏။ ရှေးခေတ်အခါကဲ့သို့ နေကိုကိုးကွယ်ခြင်း၊ လကိုကိုးကွယ်ခြင်း၊ ဂြိုဟ်နက္ခတ်တို့ကို ကိုးကွယ်ခြင်း၊ တိရစ္ဆာန်များကို ကိုးကွယ်ခြင်း၊ လိမ်ညာစားသောက်သော ဘိုးတော်အတုအယောင်၊ ဆရာအလိမ်အညာများကို ကိုးကွယ်ခြင်း၊ အပြောအဟောကောင်း ရုပ်ရည်တင့်တယ် ဆေးဝါးကုသမှုကောင်းသော ပုဂ္ဂိုလ်သူများကို ကိုးကွယ်ခြင်းကား သဒ္ဓါစစ်မဟုတ်။ ထိုဖျင်းသော မောဟအကုသိုလ်ဖြစ်၏။ တပ်မက်မှု၊ လောဘနှင့်နွယ်သော ဖျင်းသော ကြည်ညိုမှု (မုဒ္ဓ ပသန္န) ဖြစ်၏။

သဒ္ဓါတရားနှင့်ပတ်သက်၍ ''သူရမ္ဗဋ္ဌ''ဝတ္ထုသည် ထင်ရှား၏။ မြတ်စွာဘုရားလက်ထက်တော်က သာဝတ္ထိပြည်မှ သူရမ္ဗဋ္ဌသည် တိတ္ထိများကို ကိုးကွယ်သူဖြစ်၏။ သူရမ္ဗဋ္ဌ၏ တရားထူးရနိုင်ပုံကို ဘုရားရှင်သိမြင်တော်မူ၍ ထိုသူ၏အိမ်သို့ ဆွမ်းခံကြွတော်မူ၏။သူရမ္ဗဋ္ဌသည် ဘုရားရှင်သာသနာ၌ ကြည်ညိုသူမဟုတ်သော်လည်း ဗုဒ္ဓ၏ ဂုဏ်သတင်းကျော်စောမှုကိုထောက်၍ ဆွမ်းကပ်လှူ၏။ ဆွမ်းကပ်လှူပြီးသောအခါ သင့်တော်ရာ ဆွမ်းအနုမောဒနာတရားကို နာကြားစဉ် ရှုမှတ်နှလုံးသွင်းမှုကြောင့် တရားအဆုံးတွင် သောတာပန်ဖြစ်လေ၏။ ဘုရားရှင်ပြန်ကြွသွားတော်မူပြီးနောက် မာရ်နတ်သည် သူရမ္ဗဋ္ဌ၏ သဒ္ဓါကိုဖျက်ဆီးရန် ဘုရားရှင်၏ အသွင်ဖန်ဆင်း၍ ချဉ်းကပ်၏။သူရမ္ဗဋ္ဌလည်း ဘုရားရှင်အမှတ်ဖြင့်မေးလျှောက်၏။ ထိုအခါ မာရ်နတ်က –

''သူရမ္ဗဋ္ဌ၊ ငါတရားဟောစဉ်က မဆင်ခြင်မိ၍ ခန္ဓာငါးပါးအကုန်လုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဟောခဲ့သည်။ သို့သော် အချို့ခန္ဓာများမှာ 'နိစ္စ၊ ဓုဝ၊ သဿတ'ဖြစ်ပြီး (ခိုင်မြဲပြီး)အစဉ်ထာဝရတည်၏။ ဤအချက်ကို ပြင်ရန်ငါလာခဲ့သည်''ဟု ဆို၏။

ထိုအခါ သူရမ္ဗဋ္ဌက 'ဘုရားရှင်တို့မည်သည် မစူးစမ်းမဆင်ခြင် ပြောရိုးမရှိ၊ ဤစကားသည် အလွန်ဝန်လေး၏၊ မာရ်နတ်သည် မြတ်စွာဘုရား၏ ဆန့်ကျင်ဘက်ပြုလေ့ရှိ၏။ မာရ်နတ်ဖြစ်ဟန်တူ၏'ဟု ဆင်ခြင်၍ 'သင်ဟာမာရ်နတ်မဟုတ်လား'ဟု မေးရာ မာရ်နတ်က ဟုတ်မှန်ကြောင်း ဝန်ခံရ၏။ ထိုအခါ သူရမ္ဗဋ္ဌက–

''ငါ၏ ယုံကြည်မှု သဒ္ဓါကို မာရ်နတ်တစ်ထောင် လာရောက်ဖျက်ဆီးစေဦး၊ ငါမတုန်လှုပ်၊ ဘုရားရှင်က ရုပ်နာမ်ခန္ဓာမှန်သမျှ အနိစ္စဟု ဟောတော်မူ၏။ ငါကိုယ်တိုင်လည်း မမြဲဟုသိ၏။ ငါ့အိမ်မှ သင်ထွက်ခွာလော့၊ ထွက်သွားပါ''ဟု နှင်ထုတ်လိုက်၏။

ဤအဖြစ်ကိုထောက်၍ အရိယာတို့၏ မဂ်ဉာဏ်ဖြင့်ဆင်ခြင်သော သဒ္ဓါ၊ ခိုင်မြဲမှုကို အတုယူအားကျနိုင်၏။ သဒ္ဓါတရားဟူသည် ကုသိုလ်စေတသိက်ဖြစ်သော်လည်း 'ပညာလွန်လျှင်ကွန့်သည်၊ သဒ္ဓါလွန်လျှင် ဆွံ့သည်'ဟု ဆိုရိုးရှိ၏။ရတနာသုံးပါးတွင် ယုံကြည်သော သဒ္ဓါမှာ သင့်လျော်သော်လည်း မှားယွင်းသော အကြောင်းအရာ၊ ပုဂ္ဂိုလ်များ၌သဒ္ဓါလွန်လျှင် အမှားကြီးမှားတတ်၏။ ''သဒ္ဓါလွန်လျှင် တဏှာကျွံသည်'' ဟူသော စကားကိုလည်း သတိမူသင့်၏။ ထို့ကြောင့်သဒ္ဓါတရားဟူသည် သူ့ချည်းသက်သက်လွှတ်ထား၍မဖြစ်၊ မသင့်ရာ၌လည်း မှားတတ်သော သဘောရှိ၏ဟု ယူဆရန်လိုပါ၏။ သဒ္ဓါတရားစစ်ဖြစ်ရန် ဉာဏ်နှင့် သတိတွဲဖက်ရန်လိုပါ၏။'သူရမ္ဗဋ္ဌ' အနေဖြင့် မမေ့မလျော့သောသတိ (အပ္ပမာဒ)ဦးစီး၍ အရိယာတို့၏မဂ်'ဉာဏ်'ဖြင့် ဆင်ခြင်နိုင်၍သာ လမ်းမှားသို့ မရောက်ခဲ့ခြင်းဖြစ်၏။ စင်စစ် အရိယာဖြစ်သောကြောင့်သာ မှောလမ်းသို့မရောက်၊ အထက်လမ်းသို့သာ ရောက်သည်ဟု ဆိုရပါမည်။

ဤနေရာတွင် အလှူဒါနပြုရာ၌ ဖြစ်ပေါ်သောစိတ်စေတနာကို သဒ္ဓါတရားအဖြစ် တစ်နည်းပြောဆိုလေ့ရှိကြသည်။ အလှူဒါန၌ဖြစ်ပေါ်သော အလောဘစေတသိက်၏ နောက်ဆက်ပီတိကို သဒ္ဓါအဖြစ်ပြောဆိုကြ၏။ ရတနာသုံးပါးစသည်တို့၌ ကြည်ညိုသဒ္ဓါကို မူလအရင်းခံရာမှ ဖြစ်ပေါ်လာသော ကုသိုလ်စေတသိက်ဟု မှတ်ယူအပ်၏။သဒ္ဓါတရားခေါင်းပါးသူဟု ဆိုပြောရာ၌လည်း ရတနာသုံးပါးအပေါ် ယုံကြည်မှု ပါးလျား၍ နှမြောတွန့်တိုတတ်သူဟု ယူဆရန်ဖြစ်ပါ၏။

မည်သူမဆို ဤလောက၌ ယုံကြည်ရာတစ်ခုရှိစမြဲဖြစ်၏။ မည်သည့်ဘာသာတရားကိုမျှ လက်မခံ၊ တမလွန်ကို မယုံကြည်ဟူသော သူများသည်လည်း စင်စစ်ထိုသို့မယုံကြည်သော အယူဝါဒ၌ ယုံကြည်နေခြင်းပင်ဖြစ်၏။ ယုံကြည်ရာမှားလျှင် လမ်းမှားရောက်တတ်ပြီး ကိုးကွယ်ရာ မှန်မှသာ လမ်းမှန်ပေါ်ရောက်တတ်၏။ မည်သည့်အကြောင်းကိစ္စကိုမဆို သတိတရားလက်ကိုင်ထား၍ သူတော်ကောင်းတရား၌ မမေ့မလျော့သောသတိ၊ မှန်ကန်သော သဒ္ဓါတရားဖြင့် လျှောက်နိုင်ကြပါစေကြောင်း ဆုမွန်တောင်းအပ်ပါသည်။

■ ကောင်းသုခ



# အလှမာန်ယစ်မူး လွန်မကျူးမိ

အရှင်သုမန(ရွှေဂူ)



(၁)

အလှအပအပေါ်တွင် သာယာကျေနပ်မိသည်မှာ သူမအတွက်တော့ အဓိပ္ပါယ်ရှိနေသည်။ မိန်းမသားဟူသော သဘာဝတရားက ရုပ်ရည်အဆင်း၌ ထောက်ပံ့အားပေးသည်။ မိန်းမသားတစ်ဦးအဖို့ ရရှိအပ်လာသော လှပချောမွေ့မှုသည် ကုသိုလ်တစ်ခုဟုပင် သူမက ထင်မြင်မိသည်။အရွယ်ကာလအပိုင်းအခြားအားဖြင့်သော်လည်းကောင်း၊ အသိ၏ ဆင်ခြင်ပွားများ အားစိုက်မှု အတိမ်အနက်ဖြင့်သော်လည်းကောင်း ထိုအလှတရားပေါ်တွင် သာယာမိခြင်းမှာ သူမ၏ အပြစ်သက်သက်ဟုတော့ မဆိုသာပေ။

ယခုအချိန်အခါတွင် ရာဇဂြိုဟ်မြို့တော်၌ ဝေဠုဝန်ကျောင်းတော်က ရှိနေခဲ့ပြီ။ ရာဇဂြိုဟ်၏ အရှင်သခင်ဖြစ်သည့် ဗိမ္ဗိသာရမင်းတရားကြီးက ရတနာသုံးပါးတို့တွင် သက်ဝင်ယုံကြည်မှုကြီးမားခဲ့သည်။ ထို့အပြင် ဘုရားရှင်၏ အမြတ်ဆုံးအလုပ်အကျွေး ဒါယကာလည်းဖြစ်နေခဲ့၏။ ဗိမ္ဗိသာရမင်းကြီးက အရိယာသူတော်ကောင်းဖြစ်နေခဲ့သော်လည်း သူ၏ ချစ်မြတ်နိုးအပ်သော အဂ္ဂမဟေသီ ခေမာမိဖုရားက ဘုရားရှင်ထံသို့ အဖူးအမြော်ရောက်ခဲ့ဖူးခြင်း မရှိခဲ့သေး။

ခေမာမိဖုရားသည်လည်း မျိုးရိုးနိမ့်သူမှ မွေးဖွားလာသူမဟုတ်ခဲ့။ သာဂလပြည့်ရှင် မဒ္ဒရာဇ်မင်း၏သမီးတော်။ သာဂလ၏ ပြည်သူပြည်သားများကို ဘေးကင်းစေကာ မွေးဖွားလာခဲ့ခြင်းကြောင့် ခေမာမင်းသမီးဟု အမည်တွင်ခဲ့ရပေသည်။ အရွယ်ရောက်လတ်သောအချိန်တွင် ကိုယ်ခန္ဓာအရေအဆင်းမှာ ပြေပြစ်ချောမောလွန်းသောကြောင့်လည်း ဗိမ္ဗိသာရမင်းက မြတ်နိုးစုံမက်ခဲ့သည်။

ဘုရားရှင်၏ အလုပ်အကျွေးဒါယကာဖြစ်သော ဗိမ္ဗိသာရမင်းကြီးက မိဖုရားခေမာနှင့်အတူ ဘုရားရှင်ကို အလုပ်အကျွေးပြုချင်သည်။ ထိုကဲ့သို့စိတ်၌ ဖြစ်ပေါ်လာရခြင်းကလည်း ပါရမီဖက်တို့၏ စေတနာတရားပင်ဖြစ်လေသည်။ခေမာမိဖုရားက အလှတရားပေါ်တွင် သာယာနစ်မျောဆဲရှိနေ၏။ ခေမာမိဖုရားကိုယ်တိုင်ကလည်း ဘုရားရှင်နှင့် ဆုံတွေ့ရန် ကြောက်လန့်နေမိသည်။ တစ်ဆင့်စကား တစ်ဆင့်ဖြင့် ခေမာမိဖုရားကြားခဲ့ရဖူးသည်။ ဝေဠုဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူသော ဘုရားရှင်က ရုပ်၌အပြစ်ကိုပြကာ တရားဟောတော်မူသည်ဟု ခေမာက ကြားနေခဲ့သည်။ ရုပ်အဆင်းပေါ်တွင် သာယာနေမိသော မိမိကို ဘုရားရှင်က ရုပ်အဆင်း၏ အပြစ်ကို ညွှန်ပြပြောဆိုလိမ့်မည်ဟု တွေးမိသည်သာ။ ထိုအတွေးဖြင့်ပင် ဘုရားရှင်ကို ခေမာမိဖုရားက ရှောင်နေခဲ့၏။

ဗိမ္ဗိသာရမင်းကြီး၏ စိတ်တွင်လည်း မပြည့်မစုံဖြစ်နေရသည်။ မိမိက အလုပ်အကျွေးဒါယကာဖြစ်နေပါလျက် မိမိ၏မိဖုရားက ယနေ့တိုင်အောင် ဘုရားရှင်ကို မဖူးမတွေ့ရသေးသည်မှာ အဓိပ္ပါယ်မဲ့နေသည်ဟု ခံစားရလေသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မိမိ၏မိဖုရားက ဘုရားရှင်ကို ဖူးမြော်လိမ့်မည်ဟု စောင့်စားမျှော်လင့်ခဲ့သည်။နေ့ရက်ကာလများသာ ရှည်လာ၏။ ခေမာက ဘုရားရှင်ကို မဖူးမြော်ရသေးပေ။ စောင့်ဆိုင်းနေခဲ့ရသည်ကို သည်းမခံနိုင်တော့သည့် အဆုံးတွင် ဗိမ္ဗိသာရမင်းကြီးက အမတ်များနှင့်တိုင်ပင်လေသည်။ အမတ်များကလည်း မင်းကြီး၏ စိတ်ကူးအကြံအစည်ကို လက်ခံအားပေးသည်။

ထို့နောက် ဗိမ္ဗိသာရမင်းကြီးက စာဆိုရှင်ကဝိနှင့် အဆိုကျော်၊ ကချေသည်အကျော်အမော်တို့ကို တိတ်တဆိတ်တွေ့ဆုံလေသည်။ မင်းကြီးက စာဆိုရှင်ကို ဝေဠုဝန်ကျောင်းတော်၏ သာယာလှပမှုများအား အံ့မခန်းဖွဲ့နွဲ့သီကုံးရန်။ အဆိုကျော်ကို တေးသွားပေါ်တွင် နားဆင်သူက နစ်မျောသွားစေရန်နှင့် ကချေသည်များကို တွေ့မိကြည့်မိသူများက အသက်ရှူရန်ပင် မေ့လျော့သွားစေရန် အသုံးတော်ခံရမည်ဟု အမိန့်ရှိလိုက်သည်။

ဗိမ္ဗိသာရမင်းကြီး၏ အမှုတော်ကို ထမ်းရွက်ကြသူများက ဆိုင်ရာတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ပါမည်ဟု ပြန်လည်လျှောက်တင်ကြလေသည်။

(၂)

ကြေးမုံပြင်ထဲတွင် အရိပ်နှစ်ခုက ပီပီသသပေါ်လွင်နေသည်။ တစ်ဦး၏ပုံရိပ်သည် ခေမာမိဖုရား။ ခေမာမိဖုရား၏ နောက်တွင် ရူပ၏အဆင်းသဏ္ဍာန်တို့ကို ပြေပြစ်ညီညွတ်စေရန် မွမ်းမံခြယ်သပေးသည့် ရံရွေတော်၏ ပုံရိပ်။ ခေမာက ကြေးမုံပြင်ထဲတွင် ပေါ်နေသော မိမိ၏ မျက်နှာကို စေ့ငအောင်ကြည့်သည်။ မျက်လုံးအစုံသည် အဝန်းအနားညီကာ မျက်ဆန်က မဟူရာရောင်တောက်နေ၏။ မျက်တောင်မွေးများက နဂိုရှိရင်းစွဲဖြင့် ကော့ညွတ်နေသည်။ မျက်ခုံးမျှင်များက ခပ်ပြေပြေကွေးသွားရာမှ

အဆုံးသတ်ခါနီးတွင် ချုံးကျသွားသည်။ စင်ရော်တောင်မျက်ခုံး၊ နှာတံသည် ထင်းရှားစွာ စင်းစင်းရှိနေ၏။အထက်အောက် နှုတ်ခမ်းလွှာက လေးကိုင်းသဖွယ် အကွေးအညွတ်ဖြင့် လုံးဝန်းကာ ဖူးနေသည်။ ဆေးခြယ်ထားသော နှုတ်ခမ်းလွှာအစုံက ပတ္တမြားအသွေးလွှမ်းနေ၏။မိဖုရားတို့၏ ကျက်သရေတော်အရ နဖူးပြင်အစပ်တစ်လျှောက်မှ ဆံစများကို အနောက်သို့ဆွဲလှန်ဖြီးသင်ထားသည်။

ခေမာမိဖုရား၏အလှကို အခြွေအရံမောင်းမများအားလုံးကလည်း ချီးကျူးစကားဆိုကြသည်။ ထိုအခါ ခေမာကလည်း မိမိ၏အလှပေါ်၌ ပို၍မာန်ဝင့်စရာဖြစ်လာရသည်။ မိန်းမသား၏ အဇ္ဈတ္တအသွေးအရ အလှတရားကို မက်မောခုံမင်မိသည်။ သို့ရာတွင် တစ်ချိန်ချိန်၌ ထိုအလှအပများက ဆုတ်ယုတ်လျော့ပါး ပျက်စီးသွားမည်ကို ခေမာက ထည့်သွင်းမစဉ်းစားမိခဲ့။

အလှပြင်ပေးနေသော ရံရွေတော်က ခေမာမိဖုရား၏ ဆံထုံးခွေအတွင်းသို့ ဆံထိုးတံကို လှပစွာထိုးစိုက်ပေးလိုက်သည်။ အလှပြင်မှုကိစ္စပြီးစီးသွားသည်။ ခေမာက ကိုယ်ကို တစ်ခြမ်းစောင်းကာ ကြေးမုံပြင်ထဲကို ကြည့်လိုက်သည်။ ဆံထိုး၏ အစွန်းဖျားက အမြိတ်ချထားသော ရွှေကြိုးမျှင်ကလေးများမှာ လက်ခနဲဖြစ်သွားပြီး ယိမ်းထိုးလှုပ်ခတ်နေတော့၏။ခေမာမိဖုရားက ကျေနပ်စွာပြုံးလိုက်သည်။ ပါးပြင်နှစ်ဖက်တွင် ခွက်ဝင်သွားသော ပါးချိုင့်က အပြုံးကို အားကူထောက်ဖြည့်ပေးသကဲ့သို့ ဖြစ်သွားသည်။ ထိုအခိုက် ရံရွေတော်က ခေမာမိဖုရားကို စကားဆိုလေသည်။

''သခင်မကို အရှင်မင်းတရားကြီးက မေးတော်မူသေးတယ်''

''ဘာကိုလဲ ...''

''နင်တို့ရဲ့ သခင်မ ဝေဠုဝန်ကျောင်းတော်ကို သွားဖို့ ယောင်ရမ်းပြီးတော့တောင် စကားမဟမိဘူးလားတဲ့''

''အရှင်မင်းမြတ်ကလည်း သူကိုးကွယ်ဆည်းကပ်နေတဲ့ မြတ်စွာဘုရားဆိုတော့လည်း ငါ့ကို သွားရောက်ဖူးမြော်စေချင်တာ အဆန်းတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ..''

ခေမာက စကားကိုရပ်လိုက်သည်။ ကြေးမုံပြင်ထဲမှ ပုံရိပ်မျက်ဝန်းနှင့် ပကတိမျက်ဝန်းတို့ အပြန်အလှန်ဆုံကြည့်မိသည်။ ထို့နောက် ခေမာက ခေါင်းကိုအနည်းငယ် ငဲ့စောင်းရင်း ..

''မြတ်စွာဘုရားက အလှအပရဲ့ အပြစ်တွေကို ဟောပြောနေတုန်းပဲလား''

''ကြားသိရသလောက်တော့ အမြဲတမ်းအလှအပရဲ့ အပြစ်တွေကို ဟောတယ်လို့လည်း မဟုတ်ပါဘူးတဲ့၊ အကြောင်းအဖြစ်ပေါ်မှီပြီးတော့ သက်ဆိုင်တဲ့ တရားကိုပဲ ဟောတာပါတဲ့၊ ခန္ဓာနဲ့ပတ်သက်ပြီး ဟောတဲ့ အခါမျိုးမှာတော့ အလှအပရဲ့အပြစ်ကို ထည့်သွင်းဟောတော်မူတယ်လို့တော့ ကြားသိရတာပဲ သခင်မ''

''မြတ်စွာဘုရားရှိရာကို ငါက တမင်မသွားချင်တာမျိုးတော့ မဟုတ်ပါဘူး။ သွားရောက်ဖူးမြော်မိရင် မြတ်စွာဘုရားက ငါ့ကို အပြစ်လို့ဟောမှာပဲ၊ ဘာလို့လဲဆိုတော့ မြတ်စွာဘုရားက လူတွေရဲ့စိတ်ကို သိနေတော်မူတာမို့လား၊ အဲဒါကို ငါကကြောက်နေမိတာနဲ့ မြတ်စွာဘုရားရှိရာကို မရောက်ဖြစ်တာပါ''

''ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ၊ အကြောင်းတိုက်ဆိုင်လာရင် မြတ်စွာဘုရားကို သခင်မအနေနဲ့ ရှိခိုးဖူးမြော်ခွင့်ရလာမှာပါ''

''ဟုတ်ပါတယ်လေ၊ လောကမှာ အားလုံးရဲ့ ဆရာဖြစ်တဲ့ မြတ်စွာဘုရားကို ဖူးမြော်ခွင့်ရတာဟာ ကုသိုလ်ထူးတဲ့သူတွေပါပဲ''

ခေမာမိဖုရားက အလေးအနက်စိတ်ဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ ထို့နောက် ကြေးမုံပြင်ရှေ့မှထကာ လေသာဆောင်ရှိရာသို့ လှမ်းခဲ့လေသည်။

(၃)

ဘဝများ၏ အသီးသီးတွင် အကြောင်းတရားတို့က ရှိမြဲပင်။ အချိန်အခါကိုလိုက်၍ ကွာခြေမျိုးများက ပြောင်းလဲတန်သရွေ့ ပြောင်းလဲကြရသည်။ ထိုသို့ပြောင်းလဲရာ၌ ကုသိုလ်၊ အကုသိုလ်တို့သာ ဖြစ်လေသည်။ အတိတ်ကံ၏ ပြုမူဆောင်ရွက်ချက်ကို မျက်မှောက်ဘဝ၏ ကံက ထင်ဟပ်ဖော်ဆောင်စမြဲ။

ခေမာမိဖုရား၏ စံနန်းဆောင်နှင့် ခါးလွှယ်ခုတ်တွင်ရှိသော နန်းပြာသာဒ်သည် ပွဲလမ်းသဘင်များကျင်းပသည့်အခါ အသုံးပြုသည့်အဆောင်။ မနေ့ညဦးပိုင်းအချိန်လောက်က ထိုနန်းပြာသာဒ်ဆောင်ဆီမှ တူရိယာအသံတို့ကို သဲ့သဲ့မျှ ခေမာကြားမိသည်။ နန်းတွင်းအနုပညာသည်များ အလေ့အကျင့်လုပ်သည်ဟု ခေမာက ထင်ခဲ့သည်။

မနေ့ညက မိမိလည်း အိပ်ချင်မိသောကြောင့် စောစောပင် အိပ်ဖြစ်လိုက်သည်။ ယနေ့လည်း နန်းပြာသာဒ်ဆောင်ဆီမှ တူရိယာအသံတွေ စမ်းသပ်ညှိနေသံများကို ကြားနေရ၏။ ယခုကြားနေရခြင်းက မနေ့ကကြားရသည်ထက် ပိုမိုအသံပြင်းသည်ဟု ထင်မိသည်။

ခေမာက တူရိယာသံများ အသံချိန်ကိုက်ညှိနေသည်ကို နားစွင့်မိလျက်သား ဖြစ်သွားသည်။ ထိုအခိုက်မှာပင် တူရိယာအသံများက ရုတ်တရက် ရပ်တန့်တိတ်ဆိတ်သွားကြသည်။ တစ်ခဏအကြာတွင် သာယာညွတ်ပျောင်းသော ဂီတသံက လေပြည်ထဲတွင် စီးမျောလာလေ၏။

''အမှတ်တမဲ့နဲ့ အကြင်သူဟာ နုလုံးမွေ့လျော်ဖွယ်ကောင်းပေသော သုံးလူ့မှန်ကင်းတရားမင်းရဲ့ သီတင်းသုံးနေထိုင်ရာ၊ဝါးတောခေါ်တွင် ဥယျာဉ်တော်ကို ကုသိုလ်ကံတရားက ဖေးမမှုမရှိတာမို့ မမြင်မရှုရပါတကား၊ ထိုသူဟာ နတ်တို့ပျော်ကဲရာ မြတ်မွန်နန္ဒဝန်ခေါ် ဥယျာဉ်တော်ကို မမြင်ရပေတကား၊ သို့ကလိုသာ ငါတို့တွေဟာ အောက်မေ့ထင်မှတ်ရပေတော့တယ်လေ ...''

''အမှတ်တမဲ့ အကြင်သူဟာ လူတိုင်းကြည်ညိုပြည့်ရှင်ရာဇဂြိုဟ် ဘုရင်ဗိမ္ဗိသာရနှစ်သက်အပ်သော၊တစ်လောကလုံး ညွတ်ရုံးချစ်ခင် ဘုရားရှင်တော်နှစ်သက်တော်မူအပ်ပေသော၊ ဆိတ်ငြိမ်သာမော ဝါးတောမြတ်မွန်တုဘက်ကင်းသော ဝေဠုဝန်ဥယျာဉ်တော်ကို ကိုယ်တိုင်ကိုယ်ကျ ရှုမြင်ရပေတယ်၊ ထိုသူဟာ နတ်တို့သနင်းသိကြားမင်း လွန်စွာနှစ်သက်အပ်ပါတဲ့၊ နတ်တို့ပျော်ကဲရာနန္ဒဝန်ခေါ် ဥယျာဉ်တော်ကို ကောင်းမွန်လှစွာ တွေ့မြင်ခွင့်ရလေတယ်''

ခေမာမိဖုရားက တေးသွားနှင့်အတူ တူရိယာသံစဉ်တို့၏ ဖွဲ့ယှက်ပေါင်းစပ်မှုအပေါ်တွင် နစ်မျောသွားခဲ့သည်။ ဝေဠုဝန်ဥယျာဉ်တော်၏အကြောင်းကို ဖွဲ့ဆိုသည့်ဂီတတစ်ပုဒ်ဟု သိလိုက်ရသည်။ အလျင်က သည်ကဲ့သို့သော တေးသွားအကြောင်းအရာမျိုးကို မကြားခဲ့ရဖူးချေ။ တေးသွားသံစဉ်တို့က ခေမာမိဖုရား၏ သောတအာရုံဆီကို ရိုက်ခတ်လာပြန်သည်။

''တာဝတိံသာနတ်များအပေါင်းတို့ဟာ နန္ဒဝန်နတ်ဥယျာဉ်တော်ကို ပယ်ခွာရှောင်ကာ စွန့်ပစ်ထားခဲ့ကြလေပြီ၊ ဇမ္ဗူဒီပါလက်ယာဦးတင် မြေအပြင်ဆီသို့သက်ဆင်းခဲ့ကြပြီ၊ နုလုံးမွေ့လျော် မြတ်နိုးဖွယ်ကောင်းသော ဝေဠုဝန်ဥယျာဉ်တော်ကို ကိုယ်တိုင်မျက်မြင်တွေ့ကြရလေသော် အလွန်အကဲအံ့မခန်းဖြစ်ကာ ပူပန်ကင်းပျောက်စည်းစိမ်မေ့ပျောက် မငြီးမငွေ့ မရောင့်ရဲနိုင်ကြတော့ပေ''

''အကြင် ဝေဠုဝန်ဥယျာဉ်တော်ဟာ မင်းဘုန်းလှူဖန်မှုကုသိုလ်ကံကြောင့် ပေါ်ထွန်းဖြစ်တည်လာပေရဲ့၊ အဲသည် ဝေဠုဝန်ဥယျာဉ်တော်ကို မြတ်ဗုဒ္ဓရဲ့ဘုန်းတော်အာနုဘော်နဲ့ တန်ဆာဆင်အပ်ရပေတယ်။ ဝါးတောမြတ်မွန်ဝေဠုဝန်ရဲ့ များပြားထွေထွေ ဂုဏ်အပေါင်းများစွာကို အဘယ်စာဆိုကဝိ ပညာရှိမျှ အကြွင်းမဲ့ကင်းအောင် ဖွဲ့နွဲ့သီကုံး မစွမ်းနိုင်ပြီတကား''

တေးသွား၏ ညှို့ငင်ရာနောက်သို့ ခေမာမိဖုရား လိုက်ပါသွားခဲ့သည်။ လေးဂါထာဖြင့် ဖွဲ့သီထားသော တေးသွားကို သုံးကြိမ်ပြန်အကျော့တွင် ပြီးဆုံးသွားသည်။ သီချင်းသားပြီးဆုံးသွားသော်လည်း ခေမာက ငိုင်တွေတွေဖြစ်ကျန်ခဲ့သည်။ဝေဠုဝန်ဟာ အဲသည့်လောက်တောင် သာယာတယ်တဲ့လားဟု မိမိကိုမိမိ ပြန်မေးမိလေ၏။

ထိုနေ့ညတွင် အတွေးပေါင်းများစွာက အာရုံကို ဝင်ရောက်မွှေနှောက်လိုက်သဖြင့် ခေမာမှာ ညဥ့်နက်မှ အိပ်ပျော်သွားခဲ့သည်။နောက်တစ်နေ့ မနက်တွင် ခေမာက အခြွေအရံမောင်းမများကို မေးလေသည်။

''မနေ့ညတုန်းက ခန်းမဆောင်နန်းပြာသာဒ်က တီးမှုတ်သံတွေ ကြားမိတယ်၊ အဲဒါ ဘာလုပ်ကြတာလဲ''

''ကျွန်တော်မျိုးမတို့လည်း အဲဒီတီးမှုတ်သံတွေ ကြားလို့ သွားကြည့်မိကြတယ်။ တကယ့်ကို ပွဲသဘင်ကျင်းပနေတဲ့အတိုင်းပဲ၊ အတီးအဆိုတွင်မဟုတ်ဘူး၊ အနုသဘင်ကချေသည်တွေလည်းပါတယ် သခင်မ၊အစုလိုက်၊ အစုလိုက် ကတာများ ကြည့်လို့တအားကောင်းတာပဲ၊ နောက်ခံကလည်း အဲဒီဝေဠုဝန်ဥယျာဉ်တော်ပုံသဏ္ဍာန်ဖန်တီးထားလိုက်သေးတယ်။တေးသီချင်းကလည်းကောင်း အတီးရော၊အဆိုရော၊အို အားလုံးကောင်းတာပါပဲသခင်မ ရယ်၊ ဒီညလည်း သူတို့ တီးမှုတ်ကခုန်ကြဦးမလားမသိဘူး၊ သခင်မ ရှုစားတော်မူမလား''

''နေပါစေတော့၊ တီးမှုတ်သံကြားလို့ မေးမိတာပါ''

ခေမာမိဖုရားက ဟန်ဆောင်ပြောလိုက်ရသော်လည်း တကယ်တွင် ကြည့်ချင်မိသည်။ ထိုညတွင်လည်း တီးမှုတ်သီဆိုသံများကို ကြားရပြန်သည်။ခေမာက ကချေသည်တို့၏ ကကြိုးကဟန်များကို အတွေးဖြင့် ပုံဖော်

ကြည့်မြင်မိသည်။ ဝေဠုဝန်ကျောင်းတော်ဖွဲ့ သီချင်းကို အနုပညာသည်များက သုံးရက်တိုင်အောင် သီဆိုတီးမှုတ် ကခုန်သွားကြပေပြီ။

ခေမာက တေးသွားတချို့တစ်ဝက်ကို မှတ်မိပြီး ဆိုညည်းမိလေသည်။အလျင်က ဝေဠုဝန်ဥယျာဉ်တော်သို့ မင်းတရားနှင့်အတူတကွ မသွားခဲ့ရသည်ကို နောင်တ ဖြစ်မိတော့၏။ ယခုသော် ဝေဠုဝန်ဥယျာဉ်တော်ကို သွားချင်စိတ်ပြင်းပြမိခဲ့ပြီ။ သို့သော်လည်း ဘုရားရှင်နှင့်ဆုံတွေ့မိမည်ကို ခေမာက စိုးရွံ့နေမိသေးသည်။ ဆန္ဒအာသာက လှုံ့ဆော်လာသောအခါ ဘုရားရှင်နှင့် မဆုံဖြစ်အောင် တိမ်းဖယ်ရှောင်ရှား၍ သွားကြည့်မည်ဟု ခေမာက ဆုံးဖြတ်လိုက်သည်။

ဗိမ္ဗိသာရမင်းတရားကြီးကို ခေမာမိဖုရားက ဝေဠုဝန်ဥယျာဉ်တော်သို့ အခမ်းအနားဖြင့် သွားရောက်ကြည့်ရှုခွင့်ပြုပါရန် ခွင့်ပန်လေသည်။ ဗိမ္ဗိသာရမင်းကြီးက မိမိ၏ အစီအမံအောင်မြင်ခဲ့ပြီဟု တွေးမိကာ ကြည်ဖြူစွာ ခွင့်ပြုလိုက်လေ၏။

(၄)

ခေမာမိဖုရားက အမှုတော်ထမ်းများကို ရထားကကြိုးတန်ဆာဆင်စေလိုက်သည်။ မကြာခင်အမှုတော်ထမ်းတစ်ယောက်က အခစားဝင်လာသည်။

''ရထား ကကြိုးတန်ဆာဆင်ယင်ပြီးကြောင်းပါ သခင်မ၊ အလိုရှိက အခုပင် ခရီးအသင့်ပါ''

''သင်တို့သာ ရထားနဲ့အတူ အဆောင်တော်ရှေ့မှာ အသင့်ရှိနေပါစေ၊ ငါကိုယ်တိုင် အဲသည်ကိုရောက်လာခဲ့မယ်''

အမှုတော်ထမ်းက ပြန်လည်ထွက်သွားသည်။ ဝေဠုဝန်ဥယျာဉ်တော်သို့သွားရန် စောနေသေးသည်။ ယခုအချိန်ထွက်သွားသော် ဘုရားရှင်နှင့် ပက်ပင်းတွေ့ဆုံနိုင်သည်ဟု ခေမာက တွက်သည်။ အချိန်အနည်းငယ် စောင့်ရဦးမည်။ ခရီးအကွာအဝေးကို ချင့်ချိန်ပြီး၊ ဆွမ်းခံကြွတော်မူချိန်လောက်တွင် ဝေဠုဝန်ကိုရောက်ရမည်။ သို့မှသာလျှင် ဘုရားရှင်နှင့်ဆုံနိုင်မည် မဟုတ်တော့။ခေမာနှင့်အတူ လိုက်ပါမည့် အခြွေအရံများကလည်း အသင့်ဖြစ်နေကြပြီ။

သင့်တင့်လောက်ပြီဟု ယူဆကာ အဆောင်တော်ရှေ့သို့ ခေမာနှင့် အခြွေအရံများက ထွက်လာခဲ့သည်။ ထို့နောက် အသင့်ဖြစ်နေသော ရထားထက်သို့ တက်လိုက်ကြသည်။ ခေမာက ရထားထိန်းကို အရှိန်မှန်မှန်သာ မောင်းနှင်ရန်ပြောလိုက်၏။ မြင်တွေ့ရတော့မည့် ဝေဠုဝန်သည် အတွေး၌ပင် သာယာစိုပြည်နေလေသည်။

ဆွမ်းခံကြွတော်မူသွားချိန်တွင်ပင် ဥယျာဉ်တော်၏ အဝင်ဝကို ရထားက ရောက်ရှိလာခဲ့သည်။ ခေမာမိဖုရားက ရထားကို ဥယျာဉ်တော်အတွင်းသို့ မမောင်းဝင်စေတော့ပေ။ ရထားထက်မှ ဆင်းလိုက်သည်။ ဥယျာဉ်တော်၏ မုခ်ဦးဝအတွင်းသို့ ခြေချမိလိုက်၌ ကျေးငှက်များ၏ တေးသံများကို စတင်ကြားလိုက်ရသည်။ ဝေဠုဝန်ဥယျာဉ်တော်ကို ခေမာကိုယ်တိုင်တွေ့မြင်ရပြီ။ ကြားခဲ့ရသော ဥယျာဉ်တော်ဖွဲ့ တေးသွားသည် အမှန်တကယ်ပင် ဥယျာဉ်တော်အစစ်အမှန်ကို ဖွဲ့ဆိုရန် မမီခဲ့ပါပေ။

မိမိနေထိုင်ရာ နန်းတော်တွင်မရှိ မမြင်ဖူးသော ပန်းအမျိုးအစားတို့ကို ခေမာတွေ့ရသည်။ ပန်းမျိုးစုံ အရောင်အသွေးတို့က ထွေးယှက်ရောနှောကာ အကင်း၊ အငုံ၊ အဖူး၊ အပွင့်တို့ဖြင့် ရှိနေကြလေသည်။ ပျားပိတုန်းတို့က ပန်းဝတ်ရည်ကို ယုငင်သုံးဆောင်ပြီး တသောသောဖြင့် ဟိုမှသည်မှ ဝဲပျံကြသည်။ ဥဩ၏ တွန်ကျူးသံကိုလည်း ခေမာကြားနေရသည်။ အုပ်ဆိုင်းဖွဲ့ကောင်းသော ပန်းချုံအချို့၏ အကွယ်၌ ဒေါင်းမြီးကခုန်ဟန်ကိုလည်း ရိပ်ခနဲမျှ မြင်လိုက်ရသည်။ စင်္ကြံ၊ မဏ္ဍပ်၊ ကျောင်း၊ ဇရပ်တို့က အချိုးကျကျ ဖွဲ့တည်နေလေသည်။ ယောဂီသူမြတ်များ၏ မွေ့လျော်ရာ ဝေဠုဝန်ကျောင်းတော်ကို ခေမာမိဖုရားက နှုတ်ခမ်းအဟာသားဖြင့် တအံ့တဩမှင်သက်မိလေတော့၏။

တုနှိုင်းမဲ့သော ဘုရားရှင်၏ကျေးဇူးသည် အတိုင်းအဆမရှိခဲ့ချေ။ သတ္တဝါတို့၏ အကျိုးစီးပွားအတွက် နေ့စဉ်နေ့တိုင်းပင် ကြည့်ရှုတော်မူလေသည်။ လိုအပ်ပါက ကျွတ်သင့်ကျွတ်ထိုက်သော သူရှိရာသို့ပင် ကိုယ်တော်တိုင်သွားရောက်ကာ ထိန်းကျောင်းတည့်မတ်ပေးလေသည်။ အမြင်မှန်ရထိုက်သူ ရောက်လာမည်ဆိုပါကလည်း သည်းခံစောင့်ဆိုင်းကာ နေတော်မူပေးပြန်သည်။

ဘုရားရှင်တို့၏ ဉာဏ်တော်အရ၊ ခေမာမိဖုရားက ယနေ့အချိန်အခါတွင် ဥယျာဉ်တော်ကို ရောက်လာမည်ဟု မြင်တော်မူပြီးခဲ့ပြီ။ ထို့ကြောင့် ဘုရားရှင်က ဆွမ်းခံကြွတော်မမူဘဲ ဂန္ဓကုဋိတိုက်ထဲတွင် သီတင်းသုံးစံမြန်းနေလေသည်။ ထိုသို့ သီတင်းသုံးနေရင်းမှ ခေမာ၏

အတိတ်ဘဝတွေကိုလည်း မြင်တော်မူနေမိလေ၏။

လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ဖြစ်ခဲ့သည်။ ပဒုမုတ္တရ မြတ်စွာဘုရား၏ သာသနာတော်အချိန်။ဟံသာဝတီ မင်းနေပြည်တော်တွင် သေဌေးသမီးဘဝဖြစ်ခဲ့သည်။ မြတ်စွာဘုရားဟောကြားသော တရားတော်ကို နာကြားခဲ့ရပြီးနောက် သဒ္ဓါတရားရှိသူဖြစ်လာသည်။ ထို့နောက် သရဏဂုံတည်သူ ဉပါသိကာဖြစ်ခဲ့လေ၏။ ဘုရားအမှူးရှိသော သံဃာတော်များကို ခုနစ်ရက်ပတ်လုံး ဆွမ်းပြုစုဆက်ကပ်လုပ်ကျွေးသည်။ ခုနစ်ရက်လွန်မြောက်သောနေ့က သုဇာတာထေရီမကို ပဒုမုတ္တရမြတ်စွာဘုရားက ပညာတေဒဂ်ရာထူး၌ ထားတော်မူခြင်းကို တွေ့မြင်ကြားသိခဲ့သည်။ထိုအခါ အားကျမိပြီး အဓိကရ ကောင်းမှုကုသိုလ်များကိုပြု၍ ပညာတေဒဂ်ဆုကို တောင်းလေတော့သည်။ ပဒုမုတ္တရမြတ်စွာဘုရားကလည်း ကမ္ဘာတစ်သိန်းအလွန်တွင် ဂေါတမမြတ်စွာဘုရားသာသနာတော်၌ တေဒဂ်ရခေမာထေရီဖြစ်လိမ့်မည်ဟု ဗျာဒိတ်စကားကို မိန့်တော်မူခဲ့လေသည်။

ထိုဘဝမှ ကွယ်လွန်ပြီးနောက် တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီစသော နတ်ပြည်ကြီးများတွင် နတ်မိဖုရားဘဝများ။ ထိုမှ စကြဝတေးမင်း၊ ကေရာဇ်မင်းတို့၏ မိဖုရားကြီးဘဝများ။

ကိုးဆယ့်တစ်ကမ္ဘာအထက်တွင် ဝိပဿီမြတ်စွာဘုရားသာသနာတော် ဖြစ်လာသည်။ ထိုဘုရားရှင်၏ သာသနာတော်တွင် အမျိုးသမီးကောင်းဘဝမှ ဘိက္ခုနီမအသွင်သို့ ကူးလှမ်းခဲ့သည်။ နှစ်ပေါင်းတစ်သောင်း တိုင်အောင် မြတ်သောအကျင့်ကို ကျင့်သုံးခဲ့ပြန်သည်။ ကမ္မဋ္ဌာန်းအားထုတ်ခြင်း၊ ဗဟုသုတပြည့်စုံခြင်းဖြင့် ကျွမ်းကျင်လိမ္မာကာ ဓမ္မကထိကဘိက္ခုနီမအဖြစ် သိက္ခာသုံးပါး သာသနာကို ကျင့်သုံးဆောက်တည်ခဲ့လေ၏။

ကောဏာဂုံမြတ်စွာဘုရား၏ သာသနာတော်အခါက ဗာရာဏသီတွင် ချမ်းသာကြွယ်ဝသော အမျိုးသမီးဖြစ်ခဲ့ပြန်သည်။ ဓနဉ္စာနီ၊ သုမေဓာ အမျိုးသမီးတို့နှင့်အတူတကွ ဒါနပြုဖော် သူငယ်ချင်းများဖြစ်လေသည်။ သူတို့သုံးဦးသားက ဒါယိကာခံပြီး သံဃာ့အာရာမ်ကျောင်းကြီး၊ သံဃိကကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ဖူးသည်။ ထိုဘဝမှလွန်သော် တာဝတိံသာနတ်ပြည်၊ လူ့ပြည်များ၌ နတ်စည်းစိမ်၊ လူ့စည်းစိမ်တို့ကို ခံစားရတော့သည်။

ကဿပမြတ်စွာဘုရား ပွင့်ထွန်းလာသောအခါ ကာသိတိုင်း၊ ဗာရာဏသီပြည့်ရှင် ကိကီမင်းကြီး၏ သမီးတော်အကြီး ဖြစ်လာသည်။ ကိကီမင်းကြီးသည် ကဿပဘုရားရှင်၏ အလုပ်အကျွေးဒါယကာအရင်းဖြစ်လေသည်။ မင်းကြီးတွင် သမီးတော်ခုနစ်ပါးရှိခဲ့သည်။ သမဏီမင်းသမီး၊ သမဏဂုတ္တာမင်းသမီး၊ ဘိက္ခုနီမင်းသမီး၊ ဘိက္ခုဒါယိကာမင်းသမီး၊ ဓမ္မာမင်းသမီး၊ သုဓမ္မာမင်းသမီးနှင့် သံဃဒါယိကာမင်းသမီး။ ထိုသမီးတော်ခုနစ်ပါးက နောင်သောအခါ ဂေါတမဘုရားရှင်၏ သာသနာတော်တွင် ခေမာထေရီ၊ဉပ္ပလဝဏ္ဏာထေရီ၊ပဋာစာရီထေရီ၊ ကုဏ္ဍလကေသီထေရီ၊ ကိသာဂေါတမီထေရီ၊ ဓမ္မဒိန္နာထေရီ၊ ဝိသာခါကျောင်းအစ်မတို့ ဖြစ်လာကြမည့် သူများပင်ဖြစ်လေသည်။

ကိကီမင်းကြီး၏ သမီးတော်အကြီးဆုံး၊သမဏီမင်းသမီးဘဝတွင် ကဿပဘုရားရှင်၏ တရားတော်ကို နာခဲ့ရသည်။ တရားတော်ကြောင့် ဘိက္ခုနီမ ပြုရန် ခမည်းတော်မင်းကြီးထံတွင် အခွင့်တောင်းဆိုမိသည်။ သို့သော် မင်းကြီးက အခွင့်တော်မပေးခဲ့ပေ။ ဤသို့အခြေအနေတွင် သမီးတော် ညီအစ်မခုနစ်ယောက်စလုံးတို့က ခင်ပွန်းမရှာတော့ဘဲ အနှစ်နှစ်သောင်းကြာမြင့်အောင်ပင် ကောမာရိဗြဟ္မစရိယ(သတို့သမီးအပျို)ဘဝဖြင့် ဉပုသ်သီတင်းကျင့်သုံးကြလေ၏။ကဿပမြတ်စွာဘုရားကို အသက်ထက်ဆုံး ပစ္စည်းလေးပါးတို့ဖြင့် ဆည်းကပ်ပြုစုလုပ်ကျွေးခဲ့သည်။ တစ်ခုသောကာလ၌ ကဿပဘုရားရှင်က အံ့ဖွယ်ကောင်းသော မဟာနိဒါနသုတ္တန်ကို ဟောကြားတော်မူလိုက်သည်။ ထိုအခါ သမဏီမင်းသမီးက သဒ္ဓါတရားအားသန်ကြီးထွားလာခဲ့ပြီး နှုတ်ငုံရအောင် ရွတ်အံလေ့ကျင့်ခဲ့လေသည်။

ယခုသော် ဤဘဒ္ဒကမ္ဘာ၌ပင် ခေမာမိဖုရားအဖြစ်ရောက်နေခဲ့ပြီး၊ ဂေါတမဘုရားရှင်နှင့်တွေ့ဆုံရန် လှမ်းလာနေပြီကို ဘုရားရှင်က သိတော်မူခဲ့ပြီးလေ၏။

■ ဆက်လက်ဖော်ပြပါမည်



# အမှောင်ကိုခွင်း အလင်းကိုဆောင်

## ရွှေလမင်း(မောရဝါသီ)

“သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်လုံး၊အပြည့်ဖုံးသည့်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ဤလေးပါးထက်၊ နင်ကားရာထောင်၊မကမှောင်၏”လို့ လယ်တီဆရာတော်ရေးသားစပ်ဆိုတော်မူခဲ့တဲ့အတိုင်း လဆုပ်ပက္ခ လကွယ်နေ့၊ တစ်ခဲနက်သော တောအုပ်၊ မိုးတိမ်အုပ်ခြင်း၊ မိုးမှောင်ကျခြင်း၊ သန်းခေါင်ချိန်ဟု အင်္ဂါလေးပါးရှိသော အမိုက်မှောင်ကို အဘိဓာန်ကျမ်းမှာ ပြဆိုထားတယ်။

လကွယ်ညလည်းဖြစ်တယ်၊ တောအုပ်ကြီးထဲလည်းရောက်နေမယ်၊ မိုးမှောင်ကြီးကလည်း ကျနေပြန်၊ ညဥ့်လယ်သန်းခေါင်ယံ အချိန်ကလည်းဖြစ်ပြန်ဆိုတော့ စဉ်းစားသာကြည့်၊ဘယ်လောက်မှောင်မည်း နေလိုက်မလဲလို့၊ ဒီထက်မှောင်မိုက်တဲ့အချိန်တော့ မရှိတော့ဘူး၊ ဒါပေမယ့် ဒီထက်မိုက်တဲ့လူတော့ ရှိတယ်၊ပုထုဇဉ်လူမိုက်တွေ၊ ဒီပုဂ္ဂိုလ်တွေက အမှောင်မိုက်လေးပါးထက် အဆပေါင်းရာထောင်မက မိုက်မဲတယ်။

ဒါကြောင့် အန္ဓီဘူတသ္မိံ လောကသ္မိံ၊ အာဟိဏ္ဍ အမတ ဒုန္ဒုဘိံ၊ လောကကြီးဟာ အမိုက်မှောင်ကြီး ဖုံးလွှမ်းနေတယ်၊ အမိုက်မှောင်တွေ ဖုံးလွှမ်းနေတဲ့ လောကကြီးကို အမြိုက် နိဗ္ဗာန်တည်းဟူသော စည်ကြီးကို လှည့်လည် တီးခတ်တော်မူဖို့ ငါဘုရားကြွတော်မူတယ်လို့ ဥပက တက္ကတွန်းကြီးကို မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက မိန့်ကြားတော်မူခဲ့တယ်။

သတ္တဝါတွေရဲ့ ဉာဏ်မျက်စိမှာ အဝိဇ္ဇာတည်းဟူသော အမှောင်တိုက်ကြီး ဖုံးလွှမ်းနေတယ်၊သံသရာ အဆက်ဆက် ဘဝအဆက်ဆက်က အဝိဇ္ဇာအမှောင်တိုက်ကြီးက ဖုံးလွှမ်းလာခဲ့တယ်ဆိုတော့ မှောင်လွန်း ထူလွန်းနေပြီ၊ ပကတိမျက်စိမှာ ရောဂါ တိမ်သလ္လာ ကြာရှည်စွာဖုံးလွှမ်းထားရင် ဘာမှုမမြင်တော့ဘူး၊အနီးလည်း မမြင်တော့ဘူး၊ အဝေးကိုလည်း မမြင်တော့ဘူး။ ဒီလိုပါပဲ၊ပညာမျက်စိမှာ အဝိဇ္ဇာမောဟ အမှောင်တိုက်ကြီးဖုံးလွှမ်းနေရင်၊ အဝိဇ္ဇာမောဟ တည်းဟူသော တိမ်သလ္လာဖုံးလွှမ်းနေရင် သမ္မာဒိဋ္ဌိလို့ခေါ်တဲ့ အသိမှန် အမြင်မှန်ကို ဘယ်တော့မှ မရနိုင်ဘူး၊ ဘယ်တော့မှ မသိနိုင်ဘူး။

သို့သော် ပကတိသော မျက်စိမှာ ဖုံးလွှမ်းနေတဲ့ တိမ်သလ္လာတွေကို လိမ္မာကျွမ်းကျင်တဲ့ ဆေးသမားများက ဆေးဝါးနဲ့ ခဏလက်ငင်း ပျောက်ကင်းအောင် ကုသပေးနိုင်ပါတယ်။ ထိုနည်းတူစွာ လောကသုံးပါးမှာ အတော်ဆုံး သူမတူအောင် အတုမရှိ ကျွမ်းကျင်လိမ္မာတော်မူသော သမားတော်ကြီးဖြစ်တဲ့မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း သတ္တဝါတွေရဲ့ ပညာမျက်စိမှာ ပိတ်ဖုံးကာဆီးထားတဲ့ အဝိဇ္ဇာမောဟတည်းဟူသော တိမ်သလ္လာတွေကို တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးပြီး ပျောက်ကင်းအောင် ကုသပေးနိုင်ပါတယ်။

အခုခေတ်အခါဟာ အင်မတန်မှ ကံကောင်းတဲ့ ခေတ်အခါကြီးပါ၊ဘာကြောင့်လဲဆိုတော့ ဘုရားတည်းဟူသော နေမင်း၊ဘုရားတည်းဟူသော လမင်းကြီး လောကမှာပေါ်ထွန်းထွက်ပြူလာတဲ့အချိန်ကောင်း အခါကောင်း အခွင့်ကောင်းနဲ့ကြုံလို့ပါပဲ။

မြတ်စွာဘုရားတည်းဟူသော နေမင်း၊ လမင်းကြီးပေါ်ထွက်လာခဲ့လို့ သူသူငါငါ သတ္တဝါတွေ ကုသိုလ်မှန်း၊ အကုသိုလ်မှန်း သိခွင့်ရကြတယ်၊ ဒီလို ကုသိုလ်မှန်း၊ အကုသိုလ်မှန်း သိခွင့်၊နာခွင့်၊ကြားခွင့် ရတာဟာလည်း အခွင့်ထူးတစ်ခုလို့ ဆိုရမှာ ဖြစ်ပါတယ်။

လူတိုင်း၊ လူတိုင်း ဒီလိုအခွင့်အရေးမျိုး ရကြပါသလားလို့မေးဖို့ ရှိတယ်။ လူတိုင်း၊ လူတိုင်း ဒီလို အခွင့်အရေးမျိုး မရကြပါဘူး။ အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ်လို့ လူတန်းစားနှစ်စုခွဲလိုက်ပါ၊ ကုသိုလ်၊ အကုသိုလ်စတဲ့ တရားတွေကို မသိနားမလည်ကြတဲ့သူတွေ၊ ရုပ်တရား၊ နာမ်တရားတွေကို ခွဲခြားမမြင်တဲ့သူတွေ၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်စတဲ့တရားတွေကို မသိကြသူတွေ ဒီလူတွေအားလုံးဟာ အန္ဓပုထုဇဉ်တွေပါပဲ၊ ပစ္စည်းဥစ္စာ ဂုဏ်ပကာသနတွေ ဘယ်လောက်ပဲရှိရှိ ဒီတရားတွေကိုမှ မသိရင် အန္ဓပုထုဇဉ်ဘဝက မလွတ်သေးပါဘူး။ လောကစကားနဲ့ပြောရင် အောက်တန်းစားတွေပါပဲ၊အောက်ဆုံးအဆင့်မှာပဲရှိတယ်၊ ကုသိုလ်၊ အကုသိုလ် ရုပ်၊ နာမ်၊ ခန္ဓာ (၅)ပါး၊ အာယတန (၁၂)ပါး၊ ဓာတ်(၁၈)ပါး၊ သစ္စာ(၄)ပါး၊ ပဋိစ္စသမုပ္ပါဒ်တရားတွေကို အနည်းဆုံး အကျဉ်းချုပ်အားဖြင့် သိရှိနားလည်သူတွေကိုတော့ ကလျာဏပုထုဇဉ်လို့ခေါ်တယ်။ ပစ္စည်းဥစ္စာ ဂုဏ်ပကာသန မရှိသော်လည်း သူတို့ကို အောက်တန်းစားလို့ မခေါ်ရဘူး၊ အထက်တန်းလွှာ လူတန်းစားဖြစ်သွားပြီ၊ဘာသာရေးပေတံနဲ့ တိုင်းတာပြီး ပြောတာပါ၊လောကီသဘောနဲ့တော့ မဆိုင်ပါဘူး။

လောကမှာ ငကန်း၊ငစွေ၊ ငစောင်း စသည်ဖြင့် အခေါ်ခံရရင် နာတယ်။ ပါဠိလို အန္ဓပုထုဇဉ်ဆိုတာ မြန်မာပြန်တော့ ငကန်းပဲ၊ ကိုယ့်ဟာကို ဝေဖန်ကြည့်၊ငါဟာ ငကန်းဘဝက လွတ်ပြီလား၊ငကန်းဘဝကလွတ်ချင်ရင် အထက်ကပြောခဲ့တဲ့ ကုသိုလ် အကုသိုလ်စတဲ့ တရားတွေကို နားလည်အောင်၊ သိအောင် ကြိုးစားရမယ်၊ အားထုတ်ရမယ်။

ငါတို့တော့ ငကန်းလို့ခေါ်တဲ့ အန္ဓပုထုဇဉ်ဘဝက လွတ်မြောက်ပြီ၊ ကလျာဏပုထုဇဉ်ဘဝရောက်ပြီဆိုပြီးတော့ ဘဝင်မြင့်မနေနဲ့ဦး၊ဘာမှုမဖြစ်သေးဘူး၊ ကလျာဏပုထုဇဉ်တွေ အထက်အထက် အဆင့်တွေ တက်ဖို့ရှိသေးတယ်၊သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်လို့ ဉာဏ်သုံးမျိုးရှိတယ်။ သုတမယဉာဏ်ဆိုတာက သူတစ်ပါးထံက ကြားနာပြီးရတဲ့ဉာဏ်၊စိန္တာမယဉာဏ်ဆိုတာက သူတစ်ပါးထံက မနာကြားရဘဲ မိမိအတွေးနဲ့ ဖြစ်တည်လာတဲ့ဉာဏ်၊ ဘာဝနာမယဉာဏ်ဆိုတာက ဘာဝနာရှုမှတ်ပွားများခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ဉာဏ်။

ဒီဉာဏ်သုံးဆင့်ထဲက ကလျာဏပုထုဇဉ်တွေဟာ သုတမယဉာဏ်၊ စိန္တာမယဉာဏ်နှစ်ပါးနဲ့ ပြည့်စုံပြီးသားပုဂ္ဂိုလ်တွေဖြစ်တယ်။ ဒါကြောင့် အကုသိုလ် ဒုစရိုက်တရားတွေကို ရှောင်ကြဉ်ရမှန်းသိတယ်။ ကောင်းမှုကုသိုလ် သုစရိုက်တရားတွေကို လေးလေးစားစား ယုံယုံကြည်ကြည်

**အဝိဇ္ဇာမောဟတိမ်တိုက်ကြီး မရှိတော့လျှင် ဝိဇ္ဇာလို့ခေါ်တဲ့ ဉာဏ်အမြင်အလင်းပေါက်ပြီး၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာတည်းဟူသော သစ္စာလေးပါးအမှန်တရားတို့ကို ကိုယ်တိုင်ထိုးထွင်း သိမြင်နိုင်ပါတယ်။**

ပြုလုပ်တယ်၊ ရုပ်နာမ်ဓမ္မတရားသဘောကို ခွဲခြားနားလည်ပြီဆိုတော့ သက္ကာယဒိဋ္ဌိလို့ခေါ်တဲ့ ငါစွဲ၊ အတ္တစွဲ မကြီးတော့ဘူး၊ ဒီရုပ်၊ ဒီနာမ် ဒီခန္ဓာကိုယ်ကြီးဟာ ပရမတ္ထတရားသဘောနဲ့ ခွဲကြည့်ရင် ခန္ဓာ(၅)ပါး၊ အာယတန(၁၂)ပါး၊ ဓာတ်(၁၈)ပါးလို့ခေါ်တဲ့ ရုပ်တရား၊ နာမ်တရား အစုအဝေးကြီးပါလားလို့သိတော့ အတ္တ အသက်၊ လိပ်ပြာ၊ ဝိညာဉ်ကောင် စတဲ့ မိစ္ဆာဒိဋ္ဌိ အယူမှားတွေလည်း မရှိတော့ဘူး။

စာသိပေသိ ကြံစည်တွေးတောမှုအသိဖြစ်တဲ့ သုတမယပညာ၊ စိန္တာမယပညာနဲ့တော့ သိနေပြီ၊ ဒီလောက်နဲ့ လုံလောက်ပြီလား၊ မလုံလောက်သေးပါဘူး၊ ဘဝသံသရာအတွက် အားကိုးအားထားပြုစရာ ဆိုလို့လည်း ဘာမျှ ဟုတ်တိပတ်တိ မရသေးပါဘူး၊ နောက်ထပ် ဆက်ပြီး ကြိုးစားဖို့လိုပါသေးတယ်။ဘာကို ရအောင် ကြိုးစားရမလဲဆိုတော့ ဘာဝနာမယပညာ၊ ဘာဝနာမယဉာဏ်ကို ရအောင်ကြိုးစားရမယ်။

ဘာဝနာမယပညာ၊ဘာဝနာမယဉာဏ်ဆိုတာ အလှူဒါနပြုရုံနဲ့ မရဘူး၊ သီလဆောက်တည်ရုံနဲ့ မရဘူး၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ တစ်ခုခုကို ရှုမှတ်ပွားများမှသာ ဘာဝနာမယပညာ၊ ဘာဝနာမယဉာဏ်ကို ရနိုင်တယ်။ လွန်စွာအကျိုးများ၍ မိမိသန္တာန်၌ ဖြစ်ပေါ်လာအောင် တစ်ကြိမ်ဖြစ်ပြီးနောက် အထပ်ထပ် တိုးပွားအောင် အားထုတ်ထိုက်သောတရားကို ဘာဝနာလို့ခေါ်တယ်။ သမထဘာဝနာကို ရှုမှတ်ပွားများရင် ကာမစ္ဆန္ဒအစရှိတဲ့ နီဝရဏတရားတွေကို ငြိမ်းအေးစေနိုင်တယ်၊ ပထမဈာန် အစရှိတဲ့ ဈာန်တရားတွေကို ရရှိခံစားနိုင်တယ်။

ရုပ် နာမ် ဓမ္မ သင်္ခါရတို့ကို အနိစ္စလက္ခဏာအစရှိသော အထူးထူးသော အခြင်းအရာအားဖြင့် ရှုမှတ်ဆင်ခြင်မှုကို ဝိပဿနာလို့ခေါ်တယ်၊ ဝိပဿနာဘာဝနာကို ရှုမှတ်ပွားများရင် မိမိပါရမီဉာဏ်အလျောက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အလင်းဓာတ်ကို ရရှိသုံးဆောင် ခံစား၊ စံစားနိုင်တယ်၊ နောက်ဆုံး ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာဖြစ်တဲ့ မအိုရာ၊မနာရာ၊ မသေရာ နိဗ္ဗာန်ချမ်းသာ တရားထူး၊ တရားမြတ်ကို ရရှိနိုင်တယ်။

မြတ်စွာဘုရားသခင်၏ သာသနာတော်ကြီး နေလို၊ လလို ထွန်းလင်းတောက်ပနေတဲ့ အချိန်အခါကောင်းနှင့် ကြုံကြိုက်တုန်းမှာ သုတမယဉာဏ်အလင်း၊ စိန္တာမယဉာဏ်အလင်းဖြင့် ကလျာဏပုထုဇဉ်ဘဝမှာပဲ၊ ဒါန၊ သီလကလေးမျှနှင့် မိမိကိုယ်ကို ကျေနပ်မနေသင့်ဘူး၊ ပုထုဇဉ် အနွယ်ကိုဖြတ်ပြီး အရိယာအနွယ်သို့ရောက်အောင် ဘာဝနာမယဉာဏ်အလင်းဓာတ်ကို ရရှိဖို့ရန် ကြိုးစားရမယ်၊ ဝိပဿနာဘာဝနာမယဉာဏ်အလင်းဓာတ်ကို နည်းမှန် လမ်းမှန် ပိုင်ပိုင်နိုင်နိုင် ရရှိအောင် ကြိုးစားအားထုတ်လျှင် မိမိတို့၏ ဉာဏ်မျက်စိ၌ ဆိုင်းတိုက်ကာဆီးနေသော အဝိဇ္ဇာ၊ မောဟအမှောင်တိုက်ကြီးကို သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ်တို့ဖြင့် တစ်ထပ်စီ တစ်လွှာစီ ခွာချလိုက်လျှင် အားလုံးသော အဝိဇ္ဇာမောဟ အမှောင်တိုက်ကြီး ကွာကျသွားမယ်၊ ပျက်ပြယ်သွားမယ်။

အဝိဇ္ဇာ မောဟတိမ်တိုက်ကြီး မရှိတော့လျှင် ဝိဇ္ဇာလို့ခေါ်တဲ့ ဉာဏ်အမြင်အလင်းပေါက်ပြီး၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာတည်းဟူသော သစ္စာလေးပါးအမှန်တရားတို့ကို ကိုယ်တိုင်ထိုးထွင်းသိမြင်နိုင်ပါတယ်။ဒါကြောင့် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးနှင့် ခေတ်ကောင်းကြုံခိုက်မှာ ဝိပဿနာဘာဝနာယမဉာဏ် အလင်းဓာတ်ဖြင့် အဝိဇ္ဇာ မောဟ အမှောင်တိုက်ကြီးကို ဖြိုခွင်းကာ နိဗ္ဗာန်ရွှေပြည်မြတ်ကို ဝင်စံခိုနားနိုင်ကြပါစေ၊ အမှောင်ကိုခွင်း၍ အလင်းကိုဆောင်နိုင်ကြပါစေလို့ ကောင်းမြတ်သော မနသိကာရဖြင့် ရေးသားတင်ပြအပ်ပါသတည်း။

■ ရွှေလမင်း(မောရဝါသီ)



# စွန်းလွန်းဆရာတော် ဦးကဝိ

## (၁၂၃၉-၁၃၁၄)

ဓမ္မာစရိယဦးဌေးလှိုင်

(ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများမှ ထုတ်နုတ်တင်ပြပါသည်။)

(ယခင်လမှအဆက်)

### အိပ်မက်တိတ္ထုံ စိတ်မလုံ မယုံစားလွန်းရာ

''မွန်စံတင်၊ ငါ့မလဲ ဥပါဒါန်ကြောင့် ဥပဒ်ရောက်နေပြီ၊ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး၊ ငါ့စိတ်ကို ဆေးကုမှ ဖြစ်တော့မယ်၊ တစ်နေ့က အိပ်မက်မက်သလို၊ ငါ့အိမ်ရှေ့မှာ မဏ္ဍပ်ထိုးပြီး ဘုရားရုပ်ပွားတစ်ဆူ ပင့်ထားမယ်၊ ရွာက ဝတ်အသင်းသူ အသင်းသားတွေလည်း ဘုရားထိ မသွားပါနဲ့၊ ဒီမှာပဲ သုံးလေးရက် လာဝတ်တက်ဖို့ ဖိတ်မယ်၊ ဧည့်လည်းခံမယ်၊ မကောင်းဘူးလား''ဟု မိမိစိတ်ချမ်းသာမည်ထင်သည့်အတိုင်း ပြောဆိုစီမံရာ၊ ဦးစံတင်ကလည်း သဘောတူ၍ မဏ္ဍပ်အတူ ထိုးကြလေ၏။ ညဦးယံ ထမင်းစားသောက်ပြီးသည်နှင့် စွန်းလွန်းရွာမှ ဘုရား၊ တရား ဝါသနာပါသူများ လာရောက်ဝတ်တက်ကြ၊ တရားစကားပြောကြ၊ ငြင်းကြ၊ ခုံကြ၏။ မဒ္ဒရည်မှာ ပါရမီဖြည့်ကာ ဆေးကွမ်း လက်ဖက်ဖြင့် ဧည့်ခံရှာ၏။ ဦးကျော်ဒင်လည်း အတန်ငယ် စိတ်သက်သာရာ ရဟန်ရှိသည်။

မသေတရားကား မတွေ့သေးချေ။

ဤနေရာ၌ ယောဂီတို့သတိပြုရမည်မှာ အိပ်မက်နှင့် အတိတ်နိမိတ်များပင်ဖြစ်သည်။ သိလျှင် အိပ်မက်နှင့် အတိတ်နိမိတ်တို့သည် အလွန်စိတ်ဝင်စားဖွယ်ကောင်းလှ၏။ နတ်တို့ပြဆောင် တဘောင် အတိတ်၊ နိမိတ်အိပ်မက် လက္ခဏာ၊ ဗေဒင်တို့သည် ကောင်းကျိုးကို ပေးနိုင်သော အစစ်များရှိသကဲ့သို့ လမ်းလွဲချောက်ကျစေသော အတုများလည်း များကုန်၏။ ယောဂီ၌ အစစ်အတုခွဲခြားနိုင်သော အင်အားမရှိလျှင် ပို၍ရှုပ်ထွေးစေနိုင်၏။ အလုပ်ပျက်တတ်ပေသည်။

''ယောဂီ (ရဟန်း)သည် ဆေးကု ဗေဒင်ဟောစသော လောကီများကို မလုပ်ရ၊မယုံကြည်ရ၊ ဥပါသကာသည် 'ကောတုဟလ မင်္ဂလာ'ကို မယုံရ စသည်ဖြင့် ဘုရားရှင်တားမြစ်တော်မူ၏။ ယောဂီအား အလုပ်ပျက်စေနိုင်သောကြောင့် ဖြစ်သည်။ ခွဲခြားနိုင်ပါမူကား အလုပ်ခွင်၌ အလွန်အကျိုးများသည်မှာတော့ အမှန်ပင်။

မည်သို့ဖြစ်စေ 'ပါရမီရှိသူ၊ ကံကောင်းသူအား မြင်ရ မမြင်ရသူများ အားလုံးဝိုင်းကူ၍ လုပ်ပေးနေကြရသည်'ဟု ယောဂီ အကြွင်းမဲ့ ယုံကြည်ပါလေ။ (နေ့စဉ်မေတ္တာပို့၍ အမျှပေးပါလေ။အကူအညီကိုလည်း တောင်းခံနိုင်ပေ၏။)ထမင်းချက်တတ်သူက ချက်ပေးရ၏။ တရားပြတတ်သူက ပြပေးရ၏။ အိပ်မက် လုပ်တတ်သူတို့က အိပ်မက်လုပ်ပေးကြသည်။

''တရားအားထုတ်သူထက် ပါရမီရှိသူ၊ကံကောင်းသူကား လောက၌ မရှိပြီ''ဟုသာ ယုံကြည်၍ ကိုယ့်အလုပ်ကိုသာ တွင်တွင်ကြီး လုပ်ကြရာ၏။ တရားသည် တရားကိုသာ ပေးလိမ့်မည်။

ကံတရားတို့၏ အကျိုးပေးပုံမှာ ဆန်းကြယ်လှ၏။ အကုသိုလ်အရာ၌ နတ်ဆိုးကြီးတစ်ဦးက ခေါင်းဆောင် စီမံနေသကဲ့သို့လည်းကောင်း၊ ကုသိုလ်အရာ၌ နတ်သူတော်ကောင်းကြီးတစ်ဦးက ဦးဆောင်ခန့်ခွဲနေသကဲ့သို့လည်းကောင်း မြင်နေရတတ်၏။ အလွန်လည်း အကွက်စေ့၍ တိကျလှပေစွ။

ကမ္မသကတာ=ကံအကြောင်းရင်းကို မမြင်၊ ဤနေရာ၌သာ အသိလမ်းဆုံးကြရာမှ နတ်ကိုးကွယ်သော ဝါဒ၊ ဖန်ဆင်းရှင်ဘာသာတို့ ဖြစ်ပေါ်လာကြကုန်၏။

## လယ်တီဆရာတော်၏ ကျေးဇူး

ပထမ တစ်ရက်၊နှစ်ရက်တွင် ရွာထဲက အဘိဓမ္မာဆရာ၊ စာသမားများသာ လာကြ၏။ သုံးရက်မြောက်သော နေ့တွင်ကား စတီးဘရားသားစက်ထဲမှ စာရေးကြီး ဦးဘစံသည် အထူးမပင့်ဖိတ်ရဘဲ တရားဆွေးနွေးရန် ပေါက်လာ၏။ စက်ထဲသို့ ထင်းရောင်းလာကြသော အညာဘက်မှ လှည်းသမားနှစ်ယောက်လည်း စာရေးကြီးနှင့် လိုက်ပါလာကြသည်။ လှည်းသမားတစ်ဦးမှာ ဘုန်းကြီးလူထွက်၊ လယ်တီဆရာတော်၏ တပည့်ဖြစ်၍ အာနာပါန ကမ္မဋ္ဌာန်းအကြောင်းကို ပါဠိများ ရွတ်ကာရွတ်ကာ များစွာ ဟောပြောဆွေးနွေးသည်။

စာရေးကြီး ဦးဘစံကား အာနာပါနအကြောင်းကို အနည်းငယ်မျှသာ ပြော၍ လှည်းသမားနှင့်စွန်းလွန်းမှ တရားဆရာများကို မိတ်ဆက်ပေး၏။ ဦဘစံကား လယ်တီဆရာတော်ကပင် တရားထူးရထားသူဖြစ်ကြောင်း (တရားစစ်မေးပြီး) သာဓုခေါ်ခံရသူဖြစ်သည်။ အရိယာပုဂ္ဂိုလ်ထူးပင်တည်း။

မည်သည့်ကိစ္စမဆို အကျိုးတစ်ခု ဖြစ်ပေါ်ရာ၌ အမှုမဲ့၊ အမှတ်မဲ့ 'ဖြစ်ချင်လို့ဖြစ်တာ'ဟု သာမန်မအောက်မေ့ရာ။ မသိမမြင်နိုင်သော အကြောင်းပေါင်းများစွာတို့ စုပေါင်းဆုံဆည်းမှသာ ဖြစ်ပေါ်လာရသည်။ အလွန် စိတ်ဝင်စားဖွယ် ကောင်းလှပါပေ၏။

ဦးကျော်ဒင်သည် တရားသမား၊ အဘိဓမ္မာသမားများ အားရပါးရ ဆွေးနွေးနေကြသည်ကို အနားမှ ထိုင်၍ သက်ပြင်းချကာ မလှုပ်မယှက် တွေတွေကြီး နားစိုက်နေ၏။ သူတို့ပြောသောစကားများတွင် နားမလည်သည်က များသည်။ သို့သော် 'အာနာပါန'ဟူသော စကားကို ထပ်တလဲလဲ ပြောဆိုနေကြရာ 'အာနာပါန' ဟူသော အသံကို ကြားရခါမျှဖြင့် ဦးကျော်ဒင်မှာ ကြက်သီးတဖြန်းဖြန်း ထနေ၏။

အနာထပိဏ်သူဌေးကြီး ကုန်ရောင်းကုန်ဝယ်သွားစဉ် 'ဘုရား'ဟူသော စကားကို ကြားရခါစ ရိုးတွင်းခြင်ဆီထိအောင် ပီတိဖြစ်ရသကဲ့သို့ ရှိ၏။

ဦးကျော်ဒင်မှာ ကြက်သီးတဖြန်းဖြန်းဖြစ်ကာ အနားမှ နားထောင်ရင်း ''သူတို့မဖိတ်ဘဲနဲ့ ရောက်လာကြတယ်။ ငါ့ကို တရားဟောဖို့ စောင့်နေပြီပဲ။ (ဦးကျော်ဒင်အိမ်မှာလည်း ရွာတွင် လမ်းလေးခွဆုံဖြစ်သည်။) သူတို့ပြောနေတဲ့ တရား ငါအားထုတ်လိုက်ရရင် မုချရတော့မှာပဲ''ဟု စဉ်းစားနေမိ၏။

''အင်း ..သူတို့ပြောတာ ပါဠိပါဠ်သားတွေနဲ့၊ အကုန်လည်း နားမလည်ဘူး၊ ခက်တာပဲ။ ငါ့မှာ စာကလည်း မတတ်၊ ဖြစ်သေးပါဘူးလေ''ဟု အားလျော့ အရှုံးပေးသော စိတ်ကလည်း နောက်ကဆက်၍ ဆွဲနေပြန်၏။

''တရားအားထုတ်လိုစိတ်''ကို ''စာမတတ်''ဟူသော စိတ်က လိုက်၍ နှောင့်ယှက်နေသကဲ့သို့ ယောဂီတိုင်းတွင် အလားတူ စိတ်တစ်မျိုးမျိုးက ကုပ်ပိုးကဆွဲ၍ဆွဲ၍ ရှေ့တိုးနောက်ငင် လုပ်တတ်ပေသည်။ (ယင်းလည်းတရားသဘောပင်တည်း။) စာသန်သူများ၌ ထိုနောက်ဆွဲအားသည် ပို၍များတတ်၏။ စာတွေ့၊ လက်တွေ့ ကျင့်ကြံပြီးသူများက တည့်တည့်ကြီးပြောသော်လည်း မယုံနိုင်သေး။

ဤကဲ့သို့သော ခေတ်ကြီးမျိုး၌ ရိုးတွင်းခြင်ဆီဆိုက်မျှ တစ်စုံတစ်ခုသော ထိခိုက်မှုမရှိသေးလျှင် 'ငါ နေရာမကျသေး'ဟု ကိုယ့်ကိုယ်ကို အဖြေပေးကာ အပတ်တကုတ် ကြိုးစားအားထုတ်သင့်ကြပြီ။

## အာနာပါနနှင့် ပြောင်းရိုးစဉ်း၍ ကောင်း

နောက်တစ်ရက်ည စာရေးကြီး ဦးဘစံကြွလာသောအခါ ဦးကျော်ဒင်သည် မဏ္ဍပ်အဝင်မှပင် ဆီးကြိုနှုတ်ဆက်ကာ–

''စာရေးကြီး၊ ခင်ဗျားတို့ တရားအလုပ်က ကျုပ်တို့လို စာမတတ်တဲ့လူ လုပ်လို့ရပါ့မလား''ဟု စိုးရိမ်တကြီး မေးရာ–

''အို ...စာတတ်တာ မတတ်တာ လိုရင်းမဟုတ်ပါဘူး။ တကယ်ယုံပြီး အဟုတ်လုပ်နိုင်ဖို့သာ အရေး

ကြီးတာပါ။သဒ္ဓါ၊ဝီရိယရှိဖို့ လိုတာပါပဲ''ဟုပြောလိုက်၏။

''ဒါဖြင့် ဘယ်လို လုပ်ရမတုံး''ဟု ဆက်၍မေးမြန်းသဖြင့် .....

''ထွက်သက်၊ ဝင်သက်မှတ်နေရုံပါပဲ''ဟု ပြောပြောဆိုဆို ဦးဘစံသည် မဏ္ဍပ်တွင်းရှိ သူ၏ ဓမ္မမိတ်ဆွေများရှိရာ ဝင်သွား၏။ ထုံးစံအတိုင်း ဟောပြောဆွေးနွေးနေကြပြန်သည်။

ဦးကျော်ဒင်ကား မဏ္ဍပ်ထဲသို့ပင် မဝင်တော့ဘဲ အိမ်ဘေးအဖီထဲသွားကာ ဂုန်နီအိတ်အခင်း ခင်းထားသော ပက်လက်ကုလားထိုင်၌ ထိုင်၍ ''ဟင်း ..ဝင်တယ်၊ ဟင်း ..ထွက်တယ်''ဟု လူမသိအောင် ကျိတ်၍ မျက်စိစုံမှိတ်ပြီး ရှူရှိုက်မှတ်ရှုနေလေတော့၏။

ထွက်လေ၊ ဝင်လေ အဝင်အထွက်မျှဖြင့် သက်သောင့်သက်သာဖြင့် အရသာတွေ့စ နှစ်ရက်၊ သုံးရက်အရတွင် အနာဂါမ် ဒေါ်ငွေဘုံကြီးထံမှ သတိပဋ္ဌာန်အမှတ်တရား မှတ်ဖူးသူ ဦးရွှေလုပ်သည် အိမ်သို့ရောက်လာကာ ....

''အသိလိုက်ရသေးတယ်''ဟု ဆို၍ ...

''ဘယ်လို အသိလိုက်ရမတုံး''ဟု မေးလျှင် ..

''သိ ..သိ ..သိပေါ့ကွာ''ဟု လွယ်လွယ်ပင် ဦးရွှေလုပ်က ပြော၏။

''အသိလိုက်တော့ ဘာဖြစ်မတုံး''ဟု ဦးကျော်ဒင်က မေးပြန်၍ ....

''ကုသိုလ်ရတာပေါ့ကွာ''ဟုသာ ဖြေလေသည်။ ဦးကျော်ဒင်ကလည်း ....

''ငါလုပ်ရင် မုချ ရ-ရမယ်''ဟု တစ်ထစ်ချ စွဲမြဲယုံကြည်သွားပြီဖြစ်၍ ....

''ကုသိုလ်ရရင် လုပ်မယ်ဗျာ''ဟုဆိုကာ ထိုအသိမျှလောက်ဖြင့် အာနာပါနကို စတင်ခဲ့ရရှာ၏။အားကျဖွယ်ကြီးပါပေ။

ဦးကျော်ဒင်သည် ဤမျှလောက်သော အသိဖြင့် အချိန်ရှိသမျှ သတိကပ်ပြီး လာခဲ့ရာ တစ်နေ့ထက်တစ်နေ့ တိုးတက်လာ၏။ နွားစာအတွက် ပြောင်းရိုးများကို စဉ်းရာ၌လည်း သတိကပ်ပြီးစဉ်းရာ ဗျောက်ခနဲ၊ ဗျောက်ခနဲ ပြောင်းရိုးဖြတ်သံနှင့် အမှတ်သတိ အံကျဖြစ်ကာ တိခနဲ၊ တိခနဲ ချက်ကျကျသွားသည်ကို ပီတိဖြစ်နေ၏။ မောရမှန်းပင် မသိချေ။

''အင်း ... ခုမှပိုပြီး နေရာကျ၊ ကုသိုလ်လည်းရ၊ ပြောင်းရိုးစဉ်းလဲ များများရ၊အမောလည်းသက်သာသေး'' ဟု တွေးကာ ဝမ်းသာအားရ နေ့ညမပြတ် ရေခပ်ရင်း၊ နွားကျောင်းရင်း၊ ပေါင်းနုတ်ရင်း၊ ယာလုပ်ရင်း တစ်ချိန်တည်း အလုပ်နှစ်ခု ပြီးနေလေ၏။

ရှုပုံမှတ်ပုံလည်း 'မုဆိုးစိုင်သင်'ဟူသကဲ့သို့ အလုပ်ကပင် တည့်၍၊တည့်၍ ပေးသွားလေသည်။ အိပ်သောအခါ ခေါင်း၊ လက်၊ ခြေ၊ ကိုယ်အင်္ဂါအနေအထားကို တမင်ပြုပြင်မနေရဘဲ၊ အိပ်ရင်းက နေသားတကျ အလိုလိုပြင်ပြီးသား ဖြစ်သွားသကဲ့သို့တည်း။ တရားကိုသာ အားထုတ်ပါလေ။ မှားလျှင် တရားကပင် ပြင်ပေးသွားလိမ့်မည်ဟူ၏။

မောင်ရင်ပေါ်ချောက်သို့ သွား၍လည်း ညအိပ်ညနေ အားထုတ်၏။ အလင်းရောင်များကို တွေ့သောအခါ–

''ငါ တရားအားထုတ်လို့ ဘုရားရောင်ခြည်တော်ဖူးရပဟေ့''ဟု တိုး၍ ကြုံးစားပြန်၏။ မျက်နှာအနီး၌ ချာချာလည်နေသော အလင်းလုံးကလေးများကို မြင်ရပြန်သောအခါ တစ်မျိုးအားတက်ကာ စိုက်၍ ကြည့်မိ၏။ ကြည့်လျှင် အလင်းလုံးကလေးများက အပေါ်သို့ တက်၍ တက်၍ သွား၏။ တက်၍၊ တက်၍ သွားတိုင်း ....

''တက်ဟာ တက်ဟာ''ဟု အားပေးရင်း စိတ်က အမှီလိုက်၍ ကြည့်ရာ တိမ်ပေါ်သို့ပင် ရောက်သွား၏။

''အင်း ... တယ်လည်းဟုတ်ပါကလား။ငါ တိမ်ပေါ်ကိုတောင် ရောက်နေနိုင်မှကော''ဟု မမောနိုင်အောင် ကျေနပ်လျက်ရှိသည်။ မကြာမီ အလင်းလုံးကလေးများကို တက်၍တက်၍ လိုက်ရင်း ဘုံနန်းပြာသာဒ်ကြီးများကို တွေ့ရပြန်ရာ ....

''အင်း ... တရားအားထုတ်လို့ ငါသေရင်နေရမယ့် ပြာသာဒ်ကြီးတွေပဲ''ဟု ယူဆကာ မကြောက်မရွံ့ စွန့်စွန့်စားစား တိုး၍ အားထုတ်ပြန်လေ၏။

(ယခုခေတ်ကဲ့သို့ ပွင့်ပွင့်လင်းလင်း မရှိသေး၍ စိတ်ကူးပေါက်သလို လုပ်နေရသည်ကို သတိပြုပါ။ ဤယခုရေးနေသည်မှာ ဆရာတော်ပြန်ဟောသည့်အတိုင်း ရေးနေခြင်း ဖြစ်ပါသည်။)

### ကျော်ဒင်တစ်ယောက် ရူးနေပြီတဲ့

ဦးကျော်ဒင်သည် ဘုမသိ၊ ဘမသိ သူသိသလောက်၊ ရသလောက်ဖြင့် မကြောက်မရွံ့ ရှုမှတ်ပုံမှာ

အားကျဖွယ် ကောင်းလှပါ၏။ အနီးအနားမှ နည်းလမ်း တကျ ညွှန်ပြပေးမည့် ဆရာလည်းမရှိ၊ ရှုမှတ်နည်းလည်း မပြည့်စုံလှသေး။ သဒ္ဓါ၊ ပညာ၊ ဝီရိယဖြစ်ဖွယ် စာပေ ကျမ်းဂန် ဗဟုသုတဆို၍လည်း မရှိခဲ့။ သိသလောက်ကို ပင် အသက်မက တန်ဖိုးထား၍ ရှုပွားသွားပါက 'မုဆိုး စိုင်သင်'ဟူသကဲ့သို့ မည်သူမဆို တကယ်လုပ်လျှင် အဟုတ်ဖြစ်သည့် သဘောကို ညွှန်ပြနေတော့၏။

''စာတတ်ဖို့မလို၊ ဉာဏ်ကောင်းဖို့မလို၊ အကျွတ် အလွတ် တောထွက်ပြီး အားထုတ်ရန် မလို။ တကယ် ယုံကြည်ဖို့သာ လို၏။ အဟုတ်လုပ်နိုင်ဖို့ အရေးကြီး သည်''ဟု သင်ခန်းစာ ပေးနေသကဲ့သို့လည်း ရှိတော့ သည်။

ထိုမှနောက် ဦးကျော်ဒင်သည် တစ်စတစ်စ သမာဓိအားကောင်း၍ လာ၏။ ခန္ဓာကိုယ်ပေါ်၌ ဝေဒနာ ပေါ်လာ၍ သတိကပ်လိုက်ရာ ဝေဒနာအပေါ်နှင့် သတိ အမှတ်သည် စည်းမိ၍ တိခနဲ၊ တိခနဲ ဖြစ်နေ၏။ ထို့နောက် ဦးကျော်ဒင်၏ စကားများသည် ကြီးကျယ်လာ ၏။ တိုတိုနှင့်လိုရင်း သဘာဝကျကျကို ပြောသည်။ ရွာထဲ မှ လူများနှင့် လေပေးမဖြောင့်၊ စကားပြောမတည့်။

ရွာသားများက မိမိတို့ အယူအဆနှင့် မတိုက် ဆိုင်တိုင်း ''ကျော်ဒင် တစ်ယောက်တော့ ရူးနေပြီ''ဟု ဆိုလာကြသည်။

အတွေးအခေါ် မတူလျှင် စကားပြောမတည့်။ စကားပြော မတည့်လျှင် တစ်ဦးနှင့်တစ်ဦး ငြင်းခုံကာ ရန်ဖြစ်ရုံသာ ရှိတော့သဖြင့်၊ ဦးကျော်ဒင်သည် ရေငုံ၍သာ နေလေတော့၏။ အရူးဟုဆိုကာ စကားပြောဖက်လည်း မရှိတော့ချေ။ ထိုအခါ ကိုယ်ကလည်း မပြောချင်၊ ပြော ဖက်လည်း မရှိသဖြင့်၊ စကားမပြောဘဲနေရခါမှ သမာဓိ အားသည် ထူးထူးခြားခြားကြီး တိုးတက်လာသည်ကို တွေ့ရပြန်၏။

## စကားစကား ပြောပါများ၊ စကားထဲက ငရဲရ

ရပ်ထဲ ရွာထဲ၌ ပြောဆိုသမျှစကားများကို ဘုရား ရှင်က 'တိရစ္ဆာနကထာ' (တိရစ္ဆာန်စကား)ဟု ဟောတော် မူ၏။ တိရစ္ဆာန်သည် ကန့်လန့်ဖီလာ သွားသကဲ့သို့ ရပ်ထဲ ရွာထဲမှာ သူသူငါငါ ပြောနေကျစကားများ အားလုံးသည် မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဖီလာကန့်လန့်ချည်း ဖြစ်ကုန်၏။ တရား ရှုပွားသူတို့ မပြောရ၊ ရဟန်းတော်များ မပြောရ။ ရာဂ၊ ဒေါသ၊ မောဟနည်းကြောင်း တရားနှင့်စပ်သော စကား ကောင်း ဆယ်မျိုးကိုသာ ပြောခွင့်ပြု၏။ တစ်စုံတစ်ဦးနှင့် စကားပြောလျှင် တိရစ္ဆာန်စကားက လွတ်အောင်ပြောဖို့ ခဲယဉ်းလှ၏။ ထို့ကြောင့် ဘုရားရှင်က 'ပြောလျှင် တရား နှင့်စပ်သော စကားကိုသာပြော၊ ကောင်းသော ဆိတ် ဆိတ်နေခြင်းဖြင့်သော်လည်းနေ'ဟု အတိုချုပ် ဆုံးမတော် မူပေသည်။

စကားပြောခြင်းသည် အလွန်အပြစ်ကြီးလေးလှ ၏။ ယောဂီအတွက် တရားစကားသည်ပင် အနှောင့် အယှက်ဖြစ်နိုင်ပေသည်။ ထို့ကြောင့် စကားမပြောခြင်း သည် သီလအင်အား အပြည့်အဝ တိုးတက်လာ၍ သမာဓိ သာသနာ တိုးတက်လာခြင်းဖြစ်၏။ ကိုယ်လက်အင်္ဂါ လှုပ်ရှားမှုမရှိဘဲ၊ ကိုယ့်သတိနှင့်ကိုယ် နေပြန်သဖြင့် ဣန္ဒြိယ သံဝရသီလလည်း အလိုလိုဝင်လာကာ သမာဓိကို တိုး မြှင့်ပေးလိုက်ပြန်လေသည်။

ဦးကျော်ဒင်သည် လူအများက 'အရူး'ဟု ဆို ကာ ဝိုင်းအပယ်ခံရခြင်းနှင့် သူတို့အတွေးအခေါ်များ တရားသဘော မဆိုက်သဖြင့်၊ မိမိကိုယ်၌ကပင် စကား မပြောချင်၍ မပြောခြင်းသည် ဝစီ ဒုစရိုက်လေးပါး နှုတ် တံခါးကြီး အကုန်ပိတ်လိုက်သဖြင့် အလိုလိုတရားနှင့် အံကိုက်၊ ဘုရားကြိုက်နေခြင်း ဖြစ်သွားတော့၏။

## ကမ္မဋ္ဌာန်းဖေဒင် ဆင်သေနှင့် ကျီးမိုက်

ဦးကျော်ဒင်သည် စကားမပြောဘဲနေခါမှ တရားပို၍ တက်လာသည်ကို တွေ့ရ၏။ 'လူတွေပြော နေကြတာ နေ့ရှိသမျှ ပါးစပ်မှာ ငရဲမီးလောင်နေတာပဲ' ဟု သဘောကျသွားသည်။ ရွာထဲမှ လူတွေ ပြောသမျှ ကို ကြောက်၍လာ၏။ လုပ်သမျှကို ထိတ်လန့်လာ၏။

တရား မသိရှာသော လူတို့ ကြံသမျှ၊ ပြောသမျှ၊ လုပ်သမျှသည် ''သဗ္ဗံ အာဒိတ္တံ=အကုန်လုံး မီးဟုန်း ဟုန်း တောက်နေတော့သည်''ကို နှစ်နှစ်ခြိုက်ခြိုက်ကြီး သက်ဝင်သွားတော့၏။

သီလအားကောင်း၍ သမာဓိအားကောင်း၊ သမာဓိအားကောင်း၍ ပညာအားကောင်းကာ ဝိပဿနာ ဉာဏ်များ သက်ဝင်တိုးပွားလာတော့၏။ ရုပ်နာမ်ဖြစ်ပျက် မြင်စ ဉဒယဗ္ဗယဉာဏ်ကာလတွင် အသိဉာဏ်ကစား တတ်သည့်အတိုင်း ဦးကျော်ဒင်သည် အသိထူး အမြင်ထူး များ ဝင်လာလေတော့၏။ ဒိဗ္ဗစက္ခုဉာဏ်၊ ပုဗ္ဗေနိဝါသာ

နုသယတိဉာဏ်ရမည့်သူများ၌ ရှေ့ကြောင်း၊နောက်ကြောင်း အသိထူး၊ အမြင်ထူး(အစစ်အမှန်)များ ပို၍မြင်လာတတ်ပေသည်။မြင်လာသည့်အတိုင်း ထိုဗဟိဒ္ဓအာရုံများနောက်သို့ချည်း နောက်ယောင်ခံ လိုက်နေပြန်ပါကလည်း ဝိပဿနာအင်အားများ ကျဆင်းသွားတတ်ပြန်လေသည်။

ဤနေရာကား 'မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ' ဌာနဖြစ်သည့်အတိုင်း လမ်းမှန်လမ်းမှား၊ လမ်းခွဲများသော အပိုင်းဖြစ်၍ မူလ တရားအသိကိုသာ စွဲစွဲမြဲမြဲဆုပ်ကိုင်ထားရသည်။ အာရုံနောက် မလိုက်ရ။

ဦးကျော်ဒင်သည် ရံခါ သနားလှသဖြင့် ရွာထဲမှ လူအချို့အား ''မင်း ရတနာသုံးပါးဖက်ကွ၊ မင်းသေတော့မယ်''စသည်ဖြင့် နေ့စွဲ၊ ရက်စွဲဖြင့် သတိပေးပြောကြား၏။ သတိပေးခံရသူများ ဦးကျော်ဒင်ပြောသည့်အတိုင်း သေသေကုန်ကြသဖြင့်၊ သူ့အနားသို့ လူအများ မကပ်ရဲအောင်ပင် ရှိနေတော့၏။ ဦးကျော်ဒင်ကား ပို၍ဟန်ကျနေသည်။ မိမိ သူတစ်ပါး လူအများ၏ ခန္ဓာကိုယ်အစိတ်အပိုင်း၊ အဆုတ်၊ အသည်းနှလုံးမှအစ အသေးစိတ်မြင်ယောင်နေ၏။ အောက်ကိုကြည့်ပြန်ပါလျှင်လည်း ချွေးသေကောင်ပုပ်တွင် ကျနေသော လောက်ကောင်များပမာ လုယက်တိုးဝှေ့နေကြသော ငရဲသားများကို မြင်ရပြန်၏။ ထိုအကြောင်း မပြောဘဲလည်း မနေနိုင်ပြန်၍ ပြောမိရာ လူအများ ပို၍အံ့သြကြရလေ၏။

''အရူး၊ အရူးနဲ့ ဦးကျော်ဒင်တရားက အဟုတ်သားပါကလား''ဟု အာရုံစိုက်လာကြလေသည်။

ဦးကျော်ဒင် ပြောသမျှလည်း မှန်၍မှန်၍နေသဖြင့် ကျွဲပျောက်၊နွားပျောက်မှအစ လာ၍မေးသူများမေးကြ၏။ ခေါင်းခဲဝမ်းနာမှအစ ဆေးဝါး၊ဓာတ်စာ မေးသူများ မေးလာကြကုန်၏။ ဤနေရာ၌ မိုးရွာလျှင်အော်မြည်သော ဖားသတ္တဝါကဲ့သို့ မိမိအသံကြောင့် သေတတ်သည်ကို အထူးသတိပြုကြရာ၏။ မိမိစကားသည် မိမိအားပြန်၍ သတ်တတ်လေသည်။

ထိုအခါ ဦးကျော်ဒင်သည် ရုတ်တရက် စဉ်းစား၍ လူအများနှောင့်ယှက်ခြင်းမှ ကင်းဝေးစေရန် မောင်ရင်ပေါ်ချောက်သို့သွား၍ တစ်ယောက်တည်း ကြိုးစားရှုမှတ်လေတော့၏။

''လောကီဟာ အင်မတန်ကောင်းတာကွယ့်။ ငါ့မှာ ကံကောင်းထောက်မလို့ ဟိုဘက်ကူးသွားနိုင်တာ။ နို့မို့ရင် လောကီထဲမှာ နစ်သွားမှာ''ဟု ဟောခဲ့ဖူးလေသည်။

မှန်လှပါပေ၏။ လောကီသည် လူသာမန်တို့ နစ်သက်လောက်အောင် ကောင်းလှပေ၏။ ရွှံ့ပြင်မှ ကြာစွယ်သည် ဆင်ငယ်၊ ဆင်မိုက်တို့ ကြိုက်လောက်အောင် ကောင်းလှပါပေ၏။ ပင်လယ်ပြင်မှ ဆင်သေသည်လည်း ကျီးမိုက်အတွက် တစ်သက်စာ သုံးစား၍ မကုန်သော ရတနာသိုက်ကြီးပင်တည်း။ သို့ရာတွင် ဆင်ငယ်သည် ကြာစွယ်ဖောကြောင့် ရွှံ့ပြင်နွံတော၌ပင် ကျွံနစ်ကာ ပြန်လမ်းမရှိခဲ့ရှာပေ။ ကျီးမိုက်သတ္တဝါလည်း အာသာငက်ငက် မခွဲရက်၍ တမက်လျှလျှ ဆင်သေကြောင့်ပင် သေခဲ့ရပြီ။

ယခုအခါ လူသာမန်၊ ရဟန်းသာမန်တို့လည်း ထိုသို့သော အသိအမြင်ထူးမှုလောက်ကိုသာ ရောမ ပန်းတိုင်ကြီးအဖြစ်ထား၍ ကြိုးစားနေကြပြန်ရာ ကြာစွယ်နှင့် ဆင်သေကိုသာ မကြည့်မှု၍ ပြန်လမ်းမရှိသော ရွှံ့ပြင်နှင့် ပင်လယ်ရေပြင်ကိုလည်း ကြိုတင်၍ သုံးသပ်ကြကုန်ရာ၏။ကြာစွယ်၊ ဆင်သေအစစ်ကိုရသော် တော်ပေသေး၏။ မြူဆွယ်အငှား၊ ဖြားယောင်းလိမ်လည်၍ ကျွေးသော ကြာစွယ်၊ ဆင်သေလည်း များကုန်၏။ ကြပ်ကြပ်သတိပြုကြပါလေ သူတော်ကောင်းတွေတို့။

ပုဗ္ဗေနိဝါသနှင့်စပ်၍ သာသနာ့လမ်းစဉ်မဟုတ်သူတို့သည် ဘဝလေးဆယ်လောက်ကိုသာလျှင် အကန်းခရီးသွားသကဲ့သို့ အကြမ်းစားမျှသာ မြင်သည်။(ဝိ၊ ဋ္ဌ၊ ၁၊ ၁၃၀)။ ပိုးစုန်းကြူးလင်းသလောက်သာ ရှိပေ၏။ (ဝိသုဒ္ဓိ၊ ၂၊ ၄၁)။ ခုတစ်မျိုး၊ ခုတစ်မျိုး ပြောင်းလဲနေသောသူတို့ အမြင်လည်း ဖွဲပုံ၌စိုက်သော တိုင်ကဲ့သို့ ခိုင်မာသည် မဟုတ်၊ (ဒီ၊ ဋ္ဌ၊ ၁၊ ၉၈)။ (ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာလည်း ကြည့်။) ထို့ကြောင့် ကံအကျိုးပေးနှင့်စပ်သမျှ နတ်မျက်စိရသူက ပြောသော်လည်း မယုံစားရချေ။ (မဟာကမ္မဝိဘင်္ဂသုတ်။)

ရှေးက ဒဏ္ဍကီတိုင်းပြည်၌ ရှင်ဘုရင်မှအစ ကိသဝစ္ဆ ရသေ့အား ပြစ်မှား၍ ရာထူးတက်သည်။ တိုင်းပြည် အေးချမ်းသည်၊ ရတနာမိုး ရွာသည်ဟု ကံတရားကို ပစ်ပယ်ကာ ကျင့်သုံးခဲ့ကြသဖြင့် တစ်ပြည်ထောင်လုံး သေကြေပျက်စီးခဲ့ကြရဖူးလေသည်။ (စတ္တာလီသ နိပါတ်၊ သရဘင်္ဂဇာတ်။)

■ ဆက်လက်ဖော်ပြပါမည်



# ဆရာမှာတမ်း လွမ်းတသသ

## ချမ်းမြငြိမ်း

ကြေးစည်ထုသံ၊ ထိုးစည်ထိုးသံနှင့် အုန်းမောင်းခေါက်သံတို့က ကျွန်မတို့ရွာ၏ တိတ်ဆိတ်ငြိမ်သက်ခြင်းကို အံ့သြထိတ်လန့် တုန်လှုပ်မှုများနှင့် အပြိုင်ဖြိုခွင်းလိုက်သည်။ ထိုအသံများ ပျောက်ဆုံးသွားသည်နှင့်တစ်ပြိုင်နက် ရွာထဲရှိ အိမ်ခွေး၊ တောခွေးများပါမကျန် လည်ကိုဆန့်ကာ ဆွဲဆွဲငင်ငင်နှင့် အူနေကြသည်။ ဤအချိန် ဤကာလ၌ ဤအဖြစ်အပျက်မျိုးကို ကျွန်မအဖို့ တစ်ကြိမ်တစ်ခါမျှ မကြုံတွေ့ခဲ့ရဖူးသဖြင့် အံ့သြထူးဆန်းနေမိသည်။ မှင်သက်နေမိသည်။

ကျွန်မဆက်၍ အသံလာရာဘက်ဆီသို့လည်း နားစွင့်လိုက်မိပြန်သည်။ ကျွန်မတို့ရွာ၏ အရှေ့ဘက်

ရှိ ရွာဦးဘုန်းတော်ကြီးကျောင်းမှ ဖြစ်နိုင်ခြေရှိသည်။ မကြာမီ အချိန်တွင်းမှာပင် ရွာသူရွာသားများအားလုံး မီးတုတ်ကိုယ်စီထွန်းညှိ ကိုင်စွဲကာ ရွာဦးဘုန်းတော်ကြီးကျောင်းဘက်ဆီသို့ ဦးတည်၍ သွားနေကြပါပြီ။ တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ အဝတ်စုတ်ကို ရစ်ပတ်ကာ ရေနံဆီစိမ်၍ ညှိထားသော မီးတုတ်များ၏ အလင်းရောင်ကြောင့် ကျွန်မတို့ အိမ်ရှေ့ရှိ လူသွားလမ်းကျဉ်းကျဉ်းလေးကား သီတင်းကျွတ်နှင့် တန်ဆောင်တိုင်ပွဲတော်များပမာ ကောင်းကင်ထက်က လမင်းကြီးနှင့်အတူ ထိန်လင်းနေတော့၏။

''သမီးရေ၊ ရွာဦးဘုန်းတော်ကြီးကျောင်းမှာတော့ တစ်ခုခုဖြစ်ပြီနဲ့တူတယ်၊ ဘုရား ‥ ဘုရား''

အမေသည် လက်အစုံကို ရင်မှာယှက်ရင်း နှုတ်ဖျားမှ လွှတ်ခနဲ ရေရွတ်လိုက်သည်။ အဖေသည်ပင် အိပ်ရာထက်မှ လူးလဲထကာ ရွာသားများနှင့်အတူ ရွာဦးဘုန်းတော်ကြီးကျောင်းဆီသို့ အပြေးကလေးလိုက်သွားသည်။ မိုးကား မလင်းသေး။ ကျွန်မသည် အိပ်ရာထက်မှနေ၍ ခေါင်းကိုထောင်ရင်း ပြတင်းပေါက်ကိုကျော်ကာ အပြင်ဘက်ဆီသို့ ငေးမောကြည့်နေမိတော့၏။ တစ်စတစ်စနှင့်။

ဝိုင်းဝိုင်းစက်စက် ဖိုးလမင်းကြီးကား မိုးကောင်းကင် အာကာတစ်ခွင်လုံးသာမက လောကကြီးတစ်ခုလုံးကိုပါ အလင်းရောင်ဖြန့်ဝေပေးနေသည်။အလင်းရောင်နှင့်အတူ အအေးဓာတ်ကိုလည်း ပေးဆပ်နေသေးသည်။ တစ်ခါတစ်ရံ ဝေနယ်မြစ်ပြင်က ရေအလျဉ်ကို ကျော်ဖြတ်တိုက်ခတ်လာသည့် မိုးငွေ့မပြယ်သေးသော ဆောင်းလေနုအေးနှင့်အတူ ဆိတ်ဖလူးပန်းရနံ့တို့ကလည်း သင်းသင်းပျံ့ပျံ့နှင့် မွှေးရနံ့ကြွယ်နေသေးသည်။

ကျွန်မတို့ အိမ်ရှေ့ တံစက်မြိတ်ကို မှီး၍ ညွတ်ကိုင်းနေသော အုန်းလက်တို့က လေအဝှေ့ကြောင့် လှုပ်လီလှုပ်လဲ့နှင့် ဖိုးလမင်း၏ အလင်းရောင်ကို ကာလိုက်ကွယ်လိုက် ဖြစ်နေတော့သည်။ ကျွန်မသည် ဖိုးလမင်းကြီးကို နောက်တစ်ကြိမ်ထပ်၍ ကြည့်လိုက်မိပြန်သည်။ကြယ်များ ကင်းစင်နေသည်။ တိမ်လွှာလိပ်တို့က တလိမ့်လိမ့်နှင့် ပြေးလွှားနေသည်။ လမင်းကြီးကား ပို၍ ဝင်းပလာသလိုပင်။ သို့သော် ....

''ကျေးဇူးပြုပြီးတော့ နားထောင်ကြပါခင်ဗျာ။ ကျောင်းပေါ်ကသူတွေတွင် မဟုတ်ပါဘူး။ ကျောင်းအောက်မှာရှိတဲ့ ရွာသူရွာသားအားလုံးပါ ကျွန်တော်ပြောတာလေးကို ကျေးဇူးပြုပြီးတော့ တဆိတ်လောက် နားထောင်ပေးကြပါခင်ဗျာ။ အခု ကျွန်တော်ပြောမယ့်စကားကို နားထောင်ပြီးတော့မှ ရွာထဲက ရပ်မိရပ်ဖတွေ၊ လူငယ်မောင်မယ်တွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့ ရှေ့ဆက်လက်လုပ်ကိုင်သွားရမယ့် လုပ်ငန်းတွေကို အစီအစဉ်တွေ ဆွဲကြရအောင်ပါ။ တကယ်တော့ .....

ကျွန်တော်တို့ ကိုးကွယ်ဆည်းကပ်နေတဲ့ ဆရာတော်ကြီးဘဝနတ်ထံ ပျံလွန်တော်မူသွားတာဟာ ကျွန်တော်တို့ ရွာသူရွာသားအားလုံးအတွက်သာ ဆုံးရှုံးရတာမဟုတ်ပါဘူး။ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်အတွက်ပါ ဆုံးရှုံးနစ်နာရတာပါ။ကျွန်တော် မှတ်မိသလောက်ပြောရရင် ဆရာတော်ကြီးဟာ ကျွန်တော်တို့ငယ်ငယ် ကလေးဘဝကတည်းက ရွာရဲ့ သာရေး၊ နာရေးကိစ္စတွေတင် ဆောင်ရွက်တော်မူတာမဟုတ်သေးပါဘူး။ရွာထဲက ကလေးငယ်တွေကို လိမ္မာယဉ်ကျေးလာအောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာတွေကို ခေတ်နဲ့အညီ ထိန်းသိမ်းစောင့်ရှောက် ချစ်မြတ်နိုးလာအောင်၊ ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကာ စနစ်တကျလိုက်နာကျင့်ကြံပွားများ တန်ဖိုးထားနိုင်အောင်ဆိုပြီး၊ (၃၈)ဖြာ မင်္ဂလာတရားတော်နဲ့ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းတွေ၊ ဓမ္မစကြာအသင်း၊ ပရိတ်အသင်းတွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ တိုးပွားလာအောင်၊ နောက်ပြီး နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ သတိပဋ္ဌာန်ဝိပဿနာတရားကို ဆရာတော်ကြီးက သူကိုယ်တိုင်လည်း ကျင့်ကြံ၊ ကျွန်တော်တို့ ရွာသူရွာသားတွေအားလုံးကိုလည်း တရားထိုင်ပုံထိုင်နည်း၊ တရားအားထုတ်ပုံ အားထုတ်နည်းကအစ ဆရာတော်ကြီးက စိတ်ရှည်လက်ရှည်နဲ့ ညွှန်ကြားပြသပေးခဲ့တာ ရွာသူရွာသားအားလုံးအသိပဲ မဟုတ်ပါလား။

အဲဒါကြောင့်လည်း ကျွန်တော်တို့ ရွာလယ်ပိုင်းက ဓမ္မာရုံကြီးထဲမှာ ညတိုင်း၊ ညတိုင်း တရားအားထုတ်တဲ့သူတွေ မရှိဘူးဆိုတောင် လူငါးဆယ်ကျော်ကျော်လောက် အနည်းဆုံးရှိလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဥပုသ်နေ့များမှာလည်း ဥပုသ်သီလ လာစောင့်သူနှစ်ရာလောက် ရှိမယ်လို့လည်း ကျွန်တော်ခန့်မှန်းကြည့်မိပါ

■

**ရွာထဲက**
**ကလေးငယ်တွေကို**
**လိမ္မာယဉ်ကျေးလာအောင်**
**မြန်မာ့ရိုးရာယဉ်ကျေးမှု**
**အစဉ်အလာတွေကို ခေတ်နဲ့အညီ**
**ထိန်းသိမ်းစောင့်ရှောက်**
**ချစ်မြတ်နိုးလာအောင်**
**ထေရဝါဒ ဗုဒ္ဓဘာသာကို**
**သက်ဝင်ယုံကြည်ကာ**
**စနစ်တကျလိုက်နာကျင့်ကြံပွားများ**
**တန်ဖိုးထားနိုင်အောင်ဆိုပြီး**
**(၃၈)ဖြာ မင်္ဂလာတရားတော်နဲ့**
**ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတွေ၊**
**。。。。。。。。。。。。。。**





တယ် ခင်ဗျ။ ကျွန်တော်တို့ရွာမှာ အနှစ်ငါးဆယ်ကျော် သာသနာပြု လာခဲ့တဲ့ ဆရာတော်ကြီးဟာ အခု တော့ ကျွန်တော်တို့ ရွာသူရွာသား တွေနဲ့ ထာဝရခွဲသွားပါပြီ။ ကျွန်တော် ဝမ်းနည်းကြေကွဲသလို ကျွန်တော် တို့ ရွာသူရွာသားတွေလည်း ဝမ်း နည်းကြေကွဲကာ နှမြောတသဖြစ် နေမယ်ဆိုတာကို ကျွန်တော်ယုံကြည် ပါတယ်။ ကိုယ်ချင်းလည်း စာနာမိ ပါတယ်။

ဆရာတော်ကြီးရဲ့ ဝေယျာ ဝစ္စကိစ္စတွေကို အနီးကပ်ပြုစုဆောင် ရွက်နေတဲ့ ဦးသူရိယ ပြောကြားချက် အရဆိုရင် ဆရာတော်ကြီးဟာ ည ကိုးနာရီလောက်ကတည်းက တရား ထိုင်နေတာဆိုပဲ။ ညတိုင်း၊ ညတိုင်း လည်း ဘုရားခန်းထဲမှာပဲ တိတ် တိတ်ဆိတ်ဆိတ်နဲ့ တရားထိုင်နေကျ ဆိုတော့ ကိုရင်တွေ၊ ဦးပဉ္ဇင်းတွေ က အမှုမဲ့အမှတ်မဲ့ သတိမထားမိ သေးဘူးတဲ့။ အရုဏ်တက်ခါနီး ကိုရင်တွေ ဆွမ်းထချက်မလို့ လုပ်နေ တုန်း၊ ဦးသူရိယက ဘုရားခန်းဘေး မှ ဖြတ်ကြွအသွားမှာ သိပ်မသင်္ကာ တာနဲ့ တရားထိုင်နေတဲ့ ဆရာတော် ကြီးရဲ့ နှာခေါင်းဝကို လက်ညှိုးနဲ့ အသာတေ့ကြည့်တော့ အသက်ရှူသံ လုံးဝမကြားရတော့ဘူးတဲ့။ဆရာတော် ကြီးကို ခေါ်ကြည့်လိုက်တော့လည်း ပြန်ပြီး မထူးတော့ဘူးတဲ့။ အသား ကို ကိုင်ကြည့်တော့ ခပ်နွေးနွေးပဲ ရှိပါသေးတယ်တဲ့။ အဲဒါကြောင့် ဆရာတော်ကြီး ပျံလွန်တော်မူတာ သေချာတာမို့ ကြေးစည်တွေ၊ထိုးစည် တွေ ထိုးပြီး ရွာကို အသိပေးရတာ လို့ ဦးပဉ္ဇင်းဦးသူရိယက မိန့်ကြား တော်မူပါတယ်။

အဲဒီအဖြစ်အပျက်ကို ကျွန် တော် ဉာဏ်မီသရွေ့ စဉ်းစားပြီး ပြောရမယ်ဆိုရင် ဆရာတော်ကြီးဟာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ဝိပဿ နာတရားကို ကိုယ်တိုင်လည်း ကျင့် ကြံ၊ အခြားသူတွေလည်း သူလို စွဲစွဲ မြဲမြဲ ကျင့်ကြံပွားများ အားထုတ်ဖို့ အတွက် နောက်ဆုံး နမူနာယူဖို့ လမ်းညွှန်ပြသထားခဲ့တာ မဟုတ်ပါ လား။

ကဲ . . . ဒီတော့ ကျွန်တော် ပြောတာလည်း အတော်ရှည်သွားပါ ပြီ။ နောက်ဆုံး နိဂုံးချုပ်အနေနဲ့ပြော ရရင် ဆရာတော်ကြီးဈာပနကို ကျွန် တော်တို့ ရွာသူရွာသားတွေ ဘယ်လို ပူဇော်ကြမလဲ။ အခုလို စုစုဝေးဝေး ရှိနေတုန်း တိုင်ပင်စီစဉ်ကြပါ၊ ပြော ကြပါ။ ဒါမှလည်း ကြိုတင်ဆောင် ရွက်လို့ ရမှာပါ''

ကျွန်မတို့ရွာ၏ မူလတန်း ကျောင်းအုပ်လည်းဖြစ်၊ ဆရာတော် ကြီး၏ တပည့်ရင်းတစ်ဦးလည်းဖြစ် သည့် ကျောင်းဆရာလေးကိုစိန်မင်း ၏ ပြောစကားကို ရွာသူရွာသားများ ငြိမ်သက်စွာ နားထောင်နေရင်းက . .

''ရွာသူရွာသား အားလုံး ကျွန်တော့်ကို စကားပြောခွင့်ပြုဖို့ အနူးအညွတ်မေတ္တာရပ်ခံပါတယ်။ ကျွန်တော်လည်း ရွာသူရွာသားအား လုံးနဲ့အတူ ထပ်တူထပ်မျှ စိတ်မ ကောင်းဖြစ်မိပါတယ်။ နောက်ဆုံး ပူဇော်တဲ့အနေနဲ့ ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်ကို (၇)ရက်လောက် အပူဇော်ခံပြီး ခမ်းခမ်းနားနားကျင်းပ လို့ မီးသင်္ဂြိုဟ်လိုက်ရင် မကောင်း ဘူးလားဗျာ။ ရုပ်ဝေးက ဆရာတော် ရဲ့ ဆွေမျိုးတွေကိုလည်း လူလွှတ်ပြီး အသိပေးအကြောင်းကြားလို့ ရသွား

တာပေါ့''

ရွာတံတားရင်းနေ ကိုတင်ဝင်းက ထ၍ အကြံပေးသည်။ ကိုဇော်သောင်းကလည်း ...

''ဆရာတော်ရဲ့ ရုပ်ကလာပ်ကို မီးသဂြိုဟ် ပူဇော်တဲ့နေ့မှာ ခြောက်ကပ်ကပ်နဲ့ဆို သူများတွေကဲ့ရဲ့စရာဖြစ်နေလိမ့်မယ်။ တိုးချဲ့(၂) လမ်းထဲက ဆိုင်းဆရာ ကိုအောင်ခင်ဆိုတာ ဆရာတော်ရဲ့ တပည့်ရင်းတစ်ယောက်ပဲ။ သူလည်း ဒီအတိုင်းတော့ ကြည့်နေမှာ မဟုတ်ပါဘူး''

''အတော်ပဲ ကိုဇော်သောင်းရေ၊ အခုရက်အတွင်း ကျွန်တော်ပွဲလက်ခံတွေ မရှိသေးဘူး၊အားနေပါတယ်၊ ကိုယ့်ဆရာတော်ကြီးရဲ့ကိစ္စဆိုတော့ တစ်ပြားတစ်ချပ်မှ အခကြေးငွေမယူဘဲနဲ့ ကျွန်တော်တို့တစ်ဖွဲ့သားလုံး ကုသိုလ်ယူပါ့မယ်''

''ကျွန်တော့်မှာ မီးစက်ရှိတယ် ကိုဇော်သောင်း၊ကိုတင်အောင်မှာလည်း မီးစက်တစ်လုံးရှိတာနဲ့ဆို လုံလောက်မယ် ထင်ပါတယ်''

ဦးအေးမြင့်က ပြောလိုက်သည်။ မီးစက်အတွက် လိုအပ်သောဆီကို ကိုနိုင်ဘုန်းနှင့် မရီနွဲ့တို့က လှူမည်ဟု ပြောသည်။ဈာပနကျင်းပနေသည့်ရက်အတွင်း အကျွေးအမွေးနှင့် အချက်အပြုတ်တာဝန်များကို ကိုအောင်သိန်း၊ ကိုမြိုင်အောင်၊ကိုစိုးတို့က တာဝန်ယူ ဆောင်ရွက်ရန် ဆွမ်းဆက်ကပ်မှုနှင့် လာသမျှ ဧည့်ပရိသတ်တို့အား ကျွေးမွေးဧည့်ခံမှုကို ကိုသိန်းမြ၊ ကိုသိန်းချစ်၊ ဦးသောင်းကျော်၊ ဒေါ်မြနှင်း၊ ဒေါ်သန်းသန်းမြင့်၊ ဒေါ်ငွေနှင့် ဒေါ်မာလာခင်တို့က တာဝန်ယူရန် အကြံပြုသူက အကြံပြုကြသည်။

ရွာရှိ ဓမ္မစကြာအသင်းနှင့် ပရိတ်အသင်းတို့က ဆရာတော်၏ ဈာပနပွဲ မပြီးမချင်း ရွတ်ဖတ်ပူဇော်ကြမည်ဟု ပြောကြသည်။ ဓမ္မစကြာအသင်းခေါင်းဆောင် မသန်းအုန်းမှာ ရန်ကုန်မြို့တွင် အလုပ်သွားလုပ်နေသဖြင့် ကြေးနန်းရိုက်ပြီး အမြန်ခေါ်ဖို့ ဖခင်ဖြစ်သူဦးခွေးက ပြောသည်။ ဦးမောင်တင်က အသံသြသြကြီးဖြင့်–

''ကဲ ..ဒါဆိုရင် ဆရာတော်ကြီးရဲ့ နောက်ဆုံး အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကြီး စည်စည်ကားကား ကျင်းပပူဇော်နိုင်ဖို့အတွက် ဈာပနဖြစ်မြောက်ရေးကော်မတီဖွဲ့ရင် မကောင်းဘူးလားဗျာ''

''အဲဒီရက်အတွင်း ကိုရဲလေးနဲ့ ကိုမင်းလူတို့ကလည်း ဗွီဒီယိုအခမဲ့ပြကြတာပေါ့''

ဘုန်းတော်ကြီးကျောင်း၏ အပေါ်ထပ်၊အောက်ထပ်တွင် အောက်လင်းလက်ဆွဲ ဓာတ်မီးများဖြင့် လင်းထိန်နေသည်။ ရွာသူရွာသား အများအပြားကို အဝေးကပင် မြင်နိုင်ပါသည်။ ကျွန်မသည် အမေ၏လက်မောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ကျောင်းပေါ်သို့ တက်သည့် အုတ်လှေကားကြီးအတိုင်း တစ်ထစ်ချင်း၊ တစ်ထစ်ချင်း တက်လာမိတော့၏။

ကျွန်မတို့၏ နောက်တွင် ကိုဇင်သန့်၊ ကိုခင်ညီ၊ ကိုမြင့်သန်း၊ ကိုဝင်းထိန်၊ ကိုလင်းဟန်နှင့် မမြင့်မြင့်စိုးတို့ကလည်း ကျောင်းပေါ်သို့ တက်လာကြသည်။ မျက်နှာမသာမယာနှင့် ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက ခင်မင်ရင်းနှီးစွာ ပြောဆိုဆုံးမလာခဲ့သည့် မိဘသဖွယ်ဖြစ်နေသော ဆရာတော်ကြီး ဖြစ်နေတော့ သူတို့အဖို့ မြင်းမိုရ်တောင်ကြီး ပြိုလဲသွားသကဲ့သို့၊နေလုံးကြီးကွယ်ပျောက်သွားသကဲ့သို့ ထဲထဲဝင်ဝင် ခံစားရပေလိမ့်မည်ဟု ကျွန်မနားလည်သဘောပေါက်မိပါသည်။

သမုဒယသံယောဇဉ်ဆိုတာက ရစ်ပတ်နှောင်ဖွဲ့မိလျှင် ဖြတ်တောက်ဖို့ အခက်သားမဟုတ်လား။ အခုတော့ ....

''အားလုံး မပြန်ကြပါနဲ့ဦးခင်ဗျာ။ အားလုံး မပြန်ကြပါနဲ့ဦးခင်ဗျာ။ ကျွန်တော် စကားတစ်ခွန်းလောက် ပြောပါရစေ။ လူကြီးလေးယောက်နဲ့ ကျွန်တော်တို့အတူတကွ ဆရာတော်ကြီးရဲ့ ကျိန်းစက်ရာခေါင်းအုံးကို လှန်ကြည့်လိုက်တဲ့အခါမှာ ဆရာတော်ကြီးလက်ရေးနဲ့ စာတစ်စောင်သွားတွေ့ပါတယ်။ ကျွန်တော်တို့လည်း စိတ်ဝင်တစားနဲ့ ဘာတွေများ ရေးထားသလဲဆိုပြီး ဖတ်ကြည့်လိုက်မိတယ်။ဘာလဲဆိုရင် ..

ကိုအောင်သိန်း၏ အသံကြောင့် ထိုင်နေကြသည့် ရွာသူရွာသားအားလုံး ယခင်ထက်ပို၍ တိတ်ဆိတ်ငြိမ်သက်သွားကာ စူးစိုက်ပြီး နားထောင်လာကြသည်။ ကျွန်မလည်း ရှေ့သို့ အသာတိုး၍ လာလိုက်မိ၏။ ကိုအောင်သိန်းကို ကျွန်မ အသေအချာကြည့်လိုက်သည်။ ကိုအောင်သိန်းသည် စာရွက်တစ်ရွက်ကို တုန်ယင်စွာ ကိုင်ထားပြီး အသံများပါ တုန်ခါနေသည်။ အားတင်း၍ ပြောနေရဟန် တူသည်။ဆက်၍..

''ဆရာတော်ကြီးကိုယ်တိုင် လက်ာရေးဖွဲ့ထားတာပါ။ ကျွန်တော် ကျယ်ကျယ်ဖတ်ပြခဲ့ပါ့မယ်။ နားထောင်ကြည့်ပါ ခင်ဗျာ။

ငါသေသောအခါ ငါ့မသာကို တန်ဆာပြုပြင်၊ ပွဲကြီး ဆင်၍၊ သဘင်ကချေ၊ ဆိုဝိုတွေနှင့်၊ ကြေး ငွေကုန်ကျ၊ မပြုကြနှင့်၊ ဘာမျှ အကျိုး မရှိပါ။

ရွှေငွေရောင်တောက်၊ မဏ္ဍပ်ဆောက်၍၊ အံ့လောက်စဖွယ်၊ အသွယ်သွယ်လျှင်၊ မဖွယ်မရာ၊ မပြုပါနှင့်၊ သံသာပစ္စုပ်၊ အကျိုးယုတ်၏။

ငှက်ပျောလက်ပံ၊ ပုံသဏ္ဌာန်ဟု၊ စိတ်နာမ်ကင်းစွာ၊ ဤခန္ဓာကို၊ တော်ရာဌာန၊ ဆောင်ယူကြလျက်၊ ပြာချသင်္ဂြိုဟ်လိုက်ပါလေ။

ဈာပနသဘင်၊ ပြာချစဉ်ဝယ်၊ ရှုဆင်ပွားကြ၊ အသုဘဟု၊ နှစ်ဝနာမ်ရုပ်၊ ခွဲခြားထုတ်၍၊ ချုပ်ပျက်တင်ကာ၊ ဘာဝနာကို၊ နှစ်သာရပိုင်၊ ရယူနိုင်မှ၊ ဆုပ်ကိုင်ဖြည့်ဆည်း၊ နိဗ္ဗာန်နီးမည်၊ ဘုန်းကြီးမှာခဲ့ပါရစေ။

''ကဲ ... ဘယ်လိုစီစဉ်ကြမလဲ။ တိုင်ပင်ကြပါဦးဗျာ''

အထစ်ထစ် အငေါ့ငေါ့ဖြင့် ရွတ်ဆိုပြရင်း ထိုင်လိုက်သည်။ လူအုပ်ကြီးမှာလည်း အသံတိတ်နေတော့သည်။ ကျွန်မသည်ပင် ချွေးများထွက်စပြုလာသည်။ အံ့သြထူးဆန်း ကြည်ညိုစရာကောင်းလှသည့် ဆရာတော်ကြီးတစ်ပါးပင်။သူ့အတွက် ရွာသူရွာသားအပေါ် ဝန်မပိစေချင်၊ ငွေကုန်ကြေးကျ ဒုက္ခမရောက်စေချင်။မသေခင် အသက်ရှင်စဉ်ကာလ၌ ဒါန၊ သီလ၊ ဘာဝနာကို စွမ်းနိုင်သမျှ ကုသိုလ်ယူစေချင်သည်။ဖောက်ပြန်ပြောင်းလဲ ပျက်စီးတတ်သည့် သဘောကို ပြနေသော သူ၏ ရုပ်အလောင်းအား အသုဘကမ္မဋ္ဌာန်း ရှုဆင်ခြင်၍ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားကို ကျင့်ကြံပွားများဖို့အတွက် ဆရာတော်ကြီး ရေးသားခဲ့သော စာက ဆုံးမနေသယောင်။

ကျွန်မသည် ဆရာတော်ကြီး ရေးစပ်ဖွဲ့သီခဲ့သော လင်္ကာကို စဉ်းစားနေရင်းက ရောဝတီတိုင်း၊ မြောင်းမြမြို့၊ ပဇ္ဇောတာရုံဆရာတော် ဦးဉာနိက (အင်္ဂလန်)၏ မှာတမ်းကိုလည်း ဖျတ်ခနဲ သတိရလိုက်မိသဖြင့် ရေရွတ်ကြည့်လိုက်မိသည်။

ဝိညာဉ်ကွေကွင်း၊ ငါ့ရုပ်ကြွင်း၊ ချက်ချင်းခေါင်းထဲထည့်။

ခုတင်မှာပြောင်၊ အထည်ရှောင်၊ လှအောင်မပြနဲ့။

မီးပုံသို့သွင်း၊ တစ်နေ့လျှင်း၊ ချက်ချင်းမီးရှို့ဟဲ့။

မလောင်ပါလား၊ ပြောကြငြား၊ နင်နားမယောင်နဲ့။

ကုသိုလ်လိုလို၊ ဘာလိုလို၊ အပိုမလုပ်နဲ့။

တစ်ပါးနှစ်ပါး၊ သံဃာအား၊ တတ်အားသလောက်နဲ့။

သံဃာအားမူ၊ လှူသာလှူ၊ ကူငွေမခံနဲ့။

ဤစာအရ၊ ပြုလုပ်ကြ၊ မုချချမ်းသာကွယ့်။

နောင်လာနောင်သား၊ တပည့်များ၊ မှတ်သားလေကွယ့်၊ မမေ့နဲ့။

တစ်ခေါက်လောက် ဖတ်ကြည့်လိုက်သည်နှင့် သဘောပေါက်နားလည်နိုင်သကဲ့သို့ ကျွန်မတို့ ရွာဦးဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ကြီး ရေးဖွဲ့တော်မူသည့် မှာတမ်းလင်္ကာသည်လည်း အနှစ်သာရပြည့်ဝစွာဖြင့် မြတ်နိဗ္ဗာန်ကို လမ်းညွှန်နေဘိသကဲ့သို့ပင်။

ကျွန်မတို့ ရွာသူရွာသားများသည် ဆရာတော်ကြီး နောက်ဆုံး

မသေခင်အသက်ရှင်စဉ်ကာလ၌ ဒါန၊ သီလ၊ ဘာဝနာကို စွမ်းနိုင်သမျှကုသိုလ်ယူစေချင်သည်။ ဖောက်ပြန်ပြောင်းလဲ ပျက်စီးတတ်သည့်သဘောကို ပြနေသော သူ၏ ရုပ်အလောင်းအား အသုဘကမ္မဋ္ဌာန်း ရှုဆင်ခြင်၍ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားကို ကျင့်ကြံပွားများဖို့အတွက် ဆရာတော်ကြီး ရေးသားခဲ့သော စာက ဆုံးမနေသယောင်။

ရေးတော်မူခဲ့သော နောက်ဆုံးမှာတမ်းအရ ဈာပနအခမ်းအနားကို အကျဉ်းချုံးကာ ရွာတောင်ဘက်ရှိ သစ်ညိုကုန်းသုသာန်တွင် မီးသင်္ဂြိုဟ် ပူဇော်လိုက်ကြသည်။ထန်းကုန်းလေး ဓမ္မဝိနယကျောင်းဆရာတော်ဘုရားကြီး အမှူးပြုသော ကျောင်းရှိသံဃာတော် အရှင်သူမြတ်များက 'အနိစ္စာ ဝတ သင်္ခါရာ'' အစရှိသော ဂါထာကို ရွတ်ဖတ်ခြင်း၊ မရဏာနုဿတိ ဘာဝနာဆင်ခြင်ပွားများခြင်း အစရှိသည်တို့ဖြင့် ပူဇော်ကာ ပြီးဆုံးသွားခဲ့ပါသည်။

ဆရာတော်ကြီး၏ မှာတမ်းအရ ကုသိုလ်ယူခွင့် ရရှိခဲ့သော ကျွန်မတို့ ရွာသူရွာသားများသည် ရုပ်ကလာပ်တော်ကို မီးပူဇော်ရာမှ ထွက်ပေါ်လာသည့် မီးခိုးတန်းကြီးအား ငေးမော၍ ကြည့်နေကြသည်။ မီးခိုးငွေ့တန်းကြီး တရိပ်ရိပ်ဖြင့် မြင့်တက်လာကာ တိမ်ညိုတိမ်လိပ်များကြား၌ ပုန်းလျှိုးကွယ်ပျောက်သွားတော့၏။ ဆရာတော်ကြီး၏ ယိုင်နဲ့နေသည့် လှည်းအိုပျက်ကြီးပမာ ဤခန္ဓာကိုယ်ကြီးကား အသက်ဇီဝိန်ချုပ်ငြိမ်းပြီးသည့်နောက် ယခုတစ်ဖန်ကွယ်ပျောက်ပေတော့မည်။ ဖြစ်လျှင်ပျက်တတ်သည့် တရားသဘောကိုလည်း လက်တွေ့ပြသနေသည်။ ငါ၊ သူတစ်ပါး၊ယောကျ်ား၊ မိန်းမ၊ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ့သားသမီး၊ ဇနီးမယား၊ ငါ့ကျောင်း၊ ငါ့ခြံ၊ ငါ့ပစ္စည်းဥစ္စာ ရွှေငွေရတနာဆိုသည်မှာ ဘာကိုခေါ်တာပါလိမ့်။ သေလျှင် သေသောသူနှင့် ထက်ကြပ်မကွာ လိုက်ပါရဲ့လား။ ကျွန်မအဖို့ အတွေးများ တသီတတန်းကြီး ဝင်ရောက်လာသည်။

မီးခိုးတန်းကား ငွေ့ငွေ့မျှသာ ကျန်တော့သည်။

မကြာမီ ပြာအဖြစ်သာ ကျန်ရစ်နေပေတော့မည်။ ဇီဝိန်မချုပ်ငြိမ်းခင်၊ မပျောက်ကွယ်ခင်၊ ပြာအဖြစ်သို့ မရောက်ခင် ကျွန်မတို့ မည်သည့်အမှုကိစ္စတို့ကို ကြိုတင်ပြုလုပ်ထားရမည်နည်း။ မည်သို့ပြုလုပ်သင့်သနည်းဟု စဉ်းစားကြည့်မိပြန်သည်။ဆရာတော်ကြီး၏ ရုပ်ကလာပ်အား မီးသင်္ဂြိုဟ်ပူဇော်ရာ၌ ပါဝင်ကုသိုလ်ယူခဲ့သောသူများ၊ ဝိုင်းအုံကြည့်နေကြသည့် ရွာသူရွာသားများအား ကျွန်မငဲ့စောင်း၍ ကြည့်လိုက်မိပြန်သည်။ သူတို့၏ မျက်နှာပြင်များတွင် ပူဆွေးတသ သောကပရိဒေဝ အပူမီးများကိုယ်စီနှင့်။

သို့သော် ဆရာတော်ကြီး၏ အဆုံးအမဩဝါဒများကို ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ နာယူလာခဲ့သော ရွာသူရွာသားများအဖို့ ဆရာတော်ကြီး မရှိတော့သော်လည်း ဆရာတော်ကြီး၏ အဆုံးအမများကား သူတို့၏ နှလုံးသားဝယ် ထာဝရ ကိန်းအောင်းနေမည်သာ။ လိုက်နာကျင့်ကြံပွားများနေကြဦးမည်သာ။

''ဈာပနသဘင်၊ ပြာချစဉ်ဝယ်၊ ရှုဆင်ပွားကြ၊ အသုဘဟု၊ နှစ်ဝ နာမ်ရုပ်၊ ခွဲခြားထုတ်၍၊ ချုပ်ပျက်တင်ကာ၊ ဘာဝနာကို၊ နှစ်သာရပိုင်၊ ရယူနိုင်မှ၊ ဆုပ်ကိုင်ဖြည့်ဆည်း၊ နိဗ္ဗာန်နီးမည်၊ ဘုန်းကြီးမှာခဲ့ပါရစေ'' တဲ့။

ကိုအောင်သိန်း ရွတ်ပြခဲ့သည့်အသံကား ကျွန်မ၏နားတွင် ပြန်၍ ကြားယောင်မိပြန်သည်။ကျွန်မသည် လက်အုပ်ချီမိုးကာ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရှိရာသို့ ရော်ရမ်းမှန်းဆ၍–

■

**ငါ၊ သူတစ်ပါး၊ယောကျ်ား၊ မိန်းမ၊ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ့သားသမီး၊ ဇနီးမယား၊ ငါ့ကျောင်း၊ ငါ့ခြံ၊ ငါ့ပစ္စည်းဥစ္စာ ရွှေငွေရတနာဆိုသည်မှာ ဘာကိုခေါ်တာပါလိမ့်။ သေလျှင် သေသောသူနှင့် ထပ်ကြပ်မကွာ လိုက်ပါရဲ့လား**

''ကျေးဇူးတော်ရှင် ဆရာတော်ကြီးဘုရား၊ ဆရာတော်၏ အဆုံးအမဩဝါဒအတိုင်း လိုက်နာကျင့်ကြံပွားများအားထုတ်ပါမည်ဟု ရွာသူရွာသားများ၏ကိုယ်စား၊တပည့်တော်မှ သစ္စာတိုင်တည်စကားလျှောက်ထားပါသည်ဘုရား။ ဆရာတော်ကြီးလည်း ကောင်းရာဘုံဘဝ၊ ဘုံဌာနမှ ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုအနုမောဒနာခေါ်ဆိုတော်မူပါဘုရား''

နှုတ်ဖျားမှ ရွတ်ဆိုလိုက်မိသည်။

လေနုအေးကား ဖော့ယမ်းတိုက်ခတ်နေသည်။လေအဟုန့်ကြောင့် ရိုးတံညှာမှ ကြွေကျလာသော ရော်ရွက်ဝါတို့က ဟိုမှသည်သို့ လွင့်ပျံမျောပါနေတော့သည်။ ကျွန်မသည်လည်း ရွာတောင်ဘက်ဆီသို့ ရီဝေသော မျက်လုံးများဖြင့် ငေးမောကြည့်လျက် ...။ ။

■ ချမ်းမြငြိမ်း



# ဆဋ္ဌမအကြိမ် နွေရာသီဓမ္မာစရိယသင်တန်း

## အယ်ဒီတာအဖွဲ့

ပြည်တွင်းပြည်ပ သာသနာပြု အလိုတော်ပြည့်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရိယဝံသ တည်ထောင်ဖွင့်လှစ်သော နွေရာသီဓမ္မာစရိယသင်တန်းကို ဆဋ္ဌမအကြိမ်မြောက်အဖြစ် ရန်ကုန်၊တာမွေမြို့နယ်။ တာမွေလေးရပ်ကွက်၊ ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့် ကျောင်းတိုက်၌ ၂၀၀၄–ခုနှစ်၊ ဧပြီလ(၂၄)ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ကြီး ဘဒ္ဒန္တကုမာရနှင့် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဓမ္မာစရိယတက္ကသိုလ် အဓိပတိ အလိုတော်ပြည့်ဆရာတော်ကြီး ဘဒ္ဒန္တအရိယဝံသ၊ ဓမ္မာစရိယတက္ကသိုလ်နာယကချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသ အစရှိသည့် ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးအမှူးပြုသော ဌာနအကြီးအကဲများ၊ အလိုတော်ပြည့် ကျောင်းတိုက် ဒါယကာ၊ ဒါယိကာမများနှင့် သင်တန်းသား သင်တန်းသူ (၁၂၀၀)ကျော်တို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနား၌ သာသနာရေးဝန်ကြီးဌာနဝန်ကြီး



ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က တိုက်ကျွေးခဲ့သည့် တရားရေအေးအမြိုက်ဆေးတို့မှာ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူသည့်အခါ ဆရာဘုရားအဖြစ် တည်ရှိကျန်နေရစ်ခဲ့ပါကြောင်း၊ သဗ္ဗညုဘုရားရှင်၏ အဆုံးအမ သာသနာတော်သည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ ရှိရာ အလိုတော်ပြည့်ဆရာတော်သည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အစွန့်ရှည်ကြာ တည်တံ့နေစေရန် အဓိကကျသော ဆရာဘုရားတည်းဟူသော ပရိယတ္တိသာသနာတော်ကို ရှိသေလေးစား အလေးထားလျက် မိမိကိုယ်တိုင်လည်း အစမှအဆုံးတိုင် သင်ယူခဲ့သကဲ့သို့ အခြားသော တပည့်များနှင့် သီတင်းသုံးဖော်များကိုလည်း အလွယ်တကူ အေးအေးလူလူ တစ်နေရာတည်းတွင် စုစည်း၍ လေ့လာဆည်းပူးခွင့် ရစေရန် အမြော်အမြင်ကြီးစွာဖြင့် ယခုလို ဓမ္မာစရိယသင်တန်းကြီးကို ဖွင့်လှစ်ပို့ချနေခြင်းမှာ သာသနာတော်အတွက် လွန်စွာလိုအပ်သော ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးနေခြင်းပင် ဖြစ်ပါကြောင်း၊ လောကကြီးတွင် 'သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းခို' ဆိုသကဲ့သို့ ဤဓမ္မာစရိယသင်တန်းကြီးမှ မွေးထုတ်လိုက်သော ဓမ္မာစရိယအောင် သာသနာ့အာဇာနည်တစ်ပါးပေါ်ထွန်းလာပါက သာသနာ့အဆက်အနွယ် ရှင်ရဟန်း တစ်သောင်းမက ပေါ်ထွန်းလာနိုင်ရာ သာသနာ့မျိုးဆက်များ သိန်းနှင့်ချီ ပေါ်ထွန်းလာမည့်အရေး မျှော်တွေးလျက် အနာဂတ်သာသနာတော်ကြီးအတွက် လွန်စွာဝမ်းမြောက်ဖွယ်ဖြစ်ရပါကြောင်း၊ အလိုတော်ပြည့်ဆရာတော်ဘုရား မွေးထုတ်သော သာသနာပြု မျိုးဆက်များသည် မြန်မာမှာသာမက ကမ္ဘာသို့တိုင် ပျံ့နှံ့ရောက်ရှိနိုင်သဖြင့် ဆရာတော်၏ သာသနာပြုခရီးသည် အောင်မြင်ရန် မဝေးတော့ပြီဟု ဆိုရမှာဖြစ်ပါကြောင်း၊ ဆရာတော်ဘုရား၏ သာသနာပြုခရီး ဖြောင့်ဖြူးရေးအတွက် နိုင်ငံတော်အကြီးအကဲများကလည်း လိုလေသေးမရှိအောင် ကူညီပံ့ပိုးပေးနေသဖြင့် ဆရာ၊ ဒကာ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် သာသနာပြုနေကြခြင်းဖြစ်၍ "သူတော်ကောင်းခတ်၊ တရားမြတ်၊ လွှမ်းပတ်ကမ္ဘာတည်စေသော်" ဟူသော ဆုတောင်းမှာ မလွဲကေန် ပြည့်စုံတော့



မည်မှာ အမှန်ပင်ဖြစ်ပါကြောင်းဖြင့် လျှောက်ထားသွားပါသည်။

သင်တန်းကာလမှာ တစ်လ ကြာမြင့်မည် ဖြစ်ပါသည်။ အလိုတော်ပြည့် ဆရာတော်ကြီးသည် ပရိယတ္တိသာသနာပြုလုပ်ငန်းအဖြစ် ပုဂံညောင်ဦးတွင် အောင်မြေဗောဓိစာသင်တိုက်၊ ကျောက်ပန်းတောင်းတွင် အောင်မြေရတနာစာသင်တိုက်၊ ရန်ကုန်တွင် အောင်မြေဗောဓိဓမ္မရိပ်သာတို့ကို ဖွင့်လှစ်ပြီး စာသင်သားများလက်ခံကာ ပရိယတ္တိစာပေများ သင်ကြားပို့ချပေးခဲ့သည်။ ထိုစာသင်တိုက်များမှ ပထမကြီးတန်းအောင်မြင်ပြီးသည့် ရဟန်းတော်များ အခြားသော ပထမကြီးတန်းအောင်မြင်ပြီးသည့် ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များ ဓမ္မာစရိယစာချတန်းကို အခက်အခဲမရှိ တက်ရောက် သင်ကြားနိုင်ကြစေရန်အတွက် ဓမ္မာစရိယစာဝါချည်း သီးသန့်ပို့ချသော နေရာတစ်ခု တည်ထောင်သင်ကြားပေးရန် ဆန္ဒဖြစ်ပေါ်ခဲ့သည်။ ထိုဆန္ဒကို အကောင်အထည်ဖော်နိုင်ရန်အတွက် ရန်ကုန်အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ဓမ္မာစရိယစာဝါများ သီးသန့်ပို့ချသည့် သင်တန်းများ ဖွင့်လှစ်ခဲ့ရာ ယခုဆဋ္ဌမအကြိမ်တိုင်ခဲ့ပြီဖြစ်သည်။ ထို့မှုမက ဆရာတော်ကြီးသည် ဓမ္မာစရိယကျမ်းရင်း(၃)ကျမ်းကို နေ့ညပို့ချပေးနိုင်မည့် ဓမ္မာစရိယတက္ကသိုလ်ကြီးတစ်ခုကိုလည်း ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် ကြိုးပမ်းတည်ထောင်လျက်ရှိသည်။ ထိုတက္ကသိုလ်ကြီး ပြီးစီးပါက နှစ်စဉ်သံဃာ(၅၀၀)ကို လက်ခံသင်ကြားပေးသွားရန် စီစဉ်လျက်ရှိသည်။ ထိုတက္ကသိုလ်ကြီးသည် အလိုတော်ပြည့် ဆရာတော်ကြီး၏ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပိုမိုအောင်မြင်စေရန် အထောက်အကူပြုမည်မှာ ကေန်ပင်ဖြစ်ပါသည်။ ဆရာတော်ကြီးသည် အခြားသော သာသနာပြုလုပ်ငန်းများလည်း မအားမလပ်အောင် ဆောင်ရွက်လျက်ရှိသည့် နည်းတူ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာတွင် ကျောက်ပန်းတောင်း၊ ပုဂံညောင်ဦး၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ တောင်ငူ၊ ရန်ကုန် တာမွေ၊ သဃ်န်းကျွန်း၊ စစ်တွေ၊ ရသေ့တောင်၊ဘူးသီးတောင်၊ မောင်တော၊မြောက်ဦးတို့၌လည်း ပရိယတ္တိစာသင်တိုက်(၃)ခုနှင့် ပဋိပတ္တိရိပ်သာ(၉)ခုကို တည်ထောင် ဖွင့်လှစ် သာသနာပြုလျက်ရှိပါသည်။ ဆရာတော်ကြီး၏သာသနာပြုလုပ် ငန်းများကား အနာဂတ် သာသနာတော်ကြီးအတွက် အားရဖွယ် ကောင်းလှပါတော့သည်။

■ အယ်ဒီတာအဖွဲ့



■

အာသီဝိသာလယာသမေ၊ ရောဂါဝါသေ ကဠေဝရေ။
နိဗ္ဗိန္ဒာ ဒုက္ခသယာ်ငေ့၊ ဇရာမရဏဂေါစရေ။
နာနာကလိ မလာကိဏ္ဏေ၊ ပရာယတ္တေ နိရီဟကေ။
တေန နိဗ္ဗာဘု မိစ္ဆာမိ၊ အန မညထ ပုတ္တကာ။

သားတော်၊ မြေးတော်တို့၊ မြွေဆိုးတို့၏ ကိန်းအောင်းရာ တောင်ပို့ကြီးနှင့် အလားတူသော၊ ရောဂါအမျိုးမျိုးတို့၏ ဖြစ်ရာတည်ရာ ဖြစ်သော၊ ဆင်းရဲအပေါင်းတို့၏ စုဝေးရာဖြစ်သော၊ အိုမင်းသေမင်းတို့၏ ကျက်စားရာ ပိုင်နက်ဖြစ်သော၊ အမျိုးမျိုးသော အပြစ်များနှင့် အမျိုးမျိုးသော အညစ်အကြေးတို့၏ ပြီးပွမ်းဖြစ်ရာတည်ရာ ဖြစ်သော၊ သူတစ်ပါးတို့နှင့် သက်ဆိုင်သော၊ မိမိအလိုလို တစ်စုံတစ်ခုကိုမျှ မပြုလုပ်နိုင်သော ကိုယ်ကောင်ကြီး၌ မပျော်မမွေ့ ငြီးငွေ့လျက်ရှိပါ၏၊ ထိုသို့ မပျော်မမွေ့ ငြီးငွေ့နေသောကြောင့် ဘုရားတပည့် မယ်တော်ကြီးသည် ဆင်းရဲခပ်သိမ်းငြိမ်းရန် အလို့ငှာ၊ ပရိနိဗ္ဗာန်ဝင်စံရန် အလို့ငှာ အလိုရှိပါ၏၊ သားတော်၊ မြေးတော်တို့ ဘုရားတပည့် မယ်တော်ကြီးကို အနှုးအညွတ် ခွင့်လွှတ်ကြပါကုန် အရှင်ဘုရားတို့။

**(မြေးတော် အရှင်ရာဟုလာ၊ သားတော် အရှင်နန္ဒနှင့် တူတော် အရှင်အာနန္ဒာတို့ထံ မိထွေးတော်ဂေါတမီထေရီ၏ လျှောက်ထားချက်မှ. . . . )**

# ရှိတဲ့အတိုင်းလည်းသိဖို့
# သိတဲ့အတိုင်းလည်းရှိနေဖို့
# မြသန်းစံ

(ယခင်လမှအဆက်)

ဒါကြောင့်မို့ ဓမ္မရဲ့ ငြိမ်းချမ်းတဲ့ အေးရိပ်မှာ ခိုလှုံချင်ရင်တော့ ထိုက်တန်တဲ့ ရင်းနှီးမှုတော့ ရှိရပါမယ်။ သီလကို လေးစား၊ သမာဓိကို တန်ဖိုးထား၊ ပညာကို ဦးထိပ်တင်ချင်တဲ့ လူမျိုးဆိုရင် ဘယ်သူကိုမဆို ဓမ္မဟာ အချိန်မရွေးလက်လှမ်းကြိုနေတာပါ။ရာထူးရှိတဲ့လူ၊ ငွေရှိတဲ့လူ၊ ရာထူး မရှိတဲ့လူ၊ ငွေမရှိတဲ့ လူဆိုပြီး ခွဲခြား ဆက်ဆံတာမျိုးဟာ ဓမ္မမှာ မရှိရိုးထုံးစံပါ။ သုညနိဗ္ဗာန် ဆိုက်ချင်မှတော့ ကိုယ့်ဘက်ကလည်းရှိတယ်လို့ ထင်ထား ခဲ့တာတွေကို သုညအဖြစ် လုပ်ခဲ့တော့ပေါ့။

ပြောရရင် ဆရာကြီးကိုယ်တိုင်လည်း အမွေခံတော်ရဲ့ ဒဏ်ကို ဘယ်လောက် အထိခံခဲ့ရသလဲမသိဘူးနော်။ဘဝနဲ့

ယှဉ်တွဲနေတဲ့ ဓမ္မခရီးလမ်းမှာအမွှေခါတ်ဆိုတာ မတွေ့မဖြစ် တွေ့ရမယ့် အတားအဆီးတစ်ခုမဟုတ်လား။ ဒါတွေကို အပ္ပမာဒ ဓမ္မရသ မဂ္ဂဇင်းရဲ့ တွေ့ဆုံမေးမြန်း ဓမ္မလမ်းကဏ္ဍမှာ ဆရာကြီးကိုယ်တိုင် ဖွင့်ဟဖော်ထုတ်ခဲ့ပြီးသားပါ။ ၂၀၀၁–ခုနှစ်၊ မေလတုန်းက ဆရာကြီး အိမ်မှာ ဆရာကျော်နန္ဒအောင် မေးမြန်းခဲ့စဉ်တုန်းက ဆရာကြီး ဖြေခဲ့ပြီးသားပါ။ (၁၆)နှစ်သားလောက်မှာ မုံရွာဇောတိကာရုံကျောင်းတိုက်ရဲ့ သာမဏေဘဝက စခဲ့တဲ့ ဆရာကြီးရဲ့ ဓမ္မခရီးလမ်းဟာ ထက်မြက်တဲ့ ပညာဉာဏ်တွေနဲ့ လျှမ်း လျှမ်းတောက်ခဲ့ရတာကိုလည်း ပြန်ပြီးမြင်ယောင်နေမိပါရဲ့။ အသက်(၂၃)နှစ်မှာ ဓမ္မာစရိယတန်းကို ပါဠိဘာသာနဲ့ ဖြေဆိုအောင်မြင်လို့ မစိုးရိမ်ဆရာတော်ဘုရားကြီးထံပါးမှာ အနီးကပ် အလုပ်အကျွေးပြုရင်းနဲ့ စာဝါတွေ ပို့ချလို့၊ အသက်(၂၇)နှစ်မှာ ကမ္ဘာအေးကုန်းမြေကိုရောက်လို့၊ ဆဋ္ဌသင်္ဂါယနာမှာ အဘိဓဇ မစိုးရိမ်ဆရာတော်ဘုရားကြီးရဲ့ထံပါးမှာ သင်္ဂါယနာ ကိစ္စတွေ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်လို့၊ မဇ္ဈိမနိကာယ်သုံးကျမ်းနဲ့ သံယုတ်ပါဠိတော်ငါးကျမ်းကို နိဿယရေးခဲ့လို့ စတဲ့ သာသနာတော်ရဲ့ ကြီးမားတဲ့ တာဝန်တွေကို သက်တော်ငယ်ငယ် ဉာဏ်ထက်ထက်နဲ့ ထမ်းဆောင်ခဲ့တာတွေကို ကြားရတော့ အားကျကြည်ညိုရပါတယ်လေ။

အဲဒီနောက် အသက်(၃၃)နှစ်မှာ လူဝတ်လဲ၊ သာသနာရေးဝန်ကြီး ဌာနမှာ တာဝန်ထမ်း၊ အဲဒီကနေ အဆင့်ဆင့်သော တာဝန်တွေယူ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)မှာ တွဲဖက်ပါမောက္ခ အဖြစ်၊ပြီးတော့ ၁၉၉၃–ခုနှစ်ကစပြီး သာသနာရေးဝန်ကြီး ဌာနရဲ့ အကြံပေးပုဂ္ဂိုလ်အဖြစ် စတဲ့တာဝန်တွေ မရပ်မနားထမ်းဆောင်ခဲ့တာတွေကိုလည်း ဆရာကြီး ပြောပြချက်အရ ပုံရိပ်တွေကို မှန်းဆပြီး မြင်ယောင်နေမိပါရဲ့။

ဆရာကြီးရဲ့ ထင်ရှားကျော်ကြားတဲ့ လက်ရာဖြစ်တဲ့ ''ရဟန္တာနဲ့ ပုဂ္ဂိုလ်ထူးများ''စာအုပ်ကို ဆရာကြီး အသက်(၄၂)နှစ်မှာ ရေးနိုင်ခဲ့တာကအစ၊ အခုနောက်ဆုံး ဆရာကြီးရဲ့ နောင်တော်ကြီးဖြစ်တဲ့ မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာရှုနည်းနဲ့ ရန်ကင်းတောင် ဝိပဿနာ စခန်းမှာ ယောဂီတွေအတွက် အကျိုးများရာများကြောင်း ဟောပြောပို့ချ ခဲ့တာအဆုံး၊ အားလုံး အားလုံးဟာ ဗုဒ္ဓသာသနာအပေါ်မှာ ထားရှိခဲ့တဲ့ ဆရာကြီးရဲ့ စေတနာသဒ္ဓါတရားကို မှတ်ကျောက်တင်နိုင်ခဲ့တာတွေပါ။

ကျွန်တော်လျှောက်ရမယ့် ဓမ္မခရီးလမ်းမှာ မလိုလားအပ်တဲ့ အမွှေခါတ်ရဲ့ ဒဏ်ရာဒဏ်ချက်ကို မခံရဖို့အတွက် ဆရာကြီးဟာ ကရုဏာတရား ရှေ့ထားပြီး မကြာခဏ ကျွန်တော့်ကို ဆုံးမလေ့ရှိပါတယ်။ ဆရာကြီးက စကားပြောရင် ကိုယ့်ထက်ငယ်တဲ့သူကို 'ကိုရင်'ဆိုပြီး နာမ်စားလေးသုံးပြီး ပြောလေ့ ရှိပါတယ်။

'ကိုရင် ဘာမလုပ်နဲ့နော်၊ ညာမလုပ်နဲ့နော်၊ ကိုရင်က ငယ်သေးတာ၊ လမ်းကြောင်းမတိမ်းမစောင်းဖို့ လိုတယ်နော်၊ ဘာကိုတော့ လုပ်နော်၊ ဘာကိုတော့ဖြင့် နှလုံးသွင်းနော်'နဲ့ လောကဓံတရားနဲ့ပတ်သက်လာရင် အတွေ့အကြုံ ရင့်ကျက်ခဲ့သူပီပီ၊ အမွှေခါတ်နဲ့ ပတ်သက်လာရင် ကိုယ်တိုင်နာကျင်ခံခက် ဖြစ်ခဲ့သူပီပီ ကျွန်တော့်ကို အားမနာတမ်း ဆုံးမလေ့ရှိပါတယ်။ ဆရာကြီး လုပ်ချင်ခဲ့တဲ့ မဂ္ဂဇင်းပုံစံမျိုး ကျွန်တော်လုပ်ဖြစ်လေတော့ 'မုဒိတာ' စိတ်အပြည့်နဲ့ အားပေးလိုက်တာ။

''အပ္ပမာဒဆိုတဲ့ နာမည်နဲ့ မဂ္ဂဇင်းတစ်စောင် ကိုယ် လုပ်ချင်ခဲ့တာ၊ အခုတော့ ကိုယ်မလုပ်နိုင်ခဲ့ပေမယ့် ကိုရင်က လုပ်နိုင်သွားပြီးဆိုတော့ သာသနာအတွက် တစ်အားပဲဟေ့'' ဆိုပြီး ကလောင်အားရော၊ လူအားပါ ဝိုင်းကူပေးခဲ့ ရှာပါတယ်။ ဆရာကြီးဇေယျာမောင်ကို သွားတွေ့ဖို့ကအစ၊ ဂုရုကြီးကိုအင်ကာနဲ့ ဆုံတွေ့ဖို့အရေးအထိ ဆရာကြီးခမျာ ကိုယ်တိုင်လိုက်ကူ ပံ့ပိုးပေးခဲ့ပါတယ်။ ဒါတွေဟာ ပြောမကုန်နိုင်တဲ့ ကျေးဇူးတရားတွေပဲပေါ့။

သာသနာတော်ကို ရိုသေလေးစား ချစ်မြတ်နိုးတတ်တဲ့ ဆရာသမားတွေများနော်၊ ကိုယ့်တပည့် သားသမီးဟာ သာသနာတော်အတွက် အသုံးဝင် တန်ဖိုးရှိတဲ့ သူတစ်ယောက် ဖြစ်လာရင် ဝမ်းမြောက်ဝမ်းသာ အားပေးချီးမြှင့် လိုက်ကြတာနော်။ သာသနာတော်ကို မျက်နှာမူပြီး အသက်ရှင်သွားကြတဲ့ ဆရာသမားတွေရဲ့ ရင်ထဲက အဖြူခါတ်ကို ဘယ်လိုအဖြူရောင်မျိုးမှ လိုက်လို့ မမီနိုင်ပါဘူးလေ။

ဆရာကြီးရဲ့ နောက်ဆုံးအခြေအနေကို တွေ့နေရတဲ့ အချိန်မှာ ဆရာကြီးရဲ့ ကျေးဇူးတရားတွေဟာ ဓမ္မာရုံထဲမှာ အစီအရီပေါ်လာတာများ ကုန်–ကုန်နိုင်သေးတော့၊ သတိပြန်လည်သလို ဖြစ်လာတဲ့အချိန်မှာတော့ မျက်စိရှေ့က မြင်ကွင်းကို နှလုံးသွင်းဖြစ်ပါပြီ။ ကျေးဇူးရှင်

မောင်းထောင် မြေဖင်းဆရာတော်ဘုရားကြီးက ဆရာကြီးကို တရားတော်တွေ အားရပါးရ ချီးမြှင့်ဟောကြားပေးပြီးတဲ့နောက် ဆရာကြီးအပါးကခွာလို့ အခန်းထဲက ပြန်ထွက်သွားမှ ကျွန်တော်ဟာ ဆရာကြီးအနားကို တိုးကပ်နိုင်ပါတော့တယ်။

ပထမဦးစွာ ဆရာကြီးရဲ့ရင်ထဲက ဓမ္မဓာတ်ကို ကျွန်တော်အာရုံပြု ကြည်ညိုရင်းက ဂါရဝေါစ မင်္ဂလာတရားနဲ့ ညီစွာ ဦးသုံးကြိမ်ချ ရှိခိုးမိပါတယ်။ သည့်နောက် ဆရာကြီးရဲ့ ခုတင်နားအထိ ချဉ်းကပ်ပါတယ်။ ကျွန်တော့်မျက်နှာနဲ့ ဆရာကြီး မျက်နှာနဲ့ နီးကပ်သည်အထိ တိုးကပ်လိုက်ပါတယ်။ ကျွန်တော် ပြောတဲ့စကားသံ ကြားရအောင်လို့ပါ။ ဆရာကြီးဟာ မျက်လုံးကလေး မှေးမှိတ်ထားရာက ခပ်ဖြည်းဖြည်း ခပ်လေးလေးကလေး ဖွင့်ဟလာပါတယ်။ ကျွန်တော့်ကိုမြင်တော့ ချက်ချင်းမှတ်မိပါတယ်။ အသံတိုးယဲ့ယဲ့ကလေးနဲ့ပဲ ဆရာကြီးက စကားစပြောပါတယ်။

''ကိုမြသန်းစံရေ၊ မစားသာဘူးဟေ့ ... အတော်ခံနေရတာ''

ဆရာကြီးခမျာ ဒုက္ခဝေဒနာနဲ့ ရင်ဆိုင်နေရတဲ့ အပေါ်မှာ ဒေါမနဿဖြစ်မသွားဖို့ အတော်ကြိုးစား သတိထားနေပုံ ရပါတယ်။ ဒုက္ခဝေဒနာတွေ ပြင်းပြင်းထန်ထန် ဖောက်ပြန်ရင် တော်ရုံတန်ရုံလူတွေဟာ စိတ်မှာ ဒေါမနဿ ဝေဒနာတွေ ဖြစ်ပေါ်လာတတ်ကြစမြဲပါပဲ။ သုခဝေဒနာနဲ့ ကြုံရရင်သာ ပြုံးပြုံး–ပြုံးပြုံးနဲ့ စိတ်ထဲမှာ သောမနဿဝေဒနာတွေဖြစ်လို့၊ ခံစားလို့ မဝအောင် ဖြစ်တတ်ကြတာလည်း တရားသဘောနဲ့ အလှမ်းဝေးကြတဲ့ လူတွေရဲ့ စိတ်ဖြစ်စဉ် သဘာဝတစ်ခုပေပဲပေါ့။ ဒုက္ခဝေဒနာ မဖြစ်တဲ့အချိန်၊ သုခဝေဒနာ မဖြစ်တဲ့ အချိန်တွေမှာ ဥပေက္ခာ ဝေဒနာရဲ့ သဘောသဘာဝဟာ မိမိခန္ဓာအစဉ်မှာ အမျှင်မပြတ် တရစပ်ဖြစ်နေတတ်တဲ့ သဘာဝကိုတော့ မောဟဖုံးနေတဲ့လူတွေအဖို့ ရိပ်မိနိုင်ဖို့ အခက်သားလား။ မြင်တွေ့နိုင်ဖို့ အဝေး သားလား။ အာရုံပြုတတ်ဖို့ ဖြစ်နိုင်ခဲသားလား။

ဆရာကြီးရဲ့ စကားအပေါ်မှာ ဘယ်လို တုံ့ပြန်ပြောပြရလေမလဲလို့ စဉ်းစားတဲ့အခါ ဝေဒနာနဲ့ပတ်သက်လို့ ကိုယ့်ခန္ဓာမှာ ရှုမှတ်ခဲ့၊ သိမြင်ခဲ့ရတာတွေက စိတ်သန္တာန်မှာ စုဖွဲ့လာပါတယ်။ ဒါပေမယ့် ဒါတွေကို ဆရာကြီးလည်း သိပြီးသားပါလေ။ ဆရာကြီး ကိုယ်တိုင်လည်း စာအုပ်တွေ အတော်များများမှာ ရေးပြခဲ့ပြီးသားပဲ။ တရားနဲ့ပတ်သက်လို့ နကန်းတစ်လုံးမျှ မသိခဲ့ရတဲ့ ကျွန်တော် တို့တစ်တွေတောင်မှ ဆရာကြီးရဲ့စာအုပ်တွေထဲက ဆရာကြီးရဲ့ ရေးသားချက်တွေအပေါ် မှီပြီးမှ သုတမယဉာဏ်၊ စိန္တာမယဉာဏ်တွေဖြစ်ခွင့် ရခဲ့ကြတာ မဟုတ်လား။ ဒါကြောင့်မို့ ဒါတွေကိုသာ ပြောနေရင် မိကျောင်းမင်း ရေကင်းပြသလို ဖြစ်နေပါဦးမယ်။ အရေးအကြီးဆုံးက ဆရာကြီးမှာ လက်ကျန်အချိန်တွေ သိပ်မရှိတော့ဘူးဆိုတာ အကင်းပါးပါးနဲ့ သိမြင်နိုင်ဖို့ပါပဲ။ ဒီတော့ ဘာပြောမလဲ။

ဆရာကြီးဟာ ကုသိုလ်တရားနဲ့ပတ်သက်လာရင် ဒုနဲ့ဒေးနဲ့ လုပ်ဆောင်ခဲ့ပြီးပါပြီ။ ဒါတွေကို ပြန်ပြောင်းအောက်မေ့ဖို့ ပြောနေမယ်ဆိုရင် အချိန်တွေကုန်ရုံသာ ရှိတော့မယ်။ ပြီးတော့ ခုနကတွင် ဆရာကြီးရဲ့ နောင်တော်ကြီးဖြစ်တဲ့ မောင်းထောင်မြေဖင်းတောရ ဆရာတော်ဘုရားကြီးက ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိတွေနဲ့ ဆရာကြီးရဲ့ စိတ်အစဉ်ကို ရတနာသုံးပါး လွှမ်းခြုံရင်းနဲ့ သန့်ရှင်းစင်ကြယ်စေခဲ့ပြီ။ ကုသိုလ်စေတသိက် အကြောင်းခံတွေက ဆရာကြီးမှာ ရှိခဲ့ပြီးသား။ လတ်တလောအချိန်ကလေး အတောအတွင်းမှာလည်း ဒုက္ခဝေဒနာကို အာရုံပြုရာက စိတ်အစဉ်ကို ခေတ္တ ခွာလို့ ရတနာသုံးပါးကို အာရုံပြုဖြစ်နေတဲ့အတွက် ဆရာကြီးရဲ့ စိတ်အစဉ်ဟာ သန့်ရှင်းစင်ကြယ် ကြည်လင်လန်းဆန်းနေတဲ့ကာလ။ ဒါကို အမိအရ ဖမ်းဆုပ်လို့ သည်အချိန်မျိုးမှာ အပြောသင့်ဆုံး စကားက –

''ဆရာကြီး ... ဆရာကြီးရဲ့ဘဝမှာ အင်မတန်ကြီးမားတဲ့ ကုသိုလ်ကြီးတွေကို ဆရာကြီး ဆောင်ရွက်ခဲ့ပြီးပါပြီ။ အခုလည်း အမြတ်ဆုံး ရတနာသုံးပါးရဲ့ ကြီးမားတဲ့ ဂုဏ်ဒြပ်တွေကိုလည်း ဆရာကြီးအာရုံပြုခဲ့ပြီးပါပြီ။ အခုအချိန်မှာ ဆရာကြီး နှလုံးသွင်းဖို့ အရေးကြီးဆုံး အကြောင်းအရာကိုပဲ ကျွန်တော်ပြောချင်ပါတယ်။ ဒါကလည်း ဆရာကြီးဆီက သိခဲ့ရတဲ့ ဓမ္မအသိအမြင်တွေနဲ့ပဲ ဆရာကြီးကို ကျွန်တော်ကျေးဇူးပြန်ဆပ်တယ်လို့ သဘောထားပေးပါ ဆရာကြီး၊ဆရာကြီးအတွက် သည်အချိန်ဟာ တန်ဖိုးမဖြတ်နိုင်လောက်အောင် သိပ်ကို အရေးကြီးနေပါပြီ''

စီစဉ်ထားတာမဟုတ်ပါဘဲ၊ ကျွန်တော့်ရင်ထဲက စကားတွေဟာ တလိမ့်လိမ့်စီးဆင်းနေပါပြီ။ ဆရာကြီး



ခန္ဓာရခြင်းဟာ
ဒုက္ခသစ္စာကိုရခြင်းပါပဲလို့
ဘုရားရှင်
ကိုယ်တော်မြတ်ကြီးက
ဟောတော်မူခဲ့တာမဟုတ်လား။
အခုလက်ရှိအခြေအနေမှာ
ဆရာကြီးဟာ
ဒုက္ခသစ္စာခန္ဓာကြီးကို
နဖူးတွေ့ဒူးတွေ့ရင်ဆိုင်
တွေ့မြင်နေရတာ
မဟုတ်လား။

ခမျာ မျက်လုံးအစုံမှိတ်ရင်းက စူးစူးစိုက်စိုက် အာရုံပြု နေတာကိုတွေ့ရပါတယ်။ ပြီးတော့ ခေါင်းတစ်ချက် ညိတ်ပြပါတယ်။ သူနားထောင်နေတယ်၊ အာရုံပြုနေ တယ်။ ဆက်ပြောပေါ့လေ ...။ သည်တော့ ဆရာကြီး အနားမှာ ဓမ္မစကားနဲ့ ကျေးဇူးဆပ်ခွင့်ရနေသူ ကျွန်တော့် အဖို့ ပိုပြီးအားတက်ရတာပေါ့။

''မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ပထမ ဆုံးသော တရားစကား၊ တရားကြေညာချက်ဟာ ဓမ္မ စကြာမဟုတ်လား ဆရာကြီး။ သည်ဓမ္မစကြာကို အနှစ် ချုပ်လိုက်ရင် သစ္စာလေးပါးပဲမဟုတ်လား။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဆိုတဲ့ သစ္စာ လေးပါးရဲ့ အနက် အဓိပ္ပါယ်တွေ၊ ဓမ္မစကြာရဲ့ နိဿယ တွေကိုလည်း ဆရာကြီးသိခဲ့ပြီးသားပါ။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ မဟာစည်ရိပ်သာ ကြီးကို တည်ထောင်ပြီးခါစမှာ ပထမဦးဆုံး ဟောသွား ခဲ့တာလည်း ဓမ္မစကြာတရားတော်မြတ်ကြီးပဲ မဟုတ် လား။ နောက်ဆုံးဆရာတော်ဘုရားကြီး ခန္ဓာဝန်ချ ခါနီးမှာ လည်း အာရုံပြု နှလုံးသွင်းသွားခဲ့တာလည်း ဓမ္မစကြာ တရားတော် မြတ်ကြီးပါပဲ။ ဒါကိုလည်း ဆရာကြီးသိခဲ့ ပြီးပါပြီ''

ဆရာကြီးခမျာ ခေါင်းညိတ်လို့ အသိအမှတ်ပြု နေရှာတော့တယ်။ အခုဆိုရင် ဆရာကြီးရဲ့ အာရုံနယ်ပယ် ထဲမှာဖြင့် သစ္စာလေးပါးရဲ့အနက် အဓိပ္ပါယ်တွေဟာ ဓမ္မာရုံအဖြစ် ဖြန့်ကြက် ရောက်ရှိနေလောက်ပါပြီ။ဆရာ ကြီးရဲ့ စိတ်အစဉ်ဟာ သစ္စာလေးပါးကို အာရုံပြုခွင့်ရ နေလောက်ပါပြီ။ ဆရာကြီးရဲ့ မျက်နှာပေါ်မှာပေါ်နေတဲ့ အရိပ်သဏ္ဍာန်ကို မှန်းဆရင်းနဲ့ပဲ ကျွန်တော် ဆက်ပြော နေဖြစ်ပါတယ်။

''ဆရာကြီး အခု နာကျင်ခံခက်နေတဲ့ ခန္ဓာကြီး ဟာ တကယ်တော့ ကျွန်တော်တို့ရော၊ ဆရာကြီးရော တစ်ချိန်မှာ ဒါမျိုးတွေ ကြုံပြီး အနာကြီး နာပြီး၊ အခံကြီး ခံရမယ်ဆိုတာမသိခဲ့လို့ ဆုတောင်းခဲ့တာမဟုတ်လား၊ မိုးကုတ်ဆရာတော် ဘုရားကြီးဟောခဲ့သလို ကျွန်တော်တို့ ဆရာကြီးတို့ ရထားခဲ့တဲ့ ခန္ဓာကြီးဟာ ဆုတောင်းပြည့် ခန္ဓာကြီး မဟုတ်လား။ အခု ကျွန်တော်တို့ ဆုတောင်း ပြည့်ခဲ့ ပြီလေ။ ဆုတောင်းပြည့်လို့ရခဲ့တဲ့ ခန္ဓာကြီးဟာ ကျွန်တော်တို့ကို ချမ်းသာမှုပေးသေးရဲ့လား။ ကျန်းမာနေ တုန်း၊ ငယ်ရွယ်နေတုန်းမှာတော့ ခန္ဓာရဲ့ဒုက္ခကို မသိမမြင် နိုင်ပါဘူး။ အခုတောင်မှ ဆရာကြီးနဲ့ ကျွန်တော်မှာ ဆရာကြီးဟာ ဒုက္ခဝေဒနာကို အပြင်းအထန်ခံနေရတဲ့သူ၊ ကျွန်တော်က အရွယ်ကောင်းတုန်း၊ သွားလာနိုင်တုန်း၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရမျှလို့ ရုပ်တရားကြီးက အကြီး အကျယ် မဖောက်ပြန်သေးတော့ ကျန်းမာရေး ကောင်း တယ်လို့ ခေါ်လို့ရနေတုန်းပေါ့။ ဒါပေမယ့် တစ်ချိန်မှာ ကျွန်တော် လည်း ဆရာကြီးလို မလွဲမသွေ ကြုံရဦးမှာပါ။ အဲဒီအခါ သည်ဆုတောင်းပြည့် ခန္ဓာကြီးဟာ ကျွန်တော့် ကို အကြီးအကျယ် ဒုက္ခပေးဦးမှာပါပဲ။ ပိုးမွှားပေါင်းစုံ တွေရဲ့ ကိုက်ခဲမှုဒဏ်ကို ကျွန်တော်လည်း အလူးအလဲ ခံရဦးမှာပါပဲ။ ဒါကြောင့် ခန္ဓာရခြင်းဟာ ဒုက္ခသစ္စာကို ရခြင်းပါပဲလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောတော် မူခဲ့တာမဟုတ်လား။ အခုလက်ရှိအခြေအနေမှာ ဆရာ ကြီးဟာ ဒုက္ခသစ္စာခန္ဓာကြီးကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင် တွေ့မြင်နေရတာ မဟုတ်လား။ သည့်ထက်ရှင်းတဲ့ တရား လည်း မရှိနိုင်တော့ဘူးထင်တယ်။ သည် ဒုက္ခသစ္စာခန္ဓာ ကြီးကို ရှုမြင်နေရတာကိုက မဂ္ဂသစ္စာရဲ့ အလုပ်တွေကို ဆရာကြီး လုပ်နေဖြစ်တာပဲ မဟုတ်လား။ အဲဒါကြောင့် သမုဒယသစ္စာဆိုတဲ့ အတိတ်အကြောင်းဖြစ်တဲ့ အဝိဇ္ဇာ သင်္ခါရတွေကြောင့်ရခဲ့တဲ့ ဒုက္ခသစ္စာခန္ဓာကြီးရဲ့ နှိပ်စက် တတ်တဲ့ သဘာဝဟာ တကယ့်ကို ပြောင်ပြောင် တင်း

တင်းကြီးပါပဲ။ အဲဒီတော့ သမုဒယသစ္စာကို ထပ်ပြီး အာရုံပြုမယ်၊ လုပ်ဖြစ်နေဦးမယ်ဆိုရင် ဒုက္ခသစ္စာပဲ ထပ်ရ ပါလိမ့်မယ်။ ဒါကြောင့်မို့ ဒုက္ခသစ္စာခန္ဓာကြီးကို မဂ္ဂသစ္စာ ဆိုတဲ့ မဂ္ဂင်ရှစ်ပါးနဲ့ ကြည့်ဖြစ်နေဖို့ပါပဲ။ ဒါဆိုရင် အရှုခံက ဒုက္ခသစ္စာ၊ရှုညာဏ်က မဂ္ဂသစ္စာဖြစ်မနေဘူးလား ဆရာကြီး၊ ဒီလိုဆက်ပြီး ရှုမှတ်ပွားများ နေမယ်ဆိုရင် သမုဒယသစ္စာ ဘက် အာရုံမလှည့်ဖြစ်တော့ဘဲ မရောက်သေးတဲ့၊ မဆိုက်သေးတဲ့ နိရောဓသစ္စာဘက်ဆီကို ရှုညာဏ်ဖြစ်တဲ့ မဂ္ဂသစ္စာက ခေါ်သွားပါလိမ့်မယ်။ နိရောဓသစ္စာ ဆိုက်တဲ့ အချိန်မှာတော့ နိရောဓသစ္စာ ဆိုတဲ့ ချုပ်ငြိမ်းခြင်း သဘာဝနဲ့အတူ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ တွေလည်း တစ်ပြိုင်တည်းချုပ်ငြိမ်းသွားပါလိမ့်မယ်။ ဒါဟာ သစ္စာလေးပါး စလုံး တစ်ပြိုင်တည်း ဆုံစည်းဖြစ်တဲ့ အချိန် ပဲပေါ့။ အဲဒီအခါ နိရောဓသစ္စာရဲ့ ဆင့်ပွားအဓိပ္ပါယ် ခွဲတွေဖြစ်တဲ့ နိဗ္ဗာန်–အေးရာ ဖြစ်တဲ့ နိဗ္ဗာန်၊ မောက္ခ– လွတ်မြောက်ရာဖြစ်တဲ့ နိဗ္ဗာန်၊ တဏှက္ခယော–တဏှာ ကုန်ရာဖြစ်တဲ့နိဗ္ဗာန်၊ အသင်္ခတံ–အကြောင်း တရားတို့ မပြုပြင်အပ်တဲ့ နိဗ္ဗာန်ဆိုတဲ့ သဘော သဘာဝတွေဟာ တစ်ပါတည်း အသက်ဝင်လာကြမှာမဟုတ်လား။ ဒါကြောင့် ဆရာကြီး အခုရသမျှ အချိန်အတောအတွင်းမှာ ဒုက္ခဝေဒနာတွေ အထင်းသား ပေါ်လွင်နေတဲ့ ဒုက္ခသစ္စာ ခန္ဓာကြီးကိုပဲ မယိမ်းမယိုင် မတုန်မလှုပ်တဲ့ ရှုမှတ် စိတ်နဲ့ သည်းခံပြီး ရှုမှတ်ဆင်ခြင် ပွားများနေပေးပါလို့ ကျွန်တော် တိုက်တွန်း အားပေးစကား ပြောပြရတာပါ။ နိဗ္ဗာန်သို့ သွားရာ ယာဉ်ရထားအစစ်အမှန်ဖြစ်တဲ့ မဂ္ဂသစ္စာယာဉ် သို့မဟုတ် မဂ္ဂင်ရှစ်ပါးရှုမှတ်ပွားများမှုကိုပဲ လုပ်နေပါ တော့လို့ ကျွန်တော်ပြောချင်တာပါ။ သည်စကားတွေ ပြောပြပေးခြင်းအားဖြင့် ဆရာကြီးကို ကျွန်တော် ကျေးဇူး လာဆပ်တာပါ''

စီစဉ်မထားတဲ့ စကားတွေဟာ ကျွန်တော့်စိတ် နှလုံးအိမ်ထဲက ဘယ်ကဘယ်လို ထွက်ကျလာတယ် မသိပါဘူး။ ကျွန်တော့်စကားဆုံးတော့ ဆရာကြီးဟာ ပက်လက်အနေအထားကနေ ကျွန်တော့်ဘက် မျက်နှာ မူပြီး တစောင်းလဲလို့ ဣရိယာပုတ်ကို ရွှေ့ပြောင်းနေပါ တယ်။ပြီးမှ လက်အုပ်ကလေး ချီရင်း–

''ကျေးဇူးတင်လိုက်တာ ကိုမြသန်းစံရယ်၊ သည် အချိန်မှာ သည်စကားတွေကြားရတာ တန်ဖိုးရှိလိုက်တာ၊ သာဓု–သာဓု–သာဓုပါ''

စကားအဆုံးမှာ ဆရာကြီးဟာ လက်အုပ် ကလေးချီရင်း (လက်အုပ်က ကွေးကွေးကလေးပါ) ငြိမ် သက်နေပါတယ်။ ဆရာကြီးတရားကို အာရုံပြုနေပါပြီ။ ဆရာကြီးတစ်ဘဝလုံးမှာ သိခဲ့တာတွေ၊ ကိုယ်သိသလို သူတစ်ပါးကို ပြောခဲ့တာတွေရဲ့ အနှစ်ချုပ် အရေးအကြီး ဆုံးဖြစ်တဲ့ သစ္စာလေးပါးကို အာရုံပြုဖြစ်နေပြီထင်ပါရဲ့။ ဒါကြောင့်မို့ ကျွန်တော်လည်း ဆရာကြီးရဲ့ နှလုံးသွင်း အာရုံပြုနေတာကို အနှောင့်အယှက်မပေးချင်တော့လို့ ဆရာကြီးကို ဦးချကန်တော့ပြီး၊ ဆရာကြီးရဲ့ အခန်းထဲက နေပြီး အပြင်ဘက်ကို ပြန်ထွက်ခဲ့ပါတယ်။

အခန်းအပြင်ရောက်တော့ တစ်ဖက်ခန်းမှာ သီတင်းသုံးနေတဲ့ မောင်းထောင်မြေဖင်းတောရ ဆရာ တော်ဘုရားကြီးကို ဦးခိုက် ကြည်ညိုဖူးမြော်ရပါတယ်။ အဲဒီတော့မှ ဆရာကြီးရဲ့ ဇနီးဖြစ်သူက ဆရာတော် ဘုရားကြီးနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးပါတယ်။



''ဩော်-အပ္ပမာဒမဂ္ဂဇင်းထုတ်တဲ့ မြသန်းစံဆိုတာ မင်းကို။ ငယ်ငယ်ပဲရှိသေးတာ၊ မင်းအသက်ဘယ်လောက် ရှိပြီတုံး''

''၄၇-နှစ်ထဲမှာပါဘုရား''

''အေး-ကောင်းတယ်၊ဒီအရွယ်ဟာ သဒ္ဓါအား၊ ဉာဏ်အား ထက်တဲ့ အချိန်ပဲ၊ ဒီအရွယ်မှာ လုပ်ထားပေါ့၊ ငါတို့က ၈၄-နှစ်တောင်ရှိပြီဆိုတော့ အိုရင်မင်းမစွမ်းဘူးဆိုတဲ့အတိုင်း အိုမင်းမစွမ်းဖြစ်နေပြီပေါ့ကွာ''

ဆရာတော်ဘုရားကြီးက အနေရိုးသလို၊အပြောလည်းရိုးပြီး၊ ဆုံးမတော့လည်း ရိုးရိုးကလေးပါပဲ။ သည်ကမ္ဘာမှာ ဘုရားလေးဆူ ပွင့်ထွန်းတော်မူခဲ့ပြီးပြီ။ပွင့်ထွန်းပေါ်ပေါက်တော်မူပြီးခဲ့တဲ့ ဗုဒ္ဓဘုရားရှင်တွေရဲ့ ထပ်တူညီတဲ့ သံဝေဇနီယ လေးဌာနကို မမေ့ဖို့၊ ကျေးဇူးကြီးမားတဲ့ မြေအဖြစ် အာရုံပြုနှလုံးသွင်းတတ်ဖို့ မမေ့မလျော့ ဦးခိုက်ကြည်ညိုတတ်ဖို့ ဆုံးမတော်မူပါတယ်။ဆရာသမားအဆူဆူထံက အဆုံးအမမှန်သမျှ ရရပါလို၏လို့ အမြဲဆုတောင်းတတ်တဲ့ ကျွန်တော့်အဖို့ အဖိုးတန် အဆုံးအမတစ်ခု ရလိုက်တာပါပဲ။ ဆရာသမားတွေရဲ့ အဆုံးအမအတိုင်းလည်း တန်ဖိုးထားလုပ်ဆောင်လေ့ရှိတဲ့ ကျွန်တော့်အဖို့လည်း လုပ်စရာ အလုပ်တစ်ခုတိုးလာပြန်ပါပြီ။

ဆရာတော်ကြီးနဲ့ စကားစမြည်ပြောဆိုပြီးတဲ့ နောက်ပိုင်းမှာ ဆရာကြီးရဲ့ဇနီးသည်နဲ့ စကားတွေ ထပ်ပြောဖြစ်ပါသေးတယ်။ ဆရာကြီးရဲ့ နောက်ဆုံး အခြေအနေနဲ့ လက်ကျန်အချိန် နည်းနေပုံတွေကို ဆရာကြီးရဲ့ ဇနီးဖြစ်သူကိုယ်တိုင် ရိပ်မိနေပါပြီ။ သည်တော့လည်း ကျန်ရစ်ခဲ့ရတော့မှာကို ကြိုတင်သိနေသူပီပီ ညှိုးငယ်တဲ့မျက်နှာနဲ့ပဲ ဆရာကြီးအကြောင်းတွေကို ပြောနေရှာ ပါသေးတယ်။

''အခုနောက်ပိုင်း သုံးနှစ်လောက်မှာ မင်း-ဆရာကြီးဟာ ရှုမှတ် အားထုတ်မှုကို တော်တော်လုပ်သွားခဲ့တာ၊ ဒါကြောင့်မို့ အခုလိုပြင်းထန်တဲ့ ဝေဒနာကို ခံနိုင်ရည်ရှိနေခဲ့တာ၊ ဧည့်သည်တွေ လူမမာလာမေးကြရင်တောင်မှ ရှုမှတ်မှုပျက်မှာစိုးလို့ သူ့အခန်းထဲကို မခေါ်လာခိုင်းဘူး။ မင်းကတော့ တရားဓမ္မနဲ့ ပတ်သက်လို့ ဆွေးနွေးပေးနိုင်မယ်ဆိုတာသိလို့ မင်းကို သူ့ အခန်းထဲ ခေါ်သွားလိုက်တာ။ မင်း-ပြောတဲ့စကားမျိုးလည်း ဘယ်သူမှ လာမပြောကြပါဘူး။ များသောအားဖြင့် ဆရာကြီး သက်သာသွားပြီလား၊ နေကောင်းရဲ့လား၊ ဘယ်လောက်ကြာသွားပြီလဲ၊ ဘာရောဂါလဲနဲ့ မေးနေကြတာ။ ဒါတွေတစ်ယောက်ပြီး တစ်ယောက် ဖြေနေရတာ အချိန်ကုန်တယ်။ သည်အချိန်ဟာ ဧည့်ခံအသိပေးဖို့အချိန် မဟုတ်တော့ဘူးလေ၊ ရှုမှတ်နေရမယ့် အချိန်ပဲ မဟုတ်လား''

ဓမ္မအရိပ်အောက်နေလို့ ဓမ္မနဲ့ထိတွေ့ရှင်သန်နေသူပီပီ ဘဝအမြင်တွေက လင်းလက်လိုက်ပါဘိခြင်း။ အစီအစဉ်မရှိပါဘဲနဲ့ ကျွန်တော်က ဆရာကြီးကိုပြောတဲ့ စကားအနှစ်ချုပ်ကို ထပ်မံပြောဖြစ်ပြန်ပါတယ်။ ဆရာကြီးရဲ့ဇနီးသည်ဖြစ်သူခမျာ ကျွန်တော့်စကားကို တရားအဖြစ် နှလုံးသွင်းရင်းက မျက်ရည်တွေ စို့တက်လာတာကို သတိထားမိပါသေးတယ်။

အဲဒီနောက် ဆရာကြီးအိမ်က အပြန်မှာ ခုနက ဆရာကြီးကို ကျွန်တော်ပြောခဲ့တဲ့ စကားသံတွေဟာ ကျွန်တော့်ရင်ထဲမှာ ဒုတိယအကြိမ်မြောက် ပဲ့တင်ထပ်လာပြန်တော့တယ်။ စကားလက်ခံပြောမယ့်သူ မရှိတော့လို့ အခုတစ်ကြိမ်မှာတော့ ကိုယ်ကပဲ ပြောသူ၊ ကိုယ်ကပဲ နားထောင်သူ ဖြစ်လို့နေပါတယ်။

''ဟေ့ကောင်-မြသန်းစံ၊ မင်းခုနပြောခဲ့တာတွေဟာ စကားလား၊ တရားလားဆိုတာ ပြန်ခွဲခြားကြည့်ဦး၊ စာအုပ်ထဲက စကားလုံးတွေကို ပြန်ပြောနိုင်ရုံဟာ 'စကား'အဆင့်မှာပဲ ရှိနေဦးမယ်။ 'တရား'မဖြစ်နိုင်သေးဘူးနော်။ ဖတ်ထား၊ မှတ်ထားတာတွေကို ပြန်ရေးပြနိုင်ရုံဟာ 'စာ'အဆင့်မှာပဲ ရှိနေဦးမယ်၊ တရားဖြစ်လာဦးမှာ မဟုတ်သေးဘူးနော်။ ဒါကို မင်း အလေးအနက် သဘောပေါက်ဖို့ လိုလိမ့်မယ်ထင်တယ်။ ခုန မင်းတွေ့ခဲ့တဲ့ မင်းဆရာကြီးဆိုရင် မင်းထက် စာတွေအများကြီး ရေးနိုင်ခဲ့တဲ့သူ၊ အသိဉာဏ်ဗဟုသုတ၊ ဗုဒ္ဓစာပေနှံ့စပ်မှုမှာ မင်းထက် အဆမတန်သာလွန်ခဲ့သူ၊ ဗုဒ္ဓစာပေအရာမှာ ဆရာကြီးကို မီနိုင်ဖို့ဆိုတာ မလွယ်လှဘူး။ ဒီလို ဆရာကြီးတစ်ဆူတောင်မှ ကြည့်စမ်း ခုတင်ပေါ်မှာလျောင်းစက်ပြီး ဝေဒနာရဲ့ ဖိစီးမှုဒဏ်ကို အပြင်းအထန်ခံနေရတဲ့အချိန်မှာ နှလုံးသွင်း မမှားဖို့ကို အတော် သတိထားနေရတာ၊ စာသိ-သိရုံသက်သက်နဲ့၊ ဗဟုသုတများရုံ သက်သက်နဲ့ နောက်ဆုံး ထွက်သက်မတိုင်မီ ဖြစ်ပေါ်တတ်တဲ့ ရုပ်တရား၊ ဓာတ်ကြီးလေးပါးရဲ့ အပြင်း အထန်ဖောက်ပြန်မှုကို အံမတုနိုင်ဘူးနော်၊ သတိပဋ္ဌာန်တရားနဲ့အညီ ရှုမှတ်ဆင်ခြင်မှု အလေ့အကျင့်ကို ဖိဖိစီးစီးမလုပ်ထားခဲ့ရင်

ဒုက္ခဝေဒနာတွေက ''စာသိကလေးလောက်တော့ ရယ်တာပေါ့၊ဗဟုသုတကလေး လောက်နဲ့တော့ ရယ်တာပေါ့'' လို့ ပြောနေလိမ့်မယ်။လူတိုင်း မလွဲမသွေ သေခါနီးမှာ ကြုံရမယ့် ဒုက္ခဝေဒနာကြီးကို သည်းခံ ရှုမှတ်နိုင်ဖို့ရာ နေ့စဉ်နဲ့အမျှ သတိပဋ္ဌာန်တရား ရှုမှတ်ပွားများရင်းက ပေါ်လာတတ်တဲ့ ဒုက္ခဝေဒနာအသေးစားလေးတွေနဲ့ ရင်ဆိုင်ရင်း၊တွဲဖက်လေ့ကျင့် ထားပါမှ ဒုက္ခဝေဒနာရဲ့ အကြောကို နားလည်နိုင်မှာ။ ဒီလိုနားလည်နိုင်မှလည်း ဒုက္ခဝေဒနာပေါ်မှာ သည်းခံပြီး ရှုမှတ်သွားနိုင်မှာ။

တခြားမကြည့်နဲ့၊ ဘုရားရှင် သက်တော်ထင်ရှား ရှိတုန်းက အလှူအတန်းဝါသနာပါလွန်းတဲ့ အနာထပိဏ် သူဌေးကြီးလေ၊ သေရာညောင်စောင်း လဲလျောင်းလို့ ဒုက္ခဝေဒနာတွေ အကြီးအကျယ်ခံနေရချိန်မှာ လက်ယာတော်ရံ မထေရ်မြတ်ကြီးဖြစ်တဲ့ အရှင်သာရိပုတ္တရာက ဝေဒနာကမ္မဋ္ဌာန်းကို ဟောကြား တော့ သူဌေးကြီးခမျာ ချုန်းပွဲချငိုရှာတယ်လေ။ အရင်တုန်းက ဒီလိုတရားတွေ ဘာဖြစ်လို့ မဟောခဲ့တာလဲလို့လည်း အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို ပြန်လျှောက်ခဲ့တယ် မဟုတ်လား။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက ''သင်က အလှူအတန်း ဝါသနာပါလွန်းနေတော့ ဒါမျိုးဟောဖို့က မကြုံဘူးလေ၊ အခုမှ ကြုံကြိုက်လို့ ဟောရတာပါ''လို့ ပြန်နှစ်သိမ့်ရပါတယ်။ ဒါတောင်မှ အနာထပိဏ် သူဌေးကြီးဟာ အရိယာအန္တယ်ဝင် သောတာပန် ပုဂ္ဂိုလ်ဖြစ်ခဲ့ပြီးသားပါ။ ရိုးရိုးသာမန် ပုထုဇဉ်မဟုတ်ပါဘူး။ ရုပ်နာမ် သဘာဝ သင်္ခါရတွေကို အထိုက်အလျောက် သိမြင်ခဲ့ပြီး၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ကိလေသာ ခါတ်ဆိုးနှစ်ခု အပြီးသတ် ကင်းစင်ပြီးဖြစ်တဲ့ သောတာပန်ပုဂ္ဂိုလ်ကြီးတောင်မှ ဒုက္ခဝေဒနာရဲ့ ဒဏ်ရာဒဏ်ချက်ကို သေရာညောင်စောင်းမှာ အလူးအလဲ ခံခဲ့ရရှာတာကလား။

နောက်တစ်ဦးကတော့ ဘုရားရှင်ရဲ့ ခမည်းတော်ကြီးဖြစ်တဲ့ သုဒ္ဓေါဓနဘုရင်မင်းတရားကြီးပါ။ သုဒ္ဓေါဓနဘုရင်ကြီးဟာ သားတော်ဘုရား ရှင်ရဲ့ တရားတွေနဲ့ပဲ အနာဂါမ်အရိယာ ဖြစ်ခဲ့ပြီးသားပါ။ ဒါတောင်မှ နောက်ဆုံး ခန္ဓာဝန်ချခါနီးမှာ ပြင်းထန်တဲ့ ဒုက္ခဝေဒနာတွေကြောင့် ထီးဖြူ အောက်မှာ အလူးလူးအလိမ့်လိမ့်နဲ့ ဖြစ်နေရရှာတယ်လေ။ ဒီအချိန်မှာ သားတော် ဘုရားရှင်ရယ်၊ တူတော်ဖြစ်တဲ့ အရှင်အာနန္ဒာမထေရ်မြတ်ရယ်၊ နောက်ထပ် သားတော်တစ်ပါးဖြစ်တဲ့ နန္ဒမထေရ်ရယ်၊ မြေးတော်ဖြစ်တဲ့ အရှင်ရာဟုလာတို့ လေးပါးစလုံး၊ ဘုရင်ကြီးရဲ့ သလွန်ညောင်စောင်းဘေး အရောက် ကြွလှမ်းခဲ့ကြပြီး၊ အသီးသီး အသက–အသက သစ္စာဆိုပြီး၊ ဘုရင်ကြီးရဲ့ ဒုက္ခဝေဒနာတွေ လျော့ပါးလာအောင် သစ္စာအစွမ်းနဲ့ ကုသခဲ့ကြရတယ် မဟုတ်လား။ပြင်းထန်လှတဲ့ ဒုက္ခဝေဒနာတွေ လျော့ပါးသွားမှပဲ သားတော်ဘုရားရှင် ကိုယ်တော်မြတ်က တရားရေအေး တိုက်ကျွေးလေမှ အရဟတ္တမဂ်ဆိုက်ရင်းနဲ့ ခန္ဓာဇာတ်သိမ်း ချုပ်ငြိမ်းလို့ ထီးဖြူအောက်မှာပဲ ပရိနိဗ္ဗာန်စံခဲ့ရတယ် မဟုတ်လား။

ဒါကြောင့်မို့ ဒုက္ခဝေဒနာဆိုတာ အနာဂါမ် တည်ပြီးတဲ့ အရိယာ ပုဂ္ဂိုလ်ကြီးတွေကိုတောင်မှ နှိပ်စက်နိုင်တာ မဟုတ်လား။ခါတ်ကြီးလေးပါး ညီညွတ်မျှတလို့ သွားသွားလာလာနဲ့ လုပ်ကိုင်နိုင်နေချိန်မှာတော့ ဒုက္ခဝေဒနာရဲ့ သဘောက သိပ်မပေါ်လွင်လှပေမယ့် လူ့ခန္ဓာတစ်ခုမှာ ရှိတဲ့ အသက်ခါတ်ကို ကြွေကျသွားစေနိုင်တဲ့အထိ ဖောက်ပြန်တတ်တဲ့ ခါတ်ကြီးလေးပါးရဲ့ ဖောက်ပြန်ပုံဟာ ဘယ်လောက်ပြင်းထန် လိုက်မလဲဆိုတာ စဉ်းစားကြည့်ရုံနဲ့ ကျောချမ်းစရာပါ။

အဲဒီတော့ ဓမ္မစာပေတွေ ရေးနေတယ်ဆိုတဲ့ စာရေးဆရာ ကိုမြသန်းစံ၊ မင်းလည်း တစ်ချိန်ချိန်မှာ မင်းဆရာကြီးလိုဖြစ်ဖို့က မလွဲမသွေပါပဲကွာလို့ ဆရာကြီးခမျာ မင်းကို ပြန် မပြောနိုင်လောက်အောင် အသံတိတ်နဲ့ ကြိတ်ခံရင်းက မင်းကို အသံမထွက်တော့တဲ့ တရားစကားနဲ့ သူ့ခန္ဓာဒုက္ခကြီးကို ပြပြီး ဟောသွားခဲ့ပြီနော်။

အဲဒီတော့ မင်းလည်း ပြင်ဆင်ဖို့လိုလာပြီ။ တရားစကားလေးတွေ ပြောတတ်ရုံ၊ တရားစာလေးတွေ ရေးတတ်ရုံ၊ တရားစာအုပ်ကလေးတွေ လူကြိုက်ကောင်းအောင် ထုတ်ဝေတတ်ရုံနဲ့ မျောနေရင် သေရာညောင်စောင်းထက် ရောက်တဲ့အခါ မင်းကို ဘယ်သူ လာကယ်မလဲ။ ဆရာကြီးကတော့ ကုသိုလ်ကံကြီးမားခဲ့တဲ့ လူဆိုတော့၊ သူ့မှာက သူ့နောင်တော် ဆရာတော် ဘုရားကြီးက အနီးကပ် တရားလာဟောပေးရင်း ပြုစုစောင့်ရှောက်လို့၊ မင်းတို့ လို ဓမ္မနဲ့နီးစပ်နေတဲ့ တပည့်တပန်းတွေက တရားစကား၊ သစ္စာတရားတွေ လာပြောလို့ဆိုတဲ့ ကုသိုလ်ရဲ့ အကျိုးသတ္တိတွေကို ခံစားခွင့်ရခဲ့ပါရဲ့။ မင်းကျရင်ရော ဘယ်သူက လာပြောပေးဦးမှာတဲ့လဲ။ ပြောပေးမယ့် လူကိုရော မင်းက မျှော်နေဦးမှာလား။ သူများပြောတဲ့ အသံကမှတစ်ဆင့် အာရုံကို မှန်အောင် (ရုပ်နာမ်ဓမ္မ



**ဓာတ်ကြီးလေးပါး ညီညွတ်မျှတလို့ သွားသွား လာလာနဲ့ လုပ်ကိုင်နိုင်နေချိန်မှာတော့ ဒုက္ခဝေဒနာရဲ့ သဘောက သိပ်မပေါ်လွင်လှပေမယ့် လူ့ခန္ဓာတစ်ခုမှာရှိတဲ့ အသက်ဓာတ်ကို ကြွေကျသွားစေနိုင်တဲ့အထိ ဖောက်ပြန်တတ်တဲ့ ဓာတ်ကြီးလေးပါးရဲ့ ဖောက်ပြန်ပုံဟာ ဘယ်လောက်ပြင်းထန်လိုက်မလဲဆိုတာ စဉ်းစားကြည့်ရုံနဲ့ကျော်ချမ်းစရာပါ။**

သင်္ခါရသဘာဝတွေကို အာရုံပြုဖြစ်အောင်) ကြိုးစားနေရဦးမယ်ဆိုရင် အခက်ကြီးခက်တော့မှာပေါ့။

ဘုရားဟောတာကိုလည်း အခုကတည်းက သေသေချာချာ နှလုံးသွင်းထားဦး။ 'အတ္တာဟိ အတ္တနောနာထော'–မိမိ ကိုယ်ကိုသာ အားကိုးရာဆိုတဲ့ စကားအလေးအနက်နှလုံးသွင်းနော်။ ကိုယ့်စိတ်သန္တာန်မှာ အခုကတည်းက တရားစစ် တရားမှန်ကို ခိုင်မြဲအောင် တည်ဆောက်ထား၊ အရှယ်ကောင်း တုန်း၊ ကျန်းမာရေးကောင်းတုန်း၊သဒ္ဓါတရားကောင်းတုန်း၊ ဘုရားသာသနာနဲ့ ကြုံတုန်း၊ ဆရာသမားတွေရဲ့ အဆုံးအမကို နားဝင်နေတုန်းမှာ ဆက်ပြီး ကြိုးစားသွား၊ သတိပဋ္ဌာန်တရားကို အခုထက်ပိုပြီး ကြိုးစားအားထုတ်ထား၊ ဒါမှ ကိုယ့်သန္တာန်မှာ သန္ဓေတည်ထားတဲ့ တရားအမှန်က ကိုယ့်ကို ပြန် စောင့်ရှောက်မှာ။ ပြင်ပပုဂ္ဂိုလ်ကို အားကိုးဖို့ဆိုတာ ရေရာလှတာ မဟုတ်ဘူး။ ဘယ်သူနဲ့ ဘယ်အချိန်မှာ ဘယ်လိုတွေ့ရမယ်ဆိုတာက မသေချာလှပါဘူး။ ကိုယ့်စိတ်နဲ့ကိုယ်သာ အနီးဆုံး။ ဒါကြောင့်မို့ အနီးကပ်ဆုံး မိတ်ဆွေကို မိတ်ဆွေကောင်းအဖြစ် လက်သပ်မွေးထား။ ဒါမှပဲ အရေးကြုံရင် သူက ဆောင်ထားတဲ့တရားတွေကို ပြန်ဟောပြမှာ။

ဒါကြောင့်မို့ တရားတော် တကယ်ရှိတယ်ဆိုတာ သိထားဖို့လိုတယ် နော်။ ဒါပေမယ့် လူပြောသူပြောသိ၊ သူများပါးစပ်က ကြားရလို့ သိရတဲ့အသိ၊ ဗဟုသုတအသိ၊ စာအသိလောက်နဲ့ ရပ်မနေပါနဲ့။ ကိုယ့်ခန္ဓာနဲ့ စပ်လျဉ်းပြီး ဉာဏ်နဲ့ အမှန်သိဖို့ ဆက်ပြီး ကြိုးစားပါဦး။ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောဖော်ညွှန်ပြခဲ့သလို ခန္ဓာအရှိကို ဉာဏ်အသိနဲ့သိဖို့ ပြင်းပြင်းထန်ထန်ကို ဆက်ပြီး ကြိုးစားရဦးမှာ။ ဒုက္ခဝေဒနာတွင်မက၊ သုခဝေဒနာ၊ ဥပေက္ခာဝေဒနာတွေနဲ့ ရင်ဆိုင်တတ်ဖို့၊ ဝေဒနာတွေအပေါ်မှာ ကျွမ်းကျင်နိုင်နင်းနိုင်ဖို့၊ သတိပဋ္ဌာန်တရား ရှုမှတ်မှုကိုပဲ အားကိုးအားထားပြုရမှာ။

ဒါမှလည်း တရားအမှန်ကို ဉာဏ်အမှန်နဲ့ သိနိုင်မှာ။

ဒီလိုသိလာတဲ့ အသိတရားမှလည်း ကိုယ့်သန္တာန်မှာ အမြဲရှိနေမှာ။

ကိုယ့်သန္တာန်မှာ တရားစစ်၊ တရားမှန် အမြဲရှိနေမှလည်း စိတ်ချရမှာ။

သေရာညောင်စောင်း လဲလျောင်းရမယ့် အနာဂတ် အချိန်အတွက် စိတ်အေးရမှာ။

ဒါကြောင့်မို့ တရားဆိုတာ ရှိတဲ့အတိုင်း သိဖို့လိုသလို၊ သိတဲ့အတိုင်းလည်း ရှိနေဖို့ လိုတယ်ဆိုတာ . . .

မြသန်းစံ

၁၆–၃–၂၀၀၄

*မှတ်ချက်*

ဤဆောင်းပါးရှည်ဖြင့် (၁၁. ၃. ၂၀၀၄)ရက်နေ့ နံနက်(၀၁း၂၅)အချိန်တွင် ဘဝတစ်ပါး ပြောင်းလဲ ကွယ်လွန်သွားသော (ဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်) အား ဂါရဝပြုအပ်ပါသည်။

စာရေးသူ



# ဘုရားတပိ တရားသိ

(ဓမ္မရသဝတ္ထု)

အောင်ပြည့်လင်း(ဒွါရာမြေ)

ဟေမန္တဆောင်းရာသီ၏ မိုးသောက်ယံအအေးဓာတ်ကား ပြင်းပြလှ၏။ တောင်စွယ်မိုး၍ တောရိပ်၊ တောင်ရိပ်ရှိ သစ်ပင်တို့မှာ နှင်းသီး၊ နှင်းပေါက်များ ခိုတွဲနေကြ၏။မြောက်လေဝှေ့တိုင်း နှင်းစက်တို့မှာ နှင်းမိုးရွာသကဲ့သို့ မြေသို့ကျဆင်းနေတော့သည်။

ကျေးငှက်သာရကာတို့ပင် အိပ်တန်းမထကြသေး။ ရောင်နီ တံခါးဖွင့်မှ တွေ့ရမည့် သူရိယနေမင်းကို ငံ့လင့်နေပုံရသည်။ အရုဏ်တက်ချိန်ရောက်တော့မည်။

အရုဏ်ဆွမ်းခံထွက်ရန် သပိတ်၊ သင်္ကန်းများကို ပြင်ဆင်ပြီး ကျောင်းသခ်န်းမှ ထွက်ခဲ့သည်။ ကျောင်းသည် ရွာနှင့် မနီးမဝေး အတန်ငယ် ကွာလှမ်းပါသည်။ တောရကျောင်းတော့ မဟုတ်ပါ။ရွာသည် ဘင်္ဂလားပင်လယ်ပြာကို ကျောထောက်နောက်ခံပြုကာ တည်ထားပါသည်။ ရွာငယ်လေးသာဖြစ်သည်။ ရွာသူရွာသားများ ဆည်းကပ် ကိုးကွယ်သော ဘုန်းတော်ကြီးကျောင်းမှာ ရွာနှင့် မလှမ်းမကမ်း ပင်လယ်ကမ်းခြေတောင်စွန်း တောရိပ်ကိုမှီကာ တည်ဆောက်ထားသည်၊ကျောင်းသည် တောင်ခြေတွင် တည်ရှိပြီး တောင်ပေါ်တွင် ထုံးဖြူဖွေးဖွေးနှင့် စေတီငယ်ကား သပ္ပါယ်လှသည်။

သတိသမ္ပဇဉ်ဖြင့် ကြွခြင်း၊ လှမ်းခြင်း၊ နင်းခြင်း စသည်ဖြင့် လမ်းတစ်လျှောက် တရားမှတ်ရင်း အရုဏ်ဆွမ်းခံကြွခဲ့သည်။ ဆွမ်းကိစ္စသည် နေ့စဉ်မှီဝဲသုံးဆောင်ရသော ကိစ္စဖြစ်သည်။ ရဟန်းပြုသိမ်ဝင်စဉ်က မှီရာလေးပါးနှင့် မပြုကျင့်အပ်သော တရားလေးပါးတို့ကို သင်ယူခဲ့ရသည်။ မှီရာလေးပါးမှာ ပစ္စည်းလေးပါးဖြစ်သော သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးတို့ဖြစ်သည်။

ဆွမ်းကိစ္စနှင့် ပတ်သက်၍ မိမိခြေသလုံးကို အားကိုးလျက်ရရှိသောဆွမ်းကိုမှီကာ ရဟန်းတရားအားထုတ်ပါ။ မြတ်စွာဘုရား ကိုယ်တော်တိုင်ပင် ပင့်ဖိတ်သူ ဆွမ်းဒကာမရှိပါက ဆွမ်းခံကြွတော်မူသည်ဟု ဆရာတော့်ဆုံးမစကားသည် နားထဲမှ မထွက်။ ဒကာ၊ ဒကာမတို့က လောင်းလှူကြသော ဆွမ်းကို အလှူခံတိုင်း၊ ဆွမ်းဘုဉ်းပေးသုံးဆောင်တိုင်း တရားရှုမှတ်နှလုံးသွင်းကြရသည်။ ပျက်ကွက်ပါက ကြွေးယူ၍ သုံးဆောင်သည်နှင့် တူပါသည်။ ကြွေးတင်ပါက အတိုးဖြင့် ဆပ်မကုန်အောင် ရှိပေလိမ့်မည်။

ရွာသို့ ကျောင်းမှ လမ်းနှစ်သွယ်ဖြင့် သွားလာနိုင်သည်။ ပင်မလမ်းမှာ လယ်ကွင်းများကို ဖြတ်၍ ဖောက်ထားသော လမ်းဖြစ်သည်။ နောက်တစ်လမ်းမှာ ပင်လယ်ကမ်းခြေမှ သွားရသော လမ်းဖြစ်သည်။ လယ်ကွင်းလမ်းအတိုင်း ရွာထဲသို့ ဆွမ်းခံကြွခဲ့ပြီး ကမ်းခြေဘက်မှ ကျောင်းသို့ ပြန်ကြွလာခဲ့သည်။

ကမ်းခြေမှာ လှိုင်းရိုက်သံတစ်ဝုန်းဝုန်းသည် ကြားနေကျမို့ ဆူညံမှု မရှိလှပါ။ မြောက်လေဆော်သွေးမှုကြောင့် အေးမြသည့်အရသာကို ကိုယ်မှာ တွေ့ထိခံစားရသည်။ ထိုခံစားမှုကြောင့် အမှတ်ပျက်သလိုဖြစ်သွားသည်။ သတိဖြင့် အမှတ်တင်ကာ ဆက်လျှောက်ခဲ့သည်။ ရောင်နီမလာသေး၍ ခြေလှမ်းရာအောက်ရှိ သဲဖြူမွမွတို့မှာ မှုန်ရွရွသာ မြင်ရသည်။ မျက်လွှာချ၍ အမှတ်ဖြင့် ကြွလှမ်းခဲ့ပါသည်။ ရွာနှင့် ကျောင်း ဗဟိုခန့်လောက်ရောက်ရှိလာသည်။ ကမ်းခြေဘက်သို့ အုပ်မိုးနေသော ပုန်းညက်ပင်ရိပ်ကြောင့် ကျောထဲမှာ စိမ့်သွားသည်။ပုန်းညက်ပင်အောက်မှာ လူရိပ်လို ရိုးတိုးရိပ်တိပ်မြင်တွေ့လိုက်ရသည်။ကြက်သီးမွေးညင်းများထသွားသည်။ဟိုကောင်များလားဟု တွေးမိကာ ခြေဖျား၊ လက်ဖျားများ အေးသွားသည်။ ကြောက်စိတ်တော့ မဖြစ်ပေါ်ပါ။ အမှတ်သာပျက်၍ ရဟန်းဘဝရခဲ့သည်ကို အမှတ်ရမိသည်။

## ရခဲကြုံခဲသော တရားငါးပါးတွင် သူတော်ကောင်းတရားကို နာကြားရခြင်းလည်း တစ်ပါးပါဝင်သည်။ သဒ္ဓမ္မဿဝန အတိဒုလ္လဘ ဖြစ်သည်။

လောကမှာ ရခဲ၊ ကြုံခဲသော တရားငါးပါးရှိသတဲ့။ ဒီအထဲက လူအဖြစ်ကို ရခဲခြင်းဆိုတာကို သဘောပေါက်နားမလည်ခဲ့ပါ။ ဘဝဆိုတာ ရုန်းကန်ခြင်း၊ လှုပ်ရှားခြင်းလို့ ယူဆကာ မာန်မာနဖြင့် ဖြတ်သန်းလာခဲ့သည်။ လောကကို ဒေါင်ကျကျ၊ ပြားကျကျနှင့် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် ပေယျာလကန်လုပ်ခဲ့၍ လူတွေကဲ့ရဲ့ကြသည်။ ဖြစ်သလိုနေ၊ ကြုံသလိုပြုကာ တေ၊ ပေ၊ဆိုး၊ ခိုး၊ တိုက်၊ ခိုက်၊ လု၊ယက်၊ သတ်ဖြတ်မှုတွေကြောင့် လူတွေဟာ မဲ့ရွဲ့ရှုတ်ချကြသည်။ သဘာဝကို အံတုကာ အရွဲ့တိုက်ခဲ့သည်။ အိုးရွဲ့၍ စလောင်းရွဲ့သည်မှာ ဓမ္မတာ။

အမေတစ်ခု၊ သားတစ်ခုနဲ့ နေလာခဲ့ရတဲ့ ကျုပ်ဘဝ။ အဖေဆုံးပြီး အမေမုဆိုးမဘဝနဲ့ပေါ့။ ကျုပ်

ကလည်း ဘမျိုးဘိုးတူဆိုမလား။ ငှက်ပျောပင်စိုက် မိလိုက်ဖသာလို့ပဲ ပြောမလား။ အရက်သမားအဖေ၊ အရက်ကြောင့် သေခဲ့ပြီ။ကျုပ်လည်း အဖေ့အမွေရခဲ့သည်။ အရက်ကို ကြိုက်လို့ သောက်တဲ့သူ၊စိတ်ပျော် တတ်လို့ သောက်တဲ့လူရှိပါသည်။ ဘယ်လိုပဲ သောက်သောက် အရက် သမားဟာ အရက်သမားပါပဲ။ ခွက် ပုန်းချလည်း အရက်သမားပဲ။ ဆေး ဖြစ်၊ ဝါးဖြစ် တစ်ခွက်တစ်ဖလား သောက်လည်း အရက်သမားပါပဲ။ ဒါပေမယ့် မွဲတွေမှ အရက်သမား ဘွဲ့ရကြတာ။ ငွေရှိ လူဂုဏ်တန်တွေ သောက်တော့ နာမည်ကဆန်းသဗျ။ ဘီယာသမား၊ ဝီစကီသမား၊ ဂျင် သမားဆိုပဲ။ အမည်နဲ့လိုက်ခေါ်တာ ပါ။ ဘီယာဖိုးတုတ်၊ ဝီစကီပွ၊ ဂျင် မောင်မောင်ဆိုပဲ။ သူတို့သောက်တဲ့ အရက်ကို ယမကာလို့ခေါ်သတဲ့။

ဘာပဲပြောပြော ကျုပ်တော့ အဖေ့အမွေ၊ အဘိုးအမွေတွေကို မပေးသော်လည်း ယူပြီးသား။အရက် မွေ၊ဖဲမွေ၊နွားသတ်၊ ဝက်သတ်အမွေ တွေပါ။ မကောင်းမှု ဒုစရိုက်ဆိုတာ ကျုပ်အလုပ်။ လူရိုက်ဖို့လည်း ကျုပ် ဝန်မလေးဘူး။လူသတ်ဖို့တော့ ကျုပ် နည်းနည်း စဉ်းစားတယ်။ ရခဲတဲ့လူ့ ဘဝကို နားမှမလည်ဘဲ။ ရွာမှာကျုပ် ဟာ ရွာအော့။ တစ်ရွာလုံးကသြချ ထားသူဆိုပါတော့။

တစ်ခုတော့ရှိတယ်။ ဆိုး တာပေတာက တစ်ကဏ္ဍပါ။မတရား လုပ်တာ၊ အနိုင်ကျင့်တာ၊ ဒါမျိုး တော့ ကျုပ်ကြည့်မနေနိုင်ဘူး။ကြား လည်း မကြားနိုင်ဘူး။ ကျုပ်နဲ့ဆိုင် ဆိုင်၊ မဆိုင်ဆိုင် ဝင်ရှင်းပစ်လိုက် တာပဲ။ ဒါကြောင့်လည်း ကျုပ်ကိုလူ မုန်းတာ။ ဘယ်သူမုန်းမုန်း ဂရုစိုက် စရာ မလိုပါဘူး။

ပြီးတော့ ကျုပ်က မိန်းမ ကိစ္စရှင်းတယ်။ ကာမေသုမိစ္ဆာစာရ ကံတော့လုံတယ်။ မူးချင်သလောက် မူး၊ ရူးချင်သလောက် ရူး၊ ဒီကိစ္စ တော့ ပြတ်တယ်။ လာမရှုပ်နဲ့ အ သက်ချင်းလဲပစ်မယ်။ဒါကျုပ်သဘော ထား။ မိန်းမရှုပ်သူကိုလည်း ကျုပ် မုန်းတယ်။ ကြည့်မရဘူး။ မျက်နှာ ကြောလည်း မတည့်ပါဘူး။

လောကမှာ လူအမျိုးမျိုး၊ နတ်အဖုံဖုံကို။ ကျုပ်တို့ရွာမှာလည်း အတူတူနဲ့ အနူနူပါပဲ။ လိမ္မာယဉ် ကျေးသူက ရှာမှရှား။ ကြောင်သူ တော် ကြွက်သူခိုးတွေများတယ်။ တောင်ပို့က ထွက်တဲ့ ဖွတ်တွေ၊ မခုတ်တတ်တဲ့ကြောင်တွေ တစ်ပုံ တစ်ပင်ပါ။ လူမှုရေးဖောက်ပြန်မှုတွေ ဟာ ဗွီဒီယိုဇာတ်လမ်းတွေထက် တောင်မှ ရှုပ်သေးတယ်။ ယောကျ်ား သားတွေကိုချည်းပဲ အပြစ်ပြောလို့ လည်းမရပါဘူးလေ။ မိန်းမတွေကဲ တာလည်း ပါမှာပါ။ မိန်းမတို့ကလွှ ရွှေပေးလို့ မရဆိုတာ။ မပြောလိုက် ချင်ဘူး။ ဘယ်လိုဖြစ်ဖြစ် မနုဿတ္တ ဒုလ္လဘဆိုတာ ကျုပ်မသိနားမလည် ခဲ့တာ အမှန်။

ကျုပ်ငယ်ငယ်က အရက် မသောက်တတ်ဘူး။အပေါင်းအသင်း ကောင်းလို့ တတ်ခဲ့တာ။ အဖေက တံငါ။ ပင်လယ်ကျွမ်းသလားမမေး နဲ့။ ဘယ်ငါးစားချင်သလဲ၊ရအောင် မျှားစားတယ်။ ဘယ်အချိန်ဘယ် နေရာမှာ ဘာငါးမျှားလို့ရတယ်ဆို တာ အဖေကျွမ်းတယ်။ ပင်လယ် တင် ကျွမ်းသလားဆိုတော့ မဟုတ် ဘူး။ တောမှာလည်း မုဆိုးကျော်။

လူ့ဘဝသည်
မည်မျှရခဲကြောင်း
မနုဿတ္တဒုလ္လဘကို
နားလည်ခဲ့ရပြီ။
သည်မျှမက
သဒ္ဓါတရားနှင့်
ပြည့်စုံဖို့
အဖြစ်ကိုလည်း
ရခဲကြုံခဲသည်မှာ
ဘဝနှင့်ရင်းခဲ့ရသည်မို့
သိခွင့်ရခဲ့ပြီ။
သဒ္ဓါသမ္ပတ္တိဒုလ္လဘ
ဖြစ်သည်။

အမဲလိုက် ဝါသနာကလည်း သူမတူ ရှာမှရှား။ အပေါင်းအသင်းကလည်း ကောင်းမှကောင်း။ အရက်သမား၊ ဖဲသမားတွေချည်းပဲ။ အရက်သောက်လွန်ပြီး တမလွန်ဘဝကိုသာ ကူးပြောင်းသွားတာ ဘာသာရေးကို ဘာမျှမသိသွားရှာဘူး။ အဖေ့စကားက မှတ်သားလောက်ပါတယ်။ သူဟာ ဗုဒ္ဓဘာသာအစစ်တဲ့။ ဗုဒ္ဓက သူ့ဟာသူ ဘာသိဘာသာနေတာတဲ့။ အိမ်က ဘုရားစင်မှာ ကိုးကွယ်ထားပြီပဲတဲ့။ ဘုရားပန်းကပ်ထားတာလည်း ကြည့်ပါဦး။ တစ်ခါမှ လဲပေးစရာမလိုတဲ့ ပလတ်စတစ်ပန်းကြီး။ ဆွမ်းတော်လည်း မတင်ဘူး။ကြွက်စာ၊ အိမ်မြှောင်စာဖြစ်သတဲ့။ ဆီမီးပူဇော်ဖို့ဝေးစွ။ မီးလောင်မှာစိုးလို့ဆိုပဲ။

အမေကတော့ ဘာသာရေးစိတ်ရှိပါတယ်။ ဒါလည်း မိရိုးဖလာလောက်ပါပဲ။ သူကိုယ်တိုင်ဘာသာရေး အခြေခံက အားနည်းရတဲ့အထဲ လင်သားကလည်း အကုသိုလ်တုံးဆိုတော့ ကျုပ်ကို အမေ မဆုံးမတတ်။ တတ်သလောက်၊ မှတ်သလောက်တော့ ဆုံးမရှာပါတယ်။ ကျုပ်ဘယ်နားဝင်ပါ့မလဲ။ အတိတ်ဘဝက အလှူဒါန ကုသိုလ်ကံနည်းခဲ့လို့ သည်ဘဝမှာ ဆင်းရဲမွဲတေနေတာ သဘောမပေါက်။ နားမလည်။ မသိ။ ဒါကြောင့် ခုဘဝမှာလည်း လှူရ၊ တန်းရကောင်းမှန်းမသိ။ ဘုန်းတော်ကြီးကျောင်း ပစ္စည်းလေးပါးပင် မထည့်ပါ။ ဆွမ်းလှည့်ဆိုသည်မရှိ။ အလှူဒါနက သည်မျှအားကောင်းတယ်။ ကျက်သရေက တုံးပါ့။

ကျုပ်ကတော့ ရွာမှာ ရှင်ပြု၊ အလှူပွဲလုပ်ပြီဆိုရင် ကိုရင်ဝတ်ချင်စိတ်တော့ အပေါ်သား။ အားကျမိတယ်။ အဖေနဲ့အမေကို ပြောပေမယ့် အလကား။ အမေကတော့ စိတ်ဝင်စားပါတယ်။ ဒီလိုနဲ့ပဲ သူငယ်ချင်းတွေ တိုက်တဲ့ အရက်သောက်၊ ဖဲဝိုင်းနား ယောင်ပေ၊ ယောင်ပေနဲ့ကပ်၊ ကျရာအလုပ်ကိုလုပ်၊ ကျဗန်းလုပ်ဆိုပါတော့။အစကတော့ သူများတိုက်တဲ့ အရက်ကိုသောက်။ နောက်တော့ ကြိုက်လို့သောက်။တဖြည်းဖြည်းနဲ့ မသောက်ရရင် မနေနိုင်ဘဲ မိုက်လို့ သောက်တော့တာပါပဲ။

ကျုပ်တို့ ခပ်ငယ်ငယ်က ရွာမှာ ချက်အရက်မှ ချက်အရက်။ လူပျိုဘဝမှာ ရွာက ဖွံ့ဖြိုးလာတော့ အရက်ဖြူခေတ်။ ခုလူပျိုကြီးဘဝမှာ တိုးတက်စည်ပင်လာလို့ ဘီအီးမှ ဘီအီးဖြစ်နေပြီ။ ကျုပ်တို့ရွာမှာ ကာလသားမှန်သမျှ ရာနှုန်းကိုးဆယ်ဟာ အရက်သမားတွေချည်းပဲ။ မယုံမရှိနဲ့။

ရွာမှာ ကျုပ်နဲ့မျက်နှာကြောမတည့်တဲ့ တစ်ကောင်ရှိတယ်။ မြို့ကျောင်းသွားတက်တဲ့ကောင်။ သူ့ကိုယ်သူ ပညာတတ်လိုလို ဘာလိုလိုနဲ့။ ဒီကောင့်အဘိုးက သူကြီးဟောင်း။အဘိုးကြီးက တော်တော်အသက်ရှည်တယ်။ဘာဆေးဝါးတွေ ရထားသလဲ မသိဘူး။ဒီကောင့်အဖေကလည်း ပိုက်တွေ၊ လှေတွေပိုင်တော့ ဒီကောင့်အဖေဟာ ရွာမှာလူတွင်ကျယ်ပေါ့။ ဘုန်းကြီးကျောင်းမှာလည်း ဘုရားလူကြီး။ ကွယ်ရာမှာတော့ ခွက်ပုန်း၊ ခြေပုန်း၊ မိန်းမကိစ္စ ခပ်ရှုပ်ရှုပ်။ သူ့သား ဟိုကောင်က ပိုတောင်ဆိုးသေး။

ပင်လယ်ကမ်းခြေက ဒီပုန်းညှက်ပင်အောက်မှာ သူကြီးဟောင်းမြေး၊ ပိုက်အုံနာ ဘုရားလူကြီးသား၊ မြို့ကျောင်းပြန်၊ တတ်ယောင်ကား ဟိုကောင်အသတ်ခံရတဲ့ ကိစ္စနဲ့ပတ်သက်လို့ ရွာအော့၊ ကျုပ်အစစ်အဆေးခံလိုက်ရတာ မနည်းဘူး။ ဒီကောင်က လူယုတ်။ ကြာကူလီ။ ဒီကောင် ခြေပုန်းခုတ်နေတာ ကျုပ်သိတယ်။ ဒါကြောင့် ဒီကောင် အသတ်ခံရတာ။ကြက်လည်လှီးသလို ခေါင်းနဲ့ကိုယ် အိုးစားကွဲအောင် အသတ်ခံရတာ။လက်သည်မပေါ်ခင် ကျုပ်လည်း အလူးအလဲခံလိုက်ရတယ်။ ခုပေါ်သွားပြီ။ ရှင်းသွားပြီ။ ဒီကောင်နဲ့ ကျုပ်က ငယ်ငယ်ကပဲ ရန်ဘက်။ အညိုးအတေးလည်းရှိတယ်။ ကျုပ်က တော်တော်ရယ်ပါ။ ဒီကောင်က ကျုပ်ကို သိပ်ကျေနပ်တာ မဟုတ်ဘူး။ သူ့အကြောင်းတွေ ကျုပ်က သိတာကိုး။ ဒီကောင့်အညာက ကျုပ်လက်ထဲမှာ ရှိတယ်လေ။

ဒီကောင် အသတ်ခံရပြီး ဒီကမ်းခြေ ပုန်းညှက်ပင်တစ်ဝိုက်မှာ ချောက်မှချောက်သတဲ့။ မသွားရဲမလာရဲကြ။ ကျုပ်တို့ကတော့ မမှု။ တစ်ရက်တစ်နေခင်း ဝက်ထုပ်ပြီးသောက်စားကာ မူးမူးနဲ့ ဝက်သားတွဲလေးဆွဲပြီး အိမ်အပြန်၊ ဒီကောင့်ကို ဒီပုန်းညှက်ပင်အောက်မှာတွေ့လိုက်ရတယ်။ ကျုပ်ကိုချောက်ပြီ။ မကြောက်ဘူးဆိုတဲ့ ကျုပ် အရက်မူးပြေသွားတယ်။

နေဝင်ရီတရော အချိန်မို့ ညီအစ်ကိုကို မသိတသိ၊ဝေဝေဝါးဝါး ဖြစ်သွားတယ်။ ဒီကောင်မှ ဒီကောင်အစစ်။ ကျုပ်ရှေ့မတိုးရဲလို့ နောက်အဆုတ် ဒီကောင် တိုးလာတယ်။ကျုပ်ဆီက ဝက်သားတွဲကို ဒီကောင်ပြေးပြီးလုတယ်။ ကျုပ် နောက်ကိုလှည့်အပြေး၊ ကျုပ်ကို ဆွဲလှည့်ချလိုက်

သလိုပဲ ကျုပ်လဲသွားတယ်။ဝက်သားတွဲလည်း လွင့်စဉ်ကျသွားတယ်။ ကျုပ်အပေါ်က ဒီကောင်ခွပြီး လည်ပင်းကို ညှစ်တယ်။ ဒီကောင်မှ ဒီကောင်အစစ်ပါ။ ဒါပေမယ့် ကျုပ်မျက်လုံးတွေမှာ မှုန်ဝါးနေတယ်။ အော်ဟစ် အကူအညီတောင်းဖို့ ကျုပ်သတိမရ။ လည်ပင်းအစ်ပြီး အသက်ရှူမဝတော့မှ သတိရလိုက်တယ်။ ကျုပ်လည်း ဒီကောင့်ကို ပြန်ချုပါတယ်။ ဒါပေမယ့် မရဘူး။

တဖြည်းဖြည်းနဲ့ နေဝင်သွားတယ်။ ပုန်းညက်ပင်အောက်မှာ အမှောင် ပိုနက်လာတယ်။ ဒီကောင့်အားတွေ ပိုကောင်းလာသလိုပဲ။ကျုပ်အော်လို့လည်း မရတော့ဘူး။မျက်လုံးတွေ ပိုဝါးလာတယ်။ ခြေကုန်လက်ပန်းလည်း ကျသွားတယ်။ ကျုပ်အားကိုးမဲ့သွားပြီ။ ကျုပ်ကြက်တွေ၊ ဝက်တွေ၊ နွားတွေ သတ်လာခဲ့သမျှ ဒီတစ်ခါ ကျုပ်အလှည့်လို့ တွေးမိတယ်။ မတတ်နိုင်တော့ဘူး။ လက်လျှော့လိုက်ပြီ။ ကမ်းစပ်က လှိုင်းရဲ့ ရိုက်ချက်ပြင်းသံတစ်ချက်က သတိပေးလိုက်သလို ကျုပ်ပါးစပ်က လွှတ်ခနဲ ဘုရား၊ ဘုရားလို့ တလိုက်မိတယ်။

ကျုပ်ကို ဖိထားတဲ့ကောင်၊ လည်ပင်းညှစ်လို့ သေအံ့မူးမူး ကျုပ်ကို လက်ဖြုတ်ပြီး နောက်ဆုတ်သွားတယ်။ မှောင်ကလည်း တော်တော်မှောင်မိုက်သွားလို့ ဒီကောင့်ကို မတွေ့လိုက်ရတော့ဘူး။ ဒီကောင်ပျောက်သွားတယ်။

ကျုပ်လည်း ဝက်သားတွေဘာတွေ သတိမရတော့ဘူး။ ရွာဘက်ကို တင်ပါးနဲ့ဖဝါး တစ်သားတည်း ပြေးခဲ့တာ။ အိမ်ရောက်တော့ စကားတောင် ကောင်းကောင်းမပြောနိုင်ဘူး။ တစ်ပတ်လောက်ဖျားသွားတယ်။ ခေါင်းမွေးတွေတောင် ပြောင်သွားတယ်။ဘုရားတမိတဲ့ ကျွန်တော် ဘုရားကို သိချင်သွားရပါတယ်။

ကမ်းခြေမှာ လှိုင်းရိုက်သံပြင်းပြင်းက သတိတရားကို ရစေလိုက်တယ်။ ပုန်းညက်ပင်အောက်က အသံကြောင့် အတွေးစများလွင့်ပြယ်သွားရသည်။

"ဦးပဥ္စင်းဘုရား၊ အရုဏ်ဆွမ်းခံ ပြန်တောင်ကြွလာပြီလား"

သည်ပုန်းညက်ပင် ရိပ်မှာ ဟိုကောင်နဲ့ ကျုပ်နပန်းပွဲကျင်းပခဲ့ရသည်။ ဒိုင်လူကြီးက နတ္ထိ။ ပွဲကြည့်ပရိသတ်က ဗလာ။ဒီကောင့်လက်က ဘုရားတမိလို့ လွတ်ခဲ့ရသည်။ ထိုအချိန်မှစ၍ အသိတစ်ခုကြောင့် အရက်ပြတ်ခဲ့သည်။ဝမ်းသာလိုက်သည့် အမေ မျက်ရည်များတောင် ကျရှာသည်။ ကျုပ်က သင်္ကန်းဝတ်ချင်သည်ဆို၍ ဝမ်းသာမှုထပ်လောင်းကာ ကျကျုပါအောင် ငိုပါတော့သည်။ အဖေ့ကို သတိရ၍ဖြစ်မည်။

ရဟန်းဘဝမှာ ဆရာတော်၏ ဆုံးမသွန်သင်ပေးမှုကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်ခွင့်ရခဲ့ပါသည်။လူ့ဘဝသည် မည်မျှရခဲကြောင်း မနုဿတ္တဒုလ္လဘကို နားလည်ခဲ့ရပြီ။ သည်မျှမက သဒ္ဓါတရားနှင့် ပြည့်စုံဖို့ အဖြစ်ကိုလည်း ရခဲကြုံခဲသည်မှာ ဘဝနှင့် ရင်းခဲ့ရသည်မို့ သိခွင့်ရခဲ့ပြီ။ သဒ္ဓါသမ္ပတ္တိဒုလ္လဘဖြစ်သည်။

ထို့ထက်ပို၍ ရဟန်းအဖြစ်ကို ပို၍ပင်ရခဲလှသည်။ ပဗ္ဗဇ္ဇိတဒုလ္လဘဖြစ်သည်။ မြတ်စွာဘုရားသခင်ကိုယ်တော်တိုင်ပင် ဘုရားအလောင်းတော်ဘဝဖြင့် ပါရမီဖြည့်ကျင့်စဉ်ကာလ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း ရဟန်းဘဝကို ကိုးကြိမ်မျှသာ ရဖူးခဲ့ပါသည်။ ဘုရားပွင့်သည့်ကာလနှင့်ကြုံကြိုက်သည့်အဖြစ်ကို ရခဲခြင်းလည်း တစ်ပါးဖြစ်ပါသည်။ ဗုဒ္ဓုပ္ပါဒဒုလ္လဘဖြစ်သည်။

ရခဲကြုံခဲသော တရားငါးပါးတွင် သူတော်ကောင်းတရားကို နာကြားရခြင်းလည်း တစ်ပါးပါဝင်သည်။ သဒ္ဓမ္မဿဝနအတိဒုလ္လဘဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် နှုတ်ခွန်းဆက်သော ဒကာနှင့်မှသည် ပုန်းညက်ပင်အောက်တွင် ဆုံဆည်းရပေသည်။ ဒကာကို ပြန်လည်ဖြေကြားပြီး ပျက်သွားသော အမှတ်တရားကို သတိထား၍ ကျောင်းဆီသို့ ဦးတည်ကြွခဲ့ပါသည်။

မိုးပြာရောင် ကောင်းကင်မှာ ရောင်နီကား ပျို့အံထွက်လုလု။ အလင်းရောင်က မပီမသမှုန်ဝါးဝါး။ နှင်းငွေ့၊ နှင်းမှုန်များလည်း ဝိုးတိုးဝါးတား။ ဘုရားတမိရာမှ ရဟန်းဘဝရခဲ့ပြီ။ ရဟန်းဘဝဖြင့် တရားသိမြင်သူတော်စင်ဖြစ်ဖို့ ရှေ့သို့သာရှိပါတော့သည်။လူ့ဘဝသည် ရခဲလှပြီး ရဟန်းဘဝသည် ပို၍ရခဲလှသဖြင့် လက်လွှတ်အဆုံးရှုံးမခံနိုင်တော့ပြီ။ နှလုံးသားတွင် မှတ်စိတ်တင်လျက် သတိသမ္ပဇဉ်ဖြင့် ကြွလှမ်းခဲ့ပါသည်။

နှင်းငွေ့ပါသော လေအေးမြမြသည် ကြွခြင်း၊ လှမ်းခြင်း၊ နင်းချခြင်းဟူသော ကျုပ်၏ သတိသမ္ပဇဉ် အမှတ်တရားတို့ကို ထပ်မံပျက်ပြားအောင် မဆောင်ကြဉ်းနိုင်တော့ပါတကား။

■ အောင်ပြည့်လွင်း (ဒွါရာမြေ)



# ပစ္စေကဗုဒ္ဓါ

## သာမဏေကျော်

### မေးရရင် ကောင်းမယ်

တစ်ချိန်မှာ ဘုရားရှင်က သာဝတ္ထိမြို့မှာ သီတင်းသုံးတယ်၊ အဲဒီအခါ အရှင်အာနန္ဒာဟာ ဆိတ်ငြိမ်ရာ အရပ်မှာ သီတင်းသုံးစဉ် ဒီလို အကြံဖြစ်ပေါ်လာတယ်။

"ဘုရားရှင်တွေရဲ့ ဆုတောင်းပုံ၊ နိယတဗျာဒိတ် ပန်ဆင်ပုံ၊ ပါရမီဖြည့်ပုံတွေက ထင်ရှားတယ်၊ အဲဒီလိုပဲ သာဝကတွေမှာလည်း ထင်ရှားတယ်၊ ပစ္စေကဗုဒ္ဓါတွေမှာတော့ မထင်ရှားဘူး၊ ငါဟာ ဘုရားရှင်ထံ သွားပြီး မေးရရင် ကောင်းမယ်"

အရှင်အာနန္ဒာဟာ တစ်ပါးတည်း သီတင်းသုံးရာမှ ထကာ ဘုရားရှင်ထံ ချဉ်းကပ်ပြီး အစဉ်အတိုင်း အဲဒီအကြောင်းအရာကို မေးပါတယ်၊ ဘုရားရှင်က အရှင်အာနန္ဒာအား ရှေးဘဝမှာ ကမ္မဋ္ဌာန်းအားထုတ်တာနဲ့ ပတ်သက်တဲ့ သုတ္တန်ကို ဟောတော်မူပါတယ်။

"အာနန္ဒာ ... ရှေးဘဝတွေမှာ ကမ္မဋ္ဌာန်းတရား အားထုတ်တာရဲ့ အကျိုး(၅)မျိုး ရှိတယ်။

၁။ ဒီဘဝမှာပဲ စောစောပဲ ရဟန္တာဖြစ်တယ်။

၂။ အဲဒီလို မဖြစ်ရင် သေခါနီးမှာ ရဟန္တာဖြစ်တယ်။

၃။ အဲဒီလို မဖြစ်သေးရင် နတ်သားဖြစ်ပြီး ရဟန္တာဖြစ်တယ်။

၄။ အဲဒီလိုမဖြစ်သေးရင် ဘုရားရှင်တွေရဲ့ မျက်မှောက်မှာ လျင်မြန်စွာ အဘိညာဉ် တရားထူးကို သိတယ်။

၅။ အဲဒီလို မဖြစ်သေးရင် နောက်ဆုံးအချိန်မှာ ပစ္စေကဗုဒ္ဓ ဖြစ်တယ်။

အဲဒီလို မိန့်တော်မူပြီး ဘုရားရှင်က ထပ်မိန့်တော်မူပါတယ်။

"အာနန္ဒာ ...ပစ္စေကဗုဒ္ဓါတွေဆိုတာ ပါရမီတွေနဲ့ ပြည့်စုံကြရတယ်၊ ရှေးဘဝတွေက ကမ္မဋ္ဌာန်းတရား အားထုတ်ခဲ့ကြရတယ်။ ဒါကြောင့် ပစ္စေကဗုဒ္ဓါနဲ့ ဗုဒ္ဓသာဝကတွေအားလုံးမှာ ဆုတောင်းမှု၊ ပါရမီပြည့်မှုတွေကို လိုလားထိုက်တယ်" (အပဒါန၊ ဋ္ဌ၊ ပ၊ ၁၅၅၊ သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၄၂)

အရှင်အာနန္ဒာတွေးသလိုပင် မှန်ပါတယ်။ ဗုဒ္ဓသာသနာဝင် ရဟန်း၊ ရှင်၊ လူတွေမှာ ပစ္စေကဗုဒ္ဓါတွေနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို အသိနည်းကြပါတယ်။ အရှင်အာနန္ဒာက အဲဒီလိုနေတဲ့ အကွက်လေးကို မြင်ပါတယ်။ အရှင်အာနန္ဒာကမေးလို့ ဘုရားရှင်က ဖြေပေးတဲ့အတွက် ပစ္စေကဗုဒ္ဓါနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို သိခွင့်ရကြရပါတယ်။

## မလွယ်လှပါတကား

"မြတ်စွာဘုရား .... ပစ္စေကဗုဒ္ဓါတွေမှာ ဆုတောင်းတာဟာ ဘယ်လောက်ကြာသင့်ပါသလဲ"

"အာနန္ဒာ ...ပစ္စေကဗုဒ္ဓါတွေမှာ ၂-အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတွေကို ဖြည့်ကြရတယ်၊ အဲဒီကာလအောက် လျော့လို့မရနိုင်။(၃)လ၊(၄)လ၊(၅)လလွန်မှ မှည့်ရင့်မယ့် ကောက်ပင်ဟာ အဲဒီ အဲဒီအချိန်ကာလကို မရောက်သေးဘဲ နေ့တိုင်းနေ့တိုင်း အကြိမ်ပေါင်းတစ်ထောင် မြတ်နိုးဖွယ်ဖြစ်အောင် ပြုပြင်ရေလောင်းပေးပေမယ့် ကြားကာလမှာ (၁၅)ရက်၊ တစ်လနဲ့ မမှည့်ရင့်နိုင်၊ အကြောင်းကတော့ ကောက်ပင်ဟာ အဖုံးအလုံးမဖြစ်သေး (နို့ရည်မတည်သေး)။ မပြန့်ပြောသေး။ မရင့်ကျက်သေးလို့ပါဘဲ။

"အဲဒီလိုပဲ ၂-အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလကို မရောက်သေးဘဲ နေ့တိုင်းနေ့တိုင်း အကြီးအကျယ် ပါရမီတွေကို ဆည်းပူးပေမယ့် အကြားကာလမှာ ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်စရာအကြောင်းမရှိ၊အကြောင်းကတော့ ဉာဏ်ကမပြည့်စုံ၊ မပြန့်ပြော၊ မရင့်ကျက်သေးလို့ပါဘဲ"

"၂-အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းအချိန်နဲ့ ပစ္စေကဗုဒ္ဓါ အဖြစ်ကို တောင့်တပြီး ပါရမီကောင်းမှုတွေကို ပြုလုပ်ရာမှာ ပြည့်စုံမှု (၅) မျိုးတို့ကို လိုလားထိုက်ပါတယ်။

၁။ လူအဖြစ်၊

၂။ ယောကျ်ားအဖြစ်၊

၃။ ဘုရား၊ပစ္စေကဗုဒ္ဓါ၊သာဝကတွေထဲက တစ်ဦးဦးကို ဖူးတွေ့ရခြင်း၊

၄။ အသက်စသည်ကို စွန့်လွှတ်ခြင်း၊

၅။ ပစ္စေကဗုဒ္ဓါဖြစ်ဖို့ အားကြီးတဲ့ ဆန္ဒရှိရခြင်း။

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၄၅၊ အပဒါန၊ ဋ္ဌ၊ ပ၊ ၁၅၈)

ပစ္စေကဗုဒ္ဓါတွေမှာလည်း ပါရမီတွေကို ဖြည့်ကျင့်ရတဲ့ အချိန်ကာလဟာ မတိုတောင်းပါ၊ ရှည်လျားလှပါတယ်၊ တစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတွေကို ဖြည့်ကျင့်ရတဲ့ အဂ္ဂသာဝကတွေထက် တစ်သင်္ချေကာလ ပိုကြာအောင် ပါရမီဖြည့်ကြပါတယ်၊ဂေါတမဘုရားလောင်း ပါရမီစဖြည့်ခဲ့ရာ သုမေဓာရသေ့ ဘဝမှာတုန်းက ပစ္စေကဗုဒ္ဓါလောင်းလျာမှာ ရှိရမယ့် အင်္ဂါ (၅)ပါးထက် ရဟန္တာဖြစ်နိုင်တဲ့ အကြောင်းပြည့်စုံမှု၊ ရသေ့၊ ရဟန်းဘဝရောက်မှု၊စျာန်အဘိညာဉ်ဂုဏ်နဲ့ ပြည့်စုံမှုဆိုတဲ့ အင်္ဂါ(၃)ပါး ပိုလာပါတယ်။ ပစ္စေကဗုဒ္ဓါ ပါရမီ စဖြည့်မယ့်ဘဝမှာ ပြည့်စုံရတဲ့အင်္ဂါ(၅)ပါးက ဘုရားလောင်းမှာလောက် မကြီးကျယ်ပေမယ့် များစွာပဲ ကြီးကျယ်လှပါပေတယ်။ ပစ္စေကဗုဒ္ဓါ ဖြစ်ဖို့ရာလည်း မလွယ်လှပါတကား။

## အံ့သြစရာ

ပစ္စေကဗုဒ္ဓါတွေဟာ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုးတွေထဲက တစ်မျိုးမျိုးမှာ ဖြစ်ကြပါတယ်။ ဘုရားရှင်အားလုံးဟာ ပျက်ဆဲကမ္ဘာမှာ ပွင့်တော်မမူကြဘဲ တည်ဆဲကမ္ဘာမှာ ပွင့်တော်မူကြပါတယ်။ ပစ္စေကဗုဒ္ဓါတွေကလည်း ဘုရားရှင်တွေလို ပွင့်တော်မူကြပါတယ်။

ပစ္စေကဗုဒ္ဓါတွေဟာ ဘုရားရှင်တွေ ပွင့်တော်မူနေတဲ့အချိန်မှာ ပွင့်တော်မမူကြပါ၊ ဘုရားရှင်တွေက သစ္စာလေးပါးကို ကိုယ်တိုင်လည်း သိတော်မူကြပါတယ်။ သူတစ်ပါးတွေကိုလည်း သိအောင် ဟောပြနိုင်ကြပါတယ်၊ ပစ္စေကဗုဒ္ဓါတွေကတော့ ကိုယ်တိုင်ပဲ သစ္စာလေးပါးကို သိနိုင်ကြပါတယ်။ သူတစ်ပါးတွေကိုတော့ သိအောင်ဟောပြတော်မမူနိုင်ကြပါ။

ပစ္စေကဗုဒ္ဓါတွေဟာ အနက်သဘာဝ (အတ္ထရသ)ကိုသာ ထိုးထွင်းသိမြင်ကြပါတယ်။ ပါဠိသဘာဝ (ဓမ္မရသ)ကို ထိုးထွင်းမသိနိုင်ကြပါ၊ မှန်ပါတယ်။ ပစ္စေက ဗုဒ္ဓါတွေဟာ လောကုတ္တရာတရားကို ဝေါဟာရပညတ် (စကားလုံးအသုံးအနှုန်း)ကို တင်ပြီး မဟောနိုင်ကြပါ။ ပစ္စေကဗုဒ္ဓါတွေရဲ့ သစ္စာလေးပါးတရားကို ထိုးထွင်းသိပုံဟာ စကားမပြောနိုင်တဲ့ ‘လူအ’ မြင်မက်တဲ့ အိပ်မက်လို ဖြစ်နေပါတယ်။ တောမှာ ကျက်စားတဲ့ တောမုဆိုး မြို့မှာ စားသောက်ခဲ့ရတဲ့ ဟင်းအရသာလိုလည်း ဖြစ်နေပါတယ်။

ပစ္စေကဗုဒ္ဓါတွေဟာ တန်ခိုးအရပ်ရပ်၊ သမာပတ် ၈-ဖြာ၊ ပဋိသမ္ဘိဒါ ၄-ပါးတွေကို ရရှိကြပါတယ်။ ဂုဏ်ထူး အားဖြင့် ဘုရားရှင်တွေရဲ့ အောက်မှာရှိပြီး သာဝကတွေရဲ့ အထက်မှာ ရှိကြပါတယ်။

ပစ္စေကဗုဒ္ဓါတွေက ‘‘စိတ်မှာ ကိလေသာ ခေါင်းပါးအောင် ကျင့်မှုကို ပြုလုပ်ရမယ်။ ပြီးဆုံးရပ်တန့် ခြင်းသို့ မရောက်ထိုက်’’လို့ ဒီအကျဉ်းစကားနဲ့ ဥပုသ်ကို ပြုကြပါတယ်။ ‘‘ဒီနေ့ဟာ ဥပုသ်နေ့ပဲ’’လို့ ပြောခါမျှဖြင့်ဖြစ်ဖြစ်၊ ဥပုသ်ပြုကြပါတယ်၊ဥပုသ်ပြုကြတဲ့အခါမှာလည်း ဂန္ဓမာဒနတောင်က မဉ္ဇူသကသစ်ပင်အောက် ရတနာတန်ဆောင်းမှာ စုဝေးကာ ပြုကြပါတယ်။

ဘုရားရှင်က အထက်ပါအတိုင်း အရှင်အာနန္ဒာအား ပစ္စေကဗုဒ္ဓါတွေရဲ့ အခြင်းအရာအားလုံးနဲ့ ပြည့်စုံတဲ့ ဆုတောင်းနဲ့ ရှေးကောင်းမှု (ပါရမီဖြည့်ပုံ)တွေကို မိန့် တော်မူပါတယ်။ (အပဒါန၊ ဋ္ဌ၊ ပ၊ ၁၅၉။ သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၄၆)

ပစ္စေကဗုဒ္ဓါတွေဟာ သစ္စာလေးပါးကို ကိုယ်တိုင်သာသိပြီး သူတစ်ပါးတွေသိအောင် ဟောမပြနိုင်ဘူး ဆိုတာဟာ အံ့သြစရာ ဖြစ်နေပါတယ်။ ဘုရားရှင်တွေကို မရောက်ဘဲ ဘုရားရှင်တွေရဲ့ ကြားအချိန်မှာပဲ ပွင့်ကြတယ်လို့လည်း သုတ္တနိပါတအဋ္ဌကထာမှာ ဆိုထားပါသေးတယ်။

**ဘုရားရှင်တွေက**
**သစ္စာလေးပါးကို ကိုယ်တိုင်လည်း**
**သိတော်မူကြပါတယ်။**
**သူတစ်ပါးတွေကိုလည်း**
**သိအောင် ဟောပြနိုင်ကြပါတယ်၊**
**ပစ္စေကဗုဒ္ဓါတွေကတော့**
**ကိုယ်တိုင်ပဲ**
**သစ္စာလေးပါးကို**
**သိနိုင်ကြပါတယ်။**
**သူတစ်ပါးတွေကိုတော့**
**သိအောင်ဟောပြတော်မမူနိုင်ကြပါ။**

■

## ပျော်မွေ့ဖွယ်

နန္ဒမူလကဆိုတဲ့ တောင်ဝှမ်းဟာ ပစ္စေကဗုဒ္ဓါတွေရဲ့ နေရာအရပ်ဖြစ်တယ်။ အဲဒီတောင်ဝှမ်းဟာ ဂန္ဓမာဒနတောင်မှာ ရှိတယ်။ ဂန္ဓမာဒနတောင်ဟာ ဟိမဝန္တာက စူဠကာဠတောင်၊ မဟာကာဠတောင်၊ နာဂပလိ ဝေဌနတောင်၊ စန္ဒဂဗ္ဘတောင်၊ သူရိယဂဗ္ဘတောင်၊ သုဝဏ္ဏပဿတောင်၊ ဟိမဝန္တာတောင်ဆိုတဲ့ တောင်(၇)လုံးကို ကျော်လွန်ပြီးတည်ရှိတယ်။ နန္ဒမူလကတောင်ဝှမ်းမှာ ရွှေဂူ၊ ပတ္တမြားဂူ၊ ငွေဂူဆိုတဲ့ ဂူ(၃)လုံးရှိတယ်။ အဲဒီဂူ (၃)လုံးထဲက ပတ္တမြားဂူရဲ့ တံခါးနားမှာ မဉ္ဇူသကမည်တဲ့ သစ်ပင်ရှိတယ်။အဲဒီသစ်ပင်က အမြင့်အားဖြင့်တစ်ယူဇနာ၊ အကျယ်အားဖြင့် တစ်ယူဇနာရှိတယ်။

အဲဒီသစ်ပင်က ရေပန်း၊ ကုန်းပန်းအားလုံးတွေကို အထူးအားဖြင့် ပစ္စေကဗုဒ္ဓါ ကြွလာရာနေ့မှာ ပွင့်ပေးတယ်။ အဲဒီသစ်ပင်ရဲ့ အထက်မှာ ရတနာအားလုံးနဲ့ ပြီးတဲ့ တန်ဆောင်းရှိတယ်။

ဟိမဝန္တာအရပ်က ဂန္ဓမာဒနတောင်၊ နန္ဒမူလက တောင်ဝှမ်း၊ ပတ္တမြားဂူတံခါးနားက မဉ္ဇူသကပန်းပင်ကြီးဟာ ပစ္စေကဗုဒ္ဓါများစွာရဲ့ နေရာဖြစ်လို့ အလွန်ပျော်မွေ့ဖွယ်ကောင်းပါပေတယ်။ ပစ္စေကဗုဒ္ဓါတွေရဲ့ ပြုမူနေထိုင်ပုံတွေကို အာရုံပြုကြည့်လိုက်တဲ့အခါ ထူးခြားတဲ့ ကြည်နူးမှုကို ခံစားရပါပေတယ်။

□သာမဏေကျော်



# လူမသိတဲ့ဒေါသတော့ သတိရနေပါသည်

## ဓမ္မဒူတအရှင်ပညာဇောတ

### လောကဓံတရား

လာဘ–လာဘ်ရခြင်း၊ အလာဘ–လာဘ်မရခြင်း၊ ယသ–အခြွေအရံပေါများခြင်း၊ အယသ–အခြွေအရံမရှိခြင်း၊ နိန္ဒာ–ကဲ့ရဲ့ခံရခြင်း၊ ပသံသာ–ချီးမွမ်းခံရခြင်း၊ သုခ–ချမ်းသာခြင်း၊ ဒုက္ခ–ဆင်းရဲခြင်းတို့ကား လောကဓံများတည်း။

ဤတရား ၈–ပါးမှာ တစ်လှည့်စီ လှည့်ဖြစ်နေလေ့ရှိ၏။ လောက၌ နေရသူမှန်လျှင် အမှန်ပင် တွေ့ကြုံရမည့်သဘောများဖြစ်၍ လောကဓံဟုဆို၏၊ ဘုရားသော်မှ မလွတ်ကင်းနိုင်ပါ။

မှန်ပါသည်၊ ဘုရားရှင်မှာ တစ်ရံတစ်ခါ မကုန်နိုင်၊ မခန်းနိုင် အတိုင်းမသိအောင် ပစ္စည်းလေးပါး ပေါများလှသော်လည်း တစ်ခါတစ်ရံမူ ရှားရှားပါးပါးအဖြစ်နှင့် ကြုံရ၏။

ဝေရဉ္ဇာပြည်၌ ဝါကပ်စဉ် ဘုရားရှင်သည် မုယောဆွမ်းကြမ်းကို ဘုဉ်းပေးရ၏၊ တစ်ခါက ကေနာဋ္ဌ ပုဏ္ဏားရွာ၌ ဆွမ်းခံစဉ် လူတွေအား မာရ်နတ်လှည့်ဖြားထားမှုကြောင့် ဆွမ်းလောင်းရန် အမှတ်မရဖြစ်ရာ သပိတ်ချည်းသက်သက်ဖြင့် ထွက်ခွာတော်မူခဲ့ရ၏။

လူနတ်ပြဟ္မာတို့၏ အတုမဲ့ချီးမွမ်းသံကို ခံယူရသော်လည်း ရှင်တော်ဗုဒ္ဓသည် စိဉ္စမာဏဝိကာ၏ စွပ်စွဲခြင်းကို ခံခဲ့ရ၏။ သုန္ဒရီပရိဗိုဇ်၏ စွပ်စွဲခြင်းကို အကြောင်းပြု၍ မလိုလားသူများ ကဲ့ရဲ့မှုကိုလည်း ခံတော်မူရ၏။

ဖလသမာပတ်ချမ်းသာ၊ နိရောဓသမာပတ် ချမ်းသာဟူသော ချမ်းသာအတိနှင့် ကြုံရသော ရှင်တော်မြတ်ဘုရားမှာ တစ်ရံတစ်ခါ ခါးတော်နာခြင်း၊ ဝမ်းတော်လားခြင်းစသော ဒုက္ခနှင့်ကြုံတော်မူရ၏။

ဘုရားရှင်သော်မှ တွေ့ကြုံရသော ထိုသဘောများမှာ ဘယ်သူမဆို ကြုံရမည်သာ ဖြစ်သောကြောင့် 'လောက၏တရား၊ လောကဓံတရား' လောကရှိနေသမျှ ဆုတ်ဖယ်ရှောင်သွားခြင်းမရှိ ဖြစ်နေမည့် တရားများကို လောကဓံတရားဟုခေါ်သည်။

## ရဟန္တာစိတ်

လောကဓံကြောင့် မတုန်လှုပ်ခြင်းသည် ရဟန္တာ၏ စိတ်သာဖြစ်၏။ အခြားသူ၏စိတ် မဟုတ်ဟု အဋ္ဌကထာ၌ ဖွင့်ပြပါသည်။ အကောင်းဆုံး အပြည့်စုံဆုံး မတုန်လှုပ်မှုကို ယူလို၍ အလွန်အမြတ်ကို ညွှန်ပြသောနည်းအရ ဖွင့်ပြခြင်းဖြစ်ပါသည်။

ရဟန္တာအရှင်မြတ်တို့မှာ ကောင်းသောအာရုံ၊ မကောင်းသောအာရုံ ကြုံတွေ့သောအခါ ကောင်းသောအာရုံကို မကောင်းသောအာရုံအဖြစ်၊ မကောင်းသောအာရုံကို ကောင်းသောအာရုံအဖြစ် မိမိလိုသလို ပြောင်းလွဲရှုနိုင်အောင် စိတ်ကို အစိုးရသည့် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူကြသည်ဖြစ်ရာ ကျောက်တောင်ကြီးသည် လေတို့ကြောင့် မလှုပ်ရှားသကဲ့သို့ ထို့အတူ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် လှုပ်ရှားခြင်းမရှိသော ပညာရှိများအဖြစ် ဘုရားရှင်၏ ချီးကျူးခြင်းကို ခံခဲ့ရ၏။

## အခြားသူများ

ရဟန္တာမှတစ်ပါး အခြားသူများ အရိယာပုထုဇဉ်များ၌လည်း ထိုက်သင့်သလောက် လောကဓံကို ခံနိုင်ရည်သတ္တိ ရနိုင်သည်သာဖြစ်၏။ ပုထုဇဉ်နှင့် အရိယာသာဝကတို့ လောကဓံကြုံရာ၌ ကွဲပြားခြားနားချက်ကား ရှိ၏။

ပုထုဇဉ်ကား ဖြစ်လာသော လောကဓံ၏ အမြဲမရှိသည်၏အဖြစ်၊ ဆင်းရဲသည်၏အဖြစ် ဖောက်ပြန်ပျက်စီးတတ်သော သဘောရှိသည်၏အဖြစ်ကို မဆင်ခြင်တတ်။

ထို့ကြောင့် ပုထုဇဉ်၏စိတ်မှာ လောကဓံတို့၏ သိမ်းကျုံးလွှမ်းမိုးမှုကို ခံရ၏။ အကောင်းလောကဓံနှင့် ကြုံရသောအခါ ထိုလောကဓံအလိုက် လိုက်ပျော်တတ်၏။ အဆိုးလောကဓံနှင့် ကြုံရသောအခါ စိတ်ဆင်းရဲ၏။

အရိယာသာဝကကား လောကဓံ၏ ပျက်စီးတတ်သော 'အနိစ္စသဘော၊ ဆင်းရဲတတ်သောဒုက္ခသဘောများကို စဉ်းစားဆင်ခြင်တတ်၏။

ထိုသို့ ဆင်ခြင်တတ်သောကြောင့် လောကဓံက အရိယာသာဝက၏စိတ်ကို မလွှမ်းမိုးနိုင်။

အရိယာသာဝကသည် အကောင်းလောကဓံနှင့် ကြုံလည်း အကောင်းလိုက် ပျော်လွန်းမှုမရှိ၊ အဆိုးလောကဓံနှင့် ကြုံရသော်လည်း အဆိုးကို ဆန့်ကျင်၍ စိတ်ဆိုးမှု စိတ်ဆင်းရဲမှုမရှိ။

ထို့ကြောင့် အရိယာသာဝကကိုသာ လောကဓံကြုံ မတုန်လှုပ်သူအဖြစ် ဟောတော်မူခဲ့၏။ ပုထုဇဉ်ကိုကား တုန်လှုပ်သူအဖြစ် ဟောတော်မူခဲ့၏။

သို့သော် လုံးဝမစဉ်းစားတတ်သော ပုထုဇဉ်ကိုသာ ဆိုခြင်းဖြစ်ရာ အရိယာကို မမီစေကာမူ အချို့ပုထုဇဉ်များ၌ တရားသဘော ဆင်ခြင်စဉ်းစားမှုရှိတတ်၍ အထိုက်အလျောက်လောကဓံကို ခံနိုင်ရည်ရှိသူများကိုလည်း တွေ့နိုင်ပါသည်။

## ကံဖြေဆေး

ဘုရားရှင် ဟောကြားသော ကံသာလျှင် ကိုယ်ပိုင်ဥစ္စာသဘောကား လောကဓံတရားကြောင့် မတုန်လှုပ်၊ ဖြေဆေးသဖွယ် ဖြစ်ပါ၏။ ဗုဒ္ဓသာသနာဝင်များ၌ အဆိုးလောကဓံနှင့် ကြုံရသောအခါ 'ကံပေါ့၊ ကံအတိုင်းပဲ' ကံကို ဘယ်သူလွန်ဆန်နိုင်တာမှတ်လို့' စသော အတွေးအဆင်ခြင်များဖြင့် အချို့သူတို့ စိတ်ကို နှိမ်လေ့ရှိကြ၏။ ကြာသော် စိတ်ဓာတ်များ ရင့်ကျက်လာရ၏။

အဆိုးလောကဓံနှင့် တွေ့ကြုံသော် မတုန်လှုပ်သကဲ့သို့ အကောင်းလောကဓံများနှင့် ကြုံရသောအခါ၌လည်း ကံရှိတုန်းသာ ကောင်းစားတာပါ။ ကံမရှိလျှင် ပျက်မှာပဲဟူသော အတွေးအဆင်ခြင်ကြောင့် ပျော်ခြင်းမော်ခြင်းမရှိတတ်ပါ။

အရိယာသာဝကတို့က ပျက်စီးတတ်သော အနိစ္စသဘောကို တွေးတတ်၊ ဆင်ခြင်တတ်သကဲ့သို့ အချို့ပုထုဇဉ်များကလည်း ပျက်စီးတတ်သော အနိစ္စသဘော၊ ဆင်းရဲတတ်သော ဒုက္ခသဘော၊ အစိုးမရသော အနတ္တသဘောကို တွေးတောစဉ်းစားခြင်းဖြင့်လည်း ဖြေလေ့ရှိကြ၏။

အားလုံး အနိစ္စပဲ၊ ဘယ်မှာ မြဲပါ့မလဲ၊ ကိုယ်အစိုးရတာမှ မဟုတ်ဘဲ၊ သူ့သဘောအတိုင်း ဖြစ်ကြတာပဲ စသော အတွေးများဖြင့် စိတ်ကို နှိမ်လေ့ရှိကြ၏။

စိတ်ကို နှိမ်ဖန်များ၍ကြာသော် ပို၍ခံနိုင်ရည်ရှိလာ၏။ အကောင်းတွေ့၍လည်း ပျော်မဆုံး၊ မော်မဆုံး မရှိလှ၊ အဆိုးတွေ့ရ၍လည်း စိတ်သက်သာရာရ၍ စိတ်တုန်လှုပ်မှု မရှိကြပါ။

ဘုရားသော်မှ မလွတ်နိုင်ဘဲ တို့တစ်တွေမှာ ဘာပြောစရာရှိမှာလဲဟူသော အတွေးအဆင်ခြင်မျိုးဖြင့်လည်း အချို့ဖြေကြပါသည်။

ဤသို့ စသည်ဖြင့် ဖြေစရာ တရားသဘောတွေးတောခြင်းဖြင့် ဖြေနိုင်၍ ပကတိအခြေ ဣန္ဒြေမပျက်ခြင်းမှာ 'မင်္ဂလာ'ပင် ဖြစ်ပါသည်။

အကောင်းလောကဓံနှင့် တွေ့ရသော် တကြွကြွ တမော်မော် ပျော်မဆုံးဖြစ်ရခြင်းမှာ ဣန္ဒြေပျက်ခြင်း၊ ဖောက်ပြန်ခြင်းဖြစ်၍ တုန်လှုပ်ခြင်းပင်ဖြစ်၏။ ထို့ ကြောင့် မင်္ဂလာမဖြစ်ပါ၊ အမင်္ဂလာသာ ဖြစ်ပါသည်။ အဆိုးလောကဓံနှင့် တွေ့ကြုံရ၍ စိတ်ဆင်းရဲခြင်း ဝမ်းနည်းညှိုးငယ်နေခြင်းတို့မှာ ဆိုဖွယ်ရာမရှိ၊ အမင်္ဂလာသာ ဖြစ်ပါသည်။

## ခုနစ်ရက်သား

အချို့မှာ လာဘ်မရခြင်း စသော လောကဓံကို အတော်အတန် ခံနိုင်ရည်ရှိသူပင် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း ကြောင့်ကား မတုန်လှုပ်ဘဲ မနေနိုင်၊ တုန်လှုပ်လာ၏။ အချို့မှာ သူတစ်ပါးတို့ အကဲ့ရဲ့ခံရသောအခါ၊ အို–ချီးမွမ်းကဲ့ရဲ့ ခုနစ်ရက်ပေါ့၊ဘာအရေးစိုက်စရာရှိလဲဟု ဂရုမထားဘဲ နေနိုင်ကြ၏။

'ကဲ့ရဲ့ချီးမွမ်း ခုနစ်ရက်ပေါ့'ဟူသော စကားမှာ ဘုရားစကားအရပင် ဖြစ်၏။ ဘုရားရှင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာစသော ပုဂ္ဂိုလ်အများအပြား ရဟန်းပြုခဲ့၏။

ထိုအခါ လူအများက ကဲ့ရဲ့ကြ၏။ ထိုအကြောင်းကို ရဟန်းတော်များက ဘုရားရှင်ကို လျှောက်ထားသောအခါ ဘုရားရှင်က–

ရဟန်းတို့၊ ထိုအသံမှာ ကြာရှည်စွာ ဖြစ်နေလိမ့်မည်မဟုတ်၊ ခုနစ်ရက်သာရှိနေလိမ့်မည်ဟု မိန့်တော်မူ၏။

## အကဲ့ရဲ့ဖြေဆေး

ဘုရားရှင်လက်ထက်တော်အခါက အတုလအမည်ရှိတဲ့ ဥပါသကာတစ်ယောက်သည် ဘုရားရှင်ထံသို့ သွား၏။ ထိုအခါ ဘုရားရှင်က အတုလ ဥပါသကာကို 'တရားနာပြီးပြီလား'ဟု မေးတော်မူသော် အတုလဥပါသကာက–

''မြတ်စွာဘုရား၊ အရှင်ရေဝတထံသွားရာ အရှင်ရေဝတက စကားမပြော တုဏှိဘောနေပါတယ်၊အရှင်သာရိပုတ္တရာထံသွားတော့ အဘိဓမ္မာတရားတွေ အများကြီး ဟောလိုက်ပါတယ်။

အရှင်အာနန္ဒာအထံရောက်ပြန်တော့ တရားနည်းနည်းလေးပဲ ဟောလိုက်ပါတယ်။ အဲဒါကြောင့် အဲဒီအရှင်တွေကို စိတ်ဆိုးပြီးတော့ ဘုရားရှင်ထံ ရောက်လာပါတယ်ဘုရား''

ဟု လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်က အတုလဥပါသကာအား–

အတုလ၊ လောက၌ ဘုရင်ကိုလည်း အချို့ကဲ့ရဲ့ကြ၏၊ အချို့ ချီးမွမ်းကြ၏၊ နေ၊ လ၊ မြေကြီးတို့ကိုလည်း အချို့ကဲ့ရဲ့ကြ၏၊ အချို့ ချီးမွမ်းကြ၏။

အတုလ၊ ငါဘုရားရှင်ကိုပင် ကဲ့ရဲ့သူ၊ ကဲ့ရဲ့ကြ၏၊ ချီးမွမ်းသူ ချီးမွမ်းကြ၏၊ လူမိုက်တို့ ကဲ့ရဲ့သည်မှာ လိုရင်းမဟုတ်၊ ပညာရှိများ မကဲ့ရဲ့ရအောင်၊ ချီးမွမ်းခံရအောင် ဂရုစိုက်ရမည်။

အတုလ၊ဤကဲ့ရဲ့ခြင်းမှာ ယခုခေတ်ပေါ်တရားသဘောမဟုတ်၊ ရှေးလက်ဟောင်း တရားသဘောဖြစ်၏။

အတုလ၊ ဆိတ်ဆိတ်နေသော သူကိုလည်း ကဲ့ရဲ့ကြ၏၊ စကားများသူကိုလည်း ကဲ့ရဲ့ကြ၏၊ နှိုင်းချိန်ပြောတတ်သူကိုလည်း ကဲ့ရဲ့ကြ၏၊ လောက၌ အကဲ့ရဲ့မခံရသူမည်သည် မရှိ။

အတုလ၊ တကယ့်အကဲ့ရဲ့ခံရသူ၊ တကယ့်အချီးမွမ်းခံရသူဟု ရှေးကလည်း မရှိဘူး။ နောင်လည်း ရှိလိမ့်မည် မဟုတ်၊ ယခုလည်း မရှိ''ဟု ဟောတော်မူလိုက်ပါသည်။ ဤတရားတော်သည် အကဲ့ရဲ့ ဖြေဆေးတရားတော်ပင် ဖြစ်ပါသည်။

## အကျင့်မပြည့်စုံနိုင်

ရှေးအခါက ရဟန်းတော်တစ်ပါးဟာ အိမ်တစ်အိမ်သို့ ဆွမ်းခံရင်း ထိုအိမ်နှင့် အကျွမ်းတဝင်ဖြစ်နေ၏။ ရဟန်းတော်မှာ နောင်အခါ ရဟန္တာဖြစ်သွားပါသည်။

ရဟန္တာဖြစ်သွားသော်လည်း ရှေးကကဲ့သို့ပင် ထိုအိမ်၌ အကျွမ်းတဝင် ဝင်ထွက်သွားလာနေမြဲပင် ဖြစ်ပါသည်။

ယင်းကို မြင်ရသောနတ်တစ်ပါးက ထိုရဟန်းကို ရဟန္တာဟု မသိရကား ပျက်စီးမှာ စိုးရိမ်သည်၊ ပျက်စီးမှုကို မလိုလားပါ၊ အကျိုးကိုသာ လိုလားသည်ဖြစ်၍ ထိုအိမ်က အိမ်ရှင်မ အယောင်ဆောင်ကာ ရဟန်း အထံသို့သွား၍–

''အရှင်ဘုရား၊ မြစ်ဆိပ်၊ မြို့ဝ လမ်းမ၊ ပွဲလမ်းသဘင်နေရာတိုင်းတွင်ပင် အရှင်ဘုရားနှင့် တပည့်တော်မ အကြောင်း ဘာလိုလို ပြောဆိုနေကြပါသည်''ဟု လျှောက်ထား၏။

ထိုအခါ ရဟန်းတော်က–

''ဆန့်ကျင်ဘက် ပွဲတင်ရိုက်ခတ်လာသော အသံတို့ကား အများအပြားပင်ဖြစ်၏။ ရဟန်းမည်သည်မှာ ထိုအသံကို ခံနိုင်ရည်ရှိရသည်၊ ထိုအသံကြောင့် ညစ်နွမ်းခြင်းမဖြစ်နိုင်၊ တောထဲ၌ လေတိုက်တိုင်း လန့်သော သမင်ပမာ အသံကိုလန့်နေသော ရဟန်းကို စိတ်ပေါ့သူဟု ဆိုကြကုန်၏။ထိုရဟန်းမျိုးအား အကျင့်မပြည့်စုံနိုင်''

ဟု မိန့်တော်မူလိုက်၏။

အို ...စာရှုသူ၊ ဤရဟန်းတော်၏ တရားတော်ဟာ မကောင်းပါလော၊ အကဲ့ရဲ့ခံရ၍ ကိုယ့်မှာ ဘာမျှမဖြစ်၊ ကဲ့ရဲ့သံကို လန့်နေလျှင် အလုပ်ပျက်ရုံသာဖြစ်ပါ၏။ ဤရဟန်းတော်၏ တရားကို အကဲ့ရဲ့ခံ ပြီးဆေးအဖြစ် အသုံးပြုပါ။

## ပြန်စာအတွက်

အို ...စာရှုသူ၊ မိမိသည် ဤနိဒါန်းကို ပျိုးနေသည်မှာ မိမိထံသို့ ရောက်လာသော ပြန်စရာကောင်းသည့် စာတစ်စောင်ကို ပြန်ရန်အတွက် နိဒါန်းပျိုးနေခြင်းဖြစ်ပါသည်။ စာရှုသူ ဖတ်ကြည့်စမ်းပါ၊ စာမှာ ပြန်စရာကောင်းသော စာဟုတ် မဟုတ် ...။

ဆရာတော်ဘုရား –

(၁၀–၇–၈၂)

ကျေးဇူးရှင် ဆရာတော်ဘုရားထံသို့ ရိုသေစွာ လျှောက်ထားအပ်ပါသည်။

တပည့်တော်သည် အကြောင်းကိစ္စအခက်အခဲ ပြဿနာရှိသဖြင့် ဆရာတော်ဘုရားထံ စာရေးရန် စိတ်ကူးဖြစ်သည်မှာ နှစ်ရက်၊ သုံးရက်ရှိပါပြီဘုရား၊ ကျောင်းပိတ်ရက်စောင့်နေ၍ ကြာသွားပါသည်ဘုရား။

တပည့်တော်အမေဆုံးသည်မှာ (၁၂)နှစ်ရှိပါပြီဘုရား၊ ပြဿနာအခက်အခဲတွေနှင့် မတွေ့ခဲ့ရပါဘုရား၊ ယခု တရားဘက်သို့ ခြေလှမ်းခါမှ စိတ်ရှုပ်စရာတွေနှင့် တွေ့ရပါသည်ဘုရား၊ တရားနှင့်ပြဿနာပြိုင်ပြီး ဝင်လာပါသည်ဘုရား၊ ၁၃၄၃–ခုနှစ်က တစ်နှစ်လုံး စိတ်ရှုပ်ရပါသည်ဘုရား။ တပည့်တော်စိတ်ရှုပ်ပုံ အခက်အခဲများကို လျှောက်ထားပါရစေဘုရား။

၁၃၄၂–ခုနှစ်၊ နတ်တော်လတွင် တပည့်တော် တရားစပြီး အားထုတ်ပါသည်ဘုရား၊ ၄၃–ခုနှစ်၊ တော်သလင်းလဆုတ် (၁)ရက်နေ့တွင် ကျောင်းမှဆရာတစ်ယောက်နှင့် (၂)ခါစီလောက်အော်ကြပြီး၊ ဆရာက ဆဲလိုက်ပြီး၊ ရန်ပွဲလည်း ပြီးသွားပါသည်ဘုရား။ ဆရာကဆဲလိုက်သည့်အတွက် လူကြီးတစ်ယောက်က ကြားဝင်ပြီး ညှိနှိုင်းပေးပါသည်ဘုရား။ လူကြီးတစ်ယောက်က တပည့်တော်ကို တောင်းပန်ရင် ကျေနပ်လိုက်ပါဆိုတော့၊ တပည့်တော်လည်း တရားစခန်းမှာ ဆရာတော်ဘုရားဟောတဲ့ အထဲမှာပါနေတဲ့ အပြစ်ရှိသူက အပြစ်ကိုသိ၍ တောင်းပန်ရင်၊ ဝန်ခံရင် ကျေနပ်ရမယ်၊ မကျေနပ်ရင် မကျေနပ်တဲ့သူဟာ သူတော်ကောင်းမဟုတ်ဘူးဆိုတဲ့ စကားကို သတိရပါတယ်ဘုရား။

ဆရာကလည်း ဒေါသထွက်ပြီး ဆဲမိတာကို တောင်းပန်ပါမယ်လို့ ပြောတာနဲ့ တပည့်တော်လည်း ကောင်စီရုံး မပို့ပါဘူး၊ ကျေနပ်မယ်လို့ပဲ ပြောလိုက်ပါတယ်။ ဆရာကလည်း အသက်(၁၀)နှစ်ကျော်ငယ်နေတဲ့ တပည့်တော်ကို လူရှေ့မှာ တောင်းပန်ရမှာ အတော်ပဲ ဝန်လေးနေပုံရတယ်။ ဒေါသ အကျိုးတွေပေါ့ဘုရား။

ယနေ့အထိ မတောင်းပန်ရသေးပါဘူး။ တပည့်တော်လည်း ဘာမျှမပြောတော့ပါဘုရား။ မသိသလိုပဲနေပါသည်။

သို့သော် တပည့်တော်သည် တစ်ကျောင်းတည်းနေတဲ့ ဆရာကို နေ့စဉ်နေ့တိုင်း တွေ့မြင်နေရတဲ့အခါတွင် သူ၏ ဆဲသံကို နားထဲတွင် ကြားယောင်ပြီး စိတ်ထဲက မကျေနပ်ဘဲ၊ သူ့ကို တွေ့မြင်တိုင်းမှာ လူမသိတဲ့ ဒေါသကတော့ (တွေ့မြင်တိုင်း)ဖြစ်နေပါတယ်။ သတိရနေပါတယ်ဘုရား။

တပည့်တော် လနှင့်ချီပြီး အနုစား ဒေါသတွေ

ဖြစ်ခဲ့၊ မှားခဲ့မိပါသည်ဘုရား။ ဘုရားဝတ်တက်၊ မေတ္တာပို့ အမျှဝေတော့ မပျက်ခဲ့ပါဘူး။ ၄၃–ခုနှစ်၊ ကျောင်းပိတ်ခါနီး တပို့တွဲလလောက်တွင် တပည့်တော် အသိတစ်ခု ရလာပါသည်ဘုရား။

ငါ ညဘက်ကျတော့ အနန္တစကြဝဠာကြီးတစ်ခုလုံး မေတ္တာပို့ပြီး၊ နေ့ဘက်ကျတော့ မုန်းတဲ့သူကို ဒေါသဖြစ်နေတယ်၊ ငါ့အလုပ်ဟာ ရှေ့နဲ့နောက် မညီသေးပါလား၊ငါမဟုတ်သေးပါလား၊ ရှေ့နဲ့နောက်ညီအောင် လုပ်မှ တော်တော့မယ်ဆိုပြီး တပည့်တော်ရဲ့ စိတ်ကို ဖြေဖျောက်ပါတယ်၊ ပြင်ပါတယ်၊ တော်ရုံနှင့် မရပါဘုရား။

ကျောင်းဖွင့်စ ၄၄–ခုနှစ်၊ ဖွန်လမှာ ဆဲသောဆရာကို မြင်သော်လည်း ရပ်ဝေးမှ မသိတဲ့လူတစ်ယောက်ကို တွေ့မြင်ရသလိုပါပဲ။ ဒေါသလည်း မဖြစ်တော့ပါ။ အေးငြိမ်းသွားပါပြီ။

တစ်ယောက်အပေါ်မှာ ဒေါသငြိမ်းအေးခါမျှ ရှိပါသေးတယ်၊(၆–၇–၈၂)အင်္ဂါနေ့က စာမသင်၊ ကျောင်းမတက်တဲ့ ဆရာကြီးက စကားနည်းနည်းမာမာနဲ့ တပည့်တော်ကို ပြောသဖြင့်၊တပည့်တော်စိတ်ဆိုးပြီး စာမသင်ဘဲ တစ်နေကုန်ထိုင်နေပါတယ်၊ တပည့်တော် တရားမရင့်ကျက်သေးလို့ လောကဓံကို ခံနိုင်ရည် မရှိသေးပါဘုရား။

၁။ တရားထူးရရှိဖို့က အခက်အခဲကို ကျော်လွှားပြီးမှ ရမှာပေါ့၊ အခက်အခဲကို မကျော်လွှားရဘူးဆိုရင် လူတိုင်း တရားရကုန်မှာပေါ့။

၂။ လောကဓံကို နည်းနည်း ခံနိုင်ရည်ရှိလာရင် နည်းနည်းတရားရလာပြီ၊ များများခံနိုင်ရည်ရှိလာရင် များများ တရားရလာပြီ။

အဲဒီ ၁–၂ စကားနှစ်မျိုးလုံး ဆရာတော်တရားဟောစဉ်က တပည့်တော် မှတ်ထားသော ဆရာတော်ရဲ့ မူရင်းစကားပါပဲ ဘုရား၊ တပည့်တော် အကြိုက်ဆုံးပါပဲ ဘုရား။

မဟုတ်မခံတတ်တဲ့ တပည့်တော်က နံပါတ်၂–နဲ့ တရားရမှာပါဘုရား၊ နံပါတ် ၁–ကို တပည့်တော် မရှင်းလင်း၊ နားမလည်သေးပါဘုရား။

ဆရာတော် လက်နက်တွေ များစွာပေးထားပေမယ့် ရန်သူနဲ့၊ လက်နက်နဲ့ ကိုက်ညီမှ တရားဖြစ်မှာမို့ ဘာရန်သူတွေ ဘာအခက်အခဲတွေ လာတတ်၊ တွေ့တတ်တယ်ဆိုတာ တပည့်တော်ကို ကြိုတင်ဟောပေးပါလား ဘုရား။

နံပါတ် ၁–နဲ့၊ ၂–ဟာ အဓိပ္ပါယ်ချင်း တူညီပါသလား၊တူပါတယ်ဆိုပါက ဆရာတော် စာပြန်မရေးလည်း ရပါတယ်ဘုရား၊ ရှင်းစရာရှိမှ ပြန်ရေးပါဘုရား။

ယခုတော့ တပည့်တော် အပြောအဆို အနေအထိုင်ကို နှိမ်ချလိုက်ပါတယ်ဘုရား။ စကားကိုလည်း မလိုဘဲနှင့် မပြောတော့ပါဘုရား၊ အတတ်နိုင်ဆုံး စကားနည်းအောင် နေမိပါတယ်၊ လမ်းခရီးလည်း မသွားမဖြစ်မှပဲ သွားပါတယ်ဘုရား။

ဆရာတော်ဘုရား တပည့်တော် အခါအားလျော်စွာ ရှူရင်း၊ ပွားရင်းနဲ့ (၈–၇–၈၂)နေ့ည (၇)နာရီလောက်တွင် ခေါင်းထဲ အသိတစ်ခု ရောက်လာပါတယ်ဘုရား။

ဆရာတော် ဟောထားတဲ့ အခက်အခဲကို ကျော်လွှားပြီးမှ တရားရမယ်၊ လွယ်လွယ်နဲ့ ဘယ်ရမလဲ၊လွယ်လွယ်နဲ့ရရင် လူတိုင်း တရားရကုန်မှာပေါ့၊ ငါ ယခုတွေ့နေတာတွေဟာ အခက်အခဲတွေပဲလို့ သိလာပါတယ်ဘုရား၊ အဲဒီအခက်အခဲတွေကို ငါကျော်နိုင်မှ ငါတရားရတော့မယ်၊ မကျော်နိုင်သေးရင် အလကားဖြစ်ဦးမှာလို့ အသိတစ်ခုရောက်လာပါတယ်ဘုရား။

တပည့်တော်လည်း တွေ့ရမယ့် ပြဿနာတွေ ကျော်နိုင်ရင် ငါ တရားတစ်ဆင့် တက်ဦးမှာလို့ ထင်လာမိပါတယ်ဘုရား၊ မနှစ်က စိတ်ညစ်စရာကို ကျော်ရမှန်း၊ ကိလေသာတွေမှန်း မသိခဲ့ပါဘုရား၊ သတိမရခဲ့ပါဘုရား။ ယခုတော့ ကိလေသာတွေကို ကျော်ရမှန်း သိလာပါတယ်ဘုရား။

တပည့်တော် ရှစ်ပါးသီလ စောင့်ပါတယ်၊ဆရာတော်ပင်ပန်းသမျှ တပည့်တော် အကျိုးဖြစ်ပါတယ်ဘုရား၊ တပည့်တော် ပတ်ဝန်းကျင်မှာ အခက်အခဲကိုကျော်နိုင်ရန် အားဆေးဟာ တရားတော်ပါပဲဘုရား။

မမြင်၊ မတွေ့ချင်တဲ့သူကို တစ်နေရာတည်းမှာ နေ့တိုင်းမြင်တွေ့နေရပြီး၊ စိတ်အေး၊ စိတ်ကောင်းရှိဖို့ကလည်း ဖြည်းဖြည်းကြိုးစားယူမှပဲ ရမယ်လို့ ထင်ပါတယ်ဘုရား။

ဆရာတော် အားချိန်မရှိကြောင်း တပည့်တော် သိပါတယ်ဘုရား၊အကြောင်းရှိမှ စာပြန်ပါဘုရား၊ ဝတ္တရားအရ စာရေးစရာမလိုပါဘုရား။

ဆရာတော်ဘုရားကျန်းမာပါစေ၊
ယောဂီ (...........)

သို့
(........)
၂၅-၁၂-၈၂
ပြန်ကြားသိစေလိုက်သည်-

ပြန်စာကတော့ နောက်ကျတယ်၊အချိန်က ယခုမှရတော့ ယခုမှပဲ ပြန်လိုက်နိုင်ပါတယ်၊ တရားဘက်ခြေလှမ်းခါမှ စိတ်ရှုပ်စရာ တွေ့ရတယ်ဆိုတော့ တရားကြောင့်ပဲ စိတ်ရှုပ်စရာတွေ တွေ့ရသလိုလိုဖြစ်နေပါတယ်၊ အဲဒီလိုတော့ မထင်လိုက်ပါနှင့်။

ဒီအကြောင်းမျိုးနှင့် ပတ်သက်ပြီးတော့ ဘုန်းကြီးရေးခဲ့တဲ့ ဗုဒ္ဓဓမ္မပြဿနာထဲမှာပါပြီး ဖြစ်ပါတယ်။ အဲဒီမှာပြန်ကြည့်ပါ၊ ဘာတဲ့လဲဆိုတော့ ''ညောင်ပင်ပျိုးတော့ ပေါင်ကျိုးရ၊ ညောင်ကိုင်းချိုးတော့ ရွှေအိုးရ''ဆိုတဲ့စကားပေါ့။

လူမှာ ကံအနိမ့်အမြင့်ဆိုတာ ရှိပါတယ်၊အမှန်က အများပြောအရသာ ကံအနိမ့်အမြင့်လို့ ပြောရတာပါ။ ယခုလူတွေ ပြောနေတာဟာ ကံကိုပြောနေကြတာမဟုတ်ပါဘူး။ အကျိုးပေးကို ပြောနေကြတာပါ။

ယခု (....)မှာ စိတ်ရှုပ်စရာတွေနှင့် တွေ့ရပါသည်ဘုရားဆိုတာ အကျိုးပေး မကောင်းတာနှင့် တွေ့ရတာပေါ့၊ အကျိုးပေး မကောင်းတာဟာ အကြောင်းကံမကောင်းလို့ အကျိုးပေးမကောင်းတာမို့ ကံနိမ့်တယ်လို့ပြောတာပါ။

အမှန်က အကျိုးဝိပါက် အမည်ကို အကြောင်းကံပေါ် တင်စားပြီး ခေါ်တာပါ။ အမှန်က ကိုယ် တရားဘက် ခြေလှမ်းခါမှ ကိုယ့်အကြောင်းကံ မကောင်းမှုရဲ့ အကျိုးမကောင်းတာနှင့် လာပြီးတော့ ဆုံဆည်းမိတာသာ ဖြစ်ပါတယ်။

တကယ်လို့သာ တရားဘက်သာ ခြေမလှမ်းသေးဘူးဆိုရင် ပြဿနာတွေ စိတ်ရှုပ်စရာတွေဟာ ဒီထက်တောင် များစွာတွေ့စရာ ရှိပါတယ်။ ယခုတရားတော်ကြောင့် ဒီလောက်ပဲ တွေ့ရတာပါ။

တွေ့ရပြန်တော့လည်း တရားအထိန်းရှိထားတော့ များစွာမှလည်း သက်သာရ ခံနိုင်ရည်ရှိတယ်။ စာထဲမှာ ပါတဲ့အတိုင်း တရားအားထုတ်စဉ်က နာခဲ့ရတဲ့ တရားကို အမှတ်ရပြီး တောင်းပန်ရင် ကျေနပ်မယ်ဆိုတဲ့ စိတ်ထားသည်ပင် အတော်ကောင်းသွားပါပြီ။

အမှန်ပဲ တောင်းပန်လို့ ကျေနပ်ရင် သူတော်ကောင်းဖြစ်သွားတာပါ။မတောင်းပန်ရင် အဲဒီ မတောင်းပန်တဲ့သူဟာ သူယုတ်မာပဲ။ မတောင်းပန်နိုင်တာဟာ မာနရဲ့ အစွမ်း ဒေါသရဲ့ အစွမ်းပေါ့။

''ဒေါသရဲ့ အကျိုးတွေပေါ့ဘုရား''လို့ ဆိုတော့ ဒေါသရဲ့အပြစ်ကို မြင်သွားသလိုပါပဲ။ တကယ်တမ်းသာ ဒေါသရဲ့ အပြစ်ကိုမြင်သွားရင်တော့ (....)လည်းဒေါသ ဘယ်ဖြစ်တော့မလဲ၊ သူတစ်ပါးမှာဖြစ်တဲ့ အပြစ်ကို မြင်ပေမယ့် ကိုယ့်မှာဖြစ်တဲ့ ကိုယ့်ဒေါသရဲ့ အပြစ်ကို မြင်အောင်ကြည့်ပြီး၊ အဲဒီ ဆရာ့အပေါ်မကျေနပ်တဲ့ ဒေါသကို ခြေပစ်ပါ။

ဒေါသဆိုတာ မီးပါ၊ ဖွဲမီးနှင့် ကောက်ရိုးမီးဟာ ဘယ်မီးပိုပြီးတော့ ပူသလဲ၊ စဉ်းစားကြည့်ပါ၊ ဖွဲမီးလည်း လောင်တာပဲ၊ ကောက်ရိုးမီးလည်း လောင်တာပဲ၊ကောက်ရိုးမီးဟာ တစ်ခဏနဲ့ ငြိမ်းသွားတယ်၊ ဖွဲမီးဟာ လောင်မှန်းမသိသာဘူး၊ ဒါပေမယ့် တငွေ့ငွေ့နဲ့ပူတယ်၊ အပူဟာ ကောက်ရိုးမီးထက် ပြင်းပါတယ်။

လူသိတဲ့ ဒေါသဟာ ကောက်ရိုးမီးပမာ တစ်ခဏသာ ပူပါတယ်၊ လူမသိတဲ့ ဒေါသဟာ ဖွဲမီးပမာ ကြာရှည်ပူပါတယ်၊ ဒါကြောင့် (....)မှာ ဖြစ်နေတဲ့ လူမသိတဲ့ ဒေါသကို ပျောက်အောင်ရှုပွား၍လည်းကောင်း၊ ဒေါသရဲ့ အပြစ်များကို စဉ်းစားဆင်ခြင်၍လည်းကောင်း၊ မေတ္တာဘာဝနာများ ပွားများ၍လည်းကောင်း ပျောက်အောင် ဖျောက်ဖျက်ပစ်ပါ။

ဒီ ဒေါသတရားဟာ ဘဝများစွာ သံသရာက အမြစ်တွယ်လာတဲ့ တရားဖြစ်နေတော့ ရုတ်တရက်တော့ ဖြေဖျောက်လို့ ဘယ်မှာရမှာလဲ၊ ဒါပေမယ့် ဒေါသကို အပြစ်မြင်လာရင်၊ ဒေါသကိုကြောက်လာရင် ပျောက်အောင်လုပ်တော့မှာပဲ၊ ဒါကြောင့် ဒေါသရဲ့အပြစ်ကိုမြင်အောင် ကြည့်ပြီး အမြန်ပြေပျောက်အောင် ဖျောက်ဖျက်ပါ။

ဆဲသောဆရာကို မြင်တဲ့အခါ ရပ်ဝေးမှ မသိတဲ့ လူတစ်ယောက်ကို မြင်တွေ့ရသလိုပါပဲ ဆိုတာဟာ သိပ်ကောင်းပါတယ်၊ အဲဒီအမြင်ဟာ အမြင်မှန်ဖြစ်ပါတယ်။

အဲဒီ အမြင်မှန်ဟာ မရင့်ကျက်သေးပါ။ မရင့်ကျက်သေးခင် နောက်ထပ် ဒေါသရှိတဲ့သူအား ဒေါသဖြစ်စရာနဲ့ တွေ့တော့ ဒေါသဖြစ်တာပါ။ မရင့်ကျက်သေးလို့ ဒေါသဖြစ်တာ အမှန်ပါ၊ အဲဒီ အမြင်လည်း အမြင်မှန်ပါပဲ။

တချို့ဒေါသဖြစ်တာတောင် ငါတရားရှိတယ်၊ငါတရားရတယ်၊ ငါရင့်နေပြီ ထင်နေတဲ့ တရားသမားတွေ ရှိပါတယ်၊ အဲဒီ တရားသမားတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် တော်တယ်လို့ ဆိုရမှာပေါ့၊ မရင့်ကျက်သေးမှန်းသိရင် ရင့်ကျက်အောင် လုပ်မှာပါ၊ လုပ်လည်းလုပ်ပါဦးလို့ တိုက်တွန်းလိုက်ပါတယ်။

''တရားထူးရဖို့ရာက အခက်အခဲကိုကျော်လွှားပြီးမှ ရမှာပေါ့''ဆိုတာက ဟုတ်ပါတယ်၊ (ဟုတ်ပါတယ်) တရားအားထုတ်စဉ်မှာ တွေ့ရမယ့် အခက်အခဲဆိုတာ အနည်းနဲ့အများ ရှိပါတယ်။

အမှန်က တရားအားထုတ်တဲ့အလုပ်ဟာ အလုပ်တကာ့ အလုပ်ထဲမှာ အသက်သာဆုံးအလုပ်ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီအလုပ်ကို မလုပ်တတ်သေးခင် တွေ့ရမယ့် အခက်အခဲဆိုတာရှိပါတယ်၊ အဲဒီအခက်အခဲကလည်း လုပ်ရင်း အားထုတ်ရင်းနဲ့ပဲ သိပြီး ကျော်လွှားလွှားနိုင်ပါတယ်၊ မလုပ်ဘဲနဲ့တော့ မကျော်လွှားနိုင်ပါ၊ မလုပ်ဘဲနဲ့လည်း အခက်အခဲကို မသိနိုင်ပါ။

လောကဓံကို ခံနိုင်ရည်နှင့်ပတ်သက်၍ တရားသဘောပေါက်တဲ့အတွက် လောကဓံကို ခံနိုင်ရည်ရှိတာပါ၊ တရားသဘောနည်းနည်းပေါက်ရင် လောကဓံကို နည်းနည်းခံနိုင်ပါတယ်၊ တရားသဘော များများပေါက်ရင် များများခံနိုင်ရည်ရှိပါတယ်။

တရားသဘော လုံးဝပေါက်သွားရင် လောကဓံကို လုံးဝခံနိုင်ရည်ရှိသွားပါတယ်၊ ဒီပြဿနာတွေရဲ့ အစချီခဲ့တဲ့ နိဒါန်းကို ပြန်ပြီးတော့ကြည့်လျှင် သဘောပေါက်သွားပါလိမ့်မယ်။

ဘာရန်သူတွေ၊ ဘာအခက်အခဲတွေလဲဆိုတာ အားထုတ်ရင်း သိလာပြီး၊ ရန်သူတွေ၊ အခက်အခဲတွေလည်း ပြေပျောက်သွားပါလိမ့်မယ်။

အပြောအဆို အနေအထိုင်ကို နှိမ်ချနိုင်တာ၊ စကားကိုလည်း မလိုဘဲနှင့် မပြောတာ၊ အတတ်နိုင်ဆုံး စကားနည်းအောင် နေနိုင်တာ၊ ခရီးမသွားဘဲ နေနိုင်တာတွေဟာ တရားသဘောပေါက်လာမှုကြောင့် ရရှိတဲ့ အကျိုးတရားတွေပါ။

ဘုန်းကြီးလည်း တရားပြစဉ် ခဏခဏပြောတယ် မဟုတ်လား၊တရားအားထုတ်တာဟာ အသိဉာဏ်ရအောင် အားထုတ်တယ်ဆိုတာဟာ ကောင်းပါတယ်။ အဲဒီလို အသိဝင်လာရေးအတွက် တရားအားထုတ်တာပါ၊ အဲဒီဝင်လာတဲ့ အသိဟာလည်း အသိမှန်ပါ။

တရားအားထုတ်တာ သိအောင် အားထုတ်တာပါ၊ သိမှ ပယ်နိုင်မှာပါ၊ ပယ်နိုင်မှ ငြိမ်းအေးချမ်းသာမှုရမှာပါ၊ ယခုသိသွားတော့ ရှစ်ပါးသီလကို ဥပုသ်နေ့မဟုတ်တဲ့ ရက်မှာလည်း စောင့်နိုင်လာတာ အသိတိုးလို့ပေါ့။

တရားတော်ကို အားဆေးသဖွယ် အသုံးချတတ်သူအဖို့ မဆုတ်ယုတ်ဘဲ အမြဲတမ်း တရားတိုးတက်နိုင်ပါတယ်။ ကြိုးစားရင်၊ အပြစ်မြင်လာရင် မနေးတော့ပါ။ မြန်ပါတယ်။

ဒါကြောင့် ဒေါသဖြစ်တိုင်း၊ဖြစ်တိုင်း ဒေါသရဲ့ အပြစ်ကို ဆင်ခြင်၊မေတ္တာရဲ့အကျိုးကို ပွားများပါ၊ဒေါသ ပြေပျောက်ပြီး မေတ္တာသက်ရောက်နိုင်ပါတယ်၊ မေတ္တာမသက်ရောက်နိုင်တောင်မှ ဒေါသတော့ ပြေပျောက်သွားပါတယ်။

ဒေါသပြေပျောက်သွားမှ စိတ်အေးချမ်းသာမည်၊ စိတ်အေးချမ်းသာမှ ကိုယ်လည်း ချမ်းသာပါမည်၊ ကိုယ်စိတ်ချမ်းသာရေးအတွက် ဒေါသငြိမ်းအောင် ကျင့်ပါ။

ဘုန်းကြီးမှာ အချိန်မရှိပါ။ ဒါ့ကြောင့် (၁၀–၇–၈၂)နေ့က စာကို (၂၅–၁၂–၈၂)နေ့မှ ပြန်နိုင်တာပေါ့။ ဒီစာကို သထုံမြို့၊ ရှမ်းစုဓမ္မရိပ်သာ၌ တရားပြစဉ် ပြန်ရတဲ့စာလို့တွက်ပါ၊ တော်သေးပြီ။

ကျန်းမာပါစေ၊
ကျန်းမာစွာနှင့်
ဓမ္မဒူတ အရှင်ပညာဇောတ

- ❊ ဒေါသဆိုတာ၊မီးလိုသာ၊မှတ်ပါသေသေချာ။
- ❊ မသိလည်းပူ၊သိလည်းပူ၊အတူမီးလောင်တာ။
- ❊ လူမသိတဲ့၊ ဒေါသကွယ့်၊ လောင်ခဲ့ကိုယ့်ကိုသာ။
- ❊ ဒေါသဆိုတာ၊ ကိုယ့်ကိုသာ၊ ဦးစွာဖျက်တာပါ။
- ❊ ကိုယ့်ကိုဖျက်ဆီး၊ သူ့ဖျက်ဆီး၊ ဖျက်ဆီး ၂–ဦးသာ။
- ❊ နှစ်ဦးဖျက်မီး၊ ဒေါသကြီး၊ အငြိမ်းငြိမ်းလိုက်ပါ။

# မြွေမသေ တုတ်မကျိုး

**ရှင်အာစာရ**



(က)

အတန်အသင့် အသက်အရွယ် ရလာတော့မှပဲ နှိုင်းဆချင့်ချိန်ပြီး မျှမျှတတ အစွန်းမကျအောင် ထင်မြင်ယူဆတတ်လာပါတယ်။ငယ်ငယ်ကတော့ အမြင်အသိ အစွန်းရောက်တာတွေ လူတိုင်းလူတိုင်းရှိခဲ့တာပါ။ကိုယ့်အသိ၊ ကိုယ့်အယူအဆ လောကနဲ့ သဟဇာတဖြစ်ရဲ့လား၊

ကိုယ့်အမြင် အမြီးအမောက်တည့်ရဲ့လား။ ကိုယ်လုပ်လိုက်တာ အဓိပ္ပါယ်ရှိရဲ့လား တစ်ခါမှ မစဉ်းစားမိခဲ့ပါ။ စဉ်းစားရကောင်းမှန်းလည်း မသိခဲ့ပါ။ မှန်တယ်ထင်တာလုပ်ပြီး ကိုယ့်ဟာကိုယ် ကျေနပ်အားရ ဟန်ကျနေခဲ့တာပါ။ အစစ မရင့်ကျက်သေးတဲ့ ငယ်ဘဝက အဖြစ်အပျက်အတွေ့အကြုံတချို့ဟာ ပြန်သတိရတဲ့အခါ ရယ်စရာပါ။ တကယ့်ကို ရယ်ဖို့ကောင်းပါတယ်။ အဓိပ္ပါယ်သိပ်မရှိလှပါဘူး။ ဘာပဲဖြစ်ဖြစ်လေ အတိတ်ကို ပြန်ကြည့်တယ်ဆိုတာ အမြင်မှန် ရစေနိုင်ပါတယ်။

ပြီးခဲ့တဲ့ အဖြစ်အပျက်ကို ပြန်ပြောမယ်ကြံတော့ ကိုယ့်အတွေ့အကြုံက အကုသိုလ်မှု ဖြစ်နေပြန်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်က ကျူးလွန်မိတဲ့ အကုသိုလ်ကို မေ့ပျောက်ပယ်စွန့်ဖို့ နိကာယ်ငါးရပ်လုံးမှာ အကြိမ်များစွာ မိန့်မှာတော်မူခဲ့ပါတယ်။ သိသလောက် ပြောရရင် ပါဠိတော်မှာ လေးဆယ့်သုံးကြိမ် မှာတော်မူခဲ့ပါတယ်။ ဒါပေမယ့် အကုသိုလ်ကို စမြုံ့ပြန်တာမျိုးမဟုတ်ဘဲ အမျိုးဘာသာ သာသနာအတွက် အားကျိုးမာန်တက် ဆောင်ရွက်ကြတဲ့အခါမှာ ကလေးမဆန်မိဖို့ သတိထားနိုင်ကြအောင်၊ အလွန်ဆုံးပြောရရင် နိဗ္ဗာန်ကိုရည်သန် ကြိုးပမ်းကြရာမှာ သမ္မာဝါယာမအစစ်ဖြစ်အောင် အားထုတ်နိုင်ကြဖို့ ရည်ရွယ်ပြီး ငယ်ငယ်က မသေမသပ် ယွင်းယွင်းမှားမှား အားစိုက်မှားခဲ့မိတာကို ပြန်ပြောပါရစေ။

# ကိလေသာ အညစ်အကြေးကို အပြီးအပြတ် ပယ်ခွာနိုင်ပါလိမ့်မယ်။ အန္တရာယ်ကင်းလို့ သာသနာပွင့်ပွင့်လင်းလင်းနိုင်ပါလိမ့်မယ်။ ဝင့်မြစ်ပြတ်လို့ အအေးဓာတ် ရပါလိမ့်မယ်။

(၁)

လေးငါးနှစ်သားလောက် တုန်းကပါ။ အပေါ်ယံကိုသာ ကြည့်တတ်တဲ့ ကလေးတစ်ယောက်အနေနဲ့ မှန်းမယ်ဆိုလည်း မှန်းစရာပဲ။သူတို့ကလည်း သူတို့လေ။ မနက်မိုးလင်းတာနဲ့ ကိုယ်မနိုးခင် သူတို့က နိုးနေနှင့်ပြီ။ သူတို့နိုးမှတော့ ကိုယ်လည်း အိပ်ရာက မထချင်လို့ မရတော့။ အဆိုးဆုံးက သူတို့အသံ။ လေးပြီး မေးစင်းနေတဲ့ မျက်လုံးတွေဟာ သူတို့ဆူသံကြောင့် ပြူးကျယ်လာရတော့တယ်။ နောက်ပြီး မကျေမနပ် မကြည်မသာနဲ့ အိပ်ရာထရုံ ရှိတော့တာပါ။ အနည်းဆုံး မနက်ရှစ်နာရီလောက်ထိတော့ အိပ်လိုက်ရမှ အိပ်ရေးဝတဲ့ ကလေးတစ်ယောက်ဟာ ငါးနာရီ၊ ခြောက်နာရီလောက်မှာ အိပ်ရာထရတာဆိုတော့ မကြည်မလင် မအီမသာ ဖြစ်ပြီပေါ့။ အရင်ကတော့ မနက်ခင်းတိုင်း စိတ်ရှိလက်ရှိ အိပ်ခဲ့တာပါ။ အဲဒီတုန်းကတော့ အိမ်ခေါင်မိုးမှာ သူတို့တစ်သိုက် ရှိတာလောက်ပဲ သိခဲ့တယ်။ သူတို့ဘာသာသူတို့ သွားလာပျံသန်း အိပ်တန်းတက်၊ အိပ်တန်းဆင်း ပုံမှန်လည်ပတ်လှုပ်ရှားနေကြတာပဲ။ကိုယ့်အတွက် ဘာမျှ အနှောင့်အယှက် မဖြစ်ခဲ့။ အမှုမဲ့၊ အမှတ်မဲ့ပါပဲ။ ခုတော့ သိသိသာသာ အိပ်ရေးပျက်ရပါပြီ။

အရင်က ကိုယ်နှင့်မဆိုင်သလို နေခဲ့ပေမယ့် ခုတော့ သူတို့ကို မျက်မုန်းကျိုးနေပြီ။ သူတို့ကို ဘယ်လိုမှ ကြည့်မရတော့။ မနက်လင်းမယ် လုပ်တာနဲ့ သူတို့အသံ ကျလိကျလိကြောင့် ဆက်ပြီး အိပ်မရတော့ဘဲ အိပ်ရာက မထချင်၊ ထချင်နဲ့ ထရတယ်။ သူတို့ အသိုက်မျှင်တွေက အိမ်မှာ တိုးလိုးတွဲလောင်း။ သူတို့အသိုက်က ကျလာတဲ့ အမှိုက်တွေကို ရှင်းရလှည်းရတာကလည်း နေ့စဉ်အလုပ်တစ်ခု။ သူတို့ချေးက သူများချေးလို လွယ်လွယ်နဲ့ ရှင်းလို့လင်းလို့ မရ။ သူတို့ချေးကျတဲ့နေရာကို သုတ်သင်သန့်ရှင်းတယ်ဆိုရင် ရေပါမှရတယ်။ အဝတ်အစားဆိုရင်တော့ ဆပ်ပြာနဲ့ သေသေချာချာ တိုက်ချွတ်ရတယ်။ တစ်ခုခုပေါ်မှာ၊ တစ်နေရာရာမှာ သူတို့ ချေးယိုချထားတာ မသိလိုက်လို့ကတော့ သူတို့ချေးခြောက်က စွဲသွားပြီ။ ဆေးရကြောရ လျှော်ဖွပ်ရတာ ပိုခက်ပြီသာမှတ်။ သူတို့ကို အမြင်မကြည်လင်ပြီဆိုတော့လည်း သူတို့နဲ့ ဆက်စပ်သမျှ ဒေါပွစရာတွေချည်းပဲ ဖြစ်နေတော့တယ်။ ဒီလိုနဲ့ သူတို့အပေါ် မသိမသာ အငြိုးထားလာခဲ့မိတော့တာပေါ့။

ခရီးသွားရင်း ကားဂိတ်မှာ စာကလေးကြော်တွေ့ရင် သူတို့အပေါ်ထားတဲ့ အငြိုးနဲ့ တကျွတ်ကျွတ်ဝါးစားပစ်တယ်။ သူတို့က

တော့ ဘယ်သိမှာလဲ။ ကိုယ်ကတော့ ကိုယ့်ဟာနဲ့ကိုယ် ဟုတ်လို့။ ကျေနပ်လို့။ ဒီပြင်လည်း အငြိုးအတေး ထားပြီး သူတို့ကို ရှင်းဖို့၊သူတို့ကို ချဖို့ အမျိုးမျိုးကြိုးစားတော့တယ်။သူတစ်ပါးအသက်ကို မသတ်ရဘူးလို့ အိမ်က တင်းတင်းကြပ်ကြပ်ကွပ်ညှပ်ဆုံးမထားတာဆိုတော့ သူတို့ကို သတ်သင်ဖို့က သိပ်မလွယ်လှ။ ဒီတော့ လူကြီးတွေ မသိအောင် လေးခွတစ်စင်း ဆင်တယ်။ လူကြီးတွေ အလစ်မှာ တွေ့တဲ့အကောင်ကို ပစ်သတ်တယ်။ ဒါပေမယ့် တစ်ကောင်မှ မမှန်၊ ဘယ်အကောင်မှ မသေ။ ကိုယ်ကသာ ကြိုးစား ပမ်းစားနဲ့ သူတို့ကို သေကြောင်းကြံနေတာ၊ သူတို့ကတော့ ထိတ်လန့်ရမှန်းတောင် သိပုံမပေါ်။

ဘာပဲဖြစ်ဖြစ် ဒီကောင်တွေ ပျက်စီး ဘေးတွေ့တယ်ဆိုရင် ပြီးရော။ သူတို့ တစ်ခုခုဖြစ်အောင်တော့ လုပ်ရမယ်။ တစ်မျိုး ကြိုးစားကြည့်မိပြန်တယ်။

“ဒီကောင်တွေ တော်တော် ရှုပ်တဲ့ကောင်တွေဗျာ။

ဘာမျှလည်း အသုံးမကျဘူး။

အကုန် သတ်ပစ်တာပဲ ကောင်းတယ်။”

လူကြီးတွေကို မသိမသာ ဆွဲဆောင်ပြီး သူတို့ပျက်စီးဖို့ ကြံလိုက်တယ်။ ဒါပေမယ့် မအောင်မြင်ပါဘူး။ အမေ ...၊ ပြီးတော့ အစ်မ၊ တစ်သံတည်း ထွက်ကြတယ်။

“ဟဲ့၊ သူ့ဟာသူနေတဲ့ စာက နင့် ဘယ့်နှယ်လုပ်လို့လဲ။ ငါ့ ... တယ်၊ ဒီကောင်လေး”

အဖေ့ကိုတော့ ဘယ်လိုမျှ စည်းရုံးလို့ ရမှာမဟုတ်။ အဖေက သူ့အိပ်ရာအောက်မှာရှိတဲ့ ကြမ်းပိုးတွေကိုတောင် ဘေးမဲ့ပေးထားတာ။ ဒီစာကလေးတွေကို ဘယ်လိုနည်းနဲ့မှ သတ်မှာမဟုတ်။ ဒီကောင်တွေကို ကိုယ့်ဟာကိုယ်ပဲ ကြိုးစားသုတ်သင်ပစ်ရတော့မယ်။

လူကြီးတွေ အလစ်မှာ ဒီကောင်တွေကို ရှင်းပစ်ဖို့ အခွင့်ကောင်းပဲ။ ဟုတ်ပြီ။ လူကြီးတွေမရှိတုန်း သူတို့အသိုက်ကို ဖျက်ပစ်လိုက်ရင် ကိစ္စပြီးတာပဲ။သူတို့အသိုက်ကို ဘယ်လိုဖျက်မလဲ။ အိမ်ခေါင်မိုးမှာရှိတဲ့ စာသိုက်ကို လေးခွနဲ့ ပစ်ချလို့ မရ။ ကိုယ်ကလည်း အိမ်မိုးပေါ် မတက်နိုင်။ ဟုတ်ပြီ။ အသိုက်ကို ဝါးလုံးရှည်ရှည်နဲ့ ထိုးချရမယ်။ တွေ့ပြီ။ ဝါးလုံးတစ်ချောင်းကို မနိုင်မနင်း မပြီး စာသိုက်အောက်အထိ သယ်လာခဲ့တယ်။ ဝါးလုံးကို အားစိုက်မြှောက်ပြီး စာသိုက်ထဲကို ဝါးလုံးအဖျားဝင်သွားအောင် ဖိထိုးလိုက်တယ်။ ဝါးလုံးက စာသိုက်ထဲ တစ်ထွာလောက်ထိ ဝင်သွားတော့မှ ခပ်ကြိတ်ကြိတ်ဖိပြီး ဝါးလုံးကို လေးငါးပတ် ပွတ်လှည့်လိုက်တယ်။ ဝါးလုံးမှာ စာသိုက်အမျှင်တွေ ရစ်ပတ်ထွေးချည်လာတယ်။ ဒီတော့မှ ဝါးလုံးကို ဆောင့်ဆွဲချလိုက်ရော။ စာသိုက်တစ်အိုလုံး ဝါးလုံးထိပ်မှာ အတွဲလိုက် ပါလာတာပေါ့။ အားရဝမ်းသာပဲ ဝါးလုံးကို ဂြောင်းခနဲ မြည်အောင် လွှတ်ချလိုက်ပြီး ဝါးလုံးအဖျား စာသိုက်ပျက်ရှိရာကို အပြေးလေး သွားကြည့်လိုက်တယ်။ ဟုတ်ပြီ၊ ပျက်ပြီ။ အားရစရာပဲ။ ကွဲပြီ၊ တစ်ခုတော့ အောင်သွားပြီ။ နောက်ထပ် တစ်သိုက်၊ တစ်သိုက် ပြီးတစ်သိုက်။

ပြီးတော့မှ အစအန မကျန်အောင် စာသိုက်အပျက်အစီးတွေကို ရှင်းရတယ်။ ဝါးလုံးကို နေရာတကျ ပြန်ထားရတယ်။ အားလုံး သေသေသပ်သပ်ဖြစ်အောင် လုပ်ရတယ်။ နောက်ပြီး လူကြီးတွေရှေ့မှာတော့ ခပ်တည်တည်နေလိုက်တယ်။ စိတ်ထဲမှာ ရှင်းနေတာပဲ။ တစ်နေ့လုံး အားရကျေနပ်ခဲ့ပြီး နောက်တစ်နေ့ မနက် အေးအေးဆေးဆေး အိပ်ရတော့မယ်ဆိုတဲ့ စိတ်ကူးနဲ့ အိပ်ရာဝင်ခဲ့တယ်။

(၇)

နောက်တစ်နေ့ မိုးလင်းတော့ နိုးထလာရတာ ကြည်ကြည်လင်လင် ဖြစ်နေပေမယ့် အိပ်ရာက နိုးတာနဲ့ အံ့ဩသွားရတယ်။ အရင်နေ့တွေက သူတို့အသံကြောင့် လန့်နိုးရတာ။ ဒီနေ့တော့ အိပ်ရာက နိုးပြီးမှ သူတို့အသံကို ကြားရတယ်။ သူတို့ မရှိတော့ဘူးလို့ ထင်ထားခဲ့တာပါ။ အိပ်ရေးဝနေပေမယ့် နာရီကြည့်လိုက်တော့ ခါတိုင်းနိုးနေကျအချိန် ငါးနာရီခွဲတိတိဖြစ်နေလို့ အံ့ဩရတယ်။ သူတို့ဆူသံကြားရတော့ ပိုပြီးအံ့ဩရတယ်။ နောက်ပြီး ဒေါသဖြစ်ရတယ်။ သူတို့အသိုက်မရှိမှတော့ သူတို့လည်း ပြေးပြီလို့ ထင်ခဲ့တာ။ တကယ်ကျတော့ သူတို့က ဘယ်မှ မသွားပါဘူး။မနေ့မနက်ကပဲ သူတို့အသိုက်ကို ကိုယ်ကိုယ်တိုင် ဝါးလုံးနဲ့ ထိုးလိမ်ဆွဲချခဲ့တာ အခု သူတို့က အသိုက်ပြန်ဆောက်ပြီးနေပြန်ပြီ။ ဘယ်အချိန်မှာ ဘယ်လို လုပ်လိုက်တယ်မသိ။ တယ်မြန်ပါလား။ တယ်ကျွမ်းပါလား။ တယ်ခက်ပါ

လား။ဒီအရှုပ်ကို ဘယ်လိုရှင်းရမလဲ။ ဒီစာစုတ်တွေကို ဘယ်လိုနှိမ်နင်းရမလဲ။ခုတော့ ဘာမျှမကြံတတ်သေး။ နေနှင့်ကြဦးပေါ့။

(ဃ)

အတန်အသင့် အရွယ်ရလာတော့၊ အခြေအမြစ်မရှိ၊အဓိပ္ပါယ်မရှိတာတွေ လျှောက်လုပ်ပြီး ကလေးဆန်နေကြတာကို တွေ့ရတော့ ငယ်ငယ်က မပိမရှိနဲ့ တစ်ကိုယ်တော်စာကလေးနှိမ်နင်းရေးလုပ်ခဲ့တာကို သတိရမိပါတယ်။ ပြုံးမိပါသေးတယ်။

သာသနာအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာတောင် အဓိပ္ပါယ်သိပ်မရှိတာတွေ ပါနေတတ်သေးတယ်။ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားဖို့ အားသွန်ကြတဲ့အခါ ခုတ်ရာတခြား၊ ရှရာတခြား ဖြစ်နေတတ်ပါသေးတယ်။ ဗုဒ္ဓဘာသာဝင်တွေရဲ့ အမြင့်ဆုံး ရည်မှန်းချက်ဖြစ်တဲ့ နိဗ္ဗာန်ရဖို့ ကိလေသာ ရန်သူတွေကို သုတ်သင်ရာမှာလည်း ဒီအတိုင်းပဲပေါ့။

သာသနာအတွက်လို့ ရည်ရွယ်ထားရင် ဘာပဲလုပ်လုပ် ဦးတည်ချက်ကတော့ မှန်နေပါပြီ။ ရည်ရွယ်တာ ကောင်းပေမယ့် ဆင်ခြင်နှိုင်းချိန်မှုမဲ့ရင် လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ ကိုးရိုးကားရားနဲ့ လူအထင်သေးစရာ၊ လူရယ်စရာ ဖြစ်နေတတ်ပါသေးတယ်။

သာသနာအတွက် အသက်စွန့်နိုင်တယ်ဆိုတဲ့ သာသနာပြုပုဂ္ဂိုလ်မြတ်တွေ၊ သာသနာ့ဝန်ထမ်းတွေကို တွေ့ရတဲ့အခါ ကျေနပ်အားရကြည်ညိုမိပါတယ်။ သာသနာတော်ကို ထိပါးတဲ့ ဘယ်လိုအနှောင့်အယှက်မဆို ရင်ဆိုင် သုတ်သင်ဝံ့တဲ့ သာသနာ့အာဇာနည်တွေကို တွေ့ရတဲ့အခါ လေးစားအားကျမိပါတယ်။သာသနာဝင်တိုင်း သာသနာတော်ကို ချစ်မြတ်နိုးကြရမယ် မဟုတ်လား။ သာသနာအတွက် အန္တရာယ် ကျရောက်လာရင် ရှင်းပစ်ဖို့ သာသနာဝင်တိုင်းမှာ တာဝန်ရှိပါတယ်။ ဒါပေမယ့် ကျရောက်လာတဲ့ အန္တရာယ်ကို သုတ်သင်ရာမှာ သာသနာချစ်စိတ် တစ်ခုတည်းနဲ့ မအောင်မြင်နိုင်ပါဘူး။ပညာ၊ သုတ၊ နှိုင်းဆချင့်ချိန်မှု၊ ရှေ့နောက်ထောက်ဆမှုရှိမှ ထိရောက်အောင်မြင်နိုင်ပါတယ်။ သာသနာ့အန္တရာယ်ကို ပယ်ရှင်းရာမှာ သာသနာကို ထိပါးစော်ကားရကောင်းလားဆိုပြီး ဝုန်းဒိုင်းကျဲတဲ့စိတ်နဲ့ စာပေါင်းသိုက် ဖျက်သလိုလုပ်လို့ မရပါဘူး။ နိဗ္ဗာန်အငြိမ်းဓာတ်ကို ခံစားနိုင်ဖို့ မြင့်မြတ်တဲ့ ဘာဝနာအလုပ် အားထုတ်တဲ့အခါမှာလည်း ဆရာများလို့ နည်းလမ်းအများကို ကျင့်သုံးမိရင် အကျိုးယုတ်ရပါလိမ့်မယ်။

အတွေ့အကြုံ နှိုင်းဆချင့်ချိန်မှုနဲ့ မှန်ကန်တဲ့ နည်းလမ်းမပါဘဲ သာသနာကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ သာသနာ့ရန်ကို နှိပ်ကွပ်နေလို့၊ နိဗ္ဗာန်လိုချင်စိတ် တစ်ခုတည်းနဲ့ သံသရာဝဋ္ဋမြစ် ကိလေသာတွေကို သုတ်သင်ဖို့ ကြိုးစားနေကြလို့ကတော့ သောင်မတင်ရေမကျ အကျိုးမပြီး အချည်းအနှီးပဲဖြစ်နေပါလိမ့်မယ်။

သာသနာတော် ဂုဏ်ရှိန်မြင့်လာအောင်ဆိုပြီး သာသနာ့အညစ်အကြေးကို သုတ်သင်ဖယ်ရှားပစ်တဲ့အခါမှာ ပညာသားပါပါ မဆောင်ရွက်နိုင်လို့ တောင်မရောက်၊ မြောက်မရောက် ခွကျရတာတွေရှိပါတယ်။ ဝဋ္ဋမြစ်ငြိမ်းဖို့ စိတ်မှာထင်တဲ့ ကိလေသာအညစ်အကြေးကို ဖယ်ရှားကြတဲ့နေရာမှာလည်း နည်းစနစ် မမှန်လို့ မတင်မကျ မပေါက်မရောက် ဖြစ်ရတာတွေ ရှိပါတယ်။

ဘယ်လို အခြေအနေမျိုးမှာပဲဖြစ်ဖြစ် အန္တရာယ်အညစ်အကြေးကို သုတ်သင်ရာမှာ အန္တရာယ်ရင်းမြစ်ကို မြင်အောင် ကြည့်နိုင်ဖို့ လိုပါတယ်။ သူတို့အကြောင်း၊ သူတို့သဘာဝကို ထဲထဲဝင်ဝင် သိပါမှ သာသနာ့ဘေးရန်တွေကို အမြစ်ပြုတ်သုတ်သင်နိုင်ပါလိမ့်မယ်။ကိလေသာအညစ်အကြေးကို အပြီးအပြတ် ပယ်ခွာနိုင်ပါလိမ့်မယ်။ အန္တရာယ်ကင်းလို့ သာသနာပွင့်လင်းနိုင်ပါလိမ့်မယ်။ ဝဋ္ဋမြစ်ပြတ်လို့ အေးဓာတ် ရပါလိမ့်မယ်။

တာဝန်သိသိနဲ့ သာသနာတော်ကို မြတ်နိုးလေးစားကြဖို့၊ သာသနာ့ အန္တရာယ်ကို သတိနဲ့ စောင့်ကြည့်ပြီး စနစ်တကျ သုတ်သင်ရှင်းလင်းကြဖို့၊ နိဗ္ဗာန်ရရေး အမြင့်ဆုံး လုပ်ငန်းဆောင်ရွက်ရာမှာ နည်းလမ်းမှန်မှန်နဲ့ အားသွန်ကြိုးစားကြဖို့ သာသနာဝင်အားလုံးကို သတိပေးချင်ပါတယ်။ အထူးသဖြင့် သာသနာ့အန္တရာယ်ကို သုတ်သင်နှိမ်နင်းရာမှာ ထိရောက်အောင်မြင်မှုရရှိဖို့ ပညာ၊ သတိကြီးကြီးနဲ့ ဘက်စုံကြည့်ပြီး လှုပ်ရှားဆောင်ရွက်ကြပါစို့လို့ ညီတော်နောင်တော် သာသနာ့ဝန်ထမ်း ရှင်ရဟန်းအားလုံးကို လျှောက်ထားလိုက်ပါရစေ။

■ ရှင်အာစာရ

# ကလေးမြို့ မဟာဝိသုဒ္ဓါရုံ နှစ်(၂၀)ပြည့်ခရီး

**သင်းသင်းပျံ့**



ယောဆရာတော်ကြီးမှ စာအောင်ဆု ချီးမြှင့်နေစဉ်

၁၃၆၅–ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၈)ရက် (၁၆–၁၁–၀၃) နေ့သည်ကား သာသနာတော်အတွက် ထူးမြတ်လှသောနေ့တစ်နေ့ ဖြစ်ပါသည်။ ကလေးမြို့၊ မဟာဝိသုဒ္ဓါရုံ ပရိယတ္တိကျောင်းတော်ကြီးရှိ စာအောင် သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပသည့်နေ့၊ မဟာဝိသုဒ္ဓါရုံကျောင်းတော်ကြီး နှစ်(၂၀) ပြည့်သည့် အထိမ်းအမှတ်အဖြစ် ဓမ္မသဘင် ဆင်ယင်ပူဇော်ကြသည့်နေ့ ဖြစ်သောကြောင့်တည်း။

ထိုနေ့တွင် ကျွန်မသည် မဟာဝိသုဒ္ဓါရုံတွင် ကုသိုလ်ပွဲကြီးသို့ ပူဇော်ခွင့်ရရှိခဲ့ပါ၏။

နံနက် (၉)နာရီခွဲမှ (၁၁) နာရီထိ ၁၃၆၃–၆၄ ပါဠိ–မြန်မာ စာမေးပွဲများ၌ အောင်မြင်ခဲ့သူများကို ယောဆရာတော်ကြီးက ဆုချီးမြှင့်ပွဲကို ကျင်းပသည်။

ဦးစွာ 'နမောတဿ' (၃) ကြိမ် ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်

ပြီး၊ ‘သက်တော်ရှည် ထိုမာဆရာတော်ကြီး’က ၈–ပါးသီလပေးပါသည်။ ကျောင်းတိုက် ဂေါပကအဖွဲ့ ဒုဥက္ကဋ္ဌ ဦးတင်ဦးက စာအောင်သံဃာတော်များကို ဆုချီးမြှင့်ခဲ့သည်မှာ (၁၄) ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ယခုလည်း အငယ်တန်းအောင် (၂၀၀၀) ကျပ်၊ အလတ်တန်းအောင် (၃၀၀၀) ကျပ်၊ အကြီးတန်းအောင် (၅၀၀၀) ကျပ်၊ ဓမ္မာစရိယ စာချတန်းအောင် (၁၀၀၀၀)ကျပ်နှင့် တိုက်အုပ်၊ စာချဆရာတော်များအား (၁၀၀၀၀)ကျပ်စီ လှူဒါန်းပါကြောင်း လျှောက်တင်ပါသည်။

ထို့နောက် ဒေါပုံဆရာတော်ကြီးက ‘တိုးတက်ရမည်’ ဩဝါဒကို ချီးမြှင့်ရာ ‘‘ရဟန်းသံဃာများသည် ဓူရနှစ်ပါး ကျင့်ကြံကြိုးကုတ်ရမည်ဖြစ်သည်နှင့်အညီ စာအောင်သံဃာများများလာတာ၊ တိုးတက်တာဖြစ်ကြောင်း၊ သိက္ခာ(၃)ရပ် (သီလ၊ သမာဓိ၊ ပညာ)တိုးတက်ရမည်ဖြစ်ကြောင်း၊ ပျင်းရိခြင်း (၆)ပါးနဲ့နေရင် စားဝတ်နေရေး ခက်ခဲမှာဖြစ်ကြောင်း၊ ဗုဒ္ဓ (၄)မျိုးရှိရာ သမ္မာသမ္ဗုဒ္ဓဗုဒ္ဓ (ကျင့်သိ)၊ ပစ္စေကဗုဒ္ဓ (ဆရာမရှိမိမိကိုယ်တိုင်သိသော်လည်း ပြန်မဟောနိုင်)၊ စတုသစ္စာဗုဒ္ဓ (ရဟန္တာ)နှင့် သုတဗုဒ္ဓ (အောင်ပွဲဆင့်ရ)တို့ဖြစ်ကြောင်း၊ သုတဗုဒ္ဓတိုးတက်ခြင်းသည် သီလ၊ သမာဓိ၊ ပညာ တိုးတက်တာဖြစ်ကြောင်း၊ သုတဗုဒ္ဓကို ပူဇော်ရင် တရားကို ပူဇော်တာရောက်ကြောင်း၊သဒ္ဓါ၊ ပညာ၊ဝီရိယ ညီညာစွာ ပူဇော်ကြပါ’’ဟု ဩဝါဒပေးပါသည်။

ပြီးနောက် ယော ဆရာတော်ကိုယ်တိုင် စာအောင်သံဃာတော်များကို ဆုချီးမြှင့်ပြီး၊ ဒကာ၊ ဒကာမများက တန်းစီကြွလာသော စာအောင်သံဃာတော်များ၊သီလရှင်ဆရာလေးများကို လှူဖွယ်ဝတ္ထုများ ဝမ်းပန်းတသာ ဆက်ကပ် လောင်းလှူကြပါသည်။

ယောဆရာတော်က ‘သာဓု (၃)ပါး မြတ်တရား’ (အကောင်း၃–ပါးမြတ်တရား)ခေါင်းစဉ်ဖြင့် ရေစက်ချ တရားဟောကြားတော်မူရာ–

‘‘အကောင်းက တိုတိုလေး။ သာဓု၊ သာဓု၊ သာဓု။ သာဓုနှင့်စပြီး၊ သာဓုနှင့်ဆုံးတယ်။ သာဓုဆိုတာ (ပါဠိ)၊ သူတော်ကောင်း၊ ကောင်းတယ်၊ ချီးကျူးဝမ်းမြောက်ပါတယ်လို့ အဓိပ္ပါယ်ရတယ်။ ကောင်းမြတ်တဲ့ စိတ်ထားနဲ့ လုပ်နေတာဖြစ်လို့ သာဓု။ ဟန်လေးနဲ့ လုပ်ခဲ့တာ တစ်ခုမျှ မပါဘူး။ တကယ်လုပ်ပြီး အနစ်နာခံတာနဲ့ သူများတွေ အများကြီးချမ်းသာမှာ။ ကိုယ်ဆင်းရဲသော်လည်း စိတ်က လုံးဝချမ်းသာတယ်။ အကြောင်းကောင်းရင် အကျိုးကောင်းပြီပေါ့။ မြတ်ဗုဒ္ဓဟာ ရဲရဲရင့်ရင့်နဲ့ သာသနာကို တည်ထောင်ခဲ့တာ’’

‘‘လွန်ခဲ့တဲ့နေ့က ဘုန်းကြီးဘုရား၊ နှစ်လုံးထီနံပါတ်ပေးသလားဘုရားလို့ ဒကာမအချို့က လျှောက်ကြလို့ ဆရာတော်က ‘ဟာ နှစ်လုံးထီ နံပါတ်တော့ မပေးနိုင်ဘူး၊၃–လုံးထီတော့ ပေးတယ်ဗျ။ သာသနာနဲ့ တွေ့တဲ့အခါ မသေချာတဲ့အလုပ် မပေးနိုင်၊ သေချာပေါက်လမ်းကနေသွားကြ၊ သေချာတာနဲ့လုပ်၊ ၃–လုံးထီဆိုတာ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ။ သေချာပေါက်တယ်။ စားဝတ်နေရေးလည်း ပြေလည်စေတယ်။ ဒါန၊ သီလ၊ ဘာဝနာနဲ့ ယုံယုံကြည်ကြည်နဲ့ထိုး၊ သေချာပေါက် ပေါက်တာ။ အလုံးစုံအားကိုးရတယ်။ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ စလယ်ဆုံးကောင်းခြင်း၊ ကိုယ်နှုတ်ထိန်း(သီလ)၊ စည်းကမ်းထိန်း (သမာဓိ)၊ ပညာ၊ ကံ၊ ဉာဏ်၊ ဝီရိယ ကောင်းအောင်လုပ်လို့ ပြောလိုက်တာ။ သူတို့တောင်းတဲ့ နံပါတ်နဲ့ မကိုက်ညီလို့ ထင်ပါရဲ့။ အဲဒီ ဒကာမအဖွဲ့ တဝါးဝါးရယ်ပြီး၊ ထပြန်သွားကြတယ်’’ဟု ဟောကြားဆုံးမတော်မူပါသည်။

ဆရာတော်က သာသနာပြုခွန်အား(၃)ခုမှာ (သဒ္ဓါ၊ မေတ္တာ၊ ပညာ) ဖြစ်ကြောင်း၊ (၁) ဒကာ၊ ဒကာမများ၏ ကောင်းခြင်း၊ (၂) စာချဆရာတော်များရဲ့ ကောင်းခြင်း၊ (၃) စာသင်သားများ ကောင်းခြင်းတို့ ဖြစ်ကြောင်းလည်း မိန့်တော်မူပါသည်။

နံနက်(၁၁)နာရီတွင် သံဃာတော်များကို ဆွမ်းကပ်၏။ ဧည့်ပရိသတ်များကိုလည်း နံနက်စာ ထမင်းဖြင့် လိုလေသေးမရှိ ဧည့်ခံပါသည်။

## နှစ်(၂၀)ပြည့် ပူဇော်ပွဲ

နေ့လယ် (၁)နာရီခွဲတွင် မဟာဝိသုဒ္ဓါရုံနှစ်(၂၀)ပြည့် ပူဇော်ပွဲကို ဆက်လက်ကျင်းပပါသည်။ ဤတွင် လေယာဉ်ဖြင့် ချက်ချင်းကြွလာသော မန္တလေးမဟာဝိသုဒ္ဓါရုံ ‘သံတော်ဆင့်ဆရာတော်ကြီး’က ဩဝါဒချီးမြှင့်တော်မူရာ–

‘‘ဒီလို စာသင်တိုက်ကြီးပေါ်လာတာ ဝမ်းသာလို့ ကြွလာတာ။ အနှစ်(၂၀)ပြည့်ပြီဆိုတော့ ရှင်သာမဏေဆိုရင် ရဟန်းခံနိုင်ပြီပေါ့’’

''ကိုယ့်ကိုယ်ကိုသာ သီလ၊ သမာဓိ၊ ပညာ ထိန်းသိမ်းနေရင် အားလုံးကို ထိန်းရာရောက်တယ်။ ဒါ့ကြောင့် မိမိကိုယ်ကို စောင့်ရှောက်ပါ။ ဘာမျှမဖြစ်ဘူး။ တန်ပြန်ရင် ရန်ဖြစ်ရော''ဟု ဩဝါဒပေးပါသည်။

ဆရာတော်ကြီးသည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ညီညွတ်စွာ နေကြရန်ကို အထူးဟောကြားတော်မူပါသည်။

ဆရာတော်ကြီးဩဝါဒအပြီးတွင် တိုင်းလ/ထ ပညာရေးမှူး(ငြိမ်း) ဦးစန်းလှိုင်က ကလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၏ သမိုင်းကို လျှောက်ထားပါသည်။

## မဟာဝိသုဒ္ဓါရုံသမိုင်းအကျဉ်း

၁၃၄၀-ပြည့်နှစ်က ဗောဓိဆရာတော်သည် ကလေးမြို့၊ ဂန့်ဂေါ၊ ကလေးဝ၊ တမူးမြို့နယ်များသို့ ပရိယတ္တိသာသနာတော် ပြန့်ပွားရေးအတွက် ဒါယကာကြီး ဦးစောဖေအား တိုက်တွန်းလှုံ့ဆော်၍ သာသနာတော်ကို အားပေးချီးမြှင့်ခဲ့သည်။ ထို ဒါယကာကြီးသည် ဗောဓိဆရာတော်၊ မဟာဝိဇ္ဇာလင်္ကာရဆရာတော်နှင့် ထိုမာဆရာတော်တို့၏ ဩဝါဒကို ခံယူလျက် စာသင်သား ရဟန်းတော်များအတွက် သင်္ကန်း၊ ဆွမ်း၊ ဆေးတို့ပြည့်စုံစေရန် ဦးဆောင်ခဲ့သည်။

၁၃၄၅-ခုနှစ်တွင် အဆိုပါဆရာတော်ကြီး(၃)ပါး၏ အစီအမံဖြင့် ရန်ကုန်မြို့၊ ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်သစ်မှဆရာတော်ဦးကောဏ္ဍညနှင့် တိပိဋကရေ(ယော)ဆရာတော်တို့အား လျှောက်ထားပင့်လျက် ပရိယတ္တိသာသနာတော် အရှည်ခံ့၍ တည်တံ့စေရန် တည်ထောင်ခဲ့ကြသည်။

၁၃၄၅-ခုမှ ယနေ့ထိ ကလေးမြို့ မဟာဝိသုဒ္ဓါရုံစာသင်တိုက်တွင် ယောဆရာတော်(ဩဝါဒါစရိယဆရာတော်)၊ အရှင်တေဇဝန္တ (နာယကဆရာတော်)နှင့် အရှင်ဉာဏဗလအပါအဝင် စာချဆရာတော်(၇)ပါးတို့သည် ရန်ကုန်၊ဗဟန်း ဝိသုဒ္ဓါရုံတိုက်သစ်၏ စည်းကမ်းအတိုင်း အုပ်ချုပ်လျက် ပရိယတ္တိသာသနာတော်ကို စောင့်ရှောက်တော်မူလျက်ရှိသည်။ တည်ထောင်စ (၂)နှစ်အတွင်း၌သာ ရဟန်းသာမဏေ တစ်ရာအောက် လျော့သော်လည်း လွန်ခဲ့သည့် (၁၈)နှစ်မှစ၍ နှစ်စဉ် ရဟန်းသာမဏေ တစ်ရာကျော်ဖြင့် စာသင်စာချနေ့ညမပြတ် အားထုတ်ဆောင်ရွက်တော်မူလျက်ရှိသည်။

ဤကျောင်းတိုက်တည်စမှ ယခုနှစ်ထိ (၁၉)နှစ်တွင်း မူလတန်းအောင် (၂၇၂)ပါး၊ အငယ်တန်းအောင် (၁၈၁)ပါး၊ အလတ်တန်းအောင် (၉၁)ပါး၊ အကြီးတန်းအောင် (၃၆)ပါး၊ ဓမ္မာစရိယစာချတန်းအောင် (၈)ပါး၊ စုစုပေါင်း (၅၈၈)ပါး ထွန်းပေါက်ခဲ့ပြီးဖြစ်ပါသည်။ စွမ်းရည်ပြည့်သော စာသင်သားများစွာ ပေါ်ထွန်းအောင်လည်း ဆက်လက်ကြိုးပမ်းလျက်ရှိ၏။

အစီအစဉ်အရ ဂေါပကအဖွဲ့ဝင် ဦးသန်းကျော်က ကျောင်းတိုက်ဂေါပကအဖွဲ့၊ ဖွဲ့စည်းပုံကို တင်ပြလျှောက်ထားခြင်း၊ စာရင်းအင်းနှင့် ဘဏ္ဍာရေးအဖွဲ့ဝင် ဦးပြားက လှူဒါန်းငွေများနှင့် ကျောင်းတိုက်အတွက် အသုံးပြုငွေများ စသည့် ဘဏ္ဍာရေးရှင်းတမ်း ဖတ်ကြားခြင်းများ ဆောင်ရွက်ကြပါသည်။

ထို့နောက် ယောဆရာတော်က အနုမောဒနာတရား ဟောကြားကာ အခမ်းအနား ရုပ်သိမ်းလိုက်ပါသည်။ ယောဆရာတော်၏ တရားတော်မှ-

''လောကတွင်းမှာ အရာရာ
ရပ်တာဘာမျှမရှိကြ၊
- စိတ်မပါလည်း မရပ်ဘဲ အမြဲ
ရေတွက်ရ၊
- စွမ်းအားမပါ ရေတွက်ရာ
လွန်စွာ ကြောက်လန့်ရ၊
- စွမ်းအားပြည့်ကာ ရေတွက်ရာ
ကောင်းစွာအားရှိလှ၊
- အချိန်တန်ဖိုး လူ့တန်ခိုး
ကောင်းကျိုးအနန္တ၊
- စာသင်တိုက်စွမ်း အံ့မခန်း
ထူးခြားအောင်မြင်ရ၊
- ကောင်းတာကိုပြု ကောင်းရာစု
သာဓုခေါ်ထိုက်လှ''

ဆိုသည့် အကျဉ်းချုပ်ဆောင်ပုဒ်လေးကို ကျွန်မစိတ်ထဲမှ လိုက်၍ ရွတ်ဆိုလိုက်မိပါသည်။

ကျွန်မသည် ပကာသနမဖက် ဓမ္မသက်သက် ကုသိုလ်တရားတို့ လွှမ်းခြုံနေသော နှစ်(၂၀)ပြည့် မဟာဝိသုဒ္ဓါရုံ စာသင်တိုက်ကြီး၏ ဖြောင့်ဖြူးသာယာသော လမ်းခရီးအတွက် အမြဲတမ်း ဝမ်းမြောက်ဂုဏ်ယူနေမိပါတော့သည်။

(ကလေးမြို့ မဟာဝိသုဒ္ဓါရုံ နှစ်၂၀-ပြည့်မှသည် ကမ္ဘာတည်သရွေ့ ပရိယတ္တိသာသနာတော်ကို ထမ်းရွက်နိုင်ပါစေသတည်း)

■ သင်းသင်းပျံ့(ကလေးမြို့)

# အနာဂါမ်ဆရာသက်ကြီး၏ လက်ဦးဆရာ

# ဝိပဿနာဆရာကြီး ဦးညွန့်

## မုံရွာမီဒီယာ

အနာဂါမ်ဆရာသက်ကြီး၏ မူလလက်ဦး ပထမဆရာမှာ ဝိပဿနာဆရာကြီး ဦးညွန့်ဖြစ်ပါသည်။ ဝိပဿနာဆရာကြီး ဦးညွန့်သည် မုံရွာခရိုင် ချင်းတွင်းမြစ်အနောက်ဘက် ယင်းမာပင်မြို့နယ်၊ ဖိုးဝန်းတောင် ကွင်းစင်တိုင်ဘုရားအနီး ပိန္နဲချောင်တွင် ဝိပဿနာတရားများဟောကြားပြသ ဆိုဆုံးမနေသော လူသူတော်ကြီးတစ်ဦးဖြစ်ပါသည်။ဝိပဿနာဆရာကြီး ဦးညွန့်သည် လူပြန်တော်တစ်ဦးဖြစ်ပြီး ပရိယတ်၊ ပဋိပတ် ကျွမ်းကျင်လိမ္မာသော စာတတ်ပေတတ် ပုဂ္ဂိုလ်ကြီးလည်း ဖြစ်ပါသည်။ ဆရာကြီးဦးညွန့်သည် လယ်တီဆရာတော်ဘုရားကြီးအောက် (၅)နှစ်ငယ်ပြီး လယ်တီဆရာတော်ဘုရားကြီးနှင့် တရားဆွေးနွေးဖက် ကလျာဏမိတ္တသမ္ပဒါတစ်ဦးဖြစ်ပါသည်။

လယ်တီဆရာတော်ဘုရားကြီးနှင့် ဝိပဿနာဆရာကြီးဦးညွန့် တရားဆွေးနွေးကြစဉ် ဘုရားဟော ပါဠိအဋ္ဌကထာ ဋီကာတို့ ငြင်းကြခုံကြသော အခါများတွင် လယ်တီဆရာတော်ဘုရားကြီးကတောင် စိတ်ဆိုးသေးဟု ယနေ့သက်ရှိထင်ရှား လယ်တီဆရာတော်ဘုရားကြီး၏ ပရိယတ်၊ ပဋိပတ် အားထုတ်သွားရာ ဘူမိနက်သန် အောင်မြေ ရွှေတောင်ဦးတောင် မင်္ဂလ်ရိပ်သာတွင် သီတင်းသုံးတော်မူသော မုံရွာမြို့ မဟာဇောတိကပါဠိတက္ကသိုလ်တိုက်ထွက် မင်္ဂလ်ရိပ်သာဆရာတော် ဦးဝါယမ အမိန့်ရှိတာ ကြားနာရဖူးပါသည်။ ယင်းစကားသည်လည်း မင်္ဂလ်ရိပ်သာဆရာတော် ဦးဝါယမတို့ ကိုရင်သာသာ ရဟန်းငယ်ဘဝက ဝိပဿနာဆရာကြီး ဦးညွန့်တို့ မွေးဖွားရာ ဇာတိ ပဒတ္တိုင်းရွာ (မလဲသာပဒတ္တိုင်း) မိုးထိကျောင်းဆရာတော်ကြီးထံမှ ကြားနာမှတ်သားခဲ့ရဖူးကြောင်း မင်္ဂလ်ဆရာတော်ဘုရားကြီးက စာရေးသူအား အမိန့်ရှိပါသည်။ ယနေ့ ရွှေတောင်ဦးတောင် မင်္ဂလ်ဆရာတော်ဘုရားကြီး ဦးဝါယမမှာ သက်တော်(၉၀)ရှိနေပါသည်။

ဝိပဿနာဆရာကြီး ဦးညွန့်သည် လယ်တီဆရာတော်ဘုရားကြီးကဲ့သို့ (စာတွေ့၊ ငါတွေ့) ဝိပဿနာတရားများ အားထုတ်ပြီး ပရိယတ်၊ ပဋိပတ် စွယ်စုံရလူသူတော်စင်ကြီး ဖြစ်ကြောင်းလည်း သိရှိရပါသည်။ ဆရာကြီးဦးညွန့်သည် ယနေ့ ရွှေတောင်ဦးတောင် မင်္ဂလ်ရိပ်သာမင်္ဂလ်ဆရာတော်ဘုရားကြီး ဟောပြောပို့ချနေသော ''ပညာနေတ္တိဝိပဿနာကျမ်း''ကိုလည်း ပြုစုရေးသားခဲ့ပါသည်။ ဝိပဿနာဆရာကြီး ဦးညွန့်သည် ''ပညာနေတ္တိဝိပဿနာကျမ်း''ကြီးကို မန္တလေးမြို့ ဘုရားဖူးသွားရာမှာ ကဥ္စဏမဟီရပ်ကွက်မှာ တည်းခိုပြီး မန္တလေးသာဝကများအား တရားဟော တရားပြလုပ်နေရာမှ သာဝကများ၏ တောင်းပန်မှုကြောင့် ''ပညာနေတ္တိဝိပဿနာကျမ်း''ကြီးဖြစ်ပေါ်လာပုံကို ထိုကျမ်းကြီး၏ နိဂုံးမှာ ''အဟံ၊ အကျွန်ုပ်သည်။ ရတနာပုဏ္ဏ မန္တလံ၊ ရတနာပုဉ် အမြတ်စုံ၍ သင်းထုံပျံ့မွှေး၊ မန္တလေးဟု မည်တွင်သတတ် ခေါ်ဝေါ်အပ်သောပညတ်အမည်လည်း ရှိထသော။ နာဂရံ၊ မွေထုံသကတ်ဂုဏ်ဒြပ်နှင့် မင်းမြတ်စံပျော် ရွှေမြို့တော်သို့။ မဟာမုနိ



**အနာဂါမ်ဆရာသက်ကြီး၏ လက်ဦးဆရာ**

**ဝိပဿနာဆရာကြီး ဦးညွှန့်**

အာဒိစေတိယံ၊ မဟာမြတ်မုနိ အစရှိသော ဓာတု၊ ဥဒ္ဒိဿ၊ ဓမ္မ၊ ပရိဘောဂ လေးဝသော စေတီအပေါင်းကို။ ဝန္ဒတ္တံ–ဝန္ဒတ္ထာယ၊ တုပ်ကွ ရိုကျိုးရှိခိုးပူဇော် ဖူးမြော်ခြင်း အကျိုးငှာ။ အာဂစ္ဆ၊ လာလတ်၍ဟု 'မန္တလေးဘုရားဖူးခရီး ကို ဖွဲ့ဆိုထားပါသည်။

ဝိပဿနာဆရာကြီး ဦးညွှန့် မန္တလေးမြို့ကဋ္ဌကာ မဟီရပ် တရားဟောတရားပြ လုပ်နေစဉ် တပည့်သာဝက များဖြစ်ကြသော ဝန်စာရေးမင်း ဦးမြခဲ၊ ဘုရားဒကာကြီး ဦးတင့်၊ ပန်းထိမ်ဆရာ ကိုဆင်၊ ကျောက်စိမ်းဆရာ ကိုမောင်ကြီး၊ စာရေးကြီး ကိုပျံ၊ စာရေးဆရာ ကိုမောင် ကြီး၊ ဆရာမြ၊ ဆရာနက်၊ ဆရာ ကိုဘကလေး အစရှိ ကုန်သော တပည့်သာဝကအပေါင်းတို့က ပညာနေတ္တိ ဝိပဿနာကျမ်းကြီး ရေးသားရန် တောင်းပန်လာကြပုံကို ''သန္တာ နိဗ္ဗာန သေီတာ၊ အသမတ္ထာဝ ဒဿနံ။ တဿွာ မေ တေဟိ ယာစေန၊ အယံဝန္နော သုလိက္ခိတော''ဆို သော ပတျာဝတ္တဂါထာဖြင့် နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာကို။ သေီတာ၊ ရှာမှီးကြကုန်သော။ သန္တာ၊ ဝန်စာရေးမင်း ဦးမြခဲ၊ ဘုရားဒကာဦးတင့် အစရှိသော သူတော်ကောင်း တို့သည်။ ဒဿနံ၊ ရှေးဦးစွာ မြင်အပ်သော အနုလောမ ခန္တီဉာဏ်ကို။ အသမတ္ထာဝ၊ မြင်ခြင်းငှာ မစွမ်းနိုင်သည် သာလျှင်တည်း။ တဿွာ၊ ထိုသို့မြင်ခြင်းငှာ မစွမ်းနိုင်သော ကြောင့်။ တေဟိ၊ ထိုသူတော်ကောင်းတို့သည်။ ယာစေန၊ တောင်းပန်ခြင်းကြောင့်။ မေမယာ၊ ဆရာညွှန့်အမည်ရှိ သော အကျွန်ုပ်သည်။ အယံဂန္ထော၊ ဤ''ပညာနေတ္တိ ဝိပဿနာ''မည်သောကျမ်းကို။ သုလိက္ခိတော၊ကောင်းစွာ ရေးအပ်ပြီဟု ပတျာဝတ္တဂါထာဖြင့် ဖွဲ့ဆိုထားပါသည်။

ဝိပဿနာဆရာကြီး ဦးညွှန့်၏ ''ပညာနေတ္တိ ဝိပဿနာကျမ်း''ကြီးကို မန္တလေး တပည့်သာဝကများက ပထမအကြိမ် ပုံနှိပ်ပြီး၊ ဒုတိယအကြိမ်ကိုတော့ ဗြိတိသျှ ဘားမား ဦးညွှန့် ရိုက်နှိပ်ပုံအကြောင်းကို ဆရာကြီး ဦးညွှန့်၏ ဒုတိယပုံနှိပ်ကျမ်းစာ ''ပဋိစ္စသမုပ္ပါဒကျမ်း'' တွင် ''တယောပရံ၊ ထိုမှနောက်၌။ ဒုတိယဝါမို့၊ နှစ်ကြိမ် မြောက်လည်း။ ရာမရဋ္ဌေ၊ ရာမညတိုင်း၌။ ဝေရိက္ခယ နဂရေနာမကော၊ ရန်ကုန်မြို့ဟူ၍ အမည်ရှိသော။ ဟံသာ ဝတိဝှယနဂရေ၊ ဟံသာဝတီမည်သော မြို့ကြီး၌။ ဗြိတိသျှ ဘားမားရုပ်ရှင်ကုမ္ပဏီတိဝေါဟာရော၊ 'ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီ'ဟု ခေါ်ဆိုအပ်သော။ ဦးညွှန့်တိနာမကော၊ ဦးညွှန့်အမည်ရှိသော။ ယောသောသပ္ပုရိသော၊ အကြင် သပ္ပုရိသပုဂ္ဂိုလ်သည်၊ အတ္ထိ၊ ရှိ၏။ ဗုဒ္ဓါဒိရတနတ္တယ ဂုဏောသု၊ ဘုရားအစရှိသော ရတနာသုံးပါးတို့၌။ သုပသန္နသဒ္ဓံ၊ ကောင်းစွာကြည်ညိုသော သဒ္ဓါတရား ရှိသော။သံထံသပ္ပုရိသံ၊ အကြင် သပ္ပုရိသသူတော်ကောင်း ကို။ ဥပနိဿယ၊ အမှီပြု၍။ သွာယံပိဂန္ထော၊ အကြင် ပညာနေတ္တိ ဝိပဿနာကျမ်းကိုလည်း။ သုမုဒ္ဒါပိတော၊ ကောင်းစွာပုံနှိပ်လုပ်ဆောင်အပ်ပြီ''ဟု ဆရာကြီးဦးညွှန့်၏ ''ပဋိစ္စသမုပ္ပါဒကျမ်း''တွင် ရေးသာထားကြောင်း တွေ့ရှိ ရပါသည်။

ဆရာကြီးဦးညွှန့်နှင့် ဗြိတိသျှဘားမားဦးညွှန့်တို့ ဆက်စပ်ပုံကို မုံရွာမြို့၊ ချင်းတွင်းမြစ် တစ်ဖက်ကမ်း လယ်တီဆရာတော်ဘုရားကြီး၏ ပရိယတ် ပဋိပတ်

(စာတွေ့ ငါတွေ့)အားထုတ်ရာ ဘူမိနက်သန်အောင်မြေ ရွှေတောင်ဦးတောင်တွင် (ပညာနေတ္တိဝိပဿနာကျမ်း) လာ ဝိပဿနာလုပ်ငန်းစဉ်များ ပို့ချနေသော မဂ္ဂင်ရိပ်သာ ဆရာတော်ဘုရားကြီး ဦးဝါယမထံမှ ဤသို့ကြားနာရပါ သေးသည်။ ဝိပဿနာဆရာကြီးဦးညွှန့်သည် မုံရွာ ချင်းတွင်းမြစ် တစ်ဖက်ကမ်းစပ် မုံရွာခရိုင်၊ ဆားလင်းကြီး မြို့နယ်(ဗန့်ကျီနယ်)၊ လက်ပန်တောင်းရွာ၊ မစိုးရိမ်ကျောင်း ဆရာတော်ဦးကေသရနှင့် ကလျာဏမိတ္တသမ္မဒါများဖြစ် ၍ ဆရာတော်ဦးကေသရထံ မကြာမကြာရောက်ရှိလာ ပါသည်။ ထိုသို့ ရောက်ရှိလာရာတွင် သားဖြစ်သူ ပဥ္စင်း ငယ် (ရွှေဥဒေါင်း) တရားဟောလွန်းလို့ ပရိယတ္တိပြည့်စုံမှ ဟောရန် မကြာမကြာပြောကြားနေကြောင်း ကြားသိ ရပါသည်။ ဝိပဿနာဆရာကြီး ဦးညွှန့်သား ဦးပဥ္စင်း (ရွှေဥဒေါင်း)ကို ရန်ကုန် ဗြိတိသျှဘားမား ဦးညွှန့်က ကိုးကွယ်ထားပြီး ရုပ်ရှင်ရိုက်ရာတွင်လည်း ဆရာကြီး ဦးညွှန့် သားဦးပဥ္စင်း (ရွှေဥဒေါင်း)အား ထည့်သွင်းရိုက်ကူး ထားကြောင်း တွေ့ရှိရပါသည်။ ဗြိတိသျှဘားမား ဦးညွှန့် သည် ဝိပဿနာဆရာကြီးဦးညွှန့်၏ ပဒတ္ထိုင်း (မလဲသာ ပဒတ္ထိုင်း) ရွာမှ ယခင်က ပေါင်နှံထားသော မိဘလက်ရင်း လက်ငုတ်လယ်မြေများကိုလည်း ရွေးနုတ် ပေးကြောင်း သိရပါသည်။ ဆရာကြီးဦးညွှန့် ဖိုးဝန်းတောင် ကွင်းစင်တိုင် ပိန္နဲချောင်တရားပြစခန်းမှ တပည့်သာဝက ယောဂီများ လှူဒါန်းသော ဆန်၊ ဆီ၊ ပဲ စသည်တို့ကို ပဒတ္ထိုင်းရွာနေ အမေအိုကြီးထံသို့ သွားရောက်ပို့ဆောင် လုပ်ကျွေးနေ ကြောင်းကိုလည်း သိရှိရပါသည်။

ဆရာကြီးဦးညွှန့်၏ ''ပညာနေတ္တိဝိပဿနာ ကျမ်း''ကြီးကို ဆဋ္ဌသင်္ဂါယနာတင် ကြွရောက်လာကြသော ဆရာတော်ဘုရားကြီးများအား ဆက်ကပ်ခဲ့သေးကြောင်း ရွှေတောင်ဦးတောင် မဂ္ဂင်ရိပ်သာတွင် သီတင်းသုံးတော် မူသော မုံရွာမြို့ မဟာဇောတိက ပါဠိတက္ကသိုလ်စာသင် တိုက်ထွက် ဆရာတော် ဦးဝါယမမိန့်ကြားလို့ သိရှိရပါ သည်။ (မုံရွာ မဟာဇောတိကာရာမ ပါဠိတက္ကသိုလ်စာ သင်တိုက်သည် မြန်မာပြည်တွင် ဒုတိယစာသင်သံဃာ အများဆုံး စာသင်တိုက်ကြီးဖြစ်ပါသည်။) ''ပညာနေတ္တိ ဝိပဿနာကျမ်း''ကြီး နက်နဲပုံနှင့်စပ်လျဉ်းပြီး ထိုကျမ်းကြီး အလွယ်တကူ အနက်အဓိပ္ပါယ်သိရှိနားလည်နိုင်ရန်''ပညာ နေတ္တိဝိပဿနာကျမ်း''ကြီး၏ အဖွင့်ဖြစ်သော ''ပဋ္ဌိစ္စ သမုပ္ပါဒကျမ်း''ကြီးကို ဆရာကြီးဦးညွှန့် ဒုတိယကျမ်းစာ အဖြစ် ရေးသားပါသည်။ ထိုကျမ်း၏ ဓမ္မဒါနကုသိုလ်ရှင် မှာ British Time ရွှေတိဂုံဘုရားကြီး၏ အရှေ့ဘက် (မူလ)စောင်းတန်းကုသိုလ်ရှင် သူဌေးကြီး ဦးဖိုးခိုင်သား သမီးတစ်စုကောင်းမှု နတ်လူသာဓုဖြစ်ပုံကို ''အသွိ၊ ဤ ကျမ်းသည်။ ဒုတိယဝါရံ၊ နှစ်ကြိမ်မြောက်လည်း။ သုမုဒ္ဒိပိ တေပိ၊ ကောင်းစွာ ပုံနှိပ်လုပ်ဆောင်ပါသော်လည်း။ အသွိ ပိဝဏ္ဍော၊ ဤကျမ်း၌လည်း။ ပဋ္ဌိစ္စသမုပ္ပါဒေါ၊ ပဋ္ဌိစ္စသမုပ္ပါဒ တရားသည်။ သင်္ခေပေန၊ အကျဉ်းအားဖြင့်။ အာဂတတ္တာ၊ လာသည်၏အဖြစ်ကြောင့်။ သောပိဝဏ္ဍော၊ ထိုကျမ်းသည် လည်း။ အတိသုဂမ္ဘိရော၊ အလွန်နက်နဲ၏။ အတိသုဂမ္ဘီ ရတ္တတ္တာ၊ အလွန်နက်နဲသော အနက်ရှိသည်၏အဖြစ် ကြောင့်၊ အတိသုဒုဒ္ဒသော၊ အလွန်မြင်နိုင်ခဲ၏။ အတိ သုဒုဝိညေယျော၊ အလွန်သိနိုင်ခဲ၏။ ဟိသစ္စံ၊ မှန်၏''ဟု ဆိုပြီးလျှင် ''ပညာနေတ္တိကျမ်း''၏ အဖွင့်ကျမ်းဖြစ်သော ''ပဋ္ဌိစ္စသမုပ္ပါဒကျမ်း''ကို ရေးသားရခြင်း ဖြစ်ပေသည်။

ဒုတိယကျမ်းစာဖြစ်သော ''ပဋ္ဌိစ္စသမုပ္ပါဒကျမ်း'' နှင့် စပ်လျဉ်း၍ ဓမ္မဒါနကုသိုလ်ရှင် သူဌေးကြီးဦးဖိုးခိုင် ဖြစ်ကြောင်းကို ''ရွှေတိဂုံစေတီတော်မြတ်၏ ပရတ္တိမဒိ သာဘာဝေ၊ အရှေ့မျက်နှာအရပ်၌။ မဟာသောပါလာ ပါသာဒံ၊ အဦးထိပ်ဖြစ်သော စောင်းတန်းပြာသာဒ်ကြီးကို။ သုဌုံ၊ ကောင်းစွာ။ ကတွာ၊ ဆောက်လုပ်၍။ ထုဒိနတ္တာ၊ ကောင်းစွာလှူအပ်သည်၏ အဖြစ်ကြောင့်။ ပါသာဒဒါယ ကော၊ ပြာသာဒ်ဒါယကာဟု အမည်ရသော။ ဦးဖိုးခိုင် တိဝေါဟောရော၊ ဦးဖိုးခိုင်ဟူ၍ ခေါ်အပ်သော။ သမညာ၊ အမည်သည်။ အတ္တိ၊ ရှိ၏''ဟု ဦးဖိုးခိုင်သား လေးကျွန်း မာရ်အောင်ပြည်လုံးချမ်းသာ စေတီတော်ကြီး၏ ဒါယကာ ဝတ်လုံတော်ရ ဦးဘထွန်းမိသားစုတို့၏ ''ပဋ္ဌိစ္စသမုပ္ပါဒ ကျမ်း'' ဓမ္မဒါနကုသိုလ်ရှင်များဖြစ်ကြောင်းကိုလည်း ဝိပဿနာဆရာကြီး ဦးညွှန့်က ရေးသားထားပါသည်။

ဝိပဿနာဆရာကြီး ဦးညွှန့်၏ ''ပညာနေတ္တိ ဝိပဿနာကျမ်း''ကြီးသည် ဆရာကြီး ဦးညွှန့်မိန့်ဆိုသည့် အတိုင်း ''အတိသုဂမ္ဘိရော၊ အလွန်နက်နဲ၏။ အတိသုဂမ္ဘီ ရတ္တတ္တာ၊ အလွန်နက်နဲသော အနက်ရှိသည်၏အဖြစ် ကြောင့်။ အသိဒုဒ္ဒသော၊ အလွန်မြင်နိုင်ခဲ၏။ အတိသုဒု ဝေညေယျော၊ အလွန်သိနိုင်ခဲ၏'' ဆိုသည့်အတိုင်း နိဗ္ဗာန် ကို အာရုံပြုအားထုတ်ရမည့်''ဉပသမာနုဿတိကမ္မဋ္ဌာန်း'' နည်းလမ်း ''ပညာနေတ္တိကျမ်း''ပင် ဖြစ်ပါတော့သည်။ ''ဉပသမာနုဿတိကမ္မဋ္ဌာန်း''နည်းလမ်းနှင့်ပတ်သက်ပြီး

ကျင့်စဉ်ကို တပည့်ဖြစ်သူ ဦးသော်က လယ်တီဆရာတော်ဘုရားကြီးအား လျှောက်ထားရာ လယ်တီဆရာတော်ဘုရားကြီးက ''မောင်သော်၊ မင်းနဲ့ ဥပသမာနုဿတိကမ္မဋ္ဌာန်းကျင့်စဉ် အဝေးကြီးလို့'' အမိန့်ရှိတော်မူပါသည်။ အနာဂါမ်ဆရာသက်ကြီးလည်း နက်နဲသော ဝိပဿနာ ဆရာကြီးဦးညွန့်၏ ဥပသမာနုဿတိကမ္မဋ္ဌာန်းကျင့်စဉ်စခန်း ဖိုးဝန်းတောင် ပိန္နဲချောင်မှ လယ်တီဆရာတော်ဘုရားကြီးထံသို့ ရောက်လာဟန်တူပါသည်။ သို့သော် အနာဂါမ်ဆရာသက်ကြီး မုံရွာမြို့ မဟာလယ်တီတိုက်အတွင်း ယောဂီများအား တရားစခန်းသဘောမျိုး တရားပြဆိုတာနှင့်ပတ်သက်ပြီး၊ ဆရာသက်ကြီး၏ တရားစခန်း ပရိယတ္တိစာသင်တိုက်ဖြစ်သော မဟာလယ်တီတိုက်တွင် ဖွင့်လှစ်ခဲ့သည့်သမိုင်း အထောက်အထားလယ်တီသမိုင်းတွင် မတွေ့ရဟု လယ်တီနိကာယစိတ္တသုခဆရာတော် အဂ္ဂအကျော်၊ ပါဠိပါရဂူ ဒီဃဘာဏကဦးမဏ္ဍလ မိန့်ကြားချက်ကို ကြားနာမှတ်သားရဖူးပါသည်။

ဝိပဿနာဆရာကြီး ဦးညွန့်သည် ဖိုးဝန်းတောင်ကွန်းစင်တိုက် ဘုရားအနီး ပိန္နဲချောင်တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း မဂ္ဂင်ရိပ်သာဆရာတော်ဘုရားကြီး ဦးဝါယမ ပြောကြား၍သိရပါသည်။ ဆရာကြီး ဦးညွန့်ကွယ်လွန်စဉ် ဆရာကြီးဦးညွန့်၏ ရုပ်အလောင်း မပုပ်မသိုး၊ အဝတ်အစားများသာ ရိန္ဓမ်းနေကြောင်း တွေ့ရပါသည်။ ဆရာကြီး ဦးညွန့်ကွယ်လွန်လျှင် ကွယ်လွန်ချင်းဟိုယခင်အခါက ဖိုးဝန်းတောင်တွင် လူအရောက်အပေါက်နည်း၍ ချက်ချင်းမသိကြပါ။ ဆရာကြီးဦးညွန့် ကွယ်လွန်ပြီး ရက်အနည်းငယ်ကြာမှ သိကြဟန်တူပါသည်။ သို့သော် ဆရာကြီးဦးညွန့်၏ ရုပ်အလောင်းလတ်လတ်ဆတ်ဆတ် မပုပ်မသိုး၊ ဆရာကြီး ဦးညွန့်ရေး ကျမ်းစာများတွင် ''ပဏ္ဍိတပရိယတ္တိပဋိဘာန၊ ပရိပုစ္ဆာပဋိဘာန၊ အဓိဂမ ပဋိဘာန ပညာတို့နှင့် ပြည့်စုံသော ဆရာကြီးဦးညွန့်'' ဟု ဆိုသော စကားရပ်ကိုထောက်၍ ဆရာကြီးဦးညွန့်သည် သကဒါဂါမ်အဆင့်ထက် မနိမ့်ကြောင်း မဂ္ဂင်ရိပ်သာဆရာတော်ဘုရားကြီးက မိန့်ကြားပါသည်။

ဝိပဿနာဆရာကြီး ဦးညွန့်နှင့်စပ်လျဉ်းပြီး ဓမ္မာစရိယဦးဌေးလှိုင်က ''အနာဂါမ်ဆရာသက်ကြီး သူ့ဘဝ၊ သူ့တရားနှင့် သူ့ကျေးဇူး''စာအုပ်တွင် မြန်မာပြည်အောက်ပိုင်းမွေး (အောက်သား)ဟု ရေးသားထားပါသည်။ သို့သော် မဂ္ဂင်ရိပ်သာ ဆရာတော်ဘုရားကြီး အမိန့်ရှိသည်မှာ ဦးညွန့်ဟာ အောက်သားမဟုတ် (အညာသား)ဖြစ်သည်။ မုံရွာမြို့အရှေ့ဘက် အရာတော်နှင့် မြင်းမူနယ်စပ်ရှိ မလဲသာပဒတ္တိုင်း (ပဒတ္တိုင်း)ရွာသားဖြစ်ကြောင်း သူ၏ရဲ့ ''ပဋ္ဌိစ္စသမုပ္ပါဒကျမ်း''နိဂုံးပိုင်းတွင် ''ပဒတ္တိုင်းဝိဟာရော၊ ပဒတ္တိုင်းဟု ခေါ်စေအပ်သော။ ယောသောမဟာဇာမော၊ အကြင်ရွာကြီးသည်။ အတ္တိ၊ ရှိ၏။ တသ္မိံ မဟာဂါမေ၊ ထိုပဒတ္တိုင်းရွာကြီး၌။ ဇာတိယာပဋိသန္ဓေအားဖြင့်။ သုဇာတော၊ ကောင်းစွာဖွားမြင်သော။ အာဝရက်ုရနာမတော၊ ဆရာညွန့်အမည်ရှိသော။ သွာဟံယောသောအဟံ၊ ထိုအကျွန်ုပ်သည်။ သွာယံဂန္ထော၊ အကြင် ပညာနေတ္တိဝိပဿနာကျမ်း၏အဖွင့်ဖြစ်သော ပဋိစ္စသမုပ္ပါဒမည်သော ကျမ်းသည်။ သုနိဋ္ဌိတော၊ ကောင်းစွာပြီးပြီ''ဟု ဖွင့်ဆိုထားကြောင်း မဂ္ဂင်ရိပ်သာဆရာတော် ဦးဝါယမက မိန့်ကြားပါသည်။

''ပညာနေတ္တိကျမ်း''၏အဖွင့် ''ပဋိစ္စသမုပ္ပါဒကျမ်း''ကို ဒုတိယအကြိမ် တရုတ်ကောင်တုံကပြားအသင်းမှ ဟံသာဝတီတိုက်တွင် ၁၉၅၈-ခုနှစ်က ရိုက်နှိပ်ကြောင်း၊ ဆရာကြီး ဦးညွန့်၏ ပုံမနှိပ်ရသေးသော လက်ရေးမူ ဝိပဿနာကျမ်းစာများ ဟသ်ာတမြို့နေ ဒကာဦးအေးချိုထံ၌ရှိကြောင်း မုံရွာ-ချင်းတွင်းမြစ် တစ်ဖက်ကမ်းစပ် လယ်တီဆရာတော်ဘုရားကြီး၏ ဘူမိနက်သန်အောင်မြေ ရွှေတောင်ဦးတောင် မဂ္ဂင်ရိပ်သာတွင် သီတင်းသုံးနေတော်မူသော မဂ္ဂင်ဆရာတော်ဘုရားကြီး ဦးဝါယမက မိန့်ကြားပါသည်။

မုံရွာမီဒီယာ

<u>ကျမ်းကိုး</u>


၁။ ''ပညာနေတ္တိဝိပဿနာကျမ်း'' ဆရာကြီး ဦးညွန့်။

၂။ ''ပဋိစ္စသမုပ္ပါဒကျမ်း'' ဆရာကြီးဦးညွန့်။

၃။ မဂ္ဂင်ရိပ်သာဆရာတော်ဘုရားကြီး ဦးဝါယမ မိန့်ကြားချက်များ။

၄။ လယ်တီနိကာယစိတ္တသုခဆရာတော် အဂ္ဂအကျော်၊ပါဠိပါရဂူ ဒီဃဘာဏက ဦးမဏ္ဍလ မိန့်ကြားချက်များ။


■

# ထွက်ခဲ့သမျှ စာပေ

## သန်းထိုက်သူ




**အဘိဓမ္မာသင်တန်းပို့ချချက်များ**

- အရှင်သီလာနန္ဒာဘိဝံသ (D.Litt.)
- ပထမအကြိမ်၊ အောက်တိုဘာလ၊ ၂၀၀၃–ခုနှစ်၊
- တန်ဖိုး (၂၆၀၀)ကျပ်၊
- ရွှေစန္ဒာထွန်းစာပေ
  အမှတ်–၉၆ (မြေညီ)၊ ၃၈–လမ်း၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း–၀၁–၂၄၃၈၇၀မှ ဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်–၁၅၄/၂၀၀၃ (၃)၊

အမေရိကန်နိုင်ငံရောက် မြန်မာများ အဘိဓမ္မာကို သိရှိနားလည်စေရန် ရည်ရွယ်လျက် ဆရာတော်က အတတ်နိုင်ဆုံး လွယ်ကူသောအသုံးအနှုန်း နည်းလမ်းများဖြင့်စီမံကာ ဟောကြားပို့ချခဲ့သော သင်တန်းပို့ချချက်များ ဖြစ်ပါသည်။

သင်တန်းပို့ချချက်များဖြစ်သည့်အပြင် သင်တန်းသား များသည် အဘိဓမ္မာတရားတော်နှင့် အလှမ်းဝေးသူများဖြစ်၍ ဆရာတော်က အဘိဓမ္မာတရားတော်ကို တစ်ဆင့်ချင်း လွယ်ကူရှင်းလင်းအောင် ဖွင့်ဆို ဟောကြားပို့ချထားပါသည်။ အဘိဓမ္မာတရားတော်ကို အခြေခံမျှ မသိနားမလည်၊ ရင်းနှီးကျွမ်းဝင်မှု မရှိသူများ အားထားလေ့လာရမည့် စာအုပ်ဖြစ်ပါသည်။

ဆရာတော်က ‘အဘိဓမ္မာတတ်ဖို့ လိုအပ်သလား’ ဟူသည့် ပို့ချချက်တွင် “ကောင်းပြီ၊ အဘိဓမ္မာတတ်ဖို့ တကယ်လိုသလား၊ မလိုဘူးလား၊ ဘယ်လိုဖြေကြမလဲ။ တတ်တဲ့ ပုဂ္ဂိုလ်ကလည်း လိုတယ်ပြောမယ်။မတတ်တဲ့ ပုဂ္ဂိုလ်ကလည်း မလိုပါဘူးကွာလို့ ပြောချင်ပြောလိမ့်မယ်၊ အခုခေတ်မှာ များသောအားဖြင့် အဲဒီလိုလူတွေများတယ်။အနောက်နိုင်ငံမှာ ‘အဘိဓမ္မာမလိုပါဘူး၊ ငါတို့စာအုပ်တွေ ဖတ်နေတာပဲ၊ နားလည်နေတာပဲ’ လို့ ပြောတယ်။

အဖြေက ၂–မျိုးပေးရမယ်။ တရားထူးရဖို့ အားထုတ်မယ်၊ ဝဋ်မှထွက်မြောက်ကြောင်း နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရန် အားထုတ်မယ်ဆိုရင် အဘိဓမ္မာမတတ်သော်လည်း ဆရာသမားနှင့် အားထုတ်ရင် ဖြစ်တယ်။အဘိဓမ္မာအများကြီးတတ်ဖို့ မလိုဘူး။ တတ်ရင်တော့ ကောင်းပါတယ်။သို့သော် ဒီစိတ်၊ စေတသိက်၊ ရုပ်၊နိဗ္ဗာန်၊ ဒါတွေအကုန်လုံးသိမှ မင်းတရားထိုင်ရမယ်၊ ဒီလိုပြောလို့မရဘူး၊အဲဒါ သတိထားရမယ်။

ဒါပေမယ်လို့ မြတ်စွာဘုရားဟောတော်မူထားတဲ့ တရားတွေကို နားလည်ချင်ပါတယ်ဆိုရင် အဘိဓမ္မာမတတ်ရင် မဖြစ်ဘူး။အဘိဓမ္မာမတတ်ဘဲနဲ့ သုတ္တန်ဖတ်ရင် ကျကျနန ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်နားလည်နိုင်ဖို့ မရှိဘူး။ ဒါကြောင့်မို့ အခုခေတ်အနောက်နိုင်ငံတွေမှာလည်း အလွဲလွဲအမှားမှားတွေ ဖြစ်ကုန်တာ။ သူတို့ကိုယ်သူတို့ သုတ္တန်လောက်ဖတ်ပြီးတော့ နားလည်တယ်လို့ သူတို့က ထင်တယ်။ အဲဒါကြောင့် အဘိဓမ္မာမတတ်ရင် မြတ်စွာဘုရားသင်ကြားချက်တွေကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် နားလည်နိုင်ဖို့ မဖြစ်နိုင်ဘူး။ အပေါ်ယံကြောလောက်ကတော့ နားလည်မယ်”ဟု ဆိုပါသည်။




## သီချင်းထဲကဓမ္မ၊ ဓမ္မထဲကအလင်း၊ အလင်းထဲကမောက္ခ

- မြသန်းစံ
- ပထမအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၀၄-ခုနှစ်၊
- တန်ဖိုး (၆၀၀)ကျပ်၊
- အပ္ပမာဒဓမ္မရသစာပေတိုက်
  အမှတ်(၁၈၉)၊ ရွှေဝါထွန်း (၂)လမ်း၊
  (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊
  ရန်ကုန်မြို့။
  ဖုန်း-၅၈၄၇၃၈ မှ ဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၁၆၂/၂၀၀၄ (၃)၊

၂၀၀၂-၂၀၀၃ ခုနှစ်ထုတ်၊ အပ္ပမာဒဓမ္မရသမဂ္ဂဇင်းများ၏ စကားဦး(၁၁)ပုဒ်၊ ၂၀၀၃-ခုနှစ်အတွင်း၌ ဂျာနယ်မဂ္ဂဇင်းများတွင် ရေးသားဖော်ပြခဲ့သည့် ဆောင်းပါး(၄)ပုဒ်နှင့် ၂၀၀၄-ခုနှစ်တွင် ရေးသားဖော်ပြခဲ့သည့် ဆောင်းပါး(၁)ပုဒ်တို့ကို စုစည်းထုတ်ဝေသည့်စာအုပ် ဖြစ်ပါသည်။

စာရေးသူက''အမှတ်တမဲ့ နားဆင်လိုက်ရင်တော့ သီချင်းပေါ့။သတိယှဉ်တဲ့စိတ်နဲ့ နားထောင်ကြည့်ရင် ဂီတသံစဉ်၊ နရီစည်းဝါးတွေနဲ့ မွမ်းမံခြယ်လှယ်ထားတဲ့ သီချင်းသံ၊ တေးသံရဲ့နောက်ကွယ်မှာ ပုန်းငုပ်နေတဲ့ လေးနက်တဲ့ အဓိပ္ပါယ်တွေ ရှိနေတတ်ပါတယ်။ (သီချင်းတိုင်းတော့လည်း မဟုတ်ပေဘူးပေါ့)။ 'ဂီတ'ဆိုတဲ့ ပုံသဏ္ဍာန် အခွံ၊ အကာတွေကို ဖယ်ကြည့်လိုက်ရင် အနှစ်သာရဆိုတဲ့ အဓိပ္ပါယ်ကို ရှာတွေ့မှာပါ။အဲဒီ အဓိပ္ပါယ်ဟာ 'ဓမ္မ'ပါပဲ။ ဒါကြောင့် သီချင်းထဲမှာလည်း နားထောင်ခံစားတတ်ရင် ဓမ္မတွေကိန်းဝပ်နေတာ တွေ့ရပါလိမ့်မယ်။''

''ဘုရားရှင်ကိုယ်တော်တိုင် ဓမ္မအမွေအဖြစ်ထားရစ်ခဲ့လေတဲ့ ဓမ္မက္ခန္ဓာတွေကို လေ့လာကြိုးစား ပွားများအား ထုတ်ခဲ့ရင် ဖြစ်ပေါ်လာမယ့် အောင်မြင်မှုအသစ်ဟာ သံသရာလွတ်မြောက်ခြင်း ဆိုတဲ့ ငြိမ်းအေးချမ်းသာမှုတို့ ပြည့်စုံရာ 'နိဗ္ဗာန်' သို့မဟုတ် 'မောက္ခ'မဟုတ်လား''ဟု ဆိုပါသည်။



## ဘာမထီတောက်ကြွား ယောက်ျားမြတ် အာဇာနည်နှင့် လက်ရွေးစင် ဓမ္မရသ ဆောင်းပါးများ

- ၉-ဘွဲ့ရ အရှင်အာစာရာလင်္ကာရ စီစဉ်သည်။
- ပထမအကြိမ်၊ ဖေဖော်ဝါရီလ၊ ၂၀၀၄-ခုနှစ်၊
- တန်ဖိုး (၁၀၀၀)ကျပ်၊
- မတင်မာဦး၊ မျိုးဆက်သစ်စာပေ
  အမှတ်-၂၁၂၊ ဘီ-၂၊ ပထမထပ်၊
  ၃၆-လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊
  ရန်ကုန်မြို့။
  ဖုန်း-၂၄၉၉၄၁ မှ ဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၈၃၄/၂၀၀၃ (၁၁)၊

နိုင်ငံတော်ဘွဲ့တံဆိပ်တော် (၉)ဘွဲ့ရ ဆရာတော် အရှင်အာစာရာလင်္ကာရ(စစ်ကိုင်းရွှေဟင်္သာ)အား ဂန္ထ ဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခံရသဖြင့် ပူဇော်ပွဲကျင်းပခဲ့ကြရာ ပူဇော်ပွဲအထိမ်းအမှတ်အဖြစ် ထုတ်ဝေသောစာအုပ်ဖြစ်ပါသည်။

အမေရိကန်နိုင်ငံ၊ကာလီဖိုးနီးယားပြည်နယ်၊ လော့စ်အင်ဂျလိစ်ခရိုင်၊ အဇူဇာမြို့၊ သုန္ဒရာရာမ ဗြဟ္မဝိဟာရ ကျောင်းတိုက်၌ မွေ့ကြွားအပ်သော ကျေးဇူးတော်ရှင် ရွှေဟင်္သာ ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ၊ အဂ္ဂါဘိဓဇ ရွှေကျင်သာသနာပိုင်ချုပ် ကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော် ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန အခမ်းအနားကျင်းပရာ၌ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဟောကြားအပ်သည့် သောကဖြေစာတမ်း တရားတော်နှင့် ဒေါက်တာဦးသုခ၊ ဒေါက်တာသန်းထွန်း၊ ဒေါက်တာသိန်းလွင်၊ ဒေါက်တာမတင်ဝင်း အစရှိသည့် စာရေးဆရာကြီး၊ ဆရာမကြီးများ အပါအဝင် နာမည်ကျော် (ရဟန်း/လူ)စာရေးဆရာ၊ ဆရာမကြီး၊ လတ်၊ ငယ် အယောက်(၅၀)ကျော်တို့၏ လက်ရာမွန် ဓမ္မရသဆောင်းပါးများကို စုစည်းဖော်ပြထားပါသည်။

စာရေးသူက''သည်စာအုပ်လေးမှာ ဘဝတစ်သက်တာ

သိမြင်မှတ်သားလောက်တဲ့ ထိပ်ထိပ်ကြဲ ပညာရှင်ကြီးတွေရဲ့ စာပေလက်ရာတွေကို ဂုဏ်ပြုတင်ပြအပ်ပါရဲ့။ ပညာရှင်တွေရဲ့ စကားတစ်ခွန်း အနှစ်သာရကြားမိရုံနဲ့ လူသားတွေရဲ့ဘဝက ပြောင်းလဲသွားတတ်တာ မဟုတ်လား။ ဒါကြောင့် မိမိချစ်တဲ့ ပညာရှင်ကြီးတွေရဲ့ စာပေလက်ရာကို အမှတ်တရဖော်ပြ တင်ဆက်လိုက်တာပါ။

ကျန်တာတွေကတော့ မိမိရဲ့လျှပ်တစ်ပြက်ရုပ်ပုံလွှာလေး တွေလို့ ဆိုကြပါစို့။ ဖတ်ကြည့်ပါဦး။ လူသားတစ်ယောက်ရဲ့ တတ်သမျှ မှတ်သမျှ စွမ်းအင်ကလေးနဲ့ ဟောသည့် လောက တစ်ခွင်ကို စာပေနဲ့ ပြီးတော့ တရားဓမ္မနဲ့ အလှဆင် ကြည့်လိုက်ခြင်းမျှရယ်ပါ''ဟု ဆိုပါသည်။




## လရောင်နှင့် ကြာ

- ဓမ္မဝိလာသ
- ပထမအကြိမ်၊ မတ်လ၊ ၂၀၀၄-ခုနှစ်၊
- တန်ဖိုး (၇၀၀)ကျပ်၊
- အပ္ပမာဒဓမ္မရသစာပေတိုက်
  အမှတ်(၁၈၉)၊ ရွှေဝါထွန်း (၂)လမ်း၊
  (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊
  ရန်ကုန်မြို့။
  ဖုန်း-၅၈၄၇၃၈ မှ ဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၁၁၀/၂၀၀၄ (၂)၊

ဓမ္မဖြင့် ဘဝကိုမြင့်စေနိုင်မည့် ဆောင်းပါးများဖြစ်သည့် ငါးဘာသာဂုဏ်ထူးရှင်ထံမှ ပေးစာတစ်စောင် အပါအဝင် ဓမ္မ ရသဆောင်းပါးအပုဒ် (၂၀)စုစည်းဖော်ပြထားပါသည်။

လရောင်နှင့်ကြာ ဆောင်းပါးတွင် -

'' လရောင်နှင့်ကြာ၊ တွေ့မှသာ၊ ကောင်းစွာဖူးပွင့်သည်။
ကြာပွင့်မှသာ၊ လရောင်ဟာ၊ လွန်စွာဂုဏ်တင့်သည်။
တပည့်-ဆရာ၊ လရောင်-ကြာ၊ ပမာတူလှသည်။
တစ်ဦးတစ်ဦး၊ မေတ္တာကူး၊ အထူးမှီရမည်။
အထူးမှီကာ၊ မြတ်ပညာ၊ တွဲကာဆည်းပူးမည်။
အချင်းချင်းသာ၊ လှဖို့ရာ၊ တန်ဆာဆင်ကြမည်။

ဩော် ...တကယ်တော့ လရောင်နဲ့ကြာ၊ ကြာနဲ့ လရောင်ဟာ အချင်းချင်း အလှဆင်ပေးနေကြသလို ဆရာနဲ့ တပည့်၊ တပည့်နဲ့ဆရာဆိုတာလည်း တစ်ဦးကိုတစ်ဦး၊ တစ် ယောက်ကိုတစ်ယောက် အပြန်ပြန်အလှန်လှန် အလှဆင် ပေးနေကြတာပါလား''ဟု ခြယ်မှုန်းထားပါသည်။




## ဗုဒ္ဓဘာသာ ယဉ်ကျေးမှုမိတ်ဆက်

- ဆရာဦးညွန့်ဝေ
- ပထမအကြိမ်၊ အောက်တိုဘာလ၊ ၂၀၀၂-ခုနှစ်၊
- တန်ဖိုး (၄၀၀)ကျပ်၊
- လောကသစ်စာပေ
  အမှတ်-၇၊ သုဝဏ္ဏလမ်း၊ ကျိုက္ကဆံ၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ မှ ဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၃၉၃/၂၀၀၂ (၇)၊

ဘုရားရှိခိုးမှအစ ဗုဒ္ဓဘာသာ၏ အခြေခံသိမှတ်ဖွယ်ရာ များကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် တင်ပြထားသည်။ ဒုတိယပိုင်းတွင် ဗုဒ္ဓဒေသနာဝေါဟာရများကို ပါဠိ၊ မြန်မာ၊ အင်္ဂလိပ် သုံးဘာသာဖြင့် အက္ခရာစဉ်အလိုက် ဖော်ပြပေးထား ပါသည်။

ပညာရေးတက္ကသိုလ်၊ ပါမောက္ခအငြိမ်းစား ဆရာကြီး ဦးသန်းထွတ်က ''ဗုဒ္ဓဘာသာကို ပါဠိဘာသာ၊ အင်္ဂလိပ်ဘာ သာ၊ မြန်မာဘာသာတို့ဖြင့် လေ့လာနိုင်၊ သိရှိနိုင်အောင် ဆရာ ဦးညွန့်ဝေက ဗုဒ္ဓဒေသနာတော်ဝေါဟာရ ကျမ်းငယ်ကို ပြုစု ထားပါသည်။

ရုပ်ဝလေ့၊ ရွာဝလေ့၊ ဘုရားရှိခိုး၊ မေတ္တာပို့မှစ၍ နေ့စဉ် သုံး ဘာသာရေးဆိုင်ရာ ဝေါဟာရတို့၏ အနက်အဓိပ္ပါယ် များကို လေ့လာဆည်းပူးလိုသူတို့အတွက် အကျိုးထူးလိမ့်မည် ဟု ယူဆမိပါသည်။''ဟု ဆိုပါသည်။

■ သန်းထိုက်သူ

# ပြဿဒါအလင်းပွင့် (၈)

Page-29

''အို ... လူများတို့၊ မေတ္တေယျဘုရားကိုလည်း

လေ့၊''

Page-38

*ပီနန်မြို့ရှိ မြန်မာ-မလေးရှား ဝိပဿနာရိပ်သာ ညတရားပွဲ*

Page-39

*မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာ ကလေးတရားစခန်းပွဲ*

Page-57

**ကလျာဏမိတ္တနှင့်နေခြင်း၊**

တစ်စက်တောင်မျှမရှိ၊ခပ်ထည့်ထားရကောင်းမှန်း မသိကြ

Page-60

''ထင်ပေါ်ကျော်ကြားချင်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ

Page-65

တတ်၏။ သူသည် စိတ်နှလုံး၌ သိမှီးထားထိုက်သော

Page-72

အဘယ်စာဆိုကဝိ ပညာရှိမျှ အကြွင်းမဲ့ကင်းအောင် ဖွဲ့နွဲ့

အတီးရော၊အဆိုရော၊အို အားလုံးကောင်းတာပါပဲသခင်မ
ရယ်၊ ဒီညလည်း သူတို့ တီးမှုတ်ကခုန်ကြဦးမလားမသိ

Page-73

ကြွတော်မူချိန်လောက်တွင် ဝေဠုဝန်ကိုရောက်ရမည်။
သို့မှသာလျှင် ဘုရားရှင်နှင့်ဆုံနိုင်မည် မဟုတ်တော့၊ခေမာ

Page-74

သည်။ထိုအခါ အားကျမိပြီး အဓိကရ ကောင်းမှုကုသိုလ်

ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ
စသော နတ်ပြည်ကြီးများတွင် နတ်မိဖုရားဘဝများ။ ထိုမှ

Page-81

အမှတ်သည် စည်းမိ၍ တိခနဲ၊ တိခနဲ ဖြစ်နေ၏။
ထို့နောက် ဦးကျော်ဒင်၏ စကားများသည် ကြီးကျယ်လာ

**စကားစကား ပြောပါများ၊ စကားထဲက ငရဲရ**

Page-82

ကြာစွယ်၊ ဆင်သေလည်း များကုန်၏။ ကြပ်ကြပ်သတိပြု

Page-108

လူနတ်ပြဟ္မာတို့၏ အတုမဲ့ချီးမွမ်းသံကို ခံယူရ

Page-109

လောကဓံကြောင့် မတုန်လှုပ်ခြင်းသည် ရဟန္တာ၏

ပိုင်ဥစ္စာသဘောကား လောကဓံတရားကြောင့် မတုန်လှုပ်၊

Page-114

အပြောအဆို အနေအထိုင်ကို နှိမ်ချနိုင်တာ၊

Page-2

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ကုသိနာရုံပြည်၊ဗလိနတ်စာပူဇော်ရာ အကျင့်နှင့် ပြည့်စုံပါ၏လော၊ ငါ့အား ဤတရားသည်ရှိသလော၊ သို့မဟုတ် နှုတ်အကျင့် စင်ကြယ်ပါ၏လော။ စင်ကြယ်သော၊ မပေါက်သော နှုတ်အကျင့် သလော’’ဟု ဆင်ခြင်အပ်၏။ နှုတ်အကျင့်မစင်ကြယ်ခဲ့မူ၊ စင်ကြယ်သော၊

Page-3

သင့်လျော်သောအခါ၌ ငါပြောဆိုမည်၊ မသင့်လျော်သောအခါ၌ ပြောဆိုမည်

Page-21

ကာဗွန်(မီးသွေးခဲ)တွေဟာ တစ်ချိန်

Page-23

မြူးနေကြတယ်။တည်ဆောက်လိုက်၊

Page-32

ကြတဲ့ ရှုးရှဲပိုပသာသနာကပါဠိအဋ္ဌကထာ

အသက်မရှူဘဲ ရပ်နေရမှာလား။

Page-33

ဖြစ်ပျက် နာကျင်ခံခက်မှု ဝေဒနာ

Page-45

စီးနိုပ်စက်အပ်သော သဘောရှိသော။

Page-47

ဟောကြား ဆုံးမချက်များသည် သာသနာတော်ဖြစ်ပါသည်။

သာသနာနှစ် (၅၀၀၀)

Page-52

မင်းတစ်ပါးပါ။ ရာဇဂြိုဟ်ပြည် ဗိမ္ဗိ

Page-53

‘ဟေ်ာ ဘိက္ခု’ ဖြစ်ခြင်းရဲ့

Page-67

သည့်ဘာသာတရားကိုမျှ လက်မခံ၊

Page-77

ဒီလောက်နဲ့ လုံလောက်ပြီလား။ မလုံ

Page-85

မှ ဖြတ်ကြွအသွားမှာ သိပ်မသင်္ကာ

Page-88

**ဘာကိုခေါ်တာပါလိမ့်။**

Page-101

## သဒ္ဓမ္မသဿဝန

မွေးညင်းများထသွားသည်။ဟိုကောင်

Page-102

မွေ့ဖဲမွေ့နွှားသတ်၊ ဝက်သတ်အမွေ

Page-103

တယ်။ ကျက်သရေက တုံးပဲ့။

Page-106

တရား အားထုတ်ခဲ့ကြရတယ်။ ဒါကြောင့် ပစ္စေကဗုဒ္ဓါနဲ့ ဗုဒ္ဓသာဝက